www.burmeseclassic.com

# မြင်းကပြေး

မီးတောက်ရင်ခွင်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ဒို့အဓိကအရေးသုံးရပ်

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မိန်းကလေး

## မီးတောက်ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၁၁၂၀၈၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၂၆၇၁၁၁
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၁၈) (ချူးစာပေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေပြည်သော်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဈေး/မြောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖိုးဖိုးစာပေ
ဖုန်း - ၀၁- ၂၉၀၆၅၉

၈၉၅.၈၃
မိန်းကလေး၊
မီးတောက်ရင်ခွင် / မိန်းကလေး။ - ရန်ကုန်။
ချူးစာပေ၊ ၂၀၁၂။
၂၇၂ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) မီးတောက်ရင်ခွင်

## အခန်း (၁)

"ဟဲ့ ဟိုမှာ ကြည့်စမ်း"

သရဖီမိုး ရုတ်ချည်းကြီးဆိုသည်။ ဘာကိုကြည့်ခိုင်းမှန်း မသိပါ။ ရှေ့ရှုလျှော မော့မကြည့်သေး။ ပန်ကာတိမ်ကိုပဲ သဲသဲမဲမဲ စားနေဆဲမို့ ဖူးဖူးသစ် အားမရနိုင်တော့ပါ။

လှာကို တံတောင်နဲ့တွံ့ရင်း -

"ဟဲ့ ကြည့်စမ်းပါဆိုနေမှ"

"ဘာကိုလဲဟ"

"ဟောဟိုမှာလေ မမြင်ဘူးလား။ လှာလိုပဲ အစားဆို အငမ်းမရစားနေတဲ့ တစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



သရဖီမိုး ခပ်တိုးတိုးပြောရင်း လက်ညှိုးထိုးပြ၏။ လွှာ မှန်ကိဒ်ဝင်တရင်းတန်းလန်း ကြည့်ရသည်။

စားသောက်ခန်းမရဲ့အပြင်ဘက် ဥယျာဉ်လိုလို ဖန်တီးထားတဲ့ ဝါးပင်ရိုပ်အောက်ရှိ စားပွဲမှာ တစ်ယောက်တည်းထိုင်ပြီး ဟမ်ဘာဂါ စားနေတဲ့ လူရည်သန့်ကောင်လေးချောလေး။

ဟမ်ဘာဂါကို ဓားနဲ့ အကျအနဖြတ်၊ ခွန်းခက်ရင်းနဲ့ အကျအန စားနေတာ မဟုတ်ပါ။

လက်နှစ်ဖက်နဲ့ကိုင်ပြီး အားပါးတရ စားနေတဲ့အဖြစ်။ လွှာနဲ့ တကယ် တူပါပေသည်။ ကြည့်ရင်း လွှာ ပြုံးမိ၏။

"တွေ့တယ် မဟုတ်လား။ အစားစားရင် ရှင့်လိုပဲ စတိုင်လေး၊ မလိုင်လေးနဲ့ မစားတတ်ဘူး။ မသိရင် အငတ်ဘေးကျနေသလိုပဲ၊ စားနေပုံက ရှုံစရာကြီး"

ဖူးဖူးသစ် မျက်နှာလေးမဲ့ရင်း ပြောသည်။ လွှာ သဘောတကျ ရယ်မိပြီး –

"ဘာရှုံစရာရှိလဲ၊ ကိုယ့်လက်နဲ့ကိုယ် ကိုင်စားတာလေ၊ အစား အသောက်စားရင် ကိုယ့်လက်နဲ့ကိုယ် ကိုင်စားမှ စေးစေးပိုင်ပိုင်ရှိတာလေ၊ ခွန်းနဲ့ခက်ရင်းနဲ့ တို့ကနန်း ဆိတ်ကနန်း စားနေရတာ ဖီးမလာဘူး။ အဲသလိုမှ ဟီး ဟီး"

"အောင်မယ်"

သရဖီမိုးက နှာခေါင်းရှုံ့၏။ ရွှေရုပ်လွှာ ကောင်ချောလေး





စားနေတာကို သဘောကျစွာကြည့်လျက် –

"ဟုတ်တယ်လေ၊ သူစားနေတဲ့ပုံ ကြည့်ပါလား၊ လွှာတောင် သွားရည်ကျလာပြီ၊ ရှူး ဟမ်ဘာဂါတစ်ပွဲ မြန်မြန်လေး"

"ကြည့်စမ်း၊ ပြောလေ ကဲလေ"

ဖူးဖူးသစ်က လွှာ့လက်မောင်းကို ခွဲဆိတ်ရင်း ဆိုသည်။ လွှာက အရေးမစိုက်ပါ။ ဝိတ်တာကိုခေါ်ပြီး ဟမ်ဘာဂါ မှာလိုက်၏။

"ကျွတ်၊ အဲဒါပဲ၊ လွှာ့ကို မကြိုက်တာ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ရှင့်ကိုပြတာက ရှင်လည်း လူကြားသူကြား အဲလို မစားစေဖို့ပဲ၊ အခုတော့ ပြောလေကဲလေ, မန်းလေပြလေပဲ"

"အိုး ဘာဆိုင်လဲ၊ စားချင်တဲ့ အစားအစာကို စားချင်သလို စားမှာပဲ၊ ရှင်တို့လို အစားစားတဲ့ဆီမှာ ပဲမများဘူး၊ လူရှေ့သူရှေ့မှာ တို့တို့ထိထိ စားရုံလေးစားပြီး နောက်ကွယ်ကျရင် ငါ မဝဘူးဟယ်၊ စိတ်က စားချင်နေတယ်၊ ဘာညာနဲ့ပြောပြီး ပါဆယ်ဆွဲ၊ အိမ်ရောက်ရင် ဘီလူးသရဲစီးသလို မျိုတာလေ၊ မသိရင် ခက်မယ်"

"အဲ"

"ဟဲ့"

ရွှေရုပ်လွှာ ဟုတ်တဲ့အတိုင်း ပြောချလိုက်တော့ ဖူးဖူးသစ်နဲ့ သရဖီမိုး ထိုင်နေရာမှ ကိုယ်လုံးတွေ ကြွမတတ်ဖြစ်ကုန်သည်။

မျက်နှာလည်း ပျက်ကျကာ ဘေးဘီဝေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ယောက်က အဲလို ပဲများတတ်၏။ ဘာမဆို နာခေါင်းလေး တရှုံ့ရှုံ့နဲ့ ရှောင်ဖယ်ဖယ်။ လူရှေ့တင် တမျိုး၊ လူနောက်ကွယ်ကျရင် ထူခြောက်မဆည်။ စားပစ်သောက်ပစ်တာ ဖုဘ်မလေးတွေကျနေတာပဲ။

လှှာက အတွင်းသိ အစင်းသိလေ။

ထိုသို့ပြောရလိုက်တော့ ပတ်ဝန်းကျင်ကြားမှာမို့လို့ မျက်စောင်းလေးတထိုးထိုးနဲ့ ဟန့်၏။

"နောက် မဟုတ်လို့လား"

"တော် တော်စမ်းပါ"

ဖူးဖူးသစ် မျက်နှာပျက်ပျက်နဲ့ ဟန့်၏။

"ပတ်ဝန်းကျင်လည်း သတိထားဦး၊ လှှာရဲ့၊ တကတဲ ပြောရမယ်ဆိုရင် ရှေ့မကြည့် နောက်မကြည့်"

"သရဖီရယ် ရှုဝ်တို့ပြောလို့ လှှာ ပြောတာပါ၊ ကိုယ်စားချင်တာကို စိတ်ရှိလက်ရှိ စားတယ်လေ၊ ဒါ ရှက်စရာမှ မဟုတ်တာ"

"တော်ပါတော့၊ ရှင့်ကိုပြောလိုက်ရင် ဇီအတိုင်းကြီးပဲ၊ တော်ပြီး သွားတော့မယ်"

သရဖီမိုးမှာထားတဲ့ ကြက်ဆီထမင်းပင် မစားရသေး။ အနားကပ်နေတဲ့ စားပွဲဝိုင်းကသူတွေ လှမ်းကြည့်တော့ ရှက်သွားပုံရသည်။

ချက်ချင်း ထ,လေသည်။

"ဟုတ်တယ်၊ သွားမယ်"





ဖူးဖူးသစ်ကလည်း အသံတူဟန်တူဖြစ်ကာ ထ,လေသည်။

"သွားချင်လည်း သွားလေ၊ ပါဆယ်လေးတော့ ဆွဲသွားဦး"

"တောက် လှှာနော်"

နှစ်ယောက်သား မြိုင်တူတောက်စတ်ပြီး လှည့်ထွက်သွားလေပြီ။ သူငယ်ချင်းနှစ်ယောက်ကိုကြည့်ရင်း ရွှေရစ်လှှာ လက်ခုပ်လေးတီးမိတတ် သဘောတကျ ရယ်ဖြစ်လေသည်။

ဟုတ်တယ်လေ၊ ပြောတော့လည်း မကြိုက်ဘူး။

နာတတ်တာလည်း ဟန်မဆောင်နိုင်တော့။ အဲဒါကြောင့် ပိုပြီးပြောချင်တာလေ။

ဓိတ်ကာလာချပေးတဲ့ ဟမ်ဘာဂါကို လှှာကိုင်ရင်း အားရပါးရ စားပစ်၏။

စားနေရင်း အပြင်တက် လှမ်းကြည့်မိသေးသည်။

ထိုလူရွယ် စားလက်စသောက်ပြီး တစ်ရှူးဖြင့် လက်နဲ့ပါးစပ်ကို ပွတ်သုတ်၏။ စိတ်ကျေနပ်သွားတဲ့ ထိုလူရွယ်မျက်နှာက ကြည်လင်ဝင်းပကာ -

ဒါမျိုးမှပေါ့လို့ လှှာတစ်ယောက်တည်း တောက်ခံရင်း အပြန်မှာ သူငယ်ချင်းနှစ်ယောက်အတွက် ကြက်ဆီထမင်း ပါဆယ်ဝယ်သွားဦးမှ။

ထိုနှစ်ယောက် စိတ်ဆိုးပြေဖို့က ဒီနည်းပဲ ရှိတယ်မဟုတ်လား။

အဟင့် ဟင့်။

✿ ✿ ✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီးလေး လှာ လှာ"

"ရှင် မာမီ"

"ဘာလုပ်နေလဲ"

"အဟင့်၊ အလှပြင်နေတာပေါ့ မာမီ"

ဖောင်ဒေးရှင်းအဖြစ် လှာသုံးလေ့ရှိတဲ့ Channel မိတ်ကပ်ကို လက်ချောင်းလေးနဲ့ ညီအောင် ပွတ်ဆွဲလိမ်းရင်း လှာပြောတယ်။

ကြည်လင်နေတဲ့ သမီးအသံအေးအေးလေးကြောင့် ဒေါ်ငွေပဝါ ကျေနပ်လို့သွားသည်။

သမီးအခန်းထဲ တန်းဝင်လာရင်း မှန်ထဲပေါ်နေတဲ့ သမီးမျက်





နှာလေးကို စေ့စေ့ကြည့်သည်။

နုဖပ်ချောမွေ့နေတဲ့ သမီးမျက်နှာလေးက ဖွေးအိဝင်းမွတ်ကာ ချစ်စဖွယ်ကောင်းလို့နေသည်။

မောင်းအေးကွန်းလိမ်းပြီး တို့ပတ်လေး ရိုက်လိုက်သည်နှင့် မျက်နှာလေး ပို၍နုဝင်းသွားကာ –

"သွားစရာရှိလို့လား"

ဒေါ်ငွေပဝါ သဘောတကျမေးတယ်။ သမီးက Eye Shadow ဘူးဖွင့်ရင်း –

"ရှိတာပေါ့ မာမီရ"

"သမီးမှာ သွားစရာတွေက ကုန်တတ်သေးရဲ့လားဟင်"

"အိုး မာမီပဲ ပြောထားပြီးတော့၊ အပျိုအရွယ်လေးဆိုတာ အလွတ်လပ်ဆုံးပဲဆို"

ရှုံ့ချိုမခြိယ်သေးတဲ့ မော့ကြည့်ရင်း သမီးဆိုသည်။ ဒေါ်ငွေပဝါ သဘောကျစွာ ပြုံးမိလေသည်။ နှာရွက်ပုံးဆံပင်တိုလေးက ရှေ့က အစွယ် လေးချွန်တွက်နေသော ဆံပင်ဒီဇိုင်းနဲ့ လိုက်ဖက်ညီနေတဲ့ သမီးရဲ့မျက်နှာ ဝိုင်းလေးရယ်။

သမီးမေးဖျားကို ဖွဖွကိုင်ပြီး –

"ဒါတော့ တယ်မှတ်မိနေပါလား"

"အဟင့် မှတ်မိရတာပေါ့၊ လှာက အပျိုအရွယ်လေး မဟုတ်လား။ မာမီပြောတဲ့အတိုင်း လွတ်လွတ်လပ်လပ်သွားမယ်၊ လည်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲနော် မာဗီ မတားရဘူး''

''မတားပါဘူး သမီးရယ်၊ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်လဲ မာဗီ''

''မြောက် မာမီခွင့်ပေးထားတာကို တလွဲအသုံးမချရဘူးလို့''

''အဲဒါတော့ စိတ်ချ။ လှာက လည်မယ် ပတ်မယ်၊ သွားမယ် စားမယ်၊ ဒါပါပဲ''

''မာဗီ ယုံပါတယ်ကွယ်''

''ယုံတယ်ဆိုရင် ဒီနေ့ အပြင်ထွက်ဖို့အတွက် ပိုက်ဆံများများ ထုတ်ပေးနော်၊ ကပ်စေးမနဲ့နဲ့''

''သဘောတော်အတိုင်းပါကွယ် ဟင့် ဟင့်''

ချိုချိုအေးအေးနဲ့ အစဉ်အမြဲ လှာ့အလိုကို အပြည့်အဝလိုက်ရှာတဲ့ မာမီ။ ဒယ်ဒီကတော့ ထိုသို့မဟုတ်ပါ။ မျက်နှာထားကြီးနဲ့ တည်တည်နေတတ်သည်။ လှာ တယ်သွားသွား ခွင့်မပြုသည်က များသည်။

ဒယ်ဒီ ခရီးသွားနေတုန်းမို့ လှာ လွတ်လပ်ရေးရနေခြင်း။

မာမီကလည်း ခွင့်ပြုတော့ အိုကေနေတာပေါ့။

''ကဲ သမီး အလှပြင်ပြီး အောက်ဆင်းခဲ့၊ ဟုတ်ပြီလား''

''ဟုတ်ကဲ့ မာမီ၊ ဟို ဒရိုင်ဘာကို ကားထုတ်ခိုင်းထားဦး မာမီ''

''စိတ်ချပါ သမီးရဲ့''

လှာ့ဆံပင်တိုလေးကို ချစ်စနိုးပွတ်သပ်ရင်း မာမီ ထွက်သွား





လေသည်။ မာမီထွက်သွားပြီးမှ လှာ မျက်လုံးလေးဝင့်ကာ ပြုံးသည်။

မှန်ထဲ မျက်လုံးကိုကြည့်ရင်း Eye Shadow မခြယ်ရသေးမှန်း သိသည်။

Eye Shadow ကို ခရမ်းရောင်လေး ခြယ်သ၏။ ထိုအရောင်က လှာနဲ့ အလိုက်ဖက်ဆုံးပဲ။

နှုတ်ခမ်းကိုတော့ အညိုဘက်သန်းတဲ့အရောင်နဲ့ ပန်းရောင်ကို ရောဆိုးလိုက်၏။ ထိုအရောင်လေးက ထူးခြားကာ နှုတ်ခမ်းသား လင်းလက်ကာ ညိုလဲ့လဲ့လေး ဖြစ်လို့သွားသည်။

ပါးနိုးလေးတွေ ထင်ရှားနေဖို့မလိုတာကြောင့် ပါးပြင်ကို ပန်းနုရောင်ဖျော့ဖျော့ ရှိုးရိုးလေးပဲ သုံး၏။

မျက်နှာလေးက ထိုမျှလိမ်းခြယ်လိုက်ရုံနဲ့ မြင်သူတကာ ငေးမောချင်စရာ ချွေရှပ်လှာလေး တကယ်ဖြစ်လို့သွားသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘိုင်"

ပါးပြင်လေး ဖွဖွနမ်းပြီး နှုတ်ဆက်တဲ့ သမီးချောလေး။ ဒေါ်ငွေပဝါ ချစ်မဝနိုင်အောင်ဖြစ်ကာ သမီးခါးကို ပွေ့ဖက်၍ ကားပေါ်အထိ လိုက်ပို့သည်။

ခရမ်းရောင်ဖက်ရှင်လေးနဲ့မို့ သမီးက အစွမ်းကုန်လှနေပါသည်။ ပြင်တတ်ဆင်တတ်တဲ့သမီးက အသုံးအဆောင်ပစ္စည်းတွေကအစ လိုက်ဖက်ရာရာကို ရွေးချယ်ဆင်တတ်လေတော့ ပို၍ပင် ဝင့်ဝင့်ကြွကြွ လှသွားစေရုံမက ခေတ်ဒီဇိုင်းနဲ့ လန်းလို့နေပါသည်။

"မာမီ ဘိုင်"





သမီးက လက်ကလေးပြ၍ ကားကို လျှောခနဲ မောင်းထွက်သွားသည်အထိ ဒေါ်ငွေပဝါ သမီးကိုပဲ မျက်တောင်မခတ်စတမ်း ကြည့်နေဆဲပင်။

"ငွေရေ"

ခေါ်သံကြားမှ ဒေါ်ငွေပဝါ အသိဝင်လာသည်။ သမီးရဲ့ကားလေးလည်း မြင်ကွင်းထဲက ပျောက်ကွယ်သွားပြီ မဟုတ်လား။

ခေါ်သံကြောင့် တိုက်ထဲပြန်လှည့်ရင်း . . .

"ရှင် မမကြီး"

ဟု ကမန်းကတန်း ထူးလိုက်ရသည်။

မမကြီးက ဝိုးထည်ဆိုင်သွားဖို့ အဆင်သင့်ဖြစ်နေပါပြီ။ လက်ကိုင်အိတ်ကို ဟန်ပါပါ လက်မှာချိတ်ရင်း ဒေါ်ငွေပဝါကို စိုက်ကြည့်ရင်း ရှေ့တိုးလာ၏။

"ညည်းမှာလည်းနော် မပြောချင်တော့ဘူး"

မမကြီး ဘာကိုဆိုလိုမှန်း ငွေသိပါသည်။ မျက်လွှာကိုချကာ ကြုနေ့ခြွဆည်လျက် –

"မမကြီး သွားတော့မလို့လား။ ဒရိုင်ဘာကို ကားထုတ်ခိုင်းလိုက်မယ်လေ"

ဟု စကားလမ်းကြောင်း လွှဲပြောမိသည်။

ဒေါ်မမကြီးက ယောက်မအကြောင်းသိပ့် ဆိုတဲ့အကြည့်နဲ့ မျက်နှာလေးခါကာ –

www.burmeseclassic.com



"ရတယ်၊ မမ,ဘာသာ မမ,နိုင်းမယ်၊ မမ,ပြောချင်တာက ညည်းသမီးနဲ့ ညည်းအဖြစ်ကိုအေ့"

ဒေါ်ငွေပဝါ သက်မလေးချရှာသည်။ စိုက်ကြည့်နေတဲ့ မမကြီး မျက်လုံးက တောက်မနေကာ ငွေ ရှောင်လွှဲဖို့ ခဲယဉ်းသွား၏။

"ဟိုလေ သမီးက"

"မမ သိတယ်၊ ငွေ ဘာမှဝင်မပြောပါနဲ့၊ ညည်းသမီးကြောင့် ကြားထဲက မမ ခေါင်းအကြိမ်းမခံချင်ဘူး၊ ညည်းလင်စိတ်ကို ညည်းသိ သားနဲ့ ငွေရယ်၊ ဘာဖြစ်လို့ ကလေးကို ဒီလောက် အလိုလိုက်ရတာလဲ ဟင်"

"မမကြီးရယ်"

ဒေါ်ငွေပဝါ ဝမ်းနည်းသလို မျက်ရည်လေးဝဲ၏။ အသံလည်း တိမ်ဝင်ကာ ဘာမှဆက်ပြောလို့မရသလို ဖြစ်သွားသည်။

"ငွေ့ကို မမ အပြစ်တင်နေတာ မဟုတ်ဘူးလေ"

"ငွေသိပါတယ် မမရယ်"

"သိတယ်ဆိုလည်း သိပ်လွှတ်မထားနဲ့၊ ညည်းလင်အကြောင်း ညည်းသိသလို ငါ့မောင်အကြောင်းလည်း ငါသိလို့ ပြောနေရတာ၊ တစ်ခုခု ဖြစ်ရင် မလည်း အလိုတူအလိုပါဆိုပြီး ပြောဦးမယ်၊ မပြောဘဲ နေပြန် ရင်လည်း ညည်းက သမီးကို အခွင့်အရေးတွေ တပေးတည်း ပေးနေ တာ လွန်နေတယ်၊ ဒါကြောင့် ပြောရတာ၊ မလည်း မ,တူမကို ချစ်ပါ တယ်၊ လွတ်လပ်ခွင့်ပေးချင်ပါတယ်၊ ဒါပေမဲ့ မလွန်စေနဲ့ပေါ့ ယောက်မ





ရယ်၊ ဟုတ်ပြီလား"

ငွေပဝါ မျက်ရည်လည်နေတော့ မမကြီးလည်း လေသံကို တစ်ရစ်လျှော့ရလေသည်။ မလျှော့လို့လည်း မဖြစ်ဘူး။

မောင်က စည်းကမ်းတင်းလွန်းကျပ်လွန်းတယ်။ မောင်လုပ် သူရဲ့ စည်းတွေ ဘောင်တွေအောက်မှာ ယောက်မလုပ်သူက ခေါင်းငုံ့ခံ လာခဲ့တာ ဒီသမီးတစ်သက်။

သမီးက ဖအေစည်းကမ်းနဲ့ တင်းတင်းကျပ်ကျပ်ထားတာကို မနှစ်မြို့ချင်။ မအေနား ချဉ်းကပ်တယ်လေ။

မအေကလည်း သမီးသဘောဆိုပြီး လွှတ်ထားတာ။

ဒေါ်မမကြီး မသိချင်ဟန်ဆောင်နေခဲ့တာ အကြိမ်ရေမနည်း တော့ပါ။

ဒါကြောင့်မို့ သတိပေးသလို ပြောမိဆိုမိခြင်းသာ။

"ငွေရယ် မျက်ရည်လွယ်မနေပါနဲ့ မက ငွေ့ကို သနားလို့ပြော တာ၊ သမီးကြောင့် ငွေ့ကို မ,မောင် ဆူလားပူလားလုပ်လာမှာစိုးလို့ပါ ကွယ်၊ ကဲ မ သွားမယ်"

"ဟုတ်ကဲ့ မမ"

ဒေါ်ငွေပဝါ မျက်ရည်စတွေ တို့သုတ်ရင်း ခေါင်းညိတ်၏။ ဒေါ်မမကြီး ခန္ဓာကိုယ်ဖိုင့်ဖိုင့်ကြီးနဲ့ မလိုက်စွာ သွက်သွက်လေး ထွက်သွား ချေပြီ။

ငွေမှာသာ ညှို့ခန်းထဲ တစ်ယောက်တည်းရပ်ကျန်ခဲ့ရင်း မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးက နံရံမှာ ချိတ်ဆွဲထားတဲ့ မောင့်ဓာတ်ပုံကို မော့ကြည့်မိ၏။

✿

လေးထောင့်ဆန်တဲ့မျက်နှာပေါ်မှာ မျက်ခုံးထူထူကြီးက ထင်း၏။ မျက်လုံးအရောင် တောက်ပလျက် နှာတံလည်း ပေါ်သည်။ နှုတ်ခမ်းကို ပိပိရိရိလေး စေ့ထားတတ်သည်က ခန့်ညားတဲ့အသွင်ဆောင်သည်။

သို့သော် သာမန်ထက် တင်းထားလေ့ရှိတဲ့ မျက်နှာဟန်နဲ့ မျက်မှောင်ကြုတ်ကြည့်တတ်သည်က တစ်ဖက်သားအပေါ် အစဉ်လွှမ်းမိုးနေသလို၊ ဘာမဆို ပြတ်ပြတ်သားသားပြောသလို အမိန့်ပေးတာမျိုးတွေနဲ့လည်း ထိန်းချုပ်ထားလေ့ရှိသည်က ငွေ့ရဲ့အိမ်ထောင်ရေးဘဝကို မွန်းကျပ်စေပါသည်။

ထိုမွန်းကျပ်မှုတွေက အိမ်ထောင်ဦးအစကတည်းကပါ။

ပြောရစတမ်းဆိုရင် မောင်နဲ့ငွေ့က ချစ်သူတွေဖြစ်ပြီး လက်ထပ်ပေါင်းသင်းခဲ့တာမျိုး မဟုတ်ပါ။

ငွေ့ ကျောင်းပြီးတော့ အိမ်ထောင်ချပေးဖို့ စီစဉ်ကြသည်။ ဘယ်သူနဲ့မှန်းလည်း ငွေ့ မသိပါ။ ငွေ့ ငြင်းပါသေးသည်။ မေမေတို့ကလည်း ဖွတ်မစီစဉ်ပါဘူး။ လူငယ်ချင်း ညှိနှိုင်းကြဆိုပြီး မောင်နဲ့ မိတ်ဆက်ပေးတယ်။

ဘာဖြစ်လို့မှန်းမသိဘူး မောင့်ကို စမြင်ကတည်းက ငွေ့စိတ်မှာ ရွံ့ကြောက်ကြောက်ဖြစ်နေတယ်။ စကားလည်း မပြောရဲဘူး။ မောင့်ကိုလည်း မကြည့်ရဲဘူး။

ရင်ထဲမှာ မလိုချင်ဘူးလို့ ငွေ့ အကြိမ်ကြိမ်ပြောမိမတတ်ပါ။

မကြာပါဘူး၊ ငွေ့တို့သူငယ်ချင်းတစ်စု ကျိုက်ထီးရိုးဘုရားဖူးထွက်ကြသည်။

ပွဲတော်ရက်မို့ ကျိုက်ထီးရိုးတောင်ပေါ်မှာ ဘုရားဖူးတွေက ကြိတ်ကြိတ်တိုးနေသည်။ အဲဒီမှာ ငွေ့တို့သူငယ်ချင်းလေးယောက် လူစုကွဲ၏။

ငွေ့မှာ ကြောက်စိတ်နဲ့ သူငယ်ချင်းတွေကို ရှာနေတာပေါ့။ အဲဒီမှာ မောင်တို့သူငယ်ချင်းအုပ်စုနဲ့ ဆုံသည်။ မောင်နဲ့ငွေ့ကတစ်ဖက် မောင့်သူငယ်ချင်းတွေကတစ်ဖက် လူစုခွဲရှာကြသည်။

ငွေ့တို့ရှာတာ မတွေ့ရပါ။ ငွေ့တို့တည်းတဲ့ အခန်းလည်း ငွေ့ မမှတ်မိပါ။ အဲဒါနဲ့ပဲ မောင်က မောင်တို့တည်းတဲ့ တည်းခိုခန်းဆောင် အခန်းမှာ စောင့်ကြဖို့ ပြောတယ်။ ငွေ့လည်း စောင့်တာပေါ့။

ထိုညတစ်ညလုံး မောင့်သူငယ်ချင်းတွေလည်း ပေါ်မလာ။ ငွေ့သူငယ်ချင်းတွေလည်း ရောက်မလာ။ မောင်တို့တည်းမယ့်အခန်းထဲမှာ မောင်နဲ့ငွေ့ နှစ်ယောက်တည်း။

နောက်နေ့မနက်မှ နှစ်ဖက်သူငယ်ချင်းတွေ ရောက်လာကြတယ်။ ငွေ့က အားရဝမ်းသာဖြစ်သွားပေမယ့် သူငယ်ချင်းတွေက တစ်မျိုးမြင်ကြ၏။





ဖျူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စ မေမေတို့သိသွားတော့ အချိန်မဆိုင်းဘဲ မင်္ဂလာဆောင်ပေးကြတယ်လေ။ ငွေ ဘယ်လိုပဲ ရှင်းပြရှင်းပြ မေမေတို့ လက်မခံကြဘူး။

နောက်မှ သူငယ်ချင်းတွေကတစ်ဆင့် ရိုးတိုးရိပ်တိပ် သိရတာက မောင်က အဲလိုအကွက်ချစီစဉ်တာတဲ့။ ငွေ့ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ရဖို့ ကြိုးစားယူလိုက်တဲ့ မောင့်ရဲ့နည်းလမ်းက ငွေ့အသည်းနှလုံးကို ခါးသက်စေတယ်။

မောင်ကတော့ ခပ်တည်တည်ပဲ။

ဒီကိစ္စကို အစဖော်ပြီးလည်း မပြောဘူး။

ငွေ အစဖော်ပြီးပြောတော့ –

''မောင်လိုချင်လို့ ကြံလိုက်တာ၊ ဘာဖြစ်လဲ၊ ငွေ့ကို စော်ကားတာမှ မဟုတ်ဘဲ''

လို့ မျက်နှာပြောင်ပြောင်နဲ့ ပြန်ပြော၏။

''ငွေ့ကို မတရားကြံပြီးယူတာ ငွေမုန်းတယ်၊ သိလား''

ငွေ ဝမ်းနည်းကြီးစွာ ငိုချရင်းပြောလျှင် –

''မုန်းလို့မရဘူး ငွေရဲ့၊ ငွေ့ကို မောင်ချစ်တယ်၊ ငွေလည်း မောင့်ကိုချစ်ရမယ်၊ မုန်းတယ်လို့ နောက် ဘယ်တော့မှမပြောနဲ့၊ ငွေက မောင့်မိန်းမ ဖြစ်နေပြီကွ၊ အဲဒါကို ခေါင်းထဲထည့်ထား။ ဒီနေ့ကစပြီး မောင့်စိတ်, မောင့်သဘောကို ငွေ ကျေကျေနပ်နပ် လက်ခံရမယ်၊ ဒါပဲ ငွေ၊ ဒီအကြောင်းတွေ မောင် မကြားချင်ဘူး။ နောက် ဘယ်တော့မှ





အစဖော်မပြောနဲ့''

မောင် တင်းတင်းမာမာ ပိတ်ပြောလေသည်။

ငွေက မောင့်မိန်းမတဲ့။

မောင့်မိန်းမဖြစ်နေတာတောင် ငွေ ဘာမှပြောခွင့်မရတော့ပါ။

ချော့ချော့မော့မော့နဲ့ နှစ်သိမ့်စကားပြောတယ်ဆိုရင် ငွေ ကျေနပ်နိုင်ပါသေးတယ်။ ခုတော့ ထိုသို့မဟုတ်ပါ။

မောင်က လိုချင်လို့ကြံပြီး ငွေ့ကို ယူထားသေးတယ်။ ကြင်နာစွာ ချော့မော့ပေါင်းသင်းမယ်ဆိုတာ မဟုတ်ဘူး။

ငွေ့ဆန္ဒ ဖြူသလား၊ ဝါသလားဆိုတာ မောင် စိတ်မဝင်စားဘူး။

မောင်က ဒါဆို ငွေ ခေါင်းငုံ့လက်ခံပြီး ဒါပဲဖြစ်ခဲ့ရသည်။ မောင်ဖြစ်ချင်တဲ့အတိုင်း ငွေ မလိုက်ရင် ငွေ့ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ပြီး လှုပ်ခါပစ်လေ့ရှိတဲ့ မောင့်အပြုအမူကို ငွေ ကြောက်လှသည်။

ထိုကြောက်စိတ်တွေနဲ့ပဲ အရာရာ မောင့်သဘောချည်း နေလာခဲ့တာ။ မောင့်အချစ်တွေ အကြင်နာတွေဆိုတာထက် မောင် ကျေနပ်ရင်ပြီးရောပေါ့ဆိုပြီး ငွေ့စိတ်တွေကို ငွေ လျှော့ချခဲ့ရတဲ့အဖြစ်။

မလျှော့လို့မှ မဖြစ်တဲ့။ ငွေ့မှာ သမီးရှိနေပြီလေ။ သမီးရှိနေလို့ ငွေက လျှော့လေ၊ မောင်က တင်းလေ။

ပိုတင်းလာတဲ့အကြောင်းက –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သမီးလေး တစ်နှစ်အရွယ်မှာပေါ့။

မောင် ကားအက်ဆီးဒင့်ဖြစ်ပြီး ခါးအောက်ပိုင်း မသန်ဖြစ်သွားတယ်လေ။ အတော်ကြီး ကုသော်လည်း အကောင်းပကတိဖြစ်မလာ။

ခြေတစ်ဖက် ဆာလျက် လမ်းကောင်းစွာ လျှောက်မနိုင်တော့ပါ။ တုတ်ကောက်အားပြုလျှောက်ရတဲ့အနေအထား ဖြစ်လို့သွားသည်။

အဲဒီနောက်ဆက်တွဲ မောင့်စိတ်က ပို၍တင်းမာလာသည်။

ငွေ့ကိုလည်း သံသယမျက်လုံးနဲ့ ပြောင်းကြည့်လာတယ်။ ခုက္ခိတတစ်ပိုင်းဖြစ်နေတဲ့ လင်ကို မကြည်ဖြူဘူး မဟုတ်လားဆိုတဲ့ စွပ်စွဲသလိုလို ဘာလိုလိုအမြင်မျိုးနဲ့ပေါ့။





ပြီးတော့ ပြောသေးတယ်။

"မောင်နဲ့ညားကတည်းက ငွေ မကြည်ဖြူဘူးဆိုတာ မောင်သိတယ်၊ ခုလို မောင့်ဘက်က မသန်မစွမ်းဖြစ်နေတဲ့အချိန်မှာ ငွေ ရွံရှာနေမှာပဲ မဟုတ်လား" တဲ့။

"ကျွတ်၊ မောင်စိတ်နဲ့မောင် နှိုင်းပြီးမပြောစမ်းပါနဲ့"

"နှိုင်းပြီးမပြောနဲ့ ဟုတ်လား၊ မပြောစေချင်ရင် ငွေ့အပြုအမူတို့ ငွေ ဆင်ခြင်စမ်းပါကွ"

"ငွေက ဘာတွေပြုနေလို့ ဘာကို ဆင်ခြင်ရမှာလဲ"

ငွေ ဝမ်းနည်းလွန်းလို့ ငိုချရင်း ပြန်မေး၏။

"တောက် ဒီမိန်းမ"

တောက်ခတ်ရင်း လက်ပါရွယ်လာတဲ့ မောင့်အမူအရာကို ငွေ တကယ်ကြောက်လာသည်။ ငွေ ဘာပြုမိလို့လဲ။

မောင် ဆေးရုံရောက်ကတည်းက ငွေ နေ့ရှည်ညည စောင့်ကြည့်ပြုစုပေးတာပဲ။ မောင့်ကိုပြုစုနေရလို့ သမီးကိုတောင် လှည့်မကြည့်အားဘူး။

သမီးက မအေနဲ့ ရုတ်တရက်ခွဲနေရတော့ နေမကောင်းဖြစ်၏။ သမီးကို မမကြီးက အနီးကပ် ဂရုစိုက်ပါတယ်။

ဒါပေမဲ့ မအေရဲ့ရင်ငွေ့နဲ့တော့ ဘယ်တူမလဲ။

မောင်လည်း သက်သာစဖြစ်လာပြီမို့ လူနာစောင့်အဖြစ် မမကြီးကို ဆေးရုံမှာထားခဲ့သည်။ သမီးကို ငွေ ပြန်တွေ့ပွေ့ပြုစုရတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို အချိန်ပေးနေရလို့ ဆေးရုံရှိ မောင့်ဆီကို ငွေ မသွားဖြစ်တာက အပြစ်ဖြစ်နေရော့သလားကွယ်။

ဆရာဝန် ဆေးရုံက ဆင်းခွင့်မပေးသေးပါ။ မောင်က ဖွတ်ပဲ ဆေးရုံကဆင်းလာပြီး ငွေ့ကို ပြဿနာရှာတယ်။

မောင် မသန်မစွမ်းဖြစ်နေလို့ ငွေက ရွံလို့ ရှောင်နေတာလို့ ယူဆပြီးတော့လေ။

''မောင်ဟာလေ ငွေ့အပေါ် ဘယ်တုန်းကမှ မညှာတာဘူး။ အခုလည်း ပိုဆိုးတယ်၊ ဟင့် ဟင့်''

ငွေပြောရင်း မောင့်ရှေ့က ပြေးထွက်ခဲ့သည်။

''ငွေ''

အသံနက်ကြီးနဲ့ခေါ်ရင်း တုတ်ကောက်တထောက်ထောက်နဲ့ ငွေ့နောက်လိုက်သည်။ ငွေ့လက်တစ်ဖက်ကို အမိအရဆွဲပြီး –

''ဒါက ဘယ်လဲ၊ မောင့်ကို ကြည်ဖြူတဲ့မိန်းမဆိုရင် ငွေ လှည့်ထွက်သွားစရာမလိုဘူးကွ''

''ကဲ ဒီနှစ်ယောက် တော်ကြတော့''

မမကြီး မနေသာတော့ပါ။ တူမချောအခန်းထဲက ထွက်လာရင်း မာန်ပါပါ ဟန့်လိုက်ရသည်။

''ဟင့် ဟင့် ဟင့် မမမောင်ကို မမ ကြည့်ပြောစမ်းပါ၊ ငွေက ဘာကို မကြည်မဖြူဖြစ်နေလို့လဲ၊ ငွေကို စွပ်စွပ်စွဲစွဲ ပြောနေတာလေ''

''နောက် မဟုတ်လို့လား၊ ငွေ့အပြုအမူက''





တစ်ယောက်တစ်ခွန်း ဦးတည်ပြောနေတဲ့ မောင်နဲ့ယောက်မ ဖြစ်အင်။ မမကြီး စိတ်လည်း ညစ်လာသည်။

အဖြစ်သည်းလွန်းတဲ့ မောင်ဖြစ်သူကိုလည်း ဒေါသထွက်ချင်သည်။ ယောက်မကို မောင်လေးလက်ထဲမှ ဆွဲယူပွေ့ဖက်လျက် မောင်လေးကို စိုက်ကြည့်၏။

''ကဲ မောင်ဖော်၊ မင်းစိတ်နဲ့မင်း၊ ငွေ့ကို ပြဿနာမရှာနဲ့၊ သွား၊ အခန်းထဲဝင်''

''မမ''

''မင်း ဘာမှမပြောနဲ့ အာကာဖော်၊ မမ ပြောနေတယ်နော်၊ ဝင် အခန်းထဲကို၊ မောင်ခင်စိုး မောင်လေးကို အခန်းထဲ ဆွဲပို့ချေ''

မမကြီး ပါဝါအပြည့်နဲ့ လက်ညှိုးထိုးပြော၏။

မောင် ပြန်ပြောဖို့ အခွင့်မသာဖြစ်ကာ မမကြီးစေခိုင်းတဲ့အတိုင်း မောင်ခင်စိုးက မောင့်ကို အခန်းထဲ ခေါ်သွင်းသွားသည်။

မောင် မကျေမနပ်နဲ့ တုတ်ကောက်ကို နံရံဆီပစ်ပေါက်၏။

ခြေတစ်ဖက်ကို တရွတ်တိုက်ဆွဲကာ မောင်ခင်စိုးကိုလည်း အတွဲမခံ။ တွန်းပစ်ပြီး အခန်းထဲဝင်သွားတဲ့နောက် ဝုန်းခနဲကျယ် ကြားရသည်။

ငွေ စိုးရိမ်သွားမိသည်။ မမကြီးဖက်ထားတဲ့လက်ကို ငွေ ကိုယ်ပေါ်မှဖယ်ပြီး မောင့်အခန်းထဲ ပြေးဝင်လျှင် –

''မလာနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ပစ်စလက်ခတ်ကျနေရှာတဲ့ မောင့်ကိုယ်က ကြမ်းပြင်ပေါ်မှာ ကိုးရိုးကားရား။ ဒါတောင် ဒေါသနဲ့ဆောင့်အောင့်အော်ပစ်ကာ မှီရာလက်နဲ့တွန်းကာ ဝုန်းခနဲ တုန်ခါပြီး အခန်းတံခါးပိတ်ကျသွားသည်။

ငွေက ငိုချရင်း မမကြီးကိုလည်း မကြည့်တော့။ သမီးအခန်းထဲ ပြေးဝင်ရင်း –

အပူပင်ကင်းမဲ့စွာ အိပ်မောကျနေရှာတဲ့ သမီးကိုဖက်ရင်း ငိုချလေသည်။

သမီးရယ် မာမီ ကံဆိုးပါတယ်ကွယ်။

✿

တင်းမာနေကြတဲ့ မောင်နဲ့ယောက်မကြား မမကြီး ဝင်မပါလို့ မဖြစ်တော့ပါ။ မောင်လေးဖြစ်သူက ဘာကြောင့် စိတ်အလိုမကျဖြစ်နေလဲ ဆိုတာ မမ သိနေပါသည်။

သိနေလို့လည်း မောင်ဖြစ်သူကို သနားသည်။

ယောက်မကိုလည်း စာနာတယ်။ ဒါကြောင့်မို့ မောင်ကိုချော့မော့ရင်း ယောက်မကို ဖျောင်းဖျရသည်။

ငွေက ကလေးယူပြီး မိဘအိမ်ပြန်မယ်ချည်းဖြစ်နေလို့ မမကြီး ပွင့်ပွင့်လင်းလင်း ထုတ်ပြောရလေသည်။





မပြောလို့မှ မဖြစ်ဘဲလေ။

"ငွေရယ် မောင်လေးက ဒုက္ခိတတစ်ပိုင်းဖြစ်ရှာလို့ စိတ်ထိခိုက်နေတာပါကွယ်၊ နောက်ပြီး မောင်လေးဟာ နောက်ထပ် သားသမီးလည်း မရနိုင်တော့ဘူးတဲ့၊ ဒီအိမ်ထောင်ရေးအပေါ်မှာ ငွေ စိတ်မချမ်းမသာတွေ ဖြစ်လာစရာတွေ ရှိလာမှာကိုတွေးပြီး ရန်လိုနေတာပါကွယ်၊ ငွေ နားလည်ပေးပါနော်၊ ငွေ့ကို မောင်လေးက သိပ်ချစ်တာ၊ ငွေသာ ဒီအနေအထားတွေကိုသိပြီး မောင်လေးကို ကျောခိုင်းသွားရင်ဆိုတဲ့ အတွေးနဲ့ မောင်လေးဟာ"

"တော်ပါတော့ မမရယ်၊ ငွေ့စိတ်, ငွေ့သဘောထားကို သိသိကြီးနဲ့၊ မမမောင် ရင့်သီးနေတာ၊ အဲဒီအတွက် ငွေ ဝမ်းနည်းတယ်၊ ဟင့် ဟင့် ဟင့်"

ငွေ ထိခိုက်ကြေကွဲစွာ ပြောချသည်။ သမီးလေးကို ပွေ့ပိုက်ရင်း ထွက်သွားဖို့လည်း ခြေလှမ်းသည်။

မမကြီးက ဒီအခြေအနေကို လက်မခံနိုင်ပါ။ ဒါကြောင့် ယောက်မလက်ထဲက တူမလေးကို အတင်းပဲလုယူပွေ့ချီလေပြီ။

"ငွေရယ် မမကြီး တောင်းပန်ပါတယ်ကွယ်၊ မောင်လေးနားမှာ ငွေ ရှိမှဖြစ်မယ်၊ သမီးကို မမကြီးပဲ ထိန်းမယ်၊ ငွေ မောင်လေးအနားမှာ အချိန်ပြည့်နေပေးလိုက်ပါကွယ်၊ လာပါ ငွေရယ်၊ သမီးလေးကို မိတကွဲ ဖတကွဲဖြစ်အောင် မလုပ်ပါနဲ့နော်၊ မမကြီး တောင်းပန်ပါတယ်၊ ဒေါ်စု ရေ မြန်မြန်လာစမ်းပါအေ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ဖက်နဲ့မို့ မမကြီး တစ်ယောက်တည်း ငွေ့ကို ဆွဲတားဖို့ ခက်နေပြန်သည်။ အိမ်တော်ထိန်း ဒေါ်စုစုကို ကမန်းကတန်း ခေါ်သည်။ ဒေါ်စုကလည်း ခေါ်လိုက်သည်နဲ့ ပြေးလာသည်။

"ရော့၊ သမီးကို ယူသွား"

အိပ်ပျော်နေရှာတဲ့ သမီးက အရေးထဲ ငွးငွးဝါးဝါး ထငိုသည်။ ဒေါ်စုလက်ထဲ ငိုရင်း သမီးလေးပါသွားတော့ ငွေ့ကို မမကြီး ပြန်ခေါ်ခွင့်ရသွားသည်။

ငွေကလည်း သမီးလေးငိုသံကြောင့် စိတ်လိုက်မာန်ပါ မသွားရက်။

"ဟင့် ဟင့် ဟင့်"

ငွေက ငိုချည်းနေသည်။ မမကြီးက လေအေးလေးနဲ့ ဖျောင်းဖျ စည်းရုံးရှာပြီ။

"မငိုပါနဲ့ ငွေရယ်၊ ငွေ့နားမှာ မမ ရှိပါတယ်၊ သမီးလေး နေမကောင်းလို့ သမီးအနားမှာ ငွေနေတယ်ဆိုတာ မောင်လေး မသိလို့ပါကွယ်၊ မောင်လေးစိတ်က သူ့ဒဏ်ရာနဲ့ ဒုက္ခတတစ်ပိုင်းဖြစ်ရတာကို တွေးပြီး စိတ်သောကရောက်နေတဲ့အချိန်မှာ ငွေ့ကိုမမြင်ရလို့ ပေါက်ကွဲနေတာပါ၊ မောင်လေးကို မမ ပြောထားပါပြီ၊ လာ လာ၊ သမီးအတွက် စိတ်မပူနဲ့ သမီးအတွက် မမကြီးနဲ့ဒေါ်စုတာဝန်ထား။ ငွေကသာ မောင်လေးအနားမှာ နေပေး။ အဲဒီတော့ မောင်လေး စိတ်ပြေသွားမှာပါကွယ်၊ လာ မမကြီး လိုက်ပို့မယ်"





မမကြီးက ငွေ့ကို အတင်းပဲပြောဆိုဆွဲယူပြီး မောင့်အခန်းထဲ ပြန်ပို့သည်။

ငွေ့စိတ်ကပဲ မမာနိုင်တာလား၊ မောင့်ကို လျစ်လျူမရှုရက်နိုင်သလို သမီးမပါဘဲလည်း မသွားနိုင်ပြီမို့ မောင့်အနား ပြန်နေရတဲ့အဖြစ်။

မောင်က ငွေ့ကို တစ်ချက်သာကြည့်ပြီး ကျောခိုင်းကာ မျက်နှာထားတင်းလျက် နှုတ်ခမ်းကိုက်ထားဆဲဖြစ်သည်။

ငွေ့မှာသာ မောင့်စိတ် ကြည်လင်လာပါစေဆိုပြီတော့ စိတ်ကို လျှော့ချရုံမက လိုက်လိုက်လျောလျောပြုစုခဲ့ရသည်။

မောင် အလုပ်ပြန်လုပ်နိုင်ပေမယ့် ခြေထောက်ဆာပြီး နဲ့နေတာက လုံးဝပြန်မကောင်းတော့ပါ။ တုတ်ကောက်အားပြုပြီး စီးပွားရေးလုပ်ငန်းတွေကို ပြန်လုပ်ကိုင်နေတော့ ငွေ့မှာ မောင့်မျက်နှာကိုပဲ အရိပ်တကြည့်ကြည့်နဲ့ နေခဲ့ရသည်က ငွေ့ကိုယ်နဲ့ မောင့်စိတ်။

ဒါတောင် မောင်က ပျော့ပျောင်းမလာတာ ခုချိန်ထိ။

ငွေ့ကိုလည်း –

"မောင်မသိဘဲ ဘယ်မှမသွားနဲ့၊ သမီးကို အလိုမလိုက်နဲ့၊ သမီး တစ်ခုခုဖြစ်ရင် မောင့်အဆိုးမဆိုနဲ့၊ မောင်က ငွေတို့သားအမိအတွက် အဖက်ဖက်က ပြည့်စုံအောင် ကြိုးစားနေတာကွ"

ဟု အမြဲတမ်း အံတကြိတ်ကြိတ်နဲ့ ပြောနေကျ။

ငွေ ဘာတတ်နိုင်မလဲ။

ငွေ့လင်က ဒီလိုပြောရင် ငွေကလည်း နာခံပေးရုံပေါ့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်လာတဲ့ သမီးလေးကိုတော့ လွတ်လွတ်လပ်လပ် ပျော်စေချင်တယ်။

သောကကင်းကင်းနဲ့ မြူးမြူးရွှင်ရွှင် ဖြစ်စေချင်တယ်။

ဒါကြောင့် သမီးကို ဆုံးမစကားဆိုပြီး မောင် မရိပ်မိအောင် လွတ်လပ်ခွင့်ပေးထားခြင်းပါ။

ငယ်ရွယ်သူတို့ရဲ့သဘာဝ သမီးကို ပျော်ရွှင်ခွင့်ပေးမိတာက မောင့်အမိန့်ကို လွန်ဆန်ချင်တဲ့စိတ်နဲ့ မဟုတ်ပါဘူး။

အပျိုစင်ဘဝမှာ သမီးလေးကို စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်စေချင်တယ်။

ငွေရည်ရွယ်တာ ဒါပါပဲ။

✿ ✿ ✿



## အခန်း (၅)

"အခု ဘယ်သွားကြမှာလဲ"

သုံးယောက်သား ဆုံသည်နှင့် ဖူးဖူးသစ် မေးသည်။ ရွှေရုပ်လွှာက မေးဖျားကို လက်ညှိုးလေးနဲ့ထောက်ရင်း စဉ်းစားခန်းဝင်နေတုန်း သရဖီမိုးက သွက်သွက်ကလေး ပြောသည်။

"သရဖီတော့ ဟိုသွား,ဒီသွားနဲ့ အချိန်ဖြုန်းနေရတာ ပျင်းနေပြီ"

"ဟုတ်တယ်၊ အဲဒါတော့ ဖူးဖူး ထောက်ခံတယ်၊ ကဲ လွှာရှင် စဉ်းစားနေတယ်မဟုတ်လား၊ တစ်ခုခုပြောဦး"

"အင်း သရဖီပြောတာ သဘောကျတယ်၊ ဆိုင်ထိုင်ပြီး စာပိုက်



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်, Shopping ထွက်လိုက်, ရုပ်ရှင်ရုံဝင်လိုက်နဲ့ ဒါချည်းပဲ ဆိုတော့ သွားရတာ ရိုးကုန်ပြီ၊ ကစားကွင်းတွေလည်း ရောက်တာ အကြိမ်ရေ မနည်းတော့ဘူး။ ဖျော်ဖြေပွဲ ပါလာသွားရတာလည်း မောလောက်ပြီ အဲဒီတော့ဟာ လွှာတို့ မလုပ်ရသေးတာတစ်ခုရှိတယ်''

''ဘာလဲဟ''

''အင်း သွားအလှပြင်ဖို့လေ''

''ဟေး''

လွှာ မျက်နှာလေးမော့ကာ လွှာ့သွားစွယ်လေးကို လက်ညှိုးလေးနဲ့ထောက်ရင်း ပြောလိုက်တော့ သူငယ်ချင်းနှစ်ယောက် ဟေးခနဲ ဖြစ်၏။

တစ်ဆက်တည်းလည်း မျက်လုံးအရောင် တောက်ပလျက် –

''ဟုတ်သားဟ''

ဟု ဖူးဖူးသစ် အားတက်သရော ပြောသည်။

''ဒါနဲ့ ဘယ်လိုအလှဆင်မှာလဲ လွှာရဲ့''

သရဖီမိုးက စိတ်ဝင်တစားမေးသည်။ လွှာက ဝင့်ဝင့်လေး ပြုံးလိုက်ရင်း ဆိုသည်။

''သွားမှာ စိန်ကပ်တာမျိုးပေါ့ဟယ်''

''ဟဲ့ ဖြစ်ပါ့မလား''

''ဘာလို့မဖြစ်ရမှာလဲ သရဖီရယ်''

ဖူးဖူးသစ် အပီအပြင်ပြောရင်း လွှာ့ဘက်ကြည့်ပြီး ဆိုသည်။





''ဟုတ်တယ်နော် လွှာ''

''အင်းပေါ့၊ ဘာမဖြစ်စရာအကြောင်းရှိလဲ၊ လွှာတို့ကြိုက်တဲ့ အသီးတွေတောင် ထည့်ထားတာပဲ၊ သဖင်တို့ ရတနာပုံတို့တွေလေ၊ ဘူးမှာ စိန်ပွင့်တပ်ထားကြတာ သိပ်လှတာပဲ၊ လွှာတို့ တစ်ခါမှမတပ် ဖူးဘူး မဟုတ်လား။ တပ်ကြည့်ရအောင်လား''

''အန္တရာယ်တွေ ဘာတွေရှိရင်ရော လွှာရယ်''

''အို ဘာရှိရမှာလဲ၊ မရှိနိုင်ပါဘူး။ ဘာလဲ သရဖီက ကြောက်နေတာလား''

ဖူးဖူးသစ် ပခုံးတိုက်ရင်း မေးသည်။ သရဖီမိုး စိုးရိမ်မျက်နှာလေးနဲ့ ဆိုသည်။

''ကြောက်တာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ Side effect တွေ ဘာတွေဖြစ်ရင်ရော''

''ဒါများဟယ် ပူရန်ရော၊ Side effect ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ ဆရာဝန်ကို သေချာမေးပြီးမှ လုပ်မှာပေါ့၊ ရှင်ကလည်း''

လွှာပြောလိုက်တော့ သရဖီမိုး သဘောတွေ့သွားသည်။

''ဟုတ်တယ်၊ သွားဆရာဝန်ကို သေချာမေးကြည့်မယ်၊ Side effect မရှိဘူးဆိုရင် လုပ်မယ်ဟာ''

''အမယ် အခုမှ''

''ရှင်ကလည်း ရှင်တို့ချည်း လုနေလို့မရဘူး၊ သရဖီလည်း လုချင်တာပေါ့၊ ဆိုးကျိုးမရှိဘူးဆိုရင် သရဖီတို့ လုပ်ပြီးသားပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . လုပ်မယ်ဆို သွားကြပါစို့"

"ခုချက်ချင်းလား"

"ချက်ချင်းပဲ သရဖီရဲ့ ချက်ချင်းပဲ၊ လာ သွားမယ်"

သုံးယောက်သား ကစားကွင်းထဲရှိ စားသောက်ဆိုင်ထဲက ပြ

ထွက်ခဲ့သည်။

ကားပါကင်နားရောက်တော့ –

"ဒါနဲ့ လှသွာ ရှင်က နေရာသိလို့လား"

"အမယ် မဂ္ဂဇင်းတွေထဲမှာ ကြော်ငြာတွေ ပါပါနေတာ ရှ
မဖတ်မိဘူးလား။ Beauty Spa တချို့မှာလည်း လုပ်လို့ရတယ်၊ သွ
အလှပြင်ဆေးခန်းဖွင့်ထားတဲ့ သွားဆရာဝန်တွေမှာလည်း လုပ်လို့
တယ်ဟဲ့"

"လှသွာက ဘယ်မှာလုပ်ဖို့ စိတ်ကူးလဲ"

ဖူးဖူးသစ် ခပ်လောလောမေးသည်။ သရဖီမိုးကလည်း စိတ်
ဝင်တစား နားစွင့်နေလျှင် –

"သရဖီက နည်းနည်းစိုးရိမ်နေတာဆိုတော့ သွားအလှပြင်
ဆေးခန်းဖွင့်ထားတဲ့ သွားဆရာဝန်ဆီမှာ လုပ်မလားလို့"

"ဟာ ကောင်းတာပေါ့ သရဖီ၊ သေချာမေးလို့ရမယ်၊ ဟုတ်
တယ် လှသွာ၊ လှသွာပြောတဲ့အတိုင်း သွားဆရာဝန်နဲ့ပဲ တိုင်ပင်ပြီး ပြင်တာ
ပေါ့"

"အိုကေ"





လှသွာ့အစီအစဉ်ကို သူငယ်ချင်းနှစ်ယောက် သဘောတွေ့သွား
သည်။

"ကဲ လာ ကားပေါ်တက်"

လှသွာပြောရင်း ဦးစွာ ကားပေါ်တက်သည်။ လှသွာက ကားမောင်း
သူနေရာမှာ ဝင်ထိုင်သည်။ သူငယ်ချင်းနှစ်ယောက်က နောက်ခန်းမှာ။

မကြာပါဘူး။ လှသွာ့ကားလေး ဦးတည်နေတာက မဂ္ဂဇင်းကြော်
ငြာထဲမှာ တွေ့ထားတဲ့ "လင်း" သွားအလှပြင်ဆေးခန်းဆီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒေါက်တာ အလင်းသွေး
B.D.S (Rgn)

လင်းသွားဆေးခန်းထဲ ဝင်သည်နှင့် ခန့်ညားတဲ့ ဆိုင်းဘုတ်ကြီးနဲ့ ကြိုဆိုနေပါသည်။ အလှမိနီယံတံခါးတွေနဲ့မို့ ဆေးခန်းပုံစံက ခန့်ညားနေကာ။

လှ ဦးဆောင်၍ မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်သည်နှင့်–

"လာလေ ညီမတို့"

အဝင်အဝစားပွဲမှာထိုင်နေတဲ့ ယူနီဖောင်းပုံစံ အပြာရောင်ဝတ်





ဝတ်ထားတဲ့ မိန်းကလေး ဖော်ဖော်ရွှေရွှေခေါ်သည်။

"ထိုင်ကြပါ"

လှတို့သုံးယောက် စားပွဲရှေ့ထိုင်ခုံတွေမှာ ဝင်ထိုင်ကြသည်နှင့် –

"ခဏစောင့်နော်၊ သွားနုတ်ချင်နေတဲ့လူနာတစ်ယောက်ကို ဒေါက်တာကြည့်ပေးနေလို့"

"ရပါတယ်"

"ဒါနဲ့ ညီမတို့က သွား ဘာဖြစ်လို့လဲ၊ သွားနာတာတို့ ကိုက်တာတို့လား"

"အို မဟုတ်ဘူး"

ဖူးဖူးသစ်က ကြွပ်ဆတ်ဆတ်ဖြေသည်။

"မဟုတ်ဘူးရှင့်၊ သွားမှာ စိန်တပ်မလို့ပါ"

"ဪ ရပါတယ်၊ စိန်တပ်မယ်ဆိုရင် ဒေါက်တာနဲ့ ဆွေးနွေးပြီးမှ တပ်ရမှာပါ၊ လာ ညီမ၊ ဒီဘက်အခန်းမှာ ခဏစောင့်"

အပြာရောင်ဝတ်စုံနဲ့ ထိုအစ်မကြီးက တစ်ဖက်ခန်းသို့ ဦးဆောင်ခေါ်သွားသည်။ ထိုအခန်းက သီးသန့်ရုံးခန်း ထင်တယ်။ ဆိုဖာတွေတာတွေနဲ့ ခန့်ခန့်ညားညား ရှိလှသည်။

လှတို့သုံးယောက် ဆိုဖာတွေမှာ ထိုင်ကြသည်။

ဖူးဖူးသစ်နဲ့ သရဖီမိုးက ထိုအစ်မကြီးကို သိပ်မကြည်လင်။ သွားနာတာလား၊ သွားကိုက်တာလားလို့ မေးလိုက်တဲ့အပေါ်မှာ ထင်း



www.burmeseclassic.com

www.burmeseclassic.com



နေခြင်း။

အစ်မကြီးကတော့ ဖော်ဖော်ရွေရွေပါပဲ။

"ခဏလေးနော် ညီမတို့ သွားနှုတ်ချင်တဲ့လူနာပြီးရင် ညီမတို့ အလှည့်ပဲ"

ပြောပြီး ထိုအစ်မကြီး ထွက်သွားသည်။

လွှာဦးခေါင်းပြီး ခေါင်းလေးညိတ်၏။ သူငယ်ချင်းနှစ်ယောက်ကိုကြည့်ရင်း -

"ရှင်တို့ကလည်း မျက်နှာကြောလျှော့မှပေါ့"

"လျှော့ရောလား။ မေးတာကိုက မသိရင် သရဲတို့က သွားပိုးစားလူနာလို့ ထင်နေတာလေ"

"ကဲပါ ဟုတ်မှမဟုတ်တဲ့ဥစ္စာ၊ သူတို့ဆီလာတာက ဒီလိုလူနာတွေ များတော့လည်း မေးမိမှာပေါ့၊ ဖွမယူပါနဲ့"

"ဟုတ်ပါ့"

ဖူးဖူးသစ်က ဝေ့သည်။ သူငယ်ချင်းနှစ်ယောက်က ဒီလိုပါပဲ။ ဘာစကားဖြစ်ဖြစ် အတင်မခံချင်။ အစစအရာရာ ပြည့်စုံကြသူများမို့ ဂုဏ်မောက်တာလည်း ပါသည်လေ။

လွှာက ထိုသို့မဟုတ်ပါ။

သူငယ်ချင်းတွေရဲ့စိတ်သဘောကို နားလည်သလို၊ တခြားသူတွေရဲ့အပြုအမူတွေကိုလည်း နားလည်ပေးတတ်သည်။

ဟိုတစ်နေ့ကပဲ ကြည့်။ လူရွယ်လေး လက်နဲ့ကိုင်ပြီး ဟမ်ဘာကါ





ကို ကဲ့ရဲ့ချင်သလို ပြောသေးတယ်မဟုတ်လား။

နလည်း ထိုသဘောပဲ။

"အဟမ်း"

လွှာ တွေးနေတုန်း ချောင်းဟန့်သံလေး ကြားရသည်။ ထိုအသံ နေပြီဆိုတဲ့ ဆရာဝန်ရဲ့အချက်ပေးသံပဲထင်ရဲ့။

လွှာတို့သုံးယောက် ကိုယ်လေးတွေမတ်ကာ ချောင်းဟန့်အချက် အခန်းထဲဝင်လာတဲ့ ဆရာဝန်ကို ငုံ့ကြည့်၏။

ထိုအခါ သုံးယောက်သား ဟင်ခနဲဖြစ်ကာ မျက်လုံးပြူးလေး ညြစွာကြည့်ရင်း ခေတ္တငြိမ်သွားသည်။

မအံ့ညြစရာလားကွယ်။

ကြည့်ပါဦး။ ဝင်လာတဲ့ဆရာဝန်က လူကြီးလည်းမဟုတ်ပါ။ တို့ထက် လေးငါးနှစ်သာ ကြီးမယ့်လူရယ်။

ပိုသေချာတာက ဖူးဖူးခက်နဲ့ သရဖီမိုး ကဲ့ရဲ့ချင်တဲ့သူ။ ဟမ်ဘာကို လက်နဲ့ကိုင်ပြီး အားပါးတရစားနေတာ လွှာတို့တွေ့ခဲ့တဲ့ လူရွယ် ဖြစ်နေသည်။

မျက်မှန်ဝိုင်းလေးနဲ့ ကုတ်အင်္ကျီရှည်ဖြူဖြူဝတ်ထားတဲ့ပုံစံက ဆရာဝန်ဆိုတဲ့ဟန်နဲ့ ကြည့်လို့ကောင်းလျက်။

"ညီမတို့ ဒေါက်တာနဲ့ ဆွေးနွေးကြပါ၊ အားမနာပါနဲ့နော်၊ ဒေါက်တာ သွားမှာ စိန်တပ်မယ်ဆိုတာ ဒီက ညီမလေးတွေပါ"

စာရေးမ အစ်မကြီးက ငဲ့ကာရင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ လှာတို့ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ သူက ချို
မှာ ပြုံးပြုံး မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။

ဖူးဖူးသစ်နဲ့ သရဖီမိုးက သူတို့ကဲ့ရဲ့ထားတဲ့သူမို့ နင်တင်တ
ဖြစ်လျက်ရှိသည်။

လှာက နှစ်ယောက်စလုံးကို တံတောင်နဲ့တို့ပြီး ဣန္ဒြေဆည်
အချက်ပေးရသည်။ ဒါတောင် နှစ်ယောက်သားက စားပွဲပေါ်တင်ထား
သူ့လက်ချောင်းတွေကိုကြည့်သည်။

လက်ချောင်းတွေက သန့်ရှင်းရဲ့လား၊ ဘာလားပေါ့။

တိတိရိရိညှပ်ထားတဲ့ သူ့လက်ချောင်းသွယ်သွယ်လေးပေါ်
လက်သည်းခွံက သွေးရောင်သမ်းကာ သဘာဝအတိုင်း လှနေတာမြင်
သူငယ်ချင်းနှစ်ယောက် သက်မ,ချသည်။

"ဒါနဲ့ ဒီက,ညီမတို့က သွားမှာ စိန်အလှတပ်မလို့ဆို"

သူ့ဘက်က စမေး၏။ လှာပဲ ကမန်းကတန်း ဖြေရသည်။

"ဟုတ်, ဟုတ်ပါတယ်ရှင့်၊ သူငယ်ချင်းက နည်းနည်းစိုးရိမ်
တတ်လို့ပါ၊ ဆိုးကျိုးဘာညာရှိနိုင်လား, ဘာလားပေါ့၊ အဲဒါလေး ဆွေ
နွေးပြီး တပ်ချင်လို့ပါ"

လှာပြောလိုက်တော့ သရဖီမိုး လှာ့ခြေထောက်ကို ဆတ်ခနဲ
တို့သည်။ သဘောက သရဖီမိုး စိုးရိမ်တာလို့ လှာပြောတာကို မကြည်လင်
တဲ့အမူအရာနဲ့ပဲ။

အဲဒါပဲ။ သူတို့က လူရှေ့ဆို တစ်မျိုး။ လူနောက်ဆို တစ်မျိုး။





လှာ ပုံမှန်လေးပဲနေရင်း ဒေါက်တာကိုပဲ ကြည့်နေလိုက်သည်။ ဒေါက်တာက ခေါင်းလေးဆတ်ကာ သရဖီမိုးကို ဦးတည်ပြီး ရှင်းပြသလို ဆိုသည်။

"ဒါကတော့ ဖြစ်တတ်ပါတယ်၊ တစ်ခါမှ သွားမှာ စိန်မတပ်ဖူးသေးတော့ စိုးရိမ်တာပေါ့၊ ဒါကို ကျွန်တော်တို့ နားလည်ပါတယ်၊ ကျွန်တော့်ဘက်ကလည်း တပ်ချင်တယ်ဆိုတိုင်း တပ်မပေးပါဘူး။ Customer ကို နားလည်အောင်ရှင်းပြပါတယ်၊ Customer နားလည်သွားမှ Customer လုပ်စေချင်တဲ့အတိုင်း စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးပါတယ်"

"ဟုတ်ကဲ့ရှင့်၊ လှာ့သူငယ်ချင်းတွေကို နည်းနည်းရှင်းပြပေးပါလား၊ ဒါမှ သူတို့ စိုးရိမ်စိတ်မဖြစ်တော့မှာပါ ဒေါက်တာ"

လှာ အလိုက်သင့်ပြောတော့ သူငယ်ချင်းနှစ်ယောက် လှာ့ကို မျက်စောင်းခဲကြည့်ကာ ဒေါက်တာ့ကို အားနာသလို ပြုံးပြသည်။

ဒေါက်တာ ကြုံနေကျဖြစ်ဟန်တူ၏။

ကြည်လင်စွာပြုံး၍ စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"သွားမှာ စိန်ကပ်တာ သုံးနည်းရှိတယ်၊ ပထမနည်းက သွားမျက်နှာပြင်ပေါ်မှာ Eching, Bonding နဲ့ Light Cure Laser နဲ့ အပေါ်ယံကပ်တာ"

"ကပ်တယ်ဆိုတာက ဘယ်လိုလဲ ဒေါက်တာ"

ဖူးဖူးသစ် သွက်သွက်ကလေး မေးလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ကပ်တယ်ဆိုတာက သွားကို စက်နဲ့စားပြီး ဖောက်တာမဟုတ်ဘူး။ Eching အရည်နဲ့ သွားပေါ် စိန်ကပ်မယ့်နေရာကိုထိပြီး ခဏကြာပလုတ်ကျင်းလိုက်ရင် Acid နဲ့စားသလို ဖြူဖပ်ဖပ်ကြမ်းတမ်းတမ်းကလေး သွားမျက်နှာပြင်မှာ မသိမသာပေါ်လာတယ်၊ အဲဒီအပေါ်မှာ Bonding ဆိုတဲ့ အရည်တို့ပြီး ရောင်ခြည်စက်နဲ့ (အပြာရောက်တောက်တောက်ထွက်လို့ Laser စက်လို့ ခေါ်ကြတယ်၊ တကယ်တော့ လေဆာရောင်ခြည်ထွက်တဲ့စက်မဟုတ်ဘူး။ Hol Oeen ရောင်ခြည်ပါပဲ) အခုနက Skyce စိန်ကို ကပ်လိုက်တာပါပဲ၊ အဲဒီနည်းက လွယ်တယ်"

"ကပ်တာက ဘယ်လောက်ခံလဲ ဒေါက်တာ"

သရဖီမိုး သိချင်စိတ်လောလောနဲ့ မေး၏။ ဒေါက်တာကလည်း ချက်ချင်း ဖြေလေသည်။

"သွားရဲ့မျက်နှာပြင်မှာ ကပ်တာကတော့ သိပ်အကြာမခံဘူး။ သုံးလတော့ အနည်းဆုံးခံတယ်၊ တချို့လည်း တစ်နှစ်ခံတယ်"

"နှစ်အတော်ကြာခံအောင်ကော လုပ်လို့ရလား"

ဖူးဖူးသစ် မေး၏။ သူကလည်း အားတက်သရော ဖြေလိုက်ပါသည်။

"ရတယ်၊ Under Cut လုပ်တဲ့နည်းနဲ့ထည့်ရင် နှစ်ရှည်ခံတယ်၊ RCT နည်းနဲ့ အလယ်ဖောက်ထည့်ရင်တော့ လုံးဝကို မပြုတ်နိုင်တော့ဘူး၊ ညီမတို့ ဘယ်နည်းနဲ့ ထည့်ချင်လဲ"

ဖူးဖူးသစ်နဲ့သရဖီမိုး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်





[illegible]ဆိုင်ပင်ကြသည်။ တိုင်ပင်ပြီးတော့ ပြောသည်က –

"နှစ်ရှည်ခံအောင် Under Cut လုပ်ပြီး ထည့်ပေး ဒေါက်တာ"

"ဟုတ်တယ်၊ ဖူးဖူးကလည်း နှစ်ရှည်ခံအောင် Under Cut [illegible]ည်းနဲ့ပဲ စိန်တပ်ပေး၊ ခဏပဲခံမယ့် ကော်ကပ်နည်း မကြိုက်ဘူး"

နှစ်ယောက်သား စိတ်အားထက်သန်စွာ ပြော၏။

သူက သူငယ်ချင်းနှစ်ယောက်အလိုအတိုင်းပင်။

အိုကေတဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အရင်ဆုံး ဖူးဖူးသစ်အပေါ်သွားကို Under Cut လုပ်ပေးနေ
ရင်း ပြောပြနေတဲ့ သူ့ကို လွှာ ငေးမောကြည့်မိလေသည်။

အရပ်မြင့်ပြီး ကိုယ်နေဟန်တောင့်မတ်နေတဲ့ သူ့အသွင်က
သွယ်လျတဲ့မျက်နှာနဲ့မှ ပိုလိုက်၏။

မျက်နှာပေါ်က အစိတ်အပိုင်းအသီးသီးက ထင်းနေသည်။
မျက်ခုံးမထူမပါးနှင့်။ အရောင်က ဆံပင်လိုပင် နက်မှောင်၏။ မျက်ဝန်း
အိမ်ကျယ်ပေမယ့် တောက်ပတဲ့မျက်ဝန်းကြောင့် ဆွဲငင်နေသလို၊ နှာတံ
စင်းကျကာ စကားပြောလိုက်တိုင်း နှုတ်ခမ်းလေးတွေ လှုပ်ရှားသွားပုံက
နှစ်သက်ဖွယ် ကောင်းနေသည်။





"Under Cut နည်းက ကော်နဲ့ကပ်တဲ့လုပ်ပုံလုပ်နည်းနဲ့တော့
မတူဘူးလေ၊ စိန်ထည့်မယ့် သွားမျက်နှာပြင်ကို Under Cut လို့ခေါ်တဲ့
ကတော့မှောက် အထစ်ကလေးဖော်ပြီး ထည့်တာပါ။ ဒီလို ကတော့မှောက်
အထစ်ဖော်ပြီးရင် Eching, Bonding လုပ်၊ ပြီးရင် ရှေ့သွားတွေ ဖာတဲ့
အခါ ထည့်ရတဲ့ Laser ကြွေထည့်မယ်၊ ကြွေထည့်ပြီးတာနဲ့ စိန်ကို
အဲဒီထဲ အပွင့်မျက်နှာပြင်ပေါ်အောင် မြှုပ်ထားပြီး ရောင်ခြည်နဲ့ ကပ်လိုက်
တဲ့ နည်းစနစ်ပါ၊ ဒီနည်းက စိန်အောက်ခြေကို သွားထဲ နည်းနည်းမြှုပ်
ထားတော့ တော်ရုံ မပြုတ်နိုင်တော့ဘူးလေ"

ပြောလည်းပြောပြရင်း လုပ်နေတဲ့ လက်ချောင်းလေးတွေဟာ
သူ့ရဲ့ကျွမ်းကျင်မှုကို ပြနေသလို သိမ်မွေ့သွက်လက်လှပေသည်။

ဖူးဖူးသစ်ပြီးတော့ သရဖီမို။

နှစ်ယောက်စလုံး ပြီးသွားတော့ လွှာ့အလှည့်။

ဖူးဖူးသစ်တို့နှစ်ယောက် မှန်ထဲမှာ သူတို့သွားတွေထက်က စိန်
ရောင်တောက်ပနေတာကိုကြည့်ပြီး သဘောတွေကျနေသည်။

"ဒီက ညီမရော"

"ဩော် အင်း"

သူ့ပြောမှ ဖူးဖူးတို့ကို ငေးကြည့်မိတဲ့ လွှာ အသိဝင်လာသည်။

"ဟိုလေ လွှာက ကပ်တာလည်း မကြိုက်ဘူး၊ သရဖီတို့လုပ်
တဲ့ Under Cut နည်းနဲ့လည်း မလုပ်ချင်ဘူး"

"ဒါဆို"



www.burmeseclassic.com

www.burmeseclassic.com



"သွား RCT လုပ်ပြီး ထည့်မယ်လေ"

"ဟင် RCT လုပ်မယ်၊ ဒီနည်းနဲ့ စိန်ကပ်တဲ့သူ ရှားတယ် ညီမရဲ့၊ RCT လုပ်မယ်ဆိုရင် ရက်ပိုင်းလောက် ဒါမှမဟုတ် တစ်ပတ်လောက် အချိန်ပေးရမယ်"

"ပေးမယ်၊ RCT နဲ့ပဲ လုပ်ပေး"

လှသာပြောလျှင် သူက ခေါင်းညိတ်သည်။ ဖူးဖူးသစ်နဲ့ သရဖီမိုက သဘောမတွေ့သလိုဖြစ်ပြီး –

"လှသာရယ် ရှင် အကဲပိုမနေနဲ့၊ Under Cut ပဲလုပ်ပါလား မြန်တဲ့ဥစ္စာ"

"ဟင့်အင်း၊ လှသာက စိန်အစစ်ထည့်မှာလေ"

လှသာကပြောရင်း အသင့်ယူဆောင်လာတဲ့ စိန်ဘူးလေးကို လက်ဆွဲအိတ်ထဲက ထုတ်ယူပြီး သူ့လက်ထဲ ထည့်ပေးလိုက်သည်။

"အဲဒီစိန်ပွင့်တွေထဲက အဆင်ပြေမယ့် အပွင့်လှလှလေး ထည့်ပေးနော်"

လှသာပြောလိုက်တော့ ဆယ်ပွင့်နီးပါးအရွယ်စုံဖြစ်နေတဲ့ စိန်ပွင့်တွေကို သူ သေချာစိုက်ကြည့်သည်။

ပြီးတော့ လှသာ့သွားတန်းကိုလည်း ပြန်ကြည့်။

လှသာ့သွားက ဖူးဖူးတို့သွားတွေလို သိသိသာသာ မကြီးပေ။ ပုံမှန်အရွယ်အတိုင်းရှိသော သွားများက ကြွေရောင်တောက်ကာ အပေါ်သွားညာဘက်ဘေးထောင့်မှာ အစွယ်လေးနဲ့။





"RCT နဲ့ဆို သွားစွယ်ရဲ့အလယ်တည့်တည့်မှာ ထည့်ရင် ပိုလှမယ်"

တဲ့။ သူပြောတော့ လှသာ ကျေနပ်သွားသည်။

သူငယ်ချင်းနှစ်ယောက်က မျက်စောင်းထိုး၏။

"သွားပေါ်က ကပ်တာလည်းမဟုတ်, သရဖီတို့လို သွားကို စက်နဲ့ နည်းနည်းလေးစားပြီး ထည့်မှာလည်း မဟုတ်ဘူး။ တကယ် အပေါက်ဖောက်ပြီး ထည့်မယ်ဆိုရင် လှသာ ရှင့်သွားတွေ နာကျင်ကုန်မှာပေါ့ဟဲ့"

"ဟုတ်တယ်၊ သွားကိုက်တာတို့, သွားအမြစ်ထိပ်နာတာတို့ ဖြစ်မှာလေ လှသာရဲ့"

ဖူးဖူးသစ်တို့နှစ်ယောက် တစ်ယောက်တစ်ခွန်းပြောရင်း RCT နည်းနဲ့ စိန်မတပ်စေဖို့ ဆိုလေသည်။

လှသာက ဟုတ်လား နာမှာလားလို့ မေး၏။

ထိုအခါ သူ ပြုံးပြီး ဆိုသည်။

"RCT (Root Caral Treatment) လုပ်တာက သွားအကြေ ကို ချူမယ်၊ အကြောသတ်မယ်၊ ပြီးမှ စိန်တပ်တာလေ၊ ဒီနည်းက လုပ်တဲ့သူ ရှားတယ်၊ နည်းနည်းလေးတော့ ကျဉ်နိုင်တယ်"

"နည်းနည်းပဲကျဉ်မယ်ဆိုတော့ တပ်ပြီးသွားရင်ရော ကျဉ်နေဦးမှာလား"

လှသာသိချင်တာကို ကောက်မေးတော့ သူ ခေါင်းတစ်ချက်ယမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



"RCT လုပ်ပြီးရင် No feeling ပဲ၊ လုံးဝမကျဉ်တော့ဘူး။ လုပ်နေတုန်းမှတော့ နည်းနည်းကျဉ်တာမျိုးပါ"

"အိုကေ၊ လွှာ လုပ်မယ်"

လွှာ စိတ်အားထက်သန်နေတော့ သူငယ်ချင်းနှစ်ယောက် တားလို့လည်း မရတော့ပါ။

လွှာက လုပ်ချင်တာဆို လုပ်လိုက်ရမှာလေ။

ရုပ်ရှင်မင်းသမီးချောတွေသွားမှာ စိန်တပ်တာ တွေ့ကတည်းက လွှာလည်း ထည့်ချင်နေတာ။

သူငယ်ချင်းနှစ်ယောက်က စိတ်မဝင်စားသေးတာရယ်၊ ဒယ်ဒီ ကလည်း ရှိနေတာရယ်ကြောင့် လွှာ အောင့်အီးထားရတာပေါ့။

အခုတော့ ဘယ်လောက်အိုကေသလဲ။

သူငယ်ချင်းတွေကလည်း စိတ်ဝင်စားတဲ့အချိန်၊ ဒယ်ဒီက လုပ်ငန်းကိစ္စနဲ့ ခရီးသွားနေချိန်မို့ တိုက်တိုက်ဆိုင်ဆိုင် အဆင်ပြေသွား၏။

လွှာက ပျော်လွန်းလို့ ရင်တွေခုန်ကာ။

သေချာတာတစ်ခုက ရင်တွေခုန်လာတာ သူ့ကြောင့်ဆိုလည်း မမှား။

ဟုတ်တယ်လို့ လွှာ့ရင်ထဲမှာ ဝန်ခံရင်း။

✿ ✿ ✿



## အခန်း (၈)

"ဟယ်တော် လှလိုက်တာကွယ်၊ ကြည့်စမ်း သမီးမျက်နှာလေး ဖုံလင်းသွားတယ်၊ စကားပြောရင်း ရယ်လိုက်တော့ လင်းခနဲ လက်ခနဲ ဖြစ်သွားတာ ကြည့်လို့သိပ်ကောင်းတာပဲ"

မာမီက သဘောတကျဖြစ်ကာ လွှာ ရယ်လိုက်ပြောလိုက်နဲ့ ဖြစ်နေတာလေးကို မျက်တောင်မခတ်တမ်းကြည့်ရင်း –

"မမရေ မမ တူမလေးကိုကြည့်ပါဦး၊ ဘယ်လောက်လှသွား သလဲလို့"

ဒေါ်ငွေပဝါ တစ်ယောက်တည်း သဘောကျရုံနဲ့ အားမရသေး ပါ။ ဒေါ်မမကြီးကိုပါ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှှာက ကြီးကြီးမြင်အောင် ရယ်ချကာ သွားစွယ်လေးကို လက်ညှိုးလေးထိုးပြီး ပြ၏။

လင်းလက်နေတဲ့ တူမချော သွားစွယ်လေးကိုကြည့်ရင်း –

"ဟယ် ဘာလုပ်ထားတာတုံး၊ မှန်းစမ်း ဘာလဲ"

လို့ တအံ့တဩဆိုရင်း အနားကပ်ကြည့်သည်။

"စိန်လေ မမရဲ့၊ မမတူမ စိန်တပ်ထားတာ မလှဘူးလား မမ"

"အိုး လှလိုက်တာ၊ လက်နေတာကို မြင်လိုက်တာနဲ့ မြင်တဲ့သူကို ဆွဲဆောင်ထားသလိုပဲကွဲ့၊ မမတော့ သဘောကျတယ် ငွေရယ်"

ဒေါ်မမကြီးကလည်း အံ့သြနှစ်သက်စွာ ဆိုပြန်သည်။

မာမီနဲ့ကြီးကြီး သဘောကျနေတော့ လှှာ ပို၍ပင် မြူးသွားသည်။

"ဟုတ်တယ်နော် မမ၊ ငွေတော့ မြင်တာနဲ့ အံ့သြသွားတာ၊ သမီးက သိပ်ပြင်တတ်တာပဲ"

"လှတာကိုး မာမီရဲ့"

"ဟုတ်ပါ့တော်"

မာမီထက်အရင် ကြီးကြီး ထောက်ခံလေသည်။ လှှာ ဝမ်းသာလွန်းလို့ ကိုယ်လုံးလေး လှုပ်ခါကာ လက်ကလေးမြှောက်၍ ကမိသွား၏။

မာမီက လှှာ့ကိုဖက်၍ ချစ်မြတ်နိုးစွာပဲ ပါးပြင်နုနုကို တရှုတ်ရှုတ်နမ်း၏။





"ကဲ ကဲ သမီး ပင်ပန်းနေပြီ၊ အပေါ်တက် အဝတ်လဲ"

မာမီက ဖြေလွှတ်ပေးရင်း ဆိုသည်။ လှှာ ဟုတ်ကဲ့ပြောပြီး အပေါ်ထပ် ပြေးတက်ဖို့ ခြေလှမ်းပြင်လျှင် –

"သမီး လှှာလေး"

ကြီးကြီးခေါ်သံကြောင့် လှှာ ခြေလှမ်းတန့်သွားလေသည်။

"ပြောလေ ကြီးကြီး"

"ကျောင်းဖွင့်နေပြီနော်"

ဒေါ်မမကြီး သတိပေးသလိုပြောလျှင် လှှာ ကြီးကြီးဘက် လှည့်ပြီး

"သိပါတယ် ကြီးကြီးရဲ့၊ ကြီးကြီးပြောတဲ့အတိုင်း ကျောင်းစာကို ဂရုစိုက်ရမယ်၊ ရည်းစားမထားရဘူး။ ကောင်လေးတွေနဲ့ တွဲသွားတွဲလာ မလုပ်ရဘူးလို့ပြောတာ လှှာ မမေ့ပါဘူး၊ ပထမနှစ်တစ်နှစ် ပြီးသွားပြီလေ၊ အဲဒီတစ်နှစ်လုံး ကြီးကြီးပြောတဲ့အတိုင်း လှှာ နေတယ် မဟုတ်လား ကြီးကြီးရဲ့"

ဒေါ်မမကြီး ဆုံးမဖို့ စကားစရှိသေးတယ်။ တူမချောက သွက်သွက်ကလေး ပြောချလိုက်တာ ကရားထဲက ရေသွန်သလို။

တူမလေးစကားလုံးတွေနောက်မှာ ဒေါ်မမကြီး ကျေနပ်ပြုံးကြီး ပြုံးသွားပါ၏။

"ဟုတ်ပါ့တော် ဟုတ်ပါ့"

တူမချောက မမကြီးပြောတဲ့အတိုင်း တစ်သဝေမတိမ်း နာခံ



www.burmeseclassic.com

www.burmeseclassic.com



တာသိရတော့ ပို၍ကျေနပ်သွားသည်။

ပြောပြီး အပေါ်ထပ် တလွှားလွှားတက်သွားတဲ့ တူမကို မျက်တောင်မခတ်တမ်း မော့ကြည့်ကာ။ မမနဲ့သမီးကိုကြည့်ရင်း ဒေါ်ငွေပဝါက ကျေနပ်သွား၏။

“သမီးက လိမ္မာပါတယ် မမရဲ့”

“ဟုတ်ပါ့တော်၊ မမက ဆုံးမ,မယ်ပြင်ကာ ရှိသေးတယ်၊ ပြော လိုက်တာ ကြည့်ပါလား”

မမကြီးက ပြောရင်းရယ်လေသည်။

“တူမလေး လိမ္မာမှ ငွေရဲ့၊ မလိမ္မာရင် ငွေနဲ့မောင်လေး နောင်ဂျိန်ဖြစ်ကြမှာလေ၊ ဒါကြောင့် မမက သမီးကို သတိပေးနေရတာ”

“ငွေ နားလည်ပါတယ် မမရယ်၊ ငွေလည်း မောင့်နဲ့စကား အချေအတင် မဖြစ်ချင်ပါဘူး၊ မောင့်စိတ်, မောင့်သဘောအတိုင်း ဖြစ်စေဖို့ သမီးကို ဆုံးမထားပါတယ်၊ နည်းနည်းလေး လွတ်လပ်ခွင့်ပေးထား တာကလွဲရင်ပေါ့ မမရယ်”

“ဟုတ်တော့ ဟုတ်တယ်၊ သိပ်တင်းလို့မှ မဖြစ်တာ၊ ဒါပေမဲ့ မောင်လေးစိတ်က ပျော့ပျောင်းမလာတာ ခက်တယ်၊ ငွေက အခွင့်အရေး နည်းနည်းပေးထားတဲ့အပေါ်မှာ မောင်လေး ပြောစရာဆိုစရာဖြစ်လာမှာ ကို မမ စိုးရိမ်တာပါ၊ ခုလည်း စိန်ပွင့်လေးတပ်ထားတာ မမ,မျက်စိထဲ ကြည့်လို့လှပါရဲ့၊ မောင်လေးမြင်ရင် ဘာပြောမလဲ၊ အဲဒါတော့ တွေးမိ သေးတယ်”





စောစောတုန်းက ရွှင်ပျရယ်မောနေတဲ့ ဒေါ်မမကြီး မောင်လေး ဘက် စိတ်ရောက်သွားတော့ မျက်နှာလေး တည်ငြိမ်သွားပြန်သည်။

“မမရယ် သမီးက ငယ်သေးတယ် မဟုတ်လား။ ခေတ်နဲ့အညီ ပြင်ချင်တာ၊ လုပ်ချင်တာလေးကိုတော့ နားလည်ပေးရမှာပေါ့၊ ဒါလေးမှ နားလည်မှုမပေးရင်”

“ဟုတ်ပါတယ်အေ၊ ဟုတ်ပါတယ်၊ ငွေပြောတာ မမ သဘော ပေါက်ပါတယ်၊ သမီးလေးက ဆိုးနေသွမ်းနေတာမှ မဟုတ်တာ၊ မမတူမ အကြောင်း မမလည်း သိနေတာပဲ၊ ဘယ်ကောင်လေးနဲ့မှလည်း ရော ရောနှောနှော မရှိဘူး၊ ဖူးဖူးတို့နဲ့ပဲ သွားဟယ်လာဟယ် လုပ်နေတာ၊ ဒီလောက်တော့ ခွင့်ပြုရမှာပေါ့၊ မောင်လေးလည်း နားလည်မှာပါကွယ်၊ မမကိုက စိုးရိမ်လွန်နေတာပါ၊ ကဲ ကဲ အပုလေးကို ထမင်းပွဲ သွားပြင် ခိုင်းချေ၊ တူမလေး ဆာနေရောပေါ့၊ နေပါလေ မမပဲ အပုလေးကို သွားပြင်ခိုင်းမယ်၊ ငွေက သမီးကို အဝတ်လဲပြီး ဆင်းလာခိုင်း၊ ဟုတ် ပလား”

ဒေါ်မမကြီး ပြောပြောဆိုဆို သူမသာ ထမင်းစားခန်းထဲ တန်း ဝင်သွားသည်။

ငွေ့အပေါ် ယောက်မလိုမဟုတ်ဘဲ ညီမငယ်လေးလို ချစ်ခင် ကာ နားလည်ရှာတဲ့ မမကြီးရယ်။

မမကြီးကြောင့် ငွေနဲ့မောင်ရဲ့အိမ်ထောင်ရေး ခိုင်မြဲနေတာဆို လည်း မမှားပေ။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးကိုတော့ ငွေ အားလည်းကိုးတယ်။ မိခင်လိုလည်း တွယ်တာချစ်ခင်ပါတယ်။

မောင်သာ မမကြီးလို ငွေ့ကို နားလည်ပေးရင် သိပ်ကောင်းမှာပဲ။

ခုတော့ မောင့်အကြောင်း တွေးရင်း စိတ်က တင်းပြည့်ကျပ်ပြည့် မပျော်ရွှင်နိုင်။

ဘာတတ်နိုင်မှာလဲ။ ငွေကိုက အိမ်ထောင်ရေးမှ ကံမကောင်းဘဲ။

ကံမကောင်းဘူးဆိုတာက မောင့်ရဲ့ချတ်ယှင်းချက်အပေါ်မှာ မောင်ဟာ အလိုလိုနေရင်း ငွေ့ကို ချုပ်ချယ်တင်းကျပ်နေတာပါ။

ချုပ်ချယ်တင်းကျပ်တာကလွဲရင် မောင်ဟာ ငွေ့ကို စည်းစိမ်ဥစ္စာ ဘာမှ လိုလေသေးမရှိအောင် ထားတယ်လေ။

ဘာပဲဖြစ်ဖြစ် မောင်သာ ငွေ့အတွက် တာဝန်ကျေသော လင်ယောကျ်ားတစ်ဆူပါ။

မောင့်အပေါ် ငွေ အလေးအနက်ထားပါတယ်။

တကယ်ပါ မောင်ရယ်။

✿ ✿ ✿



## အခန်း (၉)

"ခင်ဗျားတို့နဲ့တွဲလုပ်ဖို့ ကျုပ် ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။ ကဲ ကိုစိုးသန်း ခင်ဗျားလူကို ခင်ဗျားပြန်ခေါ်သွားဗျာ၊ ကျုပ်ကို ခေါင်းနောက်အောင် လာမလုပ်နဲ့၊ သွား သွား သွားကြ"

ဦးအာကာဇော် အားမနာတမ်း ပြောချလိုက်သည်။ ဦးအာကာဇော်ရဲ့မိတ်ဆွေ ဦးစိုးသန်းမျက်နှာပျက်ကား။

ထို့အတူ ဦးစိုးသန်းနဲ့ပါတဲ့ ဦးဝင်းထိန်နဲ့ဦးတင့်နိုင်တို့နှစ်ယောက်လည်း မျက်နှာတွေ ညှိုမှောင်ကုန်သည်။

ခွေးမောင်းသလို နှင်ထုတ်ခံရတဲ့အဖြစ်ကိုလည်း ရင်ထဲခံပြင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာဇော် ဘာကိုမှ ဂရုစိုက်မနေပါ။

ထိုသုံးယောက် မျက်နှာပျက်ပြီး ကျောခိုင်းထွက်သွားရာနှင့် ဆန့်ကျင်ဘက်ဆီ လျှောက်ထွက်ခဲ့သည်။

တောက်။

အလိုလိုနေရင်း ဦးအာကာဇော် မကျေမနပ်တွေ ဖြစ်လာသည်။ လက်ထဲက တုတ်ကောက်နဲ့ အားပြုလျှောက်နေရတဲ့ ဘဝကိုလည်း န[illegible] ကျင်သလို၊ အလိုက်ကမ်းဆိုးမသိတဲ့ ကိုရိုးသိန်းကိုလည်း မကျေနပ်ပေ။

ဦးဝင်းထိန်နဲ့ဦးတင့်နိုင်ဆိုတာ ဖွတ်ကောင်တွေ။ နှစ်ယောက် ထဲက ဦးတင့်နိုင်က ဖွတ်ဘုရင်ခေါ်ထိုက်တဲ့ ငနဲ။

ဒီငနဲကို သိနေတာ ဆယ်စုနှစ်တစ်ခုကျော်နေပြီ။ ဟိုလုပ်ငန်း ပြေးလုပ်၊ ဒီလုပ်ငန်း လျှောက်လုပ်နဲ့ ချာလပတ်ရမ်းနေတဲ့ကောင်။

အစုစပ်ရှယ်ယာလုပ်ငန်းတစ်ခုမှာ ဦးတင့်နိုင်နဲ့ ပတ်သက်ခဲ့ဖူး သည်။ ထုံတာလား၊ စီးပွားရေးလာဘ် မမြင်တာလား၊ ဘာလားတော့ မသိပါ။ ဦးတင့်နိုင်လက်ခံတဲ့ လုပ်ငန်းသဘောတရားတွေက အကျိုး[illegible] အမြတ်ရလမ်း သိပ်နည်းပါးလွန်းသည်။

ဒါကြောင့် ဒါရိုက်တာအဖွဲ့ဝင် ဦးတင့်နိုင်ကို ပရိယာယ်သုံးပြီး အစုစပ်လုပ်ငန်းထဲက ပယ်ထုတ်ခဲ့ဖူးတယ်။

အဲဒီနောက် ဦးတင့်နိုင် ကန့်ထရိုက်ဘက်လှည့်သည်။

အစုစပ်လုပ်ငန်းက အပယ်ခံရတဲ့ ဦးတင့်နိုင်ကို ဦးအာကာဇော် စာနာမိကာ ဆောက်လုပ်ရေးလုပ်ငန်းတချို့ ကန့်ထရိုက်ပေးမိပါသည်။





သတ်မှတ်ချိန်အတွင်း မပြီးစီးတော့ ဦးအာကာဇော် အခက် ကြုံခဲ့ဖူးသည်။ ဘာကြောင့်မပြီးတာလဲ မေးတော့မှ –

မန်နေဂျာ စာရင်းဖယားလိမ်ပြီး အလွဲသုံးစားလုပ်သတဲ့။ မန် နေဂျာကောင်လုပ်တာ သိသိကြီးနဲ့ ဦးတင့်နိုင်က အရေးမယူဘူး။ သူ့ မန်နေဂျာကို သူ အရေးမယူတာ အရေးမကြီးဘူး။

သတ်မှတ်ရက်အတွင်း အဆောက်အအုံက မပြီးစီးတော့ ပြည်ပ လုပ်ငန်းရှင်နဲ့ အကျိုးတူလုပ်မယ့် ဦးအာကာဇော်ရဲ့အစီအစဉ် နှောင့် နှေးတော့။

ပြည်ပလုပ်ငန်းရှင်က ဦးအာကာဇော်အပေါ် အမြင်မကြည် ဖြစ်လေသည်။

ဦးအာကာဇော်၏ ဘယ်တုန်းကမှ ဘယ်လုပ်ငန်းရှင်ရဲ့ အမြင် မကြည်တာ မခံရဖူးပါ။ ပွဲဦးထွက် ခံလိုက်ရတော့ ရင်ထဲမှာတင်းသည်။

ဒါလည်း စိတ်မှတ်မရှိသေးပါ။

တရုတ်မှာ ကျောက်မျက်ဈေးကွက် ချဲ့ထွင်လုပ်စဉ်ကလည်း ဒီအတိုင်းပါပဲ။ ဦးအာကာဇော်နဲ့ လက်တွဲလုပ်မယ့် မစ္စတာချန်ဟုနဲ့ ဦး တင့်နိုင် ဘယ်လိုဆက်စပ်မိသည်မသိပါ။

ထိုလုပ်ငန်းထဲမှာ မစ္စတာချန်ဟုနဲ့ ဦးတင့်နိုင် တွဲလျက်ပါလာ သည်။ လုပ်ငန်းကိစ္စအသေးစိတ် ဆွေးနွေးကြတဲ့အခါ ဦးတင့်နိုင် ကျောက် မျက်လုပ်ငန်း မကျွမ်းကျင်မှန်း သိသာလာသည်။

မကျွမ်းကျင်ရင်လှည်း လေ့လာပြီး လုပ်ပါစေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မစ္စတာချန်ဟုရဲ့ တာဝန်ခံတာဝန်ကို ယူထားတဲ့ ဦးတင့်နိုင်ရဲ့ စီမံကွပ်ကဲမှုညံ့ဖျင်းချက်ကြောင့် လုပ်ငန်းစတင်ပြီး နှစ်တစ်နှစ်ပင် မကျော်ပေ။

အရှုံးပေါ်လာတယ်ဆိုရင် ... 

အရှုံးဖယားက ပေါ်လာသည်။

ဒါနဲ့ပဲ ဦးအာကာဇော် ထိုလုပ်ငန်းထဲက နုတ်ထွက်လိုက်သည်။ မစ္စတာချန်ဟုက ဦးတင့်နိုင်နဲ့ ဆက်ပြီးလက်တွဲလုပ်တာ နှစ်နှစ်မကြာ ထိုလုပ်ငန်း ဒေဝါလီခံရမယ့်အခြေအနေ ရောက်လို့သွားသည်။

အဲဒီကတည်းက ဦးတင့်နိုင်ကို ဦးအာကာဇော် လက်ရှောင်ခဲ့သည်။ ဦးအာကာဇော် ရှောင်သလောက် ဦးတင့်နိုင်က ပတ်သက်ရာပတ်သက်ကြောင်းမိတ်ဆွေများဆီ ချဉ်းကပ်ပြီး ဦးအာကာဇော်နဲ့ လက်တွဲဖို့ ကြိုးစားလာတာ အကြိမ်ရေများခဲ့ပြီ။

မျက်နှာမပျက်ချင်လို့ ဦးအာကာဇော် ဣန္ဒြေရရ ငြင်းပါသည်။ ငြင်းနေတာတောင် ဦးတင့်နိုင် နောက်ဆုတ်မသွားပေ။

နိုင်ငံခြားကုမ္ပဏီနှစ်ခုနဲ့ ပူးပေါင်းပြီး မြိတ်ကျွန်းစုမှ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းကြီးထဲ ပါဝင်ခွင့်ရဖို့ ကိုစိုးသန်းနဲ့နွှယ်ပြီး ခြေလှမ်းလာပြန်သည်။

ဖွတ်ဘုရင်ကို ဒီလုပ်ငန်းထဲသွင်းလိုက်ရင် လုပ်ငန်းကြီး မဆုံးရှုံးဘူးလို့ ဦးအာကာဇော် မပြောနိုင်ပါ။

ဆုံးရှုံးသွားရင်။

ဟင့်အင်း။ လုံးဝ အဆုံးရှုံးမခံနိုင်ဘူး။





ဒီလုပ်ငန်းက အရင်းအနှီးပမာဏ ကြီးသည်။ တခြားလုပ်ငန်းနဲ့ မတူဘူး။ တစ်ခုခုလွဲချော်သွားရင် နာမည်ကြီးကုမ္ပဏီနှစ်ခုကြားမှာ ဦးအာကာဇော် ခေါင်းဖော်နိုင်တော့မည် မဟုတ်ပါ။

ဒါကြောင့်မို့ ဘာကိုမှ အားမနာနိုင်။

ပြတ်ပြတ်သားသား ငြင်းပစ်တဲ့အတွက် ရိုင်းတယ်လို့ ထင်ချင်ထင်ပါစေ။ ဦးအာကာဇော် ခပ်ရှိုင်းရှိုင်းပဲ တုံ့ပြန်လိုက်သည်။

"ဆရာ"

အနားကပ်ပြီးခေါ်လိုက်တဲ့ တပည့်ဖြစ်သူရဲ့ မဝံ့မရဲခေါ်သံ။ ထိုခေါ်သံက အတော်လေးကျယ်လောင်စွာ ကြားရသည်မို့ ဦးအာကာဇော် ကိုယ်ကြီး ဆတ်ခနဲမတ်ကာ တောင့်တင်းသွားသည်။

တပည့်ဖြစ်သူကို မျက်ထောင့်နီနီကြည့်တော့ တပည့်ဖြစ်သူ မျက်လွှာချလျက် –

"ဟို ဆရာလမ်းလျှောက်တာ သိပ်များနေပြီ"

ဒီတော့မှ ဦးအာကာဇော် အသိဝင်လာသည်။

"ဆရာ ဘယ်သွားချင်လို့ပါလဲ"

ရုံးခန်းအဆောက်အအုံနဲ့ အတော်ကြီး အလှမ်းဝေးလှတဲ့ သဲသောင်ခုံဘက် ဦးလှည့်နေတဲ့ ဦးအာကာဇော်ရဲ့အနေအထားကို တပည့်ဖြစ်သူ နောက်တစ်ယောက်က သတိကြီးစွာမေးသည်။

"ဘယ်မှမသွားဘူး။ တောက်"

မာ်ကျစ်ကျစ်ပြောရင်း တောက်ခတ်ကာ တည်းခိုဆောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်သည်။ တပည့်လေးယောက်က ဦးအာကာဇော်နောက်မှ မဝံ့မ
ခြေလှမ်းနဲ့ သတိကြီးစွာ ပါလာသည်။

ဆရာသမားအနားလည်း သိပ်မကပ်ရှာတဲ့ တပည့်လေးယောက်
ရယ်။

တစ်ခုခုဖြစ်တိုင်း သူတို့လေးယောက်အပေါ်လည်း အစဉ်အမြ
မာန်မဲခြင်း၊ ဟောက်ခတ်ခြင်းတို့နဲ့ တန်ပြန်တတ်၏။

ခုလည်း ကြည့်။

ဦးတင့်ခိုင်အပေါ် မကျေမနပ်ဖြစ်နေတဲ့စိတ်က သူတို့လေး
ယောက်အပေါ် ပုံကျလာသလို ရှိသည်။

ဆရာက ခြေသိပ်မသန်။ တုတ်ကောက်ကို အားပြုလျှောက်ရ
သော်လည်း ဖြောင့်ဖြောင့်တန်းတန်းမရှိပါ။

ခနီးခနဲ့ဖြစ်ရုံမက လမ်းအများကြီးလျှောက်မိရင် အကြော
တွေ နာတတ်သလို ပိုပြီးယိုင်နဲ့နဲ့ဖြစ်၏။

ဒါကိုသိလို့ လမ်းအဝေးကြီး မလျှောက်မိအောင် ဦးဆောင်
တပည့် ဝင်းမော် အရဲစွန့်ကာ သတိပေးခြင်း။

သတိပေးတာတောင် ကျေးဇူးမတင်။ ရှေ့ဆက်မလျှောက်ဘဲ
နောက်ပြန်လှည့်လို့ပဲ ဆော်သေးသည်။ တပည့်လေးယောက်က သူတို့
ဆရာသမားအကြောင်း သိနေပြီမို့ အရေထူနေပါပြီ။

"တောက် သောက်သုံးမကျတဲ့ ငနဲတွေ၊ စိုးသန်း မင်း အလိုက်
မသိဘူးကွ"





ဟု ဆရာသမား တော့နင်းယိုင်နဲ့စွာ တုတ်ကောက်နဲ့ အားပြု
လျှောက်ရင်း အံကြိတ်ရွတ်၏။ ရွတ်လို့ပင် မဆုံးသေးပါ။

"တွီ တွီ တွီ"

ဦးအာကာဇော် ခါးကြားမှ လက်ကိုင်ဖုန်း မြည်လာသည်။

"တောက် အရေးထဲ ဖုန်းက မြည်နေသေးတယ်"

မြည်လာတဲ့ဖုန်းကို မာန်မဲရင်း ခြေလှမ်းရပ်ပြီး ဖုန်းကို ထုတ်
ကိုင်လိုက်သည်။

"ဘာလဲ ငွေ ပြော"

တပည့်လေးယောက်မျက်နှာလေးတွေ သေမတတ်ဖြစ်သွား
သည်။ သူတို့ကိုသာ မာန်မဲနေသည်မဟုတ်။

ဖုန်းသည် ဖုန်းဆက်လာတာတောင် လေသံက ချိုသာသွားတာ
မျိုး မဟုတ်။ မာပြတ်ပြတ်အသံကြီးနဲ့ ဆိုချေသည်။

ဆရာကတော် ဘာပြောသည်တော့ တပည့်ကျော်တွေ မကြား
ရပါ။ ဆရာ့အသံကြီး ပိုပြီး မာထန်စွာ ဟိန်းထွက်လာသည်။

"ငွေက မောင်ဆက်နိုင်းတဲ့အချိန်မှဆက်တာ၊ ဟုတ်လား၊ ငွေ
ဆက်ချင်တဲ့အချိန်ရော ဆက်လို့မရဘူးလားကွ"

သွားပြီ။ တပည့်လေးယောက် သဘောပေါက်လိုက်ပြီ။ မုန်တိုင်း
က ဆရာကတော်ဆီ ရွေ့သွားပြီဆိုတာကိုပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မောင်က"

"တော်စမ်း ငွေ၊ ငွေ မောင့်အပေါ် အချိန်ပြည့် စိတ်ရောက်နေတဲ့ မိန်းမမဟုတ်ဘူး။ ပုံသေနည်းဆန်ဆန် မောင့်ကို မဆက်ဆံနဲ့ကွ၊ တောက်"

ပြောရင်း ဖုန်းပိတ်ပစ်လိုက်တဲ့အသံနောက်မှာ ဒေါ်ငွေပဝါ မျက်နှာလေး မှိုင်ကျသွားသည်။ လက်ကိုင်ဖုန်းကို နားမှခွာဖို့ မေ့သလို ဖြစ်ကာ ခေါင်းတွင်တွင်ယမ်းမိ၏။

သက်မ,ပြင်းပြင်းလည်း ချမိကာ ရင်ထဲမှာလည်း တကယ့်ကို မွန်းကျပ်လို့သွားသည်။





ပုံသေနည်းဆန်ဆန် မဆက်ဆံပါနဲ့။

မောင့်အပေါ် အချိန်ပြည့် စိတ်ရောက်နေတဲ့မိန်းမ မဟုတ်ဘူးတဲ့။

ပြောရက်လိုက်တာလို့ ရင်ထဲမှာ အကြိမ်ကြိမ်ရွတ်ရင်း စိတ်ရှုပ် မချမ်းမြေ့တာကို ခံစားရစေသည်။

လက်ကိုင်ဖုန်းကို နားမှခွာပြီး တင်းအောင်ဆုပ်ရင်း ဝမ်းနည်း[illegible]တို့ လှိုက်တက်လာကာ –

လူက ဂနာမငြိမ်ဖြစ်လို့လာသည်။ ခြေလှမ်းတွေက ခြံထဲ ဟိုဒီ လျှောက်မိရင်း၊ မောင့်အပေါ် ဝိုးတိုးဝါးတား ပိုရှုပ်ပြီး နားမလည်နိုင်အောင် ဖြစ်ရလေသည်။

မြိတ်မှာ အလုပ်ကိစ္စတွေနဲ့ ကြာမှာသိလို့ မောင်သွားဖို့ စီစဉ်တုန်းက ငွေ မေးပါသည်။

"ငွေရော လိုက်ရမှာလား မောင်"

"မလိုဘူး"

"ဟိုလေ မောင် တစ်ယောက်တည်းဆိုရင် နေရေးထိုင်ရေး အခက်အခဲဖြစ်နေမှာပေါ့၊ မောင်က ဆေးသောက်ဖို့ မေ့တတ်တာနဲ့ ဘာညာဆိုတော့"

"လျှာရှည်မနေနဲ့ ငွေ၊ မောင့်ကိစ္စ မောင်သိတယ်၊ သမီးကို သေချာဂရုစိုက်၊ ဒါပဲ"

ဟု ပြတ်တောင်းတောင်း ဆိုတာလည်း မောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေက မောင့်ကျန်းမာရေးကို ပူပန်လို့ပြောတာလည်း လက်မခံ။ တပည့်လေးယောက်နဲ့ ထွက်သွား၏။

သွားခါနီး မောင် တစ်ခွန်းတော့ပြောတယ်။

''ညနေဘက် မောင့်ဆီ ဖုန်းဆက်''

တဲ့။ ငွေ ကျေကျေနပ်နပ် ခေါင်းညိတ်သည်။ ညနေတိုင်းလည်း ငွေ့ဘက်က ပျက်ကွက်ခြင်းမရှိပါ။ မောင် ခရီးစထွက်တဲ့နေ့ကတည်းက ငွေ ဆက်နေကျပါ။ ဒီနေ့မှ ဘာဖြစ်လို့ပါလိမ့်။

ငွေ့အပေါ် ဘာမကျေမနပ် ဖြစ်နေတာလဲကွယ်။

မောင်ပြောလိုက်တဲ့လေသံက ငွေ့စိတ်ကို အတော်ကြီး ခံစားရစေသည်။ မောင့်အပေါ် အချိန်ပြည့်စိတ်ရောက်နေတဲ့ မိန်းမမဟုတ်ဘူးလို့ ပြောတာက ဘာသဘောလဲ။

ငွေက မောင့်ကို လင်ယောကျ်ားအဖြစ် အသိအမှတ်မပြုတဲ့ မယားပဲလို့ စွပ်စွဲတာလား။

ဒီလိုစွပ်စွဲတာဆိုရင် တစ်ဆိတ်တော့ မောင်လွန်လာပြီ။ တကယ်ပါကွယ်။ ငွေက မောင်ထားခဲ့လို့ သမီးနဲ့အတူ နေရစ်ခဲ့ရတာလေ။

ငွေ့စိတ်ဆန္ဒအရဆို ငွေ ဖွတ်လိုက်သွားချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင့်ရဲ့ဝေယျာဝစ္စမှန်သမျှက တပည့်လေးယောက် လုပ်ပေးတာထက် ငွေလုပ်ဆောင်ပေးရင် ပိုအဆင်ပြေမယ် မဟုတ်လား။

ပြီးတော့ မောင်က ခြေမသန် ခါးမသန်လေ။

အစားအသောက်နဲ့ ဆေးဝါးဘာညာကအစ အချိန်နဲ့ ဂရုစိုက်





ချုပ်ပေးနိုင်မှ။ အသက်အရွယ်က ရလာလေ မောင့်ကို ပိုပြီးဂရုစိုက်ပြုစုနေလေ။

ဒီတာဝန်တွေကို ငွေကိုယ်တိုင် ထမ်းဆောင်ချင်ပါသည်။

မောင်က သမီးကို ဦးစားပေးပြီး ငွေ့ကို သမီးနားမှာ ထားရစ်ခဲ့တာ။ ငွေ့အပေါ် ဘယ်လိုမြင်သွားပြန်ပြီလဲ။

ဖြစ်နိုင်ရင် သမီးကိုခေါ်ပြီး မောင့်နောက်လိုက်သွားချင်ရဲ့။

အဝေးကနေပြီး ဒီလိုပြောဆိုခံနေရတဲ့အဖြစ်က ငွေ့နှလုံးသားတို့ တကယ်မွန်းကျပ်စေပါသည်။

ဝမ်းနည်းခြင်း ခံစားရ၏။

တကယ်ပါလေ။

✿

''ငွေ''

မမကြီးခေါ်သံက နီးလာသည်။ ငွေ ဟန်မပျက်အောင် ဝမ်းနည်းမျက်နှာလေး ပြင်ထိန်းလိုက်ပြီး –

''မမ ဘာပြောမလို့လဲဟင်''

လို့ ကြည်မြွေမပျက်မေးလျှင် –

''မောင်လေးက ဘာတဲ့လဲ''

ဟု မမကြီးမေးရင်း ငွေ့ဆီ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေ့မျက်နှာကိုမြင်ကတည်းက ဘာဖြစ်နေတယ်ဆိုတာ ဒေါ်မ
ကြီး အကဲခတ်မိ၏။ ဒါကြောင့် သိချင်စိတ်နှင့်မေးလျှင် ငွေ တင်းမ
နိုင်တော့ပါ။

''ခက်ပါတယ် မမရယ်''

''ဘာဖြစ်လို့လဲ''

တိုက်ရှေ့မျက်နှာရှိ အနားယူအပန်းဖြေတဲ့ ကျောက်ခုံလုံလုံမှ
ဒေါ်မမကြီး ဝင်ထိုင်ရင်း မေးလေသည်။

ငွေလည်း ဝင်ထိုင်လျက် –

''မမမောင့်ပေါ့ ငွေ့ကိုပြောတာလေ၊ ငွေက ဖုန်းဆက်တာ
မောင်ဆက်ခိုင်းလို့သာ၊ ငွေက ပုံသေနည်းအတိုင်း ဆက်တာတဲ့၊ မော
အပေါ်မှာလည်း ငွေက အချိန်ပြည့်စိတ်မရောက်တဲ့ မိန်းမတဲ့လေ၊ ငွေ
ဘယ်လိုပြန်ပြောရမလဲဟင်၊ မောင့်ကြောင့် ငွေ သိပ်ခံစားရတာပဲ မမ
ရယ်''

ပြောရင်း ဝမ်းနည်းသံလေးပါလာသလို မျက်ရည်များပင်
တက်လာသည့်ငွေ့ကိုကြည့်ရင်း ဒေါ်မမကြီး သက်မ,ချလေသည်။

''မောင်လေးကြောင့်လည်း ခက်တာပဲ၊ ခေါ်သွားဆိုတော့လည်း
ခေါ်မသွားဘူး၊ ဝေးနေတော့လည်း စကားနာထိုးနေတယ်၊ မောင်ဇော်က
ခမတောင် စိတ်ကုန်လာပြီ၊ မမမောင် အရင်းဖြစ်နေလို့တာပေါ့၊ မဟုတ်
ရင် ဒီလောက်ကြာ ပြောပစ်လိုက်ပြီ၊ တကယ်ကွယ်''

ဒေါ်မမကြီး ဒီတစ်ခါတော့ စိတ်လိုက်မာန်ပါ ပြောလေသည်။





…ာ ပြုကျလုမတတ် ဖြစ်နေတဲ့ မျက်ရည်ဥများကို လက်ချောင်းနဲ့
…သုတ်ရင်း –

''ငွေတော့ သိပ်စိတ်ညစ်တာပဲ၊ ဘာကြောင့် မောင့်စိတ်က
…လောက် တင်းမာနေရတာလဲ မသိဘူး၊ မောင့်အလိုအတိုင်း ငွေ နေ
…ိုင်ရဲ့နဲ့ မမရယ်''

''ဟုတ်တယ်၊ ငွေ့နေရာမှာ တခြားမိန်းမဆိုရင် မောင်လေးကို
…ပြေးသွားတာ ကြာလှပြီပေါ့၊ မမ နားလည်ပါတယ် ငွေရယ်၊ ငွေကို
…ည်း သနားတယ်၊ ရှေ့ဆက် ဘယ်လိုတွေဖြစ်လာမလဲ၊ မမ တွေးရင်း
…န်မောတယ်ကွယ်''

''ငွေလေ သမီးမျက်နှာကြောင့် သည်းခံနေလာခဲ့တာ မမရဲ့
…င့် ဟင့် ဟင့်''

ဒေါ်ငွေပဝါ ပြောရင်း ငိုချလေသည်။

ဒေါ်မမကြီး သက်မလေးလေးကြီးချရင်း ငွေ့လက်ဖဝါးလေးကို
…ှစ်သိမ့်ပေးလိုတဲ့ ခံစားချက်နဲ့ ဆုပ်ကိုင်၏။

''ငွေရယ်''

လို့လည်း ကရုဏာသက်စွာ ရေရွတ်လျက် –

''နေဦး၊ မောင်လေးဆီ မမ ဖုန်းဆက်ပြောမယ်''

ဒေါ်မမကြီးပြောရင်း ငွေ့လက်ထဲဆုပ်ကိုင်ထားတဲ့ လက်ကိုင်
…ုန်းကို ဆွဲယူလျှင် –

''နေပါစေ မမရယ်၊ ပြောမနေပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဖြစ်မလား၊ အဝေးမှာနေပြီး မယားကို ရန်လိုနေတာ
လေ"

"ဘာတတ်နိုင်မလဲ၊ မမ,ပြောတာနဲ့ မောင့်စိတ်က ပိုလန်လာ
မယ်၊ မောင့်စိတ်ထန်ရင် မောင့်တပည့်တွေကို ဖိဟောက်ဖိဆူနဲ့ လိုက်
မွှေနေဦးမယ်၊ ငွေ သိတယ်၊ တစ်ခုခုဆို မောင်က အားလုံးကို သိမ်းကျုံး
မွှေရမ်းဖို့ ဝန်မလေးဘူး၊ ငွေပဲ သည်းခံလက်စနဲ့ သည်းခံလိုက်မယ်၊
မောင် စိတ်ပြေတဲ့အထိစောင့်ပြီး မောင့်ဆီ ငွေပဲ ဖုန်းပြန်ခေါ်လိုက်မယ်၊
မမ ခေါ်ချင်လည်းခေါ်၊ ဒီကိစ္စတော့ ထည့်မပြောနဲ့ပေါ့"

ငွေကို ဒေါ်မမကြီး ပို၍ပင် သနားသွားသည်။

"နေပါစေလေ၊ မမလည်း မခေါ်တော့ဘူး"

ဟု မောင်ဇော့်အပေါ် တင်းမာသွားတဲ့စိတ်ကို ဒေါ်မမကြီး
ပြန်လျှော့ချလေသည်။ လင့်အပေါ် ဒီလောက် သည်းခံရှာတဲ့ ယောက်
ရယ်။

ဒေါ်မမကြီး သနားစိတ်နဲ့ မျက်ရည်များပင် ဝဲချင်လာသည်
လက်ထဲထည့်ပေးတဲ့ ငွေ၊ လက်ကိုင်ဖုန်းကိုကြည့်ရင်း ခေါင်းကိုယမ်း

"ငွေ၊ ငွေသဘောကွယ် ငွေ့သဘော၊ ကျေနပ်တော့နော်
ဟောဟိုမှာ သမီး ကားဝင်လာပြီ"

ဒေါ်မမကြီး ချော့ချော့မော့မော့ ပြောရှာသည်။ ကားသံကြား
သည်နှင့် ခြံရှေ့ဘက် လှမ်းကြည့်၏။ သမီးကိုယ်တိုင် မောင်းလာ
နို့နှစ်ရောင် မာစီးဒီးကားလေးက ခြံစောင့်ဦးဘာသာ အသင့်ဖွင့်ပေးတဲ့အ





ခြံထဲမောင်းဝင်လာတာ မြင်လျှင် –

ဒေါ်မမကြီး တစ်ဆက်တည်းပြောရင်း ထိုင်ရာမှထလေသည်။

သမီးပြန်လာပြီမို့ ငွေ မျက်ရည်စတွေ ကုန်စင်အောင်သုတ်၏။
တော်ကြာ သမီးမြင်လို့ မေးလားစမ်းလားလုပ်ရင် ငွေ ဖြေရခက်နေ
မယ် မဟုတ်လား။

မောင့်ကြောင့် ငွေ စိတ်မွန်းကျပ်ရပေမယ့် သမီးကြောင့် ငွေ
စိတ်ဖြေသိမ့်စရာ ရှိနေတယ်မဟုတ်လား။

ဒါကြောင့် ငွေ့ခြေလှမ်းက ပေါ်တီကိုအောက် ထိုးရပ်လာမယ့်
သမီးဆီ ရွှေ့ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

စိတ်တိုင်းကျ ခိုးရိုက်ထားတဲ့ လှသွာ့ဓာတ်ပုံကိုကြည့်ရင်း ခေ
သစ်မျက်ဝန်းထဲမှ အဖြစ်အပျက်က ထင်ပေါ်လာသည်။

အထူးသဖြင့် လှသွာ့ရဲ့ ချစ်စဖွယ်မျက်နှာလေးပေါ့။

လေးထောင့်ဆန်သယောင်နဲ့ ပြည့်ဖူးသောမျက်နှာလေးက ထ
မှတ်လျက်။ စကားပြောလိုက်၊ ရယ်လိုက် လုပ်တိုင်း ဖွေးခနဲ သွားစွ
လေး ပေါ်ပေါ်လာတတ်သည်က စွဲမက်ဖွယ် လှသွားစေသည်။

ရယ်လိုက်ရင် ပါးတစ်ဖက်မှာ ပါးချိုင့်ရာရေးရေးလေးပေါ်
တတ်သည်က ငေးချင်စရာ။

ပို၍ငေးချင်စရာကောင်းသည်က သွားစွယ်ကလေးဟာ ရိ





လေးနဲ့ စွဲမက်ဖွယ် မဟုတ်တော့။ စိန်ပွင့်ကလေးနဲ့ လင်းခနဲ လက်ခနဲ ပေါ်ပေါ်လာသည်က အကြည့်တွေလွှဲဖို့ မဖြစ်နိုင်တော့ပါ။

စိန်ပွင့်တပ်ထားတဲ့ သွားစွယ်လေးကို အသားပေးကြည့်နေရာမှ သူငယ်ချင်းတွေရှေ့မှာ စကားပြောပြီး ရယ်ချလိုက်တဲ့မိန်းကလေးကို ခေတ်ရင်ခုန်သံက စေတဲ့အတိုင်းဖြစ်လို့ သွားသည်။

ခေတ်သစ်ရဲ့ ကင်မရာကိုင်လက်က တကယ်မနှေးတော့ပါ။

"ဖျပ် ဖျပ် ဖျပ်"

နဲ့ သုံးလေးပုံ ဆင့်ရိုက်လေပြီ။

ကင်မရာ မီးတလက်လက်နဲ့ တဖျပ်ဖျပ်အသံကြောင့် လှသွာ ရုတ်တရက် ကြောင်တောင်လေးဖြစ်သွားသည်။

"အိုကေ"

ခေတ်သစ် လက်မ,လေးထောင်လျက် ကျေနပ်အားရ ရယ်ရွှတ်၏။ ခေတ်သစ် ရယ်ရွှတ်သံထွက်လာမှ လှသွာ လှုပ်လှုပ်ရှားရှားနဲ့ မကျေမနပ်ဖြစ်သွား၏။

သူငယ်ချင်းတွေနဲ့အတူ ခုံတန်းမှာ ထိုင်စကားပြောနေရာမှ လှသွာ ဝုန်းခနဲ ထသွားပြီး –

"ဟင် ခေတ်၊ နင် ဒါ ဘာလုပ်တာလဲ ကောင်စုတ်"

"အဟဲ ဓာတ်ပုံရိုက်တာလေ"

"ဘာ"

လှသွာ လက်တစ်ဖက်ခါးထောက်ပြီး ရန်တွေ့၏။ ခေတ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးပင့်ကာ လှလှပပရယ်လျက် –

"ခါတ်ပုံရိုက်တာလေကွာ"

"ဟာ၊ ဒီလိုပဲ ရိုက်လို့ရလား"

လွှယ်ထားတဲ့ ကင်မရာကို ခေတ်သစ် ဟန်ပါပါကိုင်ထားရင်း

"ရတယ်လေ၊ ရလို့ ရိုက်တာ၊ ဘာဖြစ်လဲ လှော"

"အောင်မာ ကြည့်စမ်း၊ ဖူးဖူးနဲ့သရဖီ ဒီမှာ လာပြောကြစမ်း

ပါ၊ လှော့ပုံ ခိုးရိုက်တဲ့ သူခိုးစုတ်ကို၊ လှော့ကို ခိုးရိုက်တာ လှော လုံးဝမကျေ

နပ်ဘူး"

"ဟုတ်သားပဲ ခေတ်၊ အဲဒါတော့ နင်လွန်တယ်"

"နင့်ကို လှော အစကတည်းက ကြည့်တာမဟုတ်ဘူး၊ မကြည့်

မှန်းသိသိကြီးနဲ့ ခါတ်ပုံခိုးရိုက်တာ ဘာသဘောလဲ"

ဖူးဖူးသစ်နဲ့သရဖီမိုး လှော့နား ပြေးကပ်လာပြီး ခေတ်သစ်ကို

မျက်နှာချင်းဆိုင်ကာ ရန်တွေ့ကြသည်။

လှောတို့သုံးယောက်ကိုကြည့်ရင်း ခေတ်သစ် သဘောကျကာ

မျက်နှာလေးမော့၍ ကျေနပ်စွာ ရယ်၏။

"အဟင့် ဘာသဘောရမှာလဲ၊ ရိုက်ချင်စိတ်ဖြစ်လို့ ရိုက်လိုက်

တာလေ"

"ဟာ ဒီလိုပဲ ရိုက်လို့ရလား ခေတ်စုတ်"

လှော သည်းမခံနိုင်တော့ပါ။ မျက်နှာပြောင်နဲ့ပြောနေတဲ့ ခေတ်

သစ်ရင်ဘတ်ကို ဆောင့်တွန်း၏။





ခေတ်သစ်က လျင်လှသည်။ ရင်ဘတ်ကိုတွန်းလာတဲ့ လှော့လက်

ကို တင်းတင်းလေး ဖမ်းဆုပ်၏။

"ဟင်"

မထင်မှတ်ဘဲ အကိုင်ခံရတော့ လှော့မျက်နှာနုနုလေး တင်းမာ

ရဲစိုသွားလေသည်။

"ဖယ် လွှတ် ကောင်စုတ်"

"မလွှတ်ဘူး"

"အဲ"

လှော အတော်ကြီး တင်းသွားသည်။ ခေတ်သစ်က မလွှတ်ပါ။

တင်းသထက်တင်းအောင် ဆုပ်ကိုင်လျက်၊ လှော့မျက်နှာတစ်ပြင်လုံးအနှံ့

ကြည့်၏။

ခေတ်သစ်အကြည့်ကြောင့် လှော့မျက်ဝန်းက ခံပြင်းကာ ရဲမှည့်

သွား၏။

"ခေတ်သစ်နော်၊ နင် လှော့ကို အနိုင်မကျင့်နဲ့၊ လွှတ်"

လှော ရှန်းရင်း ပြောတဲ့အသံက ငိုသံလေးဝဲ၏။ ဖူးဖူးသစ်နဲ့

သရဖီမိုး ကြည့်မနေနိုင်တော့ပါ။

ခေတ်သစ်ဆုပ်ထားတဲ့ လှော့လက်ကို ဆွဲယူရင်း –

"ခေတ် နင့်ကို မော်ကွန်းထိန်းနဲ့ တိုင်ရမလား"

"ဒီလို ပိုင်စိုးပိုင်နင်း လာမလုပ်နဲ့၊ ဖူးဖူးတို့ မခံဘူး"

သူငယ်ချင်းနှစ်ယောက် လှော့ရှေ့က ကာရပ်ရင်း ခေတ်သစ်ကို



www.burmeseclassic.com

www.burmeseclassic.com



အသံမာနဲ့ ပြောသည်။

ခေတ်သစ် ဒါလည်း မမှုပါ။ ဆံပင်လေးသကာ ဟဲခန်ရယ်ရင်း

"တိုင်ချင် တိုင်လိုက်လေ၊ ခေတ်သစ်ဆိုတဲ့ကောင်က မကြောက်တတ်ဘူး"

"ကြည့်စမ်း မျက်နှာပြောင်တာ"

ဖူးဖူးသစ် မဲ့မဲ့ရွဲ့ရွဲ့ ဆိုချေသည်။

"တောက်၊ အန်ကယ်နဲ့ တိုင်မယ်"

လွှာ ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။ ဖူးဖူးသစ်နဲ့ သရဖီလည်း ခေတ်နဲ့ ရန်မဖြစ်အားတော့ပါ။ လွှာ့နောက် ပြေးလိုက်သွားလေသည်။

စိတ်ဆိုးမာန်ဆိုးဖြစ်လျက် ထွက်သွားရာတဲ့ လွှာက ခေတ်မျက်လုံးထဲမှ အလှတွေ တိုးပွားနေသည်။

အန်ကယ်နဲ့ တိုင်မယ်တဲ့။

လွှာ ရည်ညွှန်းတဲ့ အန်ကယ်ဆိုတာ ခေတ် ဒယ်ဒီလေ။

ဒက်ဒီနဲ့တိုင်မယ်ပြောသွားတာက ပို၍ သဘောကျဖွယ် ကောင်းနေသည်။

တိုင်ချင်တိုင်ပေါ့ လွှာရဲ့။ ဒယ်ဒီက အားရဝမ်းသာတောင် ဖြစ်ဦးမှာ။

ဒယ်ဒီက လွှာ့ကို မြင်ကတည်းက ချွေးမ တော်ချင်နေတာ။ ဒက်ဒီနဲ့လွှာ့ဒယ်ဒီက ကျောင်းနေဘက်သူငယ်ချင်း။





ဒယ်ဒီက နိုင်ငံခြားမှာ စီးပွားသွားရှာတာ ဆယ့်ငါးနှစ်တိတိ။

မြန်မာပြည်ပြန်ရောက်တာ နှစ်နှစ်ပဲ ရှိသေးသည်။ ပြန်ရောက်တော့ ငယ်သူငယ်ချင်းတွေနဲ့ ပြန်ဆုံကြရာမှ လွှာ့ကို မြင်လာခဲ့သည်။

အဲဒီအချိန်က ခေတ်က ပထမနှစ်ကျောင်းတက်နေပြီ။ လွှာက ဆယ်တန်းပဲ ရှိသေးသည်။ ဒယ်ဒီက လွှာတို့မိသားစုနဲ့တွေ့ပြီး ပြန်လာချင်း ပြောသည်။

"သားခေတ် ဒယ်ဒီကတော့ သားအတွက် ကောင်မလေးတစ်ယောက်ကို မြင်မြင်ချင်း သဘောကျခဲ့တယ်ကွ"

တန်းပြောတော့တာပါ။

"ဒယ်ဒီသဘောကျတိုင်း သား သဘောမကျဘူးနော် ဒယ်ဒီ"

လို့ ဒယ်ဒီပြောပြောချင်း ခေတ် စိတ်မဝင်စားစွာ ပြောလေသည်။ ဒယ်ဒီကတော့ ကြည့်ကြသေးတာပေါ့လို့ ဆိုသည်။ ဒယ်ဒီ ဘယ်လိုဆိုဆို ခေတ် စိတ်မဝင်စားပါ။

ခေတ် စိတ်ဝင်စားတာက ကင်မရာတစ်လုံးနဲ့ အပျော်တမ်းဓာတ်ပုံရိုက်နေဖို့ပဲ။

တစ်နေ့ –

ထိုနေ့ကို ခေတ် မမေ့နိုင်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

"ဟား ဟား ဟား"

"ဟီး ဟီး ဟီး"

"ခစ် ခစ် ခစ်"

ရယ်သံသုံးသံက အုန်းခနဲ ပေါ်ထွက်လာသည်။ ဒီလောက် ရယ်ရကောင်းလားဆိုပြီး ခေတ်သစ်တို့သူငယ်ချင်းတစ်စု ဘာရယ်မဟုတ်ဘဲ လှည့်ကြည့်မိသည်။

ရုပ်ရှင်ပိုစတာကိုကြည့်ပြီး သဘောတကျရယ်နေတဲ့ ကောင်မလေးသုံးယောက်ကို မြင်သည်။

ထိုသုံးယောက်ထဲမှ ခစ်ခစ်ပါအောင် ရယ်နေတဲ့ ကောင်မလေး





အသံက အကျယ်ဆုံး။ ထိုအသံကျယ်ရှင်မလေးက ခေတ်မျက်လုံးတွေကို ညှို့ငင်ဖမ်းစားလိုက်သလိုပင်။

ဆံပင်တိုနဲ့ မျက်နှာပြည့်ပြည့်လေး၊ သွားစွယ်လေးနဲ့ တအားရှုနေသည်။

ခေတ် ဘယ်သွားသွား ကင်မရာပါတယ်ဆိုတော့ လျှပ်တစ်ပြက်ရိုက်လိုက်၏။

ရိုက်လိုက်ခါမှ သူမလေးက ခေတ်ထက် လျှပ်တစ်ပြက် မြန်ဆန်သွားကာ သူငယ်ချင်းသုံးယောက်နဲ့ ရုပ်ရှင်ရုံထဲ တန်းဝင်သွားတာ။ လူအုပ်ကြီးနဲ့ ကွယ်သွားလေသည်။

ကျွတ်။

ခေတ် အားမလိုအားမရ ဖြစ်သွားသည်။ ချက်ချင်းပဲ ရုပ်ရှင်ရုံထဲဝင်ပြီး ပတ်ရှာကြည့်သည်။ အရိပ်ကလေးပင် မတွေ့ရပေ။

သူငယ်ချင်းတွေ ခေတ်ကို အရူးတဲ့။

ဘာဖြစ်လဲ။ လူတိုင်းက တဒင်္ဂတော့ ရူးနေတတ်တာပဲ မဟုတ်လား။ ဥပမာ – လိုချင်တာ, စားချင်တာ တစ်ခုခုအတွက်လေ။

ခေတ်က နောက်ထပ်မြင်ချင်စိတ်နဲ့ ရူးတယ်။ ဘာဖြစ်လဲ။

ခေတ်ရူးနေတဲ့ ထိုကောင်မလေးကို နောက်တစ်ကြိမ် ဘယ်မှာမှ ပြန်မဆုံပေ။ ထိုအခါ ရင်ထဲမှာ ဟာနေသည်။

တွေ့ချင် မြင်ချင်စိတ်တို့ ဆူကာ တမ်းတမ်းတတလေး ဖြစ်နေချိန်မှာ ဒယ်ဒီက ဒယ်ဒီ့သူငယ်ချင်းသမီးနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ်ဆိုပြီး ညစာစားပွဲ တစ်ခု ဖန်တီး၏။

ထိုပွဲမှာ ဒယ်ဒီ့သူငယ်ချင်းမိသားစုအားလုံး တက်ရောက်ကြ သည်။

အဲဒီအထဲမှာ ရှပ်ရှင်ရုံမှာတုန်းက ခေတ်ဓာတ်ပုံရိုက်ခွင့် မရ လိုက်တဲ့ သွားစွယ်နဲ့ကောင်မလေးကို ဘွားခနဲ မြင်လျှင် ခေတ် အံ့ဩ သွားသည်။

အမြဲ့ရောင်ဂါဝန်နဲ့ အလှကြီးလှနေတဲ့ ကောင်မလေး။

ကြယ်တာရာနတ်သမီးလေးတစ်ပါးနှယ်။

ခေတ်သူငယ်ချင်းတွေလည်း ထိုကောင်မလေးကိုမြင်တော့ အံ့ဩသွားသည်။ ဒယ်ဒီက ထိုကောင်မလေးမိဘနှစ်ပါးကို ဖက်လှဲတကင်း ကြိုဆိုတာမြင်လျှင် ခေတ် ရင်တဒိတ်ဒိတ်ခုန်သွားသည်။

မာမီက ခေတ်ကို နားနားကပ်ပြီး တိုးတိုးပြောသည်။

"သားဒယ်ဒီ သားအတွက် သဘောကျတယ်ဆိုတာ အဲဒီကောင် မလေးပဲ၊ သား သဘောကျတယ် မဟုတ်လား"

တဲ့။ ခေတ်သစ် ဟန်မဆောင်တော့ပါ။

"သိပ်ကျတာပေါ့ မာမီရဲ့၊ သဘောကျရုံတင် မကဘူး။ ရင်ပါ ခုန်တယ်"

ခေတ်သစ် ပွင့်ပွင့်လင်းလင်းပြောတော့ မာမီ ရယ်လေသည်။ နောက်တော့ ခေတ်နဲ့ ထိုမိသားစုကို ဒယ်ဒီ မိတ်ဆက်ပေးသည်။





"ရွှေရုပ်လွှာ"

တဲ့။ နာမည်လေးနဲ့ သူမလေးရုပ်ရည် တကယ်လိုက်ဖက်၏။ ပြုံးလိုက် ရယ်လိုက်တိုင်း ညို့ညို့အိအိရှိကာ ခံစားရတာ ပန်းကလေး များ ဖူးပွင့်သလို ကြည့်လို့ကောင်းနေသည်။

"သမီးလည်း သားကို မှတ်ထားနော်၊ သားနာမည်က ခေတ် သစ်တဲ့၊ ခေတ်လို့ခေါ်ပေါ့၊ ဟုတ်လား သမီး"

ဒယ်ဒီ လိုက်လိုက်လှဲလှဲမိတ်ဆက်ပေးလျှင် ကောင်မလေး အလိုက်သင့်ပြုံးပြီး ခေါင်းညိတ်သည်။

"သားက ဓာတ်ပုံ ခရေဇီလေ၊ သမီး ဓာတ်ပုံလှလှရိုက်ချင်ရင် ပြော၊ သား ရိုက်ပေးမှာပေါ့"

မာမီကလည်း ခေတ်ရင်ထဲက ဘာဖြစ်နေလဲဆိုတာ သိနေတယ် မဟုတ်လား။ ထိုသို့ပြောတော့ –

"ဟင့်အင်း၊ လွှာ ရှက်တယ်၊ မရိုက်ဘူး ဒယ်ဒီ"

လို့ သူမဒယ်ဒီကို သူမ အားကိုးတကြီးမော့ကြည့်ရင်း ငြင်း ရှာသည်။ သူမဒယ်ဒီကလည်း သူမလေးကို အတော်ချစ်ပုံရသည်။

"ဟုတ်တယ်ကွ၊ သမီးက နည်းနည်းရှက်တတ်တယ်၊ တစ် ယောက်တည်း တစ်ခါမှ ဓာတ်ပုံမရိုက်ဖူးဘူး။ သားရိုက်ချင်ရင် အန်ကယ် တို့အားလုံး တစ်စုတည်းပုံ အမှတ်တရ ရိုက်ပေးလေ၊ ဖြစ်ရဲ့လား"

သူမဒယ်ဒီကလည်း ခေတ်ကို ထိုသို့ဝင်ပြောသည်။

"ရပါတယ်၊ ဖြစ်ပါတယ် အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရိုက်ချင်တာ သူမလေးတစ်ယောက်တည်းပုံ။ ရိုက်ခွင့်ရ တာက ဒယ်ဒီတို့နဲ့ တွဲလျက်ဖြစ်သော လွှာတို့သားမိသားဖသုံးယောက် ပါတဲ့ အုပ်စုပုံ။

ကိစ္စမရှိဘူး။ အခွင့်သာတဲ့တစ်နေ့ လွှာတစ်ယောက်တည်းပုံကို စိတ်ကြိုက်ရိုက်မှာပဲလို့ တေးထားကာ လွှာ့ဆီ အကြောင်းမရှိ အကြောင်း ရှာပြီး ဝင်ထွက်၏။

လွှာ့ဒယ်ဒီကလည်း ခေတ်ကို သဘောကျသည်။ သူငယ်ချင်း သားဆိုတာရယ်၊ လွှာ ဘာပြောပြော၊ ရိုက်ရိုက်ထုထု သည်းခံတတ်တာ ကို ပေါင်းတော့ပေါ့။

ဒါပေမဲ့ လွှာ့ဆီ ဘယ်လောက်ပဲ ရင်းနှီးအောင်လုပ်လုပ် လွှာက ဓာတ်ပုံရိုက်ဖို့ပြောတိုင်း ကက်ကက်လန်ငြင်း၏။

''ခေတ်နော် နောက်တစ်ခါ ဓာတ်ပုံရိုက်မယ်လို့ပြောရင် နင် နဲ့လွှာ လုံးဝစကားခေါ်မပြောတော့ဘူး။ ဒယ်ဒီ့ကိုလည်း လွှာ ပြောလိုက် မယ်၊ ဒယ်ဒီက လွှာပြောတဲ့အတိုင်းပဲ ပြောမှာ၊ သိရဲ့လား။ ဒါ နောက်ဆုံး ပဲ၊ ဟွန်း''

လွှာ့ဘက်က ပြတ်ပြတ်တင်းတင်းကြီးဖြစ်နေလို့ ခေတ်သစ် စိတ်လျှော့ရလေသည်။

အသိပေးပြီး ရိုက်ခွင့်မသာမှန်းသိရတော့ ခေတ်သစ် စဉ်းစား ရပြန်သည်။ နောက်ဆုံးမှာ အဖြေတစ်ခု ထွက်သည်။

ခိုးရိုက်ဖို့လေ။





ခိုးရိုက်ခွင့်ရဖို့ အချိန်စောင့်ရတာ အတော်ကြာပြီ။ ခေတ်ရိုက် တဲ့ပုံစံလေးရဖို့ အတော်ခဲယဉ်းသည်။

လွှာ မရိပ်မိအောင်လည်း ကြိုးစားရ၏။

ဒီလိုနဲ့ စိတ်ကြိုက်ပုံလေး မြင်သည်နှင့် ခိုးရိုက်လိုက်တော့သည်။ ချင်ရာ ဖြစ်စေတော့။

သွားစွယ်လေး ဝင်းလက်ကာ မျက်နှာမော့မော့လေးနှင့် ရယ်နေ တဲ့ လွှာ့သေားတစောင်းပုံက ခေတ်ရိုက်ချင်သော စိတ်ကြိုက်ပုံ ဖြစ်နေတော့

လွှာရေ ဘာတတ်နိုင်သေးလဲ။

လွှာ့ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း ခေတ်ရင်ထဲ အသံတိတ်မေး ချက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟွန်း တွေ့မယ်၊ ဒယ်ဒီ လာပစေ၊ တိုင်ပြောမယ်၊ အန်ကယ်
နဲ့လည်း တိုင်မယ်၊ လွှာ့ကို ခါတ်ပုံခိုးရိုက်တာ လွှာ မကျေနပ်ဘူးလို့"

လွှာ့ကို ခါတ်ပုံခိုးရိုက်ရုံတင်မက လွှာ့လက်ဖဝါးကိုပါ ပိုင်ပိုင်နိုင်နိုင်း ဆုပ်ကိုင်တဲ့ ခေတ်စုတ်။

တွေ့မယ်။

ဆုပ်ကိုင်ခံရတဲ့ လွှာ့လက်ဖဝါးနုနုလေးကို နမြောတသကြည့်ရင်း မကျေမချမ်း ရေရွတ်၏။

အခွင့်အရေးသမား ခေတ်သစ်။

ဒေါက်တာအလင်းသွေးနဲ့ ကွာပါ့။





လင်းက ခေတ်လိုမဟုတ်ပါ။ ခေတ်လိုလည်း အခွင့်အရေးကို
ချောင်းချောင်းနေတဲ့လူငယ် မဟုတ်ဘူး။

တည်ကြည်တယ်။ သိမ်မွေ့တယ်။ လွှာရဲ့စိတ်သဘောထားကို
ည်း နားလည်တယ်။ သွားမှာ စိန်တစ်ပြီး နောက်ပိုင်းကတည်းက
န်နဲ့ လွှာတို့သူငယ်ချင်းသုံးယောက် ရင်းနှီးကာ။

တော်ရုံတန်ရုံ တူတူတန်တန် မဆက်ဆံတတ်တဲ့ ဖူးဖူးသစ်နဲ့
ခိုမိုးရယ်။ လင်းကိုတော့ အမှတ်ပေး ဆက်ဆံလေသည်။ ဒါတင်မက
ယ်ရာမှာ လင်းအကြောင်း အကောင်းချည်း ပြောလိုက်သေးသည်။

"ဒေါက်တာက စိတ်ရှည်လက်ရှည် အရှိသားနော့"

"ဟုတ်တယ် ဖူးဖူးရဲ့၊ ဒေါက်တာကသာ သေသေချာချာ ရှင်း
ပြဘူးဆိုရင် သရဖီတော့ စိန်တစ်ဖြစ်မှာ မဟုတ်ဘူး။ ပြီးတော့ အားလုံး
လည်း သဘောကျတယ်၊ မမတို့ရဲ့သူငယ်ချင်းတွေတောင် စိန်တစ်မလို့
နေကြတယ်လေ၊ သရဖီလည်း လင်းဆေးခန်းကို ညွှန်လိုက်တယ်
သူတို့တွေက ဖန်စီကျောက်လှလှလေးတွေ တပ်ကြတာ၊ လှလည်း
တယ်၊ စိတ်တိုင်းကျတယ်လို့ ပြောကြတယ်"

"ကောင်းတာပေါ့ဟဲ့၊ အဲဒါကြောင့် လင်းက လွှာ့ကို ကျေးဇူး
င်စကား ပြောနေတာလေ"

"အမယ်၊ ရှင်တို့က အဲသလိုတွေတောင် ဖြစ်နေပြီပေါ့လေ၊
ပါဦး။ လွှာနဲ့လင်းက ဘယ်မှာတွေ့ကြလို့လဲ"

ဖူးဖူးသစ် စပ်စပ်စုစု မေးချေသည်။ လွှာက မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဝင့်လျက် ဆိုသည်။

"ကြီးကြီးပြနေကျ ဒေါက်တာဦးကောင်းလူက လင်းအ

တော်တာလေ၊ အဲဒီနေ့က လင်းကလည်း ဒေါက်တာကောင်းလူဆီ

ရင်း လွှာတို့နဲ့ ထိပ်တိုက်ဆုံတာလေ၊ လွှာတောင် ကြီးကြီးနဲ့ မိတ်ဆ

ပေးလိုက်တယ်၊ ကြီးကြီးက လင်းကို ချီးကျူးတာပေါ့၊ လင်းကလ

လွှာ့ကိုပြောတာပေါ့၊ လွှာတို့လမ်းညွှန်တာကြောင့် လင်းဆေးခန်

Customrer တွေများလာကြောင်းပြောရင်း ကျေးဇူးတင်တယ် ဘာ

ပြောတာလေ"

"အလဲ့ ကြည့်စမ်း၊ ဘယ်ဆိုးလို့လဲ၊ လင်းက ဖော်ရွေသ

ပဲနော်"

သရဖီမိုး သဘောတကျဆိုသည်။

"ဟဲ့ ဒါနဲ့ လွှာ"

ဖူးဖူးသစ်လည်း သဘောကျကာ လွှာ့ကို တွန်းတိုးဆိုသ

လွှာက ဘာလဲလို့ မျက်ခုံးတန်းလှလှလေးပင့်ကာ မေးလျှင် –

"ကြီးကြီးကလည်း လင်းကို သဘောကျတယ်ပေါ့"

"အေးလေ ကျတာပေါ့၊ လွှာ့သွားတက်လေး ပိုလှသွားလို့လေ

"ဟီး ဟီး"

လွှာ့စကားအဆုံးမှာ ဖူးဖူးသစ်နဲ့သရဖီမိုး အဆက်အစပ်မရှိ

တဟီးဟီးရယ်၏။ လွှာ မျက်မှောင်ကြုတ်ကြည့်ရင်း –

"ဘာ ဟီး ဟီး လဲ"





"ကြီးကြီးကလည်း သဘောကျ၊ လွှာနဲ့လင်းကလည်း စရိုက်

ယ်ဆိုတော့"

"အဲဒါ ဘာဖြစ်လဲ"

"လက်တွဲချင် တွဲလို့ရတယ်လေ၊ နော်"

သရဖီမိုး ကျီစယ်သလိုပြောလျှင် လွှာ့မျက်နှာနုနုလေးက ခပ်

ရှက်လေးရဲ၏။ မလုံမလဲစိတ်နဲ့လည်း –

"သရဖီနော်"

လို့ လွှာ ကြည်ကြည်နူးနူး ဟန့်မိလေသည်။

"အမယ် ဘာသရဖီနော်လဲ၊ မျက်နှာက အီအီလေးနဲ့ ရင်ထဲမှာ

သာတော်ကျနေတယ် မဟုတ်လား၊ ဖူးဖူးတို့က မသိရင်ခက်မယ်၊

နော်"

လို့ ခပ်တည်တည် စပြန်သည်။ လွှာ ဘယ်လိုဖြစ်သွားမှန်း

သိပါ။ ရင်လည်း ခုန်လာသလို ရှက်မျက်နှာလေး ချိုလျက် –

"ရှင်တို့နော် လွှာ့ကို မစနဲ့"

"ဟဲ့ ဘယ်သူက စနေလို့လဲ၊ အတည်ပြောတာလေ၊ မှန်ထဲ

ကြည့်ပါဦး လွှာမျက်နှာကိုလွှာ၊ ခေတ်အကြောင်းအပြောခံရတာနဲ့ တူလား

"အဲ သရဖီနော်"

"မနော်နဲ့၊ ခေတ်အကြောင်း ပြောလိုက်ရင် ရှင့်မျက်နှာက

မှန်သလိုပဲ၊ လင်းအကြောင်းပြောတော့ မျက်နှာမှာ ပျားရည်ဆွတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလိုပဲ၊ ချက်ချင်း ချိုတက်သွားတာလေ၊ မယုံရင် မှန်ကြ

ရော့''

သရဖီက ပြောလည်းပြောရင်း မှန်ဝိုင်းလေး ထိုးပြ၏။

ဝိုင်းလေးမှ ထင်းနေတဲ့ လှလှမျက်နှာ လှာကြည့်လိုက်တော့ ဟုတ်သ

ကလား။

သူငယ်ချင်းတွေရှေ့မှာမို့ လှာမှာ ရှက်လိုက်တာ။

ရင်ခုန်သံလည်း မြန်လို့၊ ရှက်တဲ့စိတ်နဲ့ မလုံမလဲဖြစ်တာ

မရတော့ပါ။

''တော်ပြီ၊ ရှင်တို့နဲ့ စကားမပြောတော့ဘူး၊ ရှင်တို့ သိပ်နော

တာပဲ''

လို့ မတည်ငြိမ်စွာပြောရင်း သူငယ်ချင်းနှစ်ယောက်ရှေ့

ရှောင်ထွက်ခဲ့တဲ့ လှာရယ်။

ခေတ်အကြောင်း မကျေမနပ်တွေးရင်ကနေ လင်းအကြော

ရင်ခုန်စွာ ရောက်ရှိလျက်။

မှန်ထဲမှ လှလှမျက်နှာချိုအိအိလေးကို ပြန်ကြည့်မိသလို

စွယ်လေးပေါ်က လင်းဖြာသွားတဲ့ရောင်စဉ်ကို ငိုက်ကြည့်ရင်း ရင်

နေစဉ် –

''သမီး''

''ရှင်''

မှန်ကြည့်နေရင်း တွေးနေရာမှ လှာ ဖျတ်ခနဲ အသိဝင်





သည်။ လင်းအကြောင်းတွေးရင်း ပြုံးအီနေတဲ့မျက်နှာလေးကို ကမန်း

ကတန်း ပြင်၏။

မှန်ရှေ့က ထရင်း ထူးလေသည်။

''ပြောလေ မာမီ''

လှာ ပုံမှန်မျက်နှာပေးလေးနှင့် ထုံးစံအတိုင်း မာမီ့နားလျှောက်

သွား၏။ မာမီ့ပခုံးကိုဖက်ရင်း ချွဲနွဲ့ဟန်နှင့်မေးလျှင် ဒေါ်ငွေပဝါ သမီး

ဆံပင်လေးသပ်ပေးရင်း ဆိုသည်။

''သမီးမေမီ သမီးကို ဖုန်းဆက်မယ့်အချိန် နီးနေပြီလေ၊

ဆက်ကိုင်ဖုန်း ကိုင်ထားဦး''

''ဟုတ် မာမီ''

လှာ ရှင်မြူးမြူးလေးဆိုရင်း မာမီ့ပါးပြင်ကို မွှေးကြူလိုက်

သည်။

''မာမီက သိပ်အလိုက်သိတာပဲ၊ ဟင့် ဟင့် ဟင့်၊ အဲဒါကြောင့်

မာမီ့ကို ချစ်ရတာ''

ဒေါ်ငွေပဝါ ခေါင်းလေးညိတ်ကာ မပီမပြင် ပြုံးရှာသည်။ ဒီ

သမီးလေးကြောင့် ငွေ့ဘဝ နှစ်သိမ့်နိုင်စွမ်းရှိခဲ့တာလေ။

မောင်က ငွေ့အပေါ် တင်းမာနေပေမယ့် သမီးကိုဆိုရင် သည်း

သည်းလှုပ် ဂရုစိုက်၏။ စကားပြောလည်း ပျော့ပျောင်းသည်။ သမီးပြော

သမျှကို တည်တည်တံ့တံ့လေး နားထောင်တတ်တဲ့အမူအရာတို့က သမီး

ကို နှစ်နှစ်ကာကာ ချစ်နေကြောင်း သိသာနေတာမို့ ငွေ ကြေသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကသာ မောင့်ကို ဖုန်းဆက်နေသူရယ်ပါ။

မောင်က ငွေ့ကို ဖုန်းလက်ခံစကားမပြောတာ တစ်ပတ်ပြည့်တော့မယ်။ သမီးကိုဆို ဖုန်းခေါ်နေတာ ပျက်ကွက်တာ မရှိပေ။

ခုလည်း သမီးကို မောင် ဖုန်းဆက်ချိန်နီးနေပြီဆိုတာ သိနေသည်။ သမီးက မှန်တင်ခုံရှေ့ရောက်နေရင် မေ့နေမှာစိုးလို့ သတိလာပေးခြင်း။

သမီးက လက်ကိုင်ဖုန်းယူပြီး လသာဆောင်ဘက် ပေါ့ပါးစွာ ပြေးသွားလေသည်။

သမီးလေး လွတ်လပ်ပေါ့ပါးပြီး ပျော်ရွှင်နေတာမြင်ရတာက ငွေ့နှလုံးသားအတွက် အားဆေးပါပဲ။

တကယ်ပါ မောင်ရယ်။

✿ ✿ ✿



## အခန်း (၁၄)

"ပွမ် ပွမ် ပွမ်"

မနက်စောစောကြီး ခြံရှေ့မှ ကားဟွန်းသံ အဆက်မပြတ်မြည်နေပါသည်။ ဒေါ်မမကြီး ဘုရားခန်းထဲက ပြန်ထွက်ရင်း တိုက်မျက်နှာစာတံခါး ဖွင့်ကြည့်၏။

ထိုအခါ ဟင်ခနဲ ဖြစ်ရလေသည်။

"မောင်ဇော်ကား"

နေ့တိုင်း ဖုန်းဆက်နေလျက်နဲ့ ဘယ်နေ့လာမယ် ဘာညာနဲ့ လာမယ့်အကြောင်း တစ်ခွန်းမှမပြောဘဲ ရောက်ချလာတာ အံ့သြစရာ။

ဒေါ်မမကြီး အံ့သြတာကို ဘေးဖယ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်က သွက်သွက်လေး ပြေးဆင်းခဲ့သည်။

"ငွေရေ ငွေ"

ငွေ့အခန်းကို တံခါးထုပြီး ခပ်မြန်မြန်ခေါ်၏။

"ငွေ နိုးပြီလား။ ထ, ထတော့၊ မောင်လေးလာပြီ၊ မြန်မြန်"

တံခါးထုသံနဲ့ ပြောသံတွေက နားထဲ တဒိုင်းဒိုင်းဆောင့်လာတော့ ငွေ လန့်လန့်ဖျပ်ဖျပ်လေးဖြစ်သွားသည်။

ပြီးတော့ မောင် လာပြီတဲ့။

ငွေ ဝုန်းခနဲထရင်း အိပ်ရာပေါ်က ဆင်းရသည်။ အပြင်ပြေး ထွက်မလို့ အခန်းတံခါးနားရောက်သွားပြီးမှ ရေချိုးခန်းဘက် ပြန်လှည့်သည်။

မနက်စောစောစီးစီး အိပ်မှုန်စုံမွှားနဲ့ ငွေ့ကိုမြင်ရင် မောင် ပြုံးစနေဦးမယ်မဟုတ်လား။

ငွေ ကမန်းကတန်းပဲ မျက်နှာသစ်၏။

ရေစိုမျက်နှာကို တဘက်နဲ့ ဖွဖွသုတ်ရင်း မှန်တင်ခုံရှေ့ ပြေး ထိုင်ရသည်။ ပခုံးပေါ်ဝဲကျနေတဲ့ စတော်ဆံပင်လှိုင်းကောက်ကို ဘီးကျဲနဲ့ ဖြီးပြီး နောက်မှညှပ်ကလစ်နဲ့ ညှပ်၊ မျက်နှာကို တို့ပတ်ရိုက်ရပြန်သည်။

ညဝတ်ဂါဝန်ကို ချက်ချင်းချွတ်ပြီး ရိုးရိုးထဘီနဲ့ ကိုယ်တိုင်ချုပ်ထားတဲ့ဝတ်စုံကို ထုတ်ဝတ်၏။

မောင်က ရိုးရိုးထဘီနဲ့ ပုံလှတဲ့အင်္ကျီကို ဝမ်းဆက်ချုပ်ဝတ်တာ





ပဲ သဘောကျသည်မဟုတ်လား။

အရောင်ကအစ မောင့်မျက်စိအေးစေမယ့် အရောင်နုနုလွှင်လွှင်လေးတွေပဲ ဖြစ်သည်။ သူလည်း ခဲပြာပေါ်မှ ရွှေဝါရောင်အပွင့်ရေးရေးပါတဲ့ထဘီနဲ့ လိုက်ဖက်သည့် ခဲပြာရောင်ပြောင်သားအင်္ကျီကို သစ်သစ်ရစ်ရစ်ဝတ်ပြီးသား ဖြစ်၏။

ဝတ်ပြီးတာနဲ့ အချိန်ဆိုင်းမနေ ချက်ချင်းအိပ်ခန်းထဲက ထွက်ခဲ့သည်။

"လာ လာ မောင်ဖော်၊ လာမယ်ဆို ကြိုပြောမှပေါ့ကွယ်၊ ငွေလည်း နိုးနေပါပြီ"

ဒေါ်မမကြီး ပေါ်တီကိုအောက်အထိဆင်းပြီး မောင်လေးကို လိုက်လိုက်လှဲလှဲ ဦးစွာကြိုနှင့်သည်။

ငွေ ဧည့်ခန်းထဲရောက်တဲ့အချိန်မှာ မောင် ကားပေါ်က ဆင်းလာပြီဖြစ်သည်။ တုတ်ကောက်အားပြုပြီး ဧည့်ခန်းထဲ လှမ်းလာတဲ့ မောင့်ကို ငွေ အံ့သြစွာငေးကြည့်လျက် ခြေလှမ်းတွေရှေ့ဆက်ဖို့ မေ့သွားသည်။

မြိတ်မှာ လေးလနီးပါးနေခဲ့တဲ့ မောင်က သွားတုန်းကနဲ့ မတူ။

သိသိသာသာ ပိန်ကျကာ ပါးသိုင်းမွှေးတွေ ထူပျစ်ကာ ခပ်ရှိုင်းရှိုင်းပုံစံဆန်လျက်ရှိသည်။

အတော်ကြီးလည်း ပင်ပန်းလာဟန်တူကာ ကိုယ်က နွမ်းလျက်။ ဆံပင်တွေလည်း ရှည်ပြီး ညှဉ်းညှဉ်းသိုးသိုး ဖြစ်လို့နေသည်။ ခရီးပန်းလို့ဝင်ပါရဲ့။ နောက်ပြီး ဝတ်ထားတဲ့ ရှပ်အင်္ကျီနဲ့ ဘောင်းဘီရှည်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြေမွပြီး မသဝ်မရပ်ဖြစ်နေသည်။

မောင့်ပုံစံကိုကြည့်ရကတည်းက မောင် အလုပ်တွေနဲ့ ဘယ်လောက်လုံးပန်းနေလဲဆိုတာ သိသာနေပါသည်။ ဒါတင်မက မောင့်ကိုယ်ရေးကိုယ်တာကိစ္စကို မောင့်တပည့်လေးယောက်က ငွေ့လောက် အဆင်ပြေအောင် လုပ်ပေးကိုင်ပေးမတတ်တော့ မောင့်ပုံစံက အမော မပြေစရာ။

ပင်ပန်းရုပ်နဲ့ ချုံးနေသည်က အားမရဖွယ်ဖြစ်သလို မောင့်ကိုလည်း သနားနေမိသည်။ တုတ်ကောက်သံတထောက်ထောက်နဲ့ လှမ်းဝင်လာတဲ့ မောင့်ကိုကြည့်ရင်း ခြေလှမ်းရှေ့တိုးဖို့ မေ့နေသလိုဖြစ်သွားတဲ့ ငွေ့ကို မောင် လှမ်းကြည့်၏။

အကြည့်ချင်းဆုံလျှင် မောင့်အကြည့်က စူးစူးရှရှနဲ့ မျက်ခုံးပါတွန့်ကာ စိမ်းမှောင်သွားသည်ဟု ငွေ ထင်သည်။

ဘာကြောင့် မောင့်အကြည့်က စိမ်းမှောင်သွားရတာလဲ။ ငွေ အဖြေမထုတ်နိုင်သေးခင် –

''အိုး ဟဲ့ ငွေ ဘာကြောင်ကြည့်နေတာလဲ၊ မောင်လေးကို ခေါ်ဦးလေ''

ဒေါ်မမကြီး မောင်ဖြစ်သူနောက်က လှမ်းအော်သတိပေး၏။ ငွေ ဒီတော့မှ လှုပ်လှုပ်ရှားရှားစိတ်နဲ့ ခြေလှမ်းရွေ့လျှင် –

''မမက ငွေ့ဘက်က ဖာထေးမနေစမ်းပါနဲ့ဗျာ၊ ဒီမိန်းမ ကျွန်တော့်အပေါ် အမြဲတမ်း ဒီလိုပဲ၊ ဘယ်တုန်းကမှ ကြည်သာရွှင်ပျတဲ့





[illegible]နဲ့ မဆက်ဆံဘူး။ ကျွန်တော် သိတယ်၊ ခုလည်း ကြည့်လေ၊ လင်[illegible]ပြန်လာတာ မြင်နေရဲ့နဲ့ မကြည်မသာဖြစ်နေတာ၊ အချိုးကို မပြေ[illegible] တောက်''

အေးစက်တင်းမာဟဲ့စကားနောက်မှ တောက်ခတ်လိုက်တဲ့အခါ [illegible]ွေ မောင့်ရှေ့ မတိုးရဲတော့ပါ။

ဒေါ်မမကြီးက မောင်ဖြစ်သူကို ဘဝင်မကျပါ။ ငုံ့စောင်းစောင်းကြည့်ရင်း –

''အိုးအေ မောင်လေးက လာမယ်ဘာမယ် ကြိုမပြောတော့ ငွေလည်း အံ့သြနေမှာပေ့ါ၊ တကတဲ မပြောလိုက်ချင်ဘူး၊ ရောက်တာနဲ့ မယားကို အပြစ်တင်တာက စပြီ''

''နောက် မဟုတ်လို့လား၊ မမယောက်မပုံစံကို ကြည့်ဦး''

မောင့်စကားလုံးတွေနောက်မှာ ငွေ မျက်နှာလေး ငယ်ကျကာ မျက်လွှာလေး စင်းချရင်း –

''ငွေက ဘာလို့မကြည်သာရမှာလဲ မောင်ရယ်၊ သမီးကို မောင် ဖုန်းဆက်တုန်းကလည်း လာမယ်လို့ ကြိုမပြောဘူး။ မောင် ရုတ်တရက် ရောက်လာတော့ ငွေ အံ့သြနေတာပါ မောင်ရယ်၊ တကယ်ပါ''

ယောက်မ ဖြေရှင်းချက်ပေးတာကို ဒေါ်မမကြီး လက်ခံပါသည်။ ကိုယ်တိုင်လည်း ကားသံကြားလို့ အံ့သြသွားတယ် မဟုတ်လား။

အဲဒါကိုပဲ အပြစ်တင်နေတဲ့ မောင်ဖြစ်သူကို ဒေါ်မမကြီး အံ့ကြိတ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မောင်ဇော် အဝေးမှာနေတော့လည်း မယားကို မကြည့်ဘူး ရောက်လာတော့လည်း အပြစ်က ဖို့ချင်ချင်၊ တော်တော့ ရှေ့ဆက်ဘာမှမပြောနဲ့ သွား သွားနားချေ၊ ငွေ မောင်လေးကို ခေါ်သွားတော့"

ဒေါ်မမကြီး လက်တစ်ဖက် ခါးထောက်ပြီး အမိန့်ပေးသလို ပြောချလိုက်၏။ မောင်ဖြစ်သူ မျက်နှာညှိုးပုပ်ကာ မယားကို အခဲမကြေသလို ကြည့်သည်။ ငွေက ဘာမှမပြော။ မောင့်လက်မောင်းတစ်ဖက်ကို ဆွဲကိုင်၍ -.

"လာလေ မောင်"

"ဖယ်စမ်းပါ"

ပြောလည်း ပြောရင်း မောင့်လက်မောင်းဆီ ရောက်နေတဲ့ ငွေ့လက်ကိုဖယ်ချပြီး ရှေ့က ထွက်သွားသည်။

မောင်လမ်းလျှောက်တိုင်း တုတ်ကောက်ထောက်သံ ထွက်လေသည်။ ထိုအသံက ခုချိန်မှာ ပို၍ကျယ်ကာ။

ဒေါ်မမကြီး သက်မ,ချ၏။

မောင်ဖြစ်သူနောက်က ပါမသွားသေးသော ယောက်မနား ကပ်ရင်း ပခုံးလေးဖက်ကာ အားပေးနှစ်သိမ့်၏။

"ကဲပါ ငွေရယ် စွမယူပါနဲ့ မောင်လေးက ဒီလိုပဲ၊ အလုပ်က ပင်ပန်းလာတယ် မဟုတ်လား၊ သက်သက် ရမယ်ရှာပြီးပြောနေတာ၊ သွား သွား၊ မမ သမီးကို သွားနှိုးဦးမယ်"

ဒေါ်မမကြီး အဖက်ဖက်က အဆင်ပြေအောင် ဖာဖာထေးထေး





[illegible] စိတ်ဦးနေကျ၊ ပြောနေကျအတိုင်း ဆိုချေသည်။

ငွေ ဘာတတ်နိုင်မလဲ။

မမကြီးပြောတဲ့အတိုင်း လှုပ်ရှားနေခဲ့ရတာ သမီးတစ်သက်[illegible]ပြီလေ။ မမကြီး အပေါ်ထပ်တက်သွားတော့ ငွေလည်း အခန်းဆီ[illegible]ဦးတည်ရလေပြီ။

မောင် ဘာတွေပြောဦး ဆိုဦးမှာလဲ။

ရင်တထိတ်ထိတ်နဲ့ အခန်းထဲဝင်လျှင် -

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒယ်ဒီရောက်ပြီ၊ ဟုတ်လား ကြီးကြီး"

ဒေါ်မမကြီး ခေါင်းညိတ်၍ပင် မပြီးသေး၊ လှ္ဒာ လှိုက်ခနဲ ဝမ်းသာကာ အိပ်ခန်းထဲကနေ ဖေးခနဲ အော်ဟစ်ပြီး ပြေးထွက်သွားသည်က ညအိပ်ဂါဝန်လှလှလေးပင် ချွတ်မလဲဘဲ ဖြစ်လေသည်။

"ဟဲ့ သမီး ဖြည်းဖြည်းဆင်းလေ၊ ခုန်ပေါက်ပြီးတော့ ဒီကလေး ကျပြုရင် ခက်ရချေရဲ့"

ဒေါ်မမကြီး တူမချောနောက်က လိုက်ပါကာ ဟန့်တားပြောဆိုနေတာလည်း ဂရုမစိုက်။ လှေကားထစ်တွေကို အထစ်ကျော်ဆင်းလိုဆင်းနဲ့ ဝမ်းသာမြူးထူးသွားတဲ့ တူမချောကိုကြည့်ရင်း ဒေါ်မမကြီးရင်မှာ





ကြည်နူးသွားသည်။

ဘာပဲဖြစ်ဖြစ် ဒီတူမလေး ရှိနေလို့သာပေါ့။

အကယ်၍များ မောင်လေးက ဒီသမီးလေးမရခင် အက်ဆီးဒင့်ဖြစ်ပြီး ဒုက္ခိတတစ်ပိုင်း ဖြစ်သွားရင် မောင်လေးရဲ့အိမ်ထောင်ရေးက တွဲမလား၊ ပြိုမလား။ တစ်ခုခုတော့ တစ်ခုခုဖြစ်မှာပဲ။

တူမလေးရပြီးမှ အက်စီးဒင့်ဖြစ်လို့သာ၊ ဒီလင်မယား ခုချိန်ထိ ပေါင်းဖက်နေနိုင်တာ။ မဟုတ်လို့ကတော့ –။

ဒေါ်မမကြီး ဆက်မတွေးတော့ပါ။

လင်မယား ဘယ်လောက်ပဲ မကြည်မလင်ဖြစ်နေနေ သမီးလေး ကြားဝင်သွားရင် မောင်လေးဘက်က ပျော့ကျသွားစမြဲ။

ဒါကြောင့် သမီးကို နှိုးလိုက်ခြင်း။

ဒေါ်မမကြီးက မနက်စာပြင်ဆင်ဖို့ မီးဖိုခန်းဘက် ခြေဦးလှည့်လျှင် သမီးက မိဘနှစ်ပါးအခန်းဆီ။

ဒယ်ဒီ့ကို ပြေးဖက်ပြီး လွှာ့သွားစွယ်လေး အစွမ်းကုန်လှပနေကြောင်း ရယ်ချပြလိုက်မယ်လေ။ ဒယ်ဒီ အံ့ဩသွားအောင်ပေါ့။

လှ္ဒာ စိတ်ကူးလေးနဲ့ မြူးလျက် အခန်းတံခါးကို ဖွဖွလေးဖွင့်ရင်း အရင်ချောင်းကြည့်လိုက်သည်။

အမယ် –

ဒယ်ဒီက မွေ့ရာခေါင်းရင်းမှာ ကျောမှီလျက် သက်သောင့်သက်သာ ထိုင်နေရင်း မာမီ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မာမီက မသိချင်ဟန်ဆောင်ပြီး ဒယ်ဒီ့အင်္ကျီကြယ်သီးတွေ ဖြုတ်၏။ ဒယ်ဒီ့ကိုယ်ပေါ်က အင်္ကျီကို ချွတ်ပေး၏။

ဒယ်ဒီ အလိုက်သင့်ပင် အင်္ကျီချွတ်၏။ မာမီယူပေးတဲ့ လည်ပိုင်းအင်္ကျီလက်တိုလေးကို ဝတ်သည်။

မာမီက အင်္ကျီကြယ်သီးတပ်ပေးလျှင် –

"ငွေက မောင်မရှိတော့ အစွမ်းကုန် လွတ်လပ်နေတယ်ပေါ့ ဟုတ်လား"

ဟု ခနဲ့သလိုလို မေးသည်။

ဒယ်ဒီက အဲလိုပဲ။ မာမ့်ကိုဆို အမြင်မကြည်လင်တဲ့ စကားလုံးတွေနဲ့ နှိပ်စက်တတ်သည်။ မာမီက ထုံးစံအတိုင်း။

"မနက်စာ စားရအောင်လားဟင်၊ မောင် ဘာစားမလဲ"

လို့ စကားလမ်းကြောင်းလွှဲ၏။

အဲလိုဆို ဒယ်ဒီ့မျက်နှာကြီး တွန့်ကြုတ်လေပြီး –

"ငွေ မင်းဟာ နည်းနည်းမှ စကားပြောအဆင်မပြေတဲ့ မိန်းမ"

လို့ မာန်မဲစကားဆိုသည်။

မာမီက ဒယ်ဒီပြောတဲ့အတိုင်း ပြန်ပြောကြည့်ပါလား။ ဒယ်ဒီဒေါသက ထွက်လာဦးမယ်။ ဒယ်ဒီ ဒေါသမထွက်အောင် စကားလမ်းကြောင်း ပြောင်းပြောတော့လည်း ဒယ်ဒီက မကြိုက်ပြန်။

လွှာ့ဒယ်ဒီနဲ့မာမီက လွှာသိတတ်စကတည်းက ဒီအတိုင်း။

ခုချိန်ထိ မပြောင်းလဲတာ လွှာ အံ့ဩတယ်။





ပိုအံ့ဩစရာကောင်းတာက ဒယ်ဒီရဲ့ဝေယျာဝစ္စမှန်သမျှ မာမီ ချစ်ပေးကိုင်ပေးမှ။ လွှာဖြစ်ဖြစ်၊ ကြီးကြီးဖြစ်ဖြစ် ဝင်ကူလုပ်ပေးရင် ကြိုက်မခံတတ်ပေ။

ခုပဲကြည့်လေ အင်္ကျီကြယ်သီးကအစ မာမီတပ်ပေးနေရသည်။ အဲဒါ ဘာကြောင့်လဲ။

မာမ့်ကို ဒယ်ဒီ ချစ်လို့ပဲမဟုတ်လား။ မာမီကလည်း ဒယ်ဒီ့ကို ဂရုစိုက်ကာ ချစ်လို့ပေါ့။

ဒါပေမဲ့ ချစ်လို့ဆိုတာကို ခေါင်းစဉ်မတပ်ဘဲ ဒယ်ဒီ့ဘက်က မာမ့်အပေါ် တင်းမာနေတာကို လွှာ သဘောမတွေ့ပါ။

လွှာ့စိတ်ဆန္ဒအရဆိုရင် မာမ့်အပေါ် ဒယ်ဒီ ကြည်ကြည်သာသာ ဆက်ဆံစေချင်သည်။ နွေးထွေးကြင်နာစေချင်သည်။ လွှာ့ကို ဒယ်ဒီ နွေးနွေးထွေးထွေး ချစ်သလိုပေါ့။

"သမီးကို သွားခေါ်ဦး"

ဒယ်ဒီက အင်္ကျီကြယ်သီးတပ်ပြီးသွားသည်နှင့် မာမ့်ကို ဆိုချေသည်။ ဒယ်ဒီက အဲသလိုပါ။

မနက်စာစားဖို့အကြောင်း ထပ်မပြောတော့ပါ။ သမီးကို သွားခေါ်ချေဆိုတော့ မာမီ အခန်းထဲက ထွက်လာသည်။

တံခါးကို ဆွဲဖွင့်တော့ အခန်းထဲ ချောင်းကြည့်နေတဲ့ လွှာ့ကို မြင်လျှင် –

"ဟယ်တော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

လွှာ ရယ်ချရင်း နှုတ်ခမ်းမှာ လက်ညှိုးလေးတားတ၏။

"သမီးကို ဒယ်ဒီ ခေါ်နေတယ်၊ ဝင်သွားလေ"

"ကြားတယ် ကြားတယ်၊ လွှာက မာမ့ီအပေါ် ဒယ်ဒီ တင်း သေးလို့ စောင့်ကြည့်နေတာ၊ ဒယ်ဒီ ပိန်သွားတယ်နော်"

မာမီ ခေါင်းညိတ်၏။ လွှာ့လက်ကိုင်ပြီး အခန်းထဲ ဆွဲဝင်လေ သည်။ ဒယ်ဒီက ဖွင့်ထားတဲ့ပြတင်းပေါက်မှာ တုတ်ကောက်လေး ထောက် ရပ်ရင်း မနက်ခင်းနေခြည်ကို ငေးကြည့်လျက်။

ကျောပေးရပ်နေတာမို့ လွှာတို့ဝင်လာတာကို မမြင်။ လွှာက မာမ့ီကို အသံမပေးနဲ့လို့ အချက်ပြရင်း ဒယ်ဒီဆီ ခြေဖော့လျှောက်သွား ၏။

ဒယ်ဒီ့နောက်ရောက်လျှင် လွှာ ခြေဖျားလေးထောက်၍ ဒယ် မျက်လုံးကို လှမ်းပိတ်လေသည်။

လွှာ့လက်ချောင်းလေးကို ဒယ်ဒီ သိသွားဟန်တူသည်။

"သမီး"

လို့ ကြည်သာစွာခေါ်သည်။ လွှာ နှုတ်ခမ်းလေးစူကာ ပြုံးလေ ပြီး ဆို၏။

"ဒယ်ဒီက မြင်လည်း မမြင်ဘဲနဲ့ လွှာမှန်း ဘယ်လိုသိလဲ"

"သိတာပေါ့ သမီးရယ်"

"သိတယ်၊ ဒါမှ ဒယ်ဒီပေါ့၊ ဒါနဲ့ သမီးအတွက် လက်ဆောင်





ယ်လာမယ်ပြောတာ ပါလားဟင်"

ဦးအာကာဇော် သမီးလက်ချောင်းလေးတွေကို မျက်လုံးပေါ်က ယ်ရှားပြီး ရင်ထဲ ပြုံးသွားလေသည်။

ထိုအပြုံးက နှုတ်ခမ်းပါးပေါ် တင်မထားပေ။

ရင်ထဲက လျှို့ဝှက်ပြုံးလေးနဲ့ သမီးဘက်လှည့်ပြီး –

"ပါတာပေါ့ သမီးရယ်"

"ပါရင် ပေးလေ"

"ပေးမှာပေါ့ သမီးရယ်၊ ဒီနေ့က ဘာနေ့လဲ သိလား"

စိုက်ကြည့်ရင်း ဒယ်ဒီမေး၏။ လွှာ နှုတ်ခမ်းလေးစေ့ထားလျက် နဲ့ စဉ်းစားမိသည်က မျက်လုံးလေးဝိုင်းစွာ။ ပြီးတော့ ဟင့်အင်းလို့ ခေါင်းခါသည်။

ဒယ်ဒီက မာမီ့ကို လှမ်းကြည့်သည်။ မာမီလည်း လွှာ့လိုပဲ အံ့ဩကာ တိတ်ဆိတ်နေသည်။

ဒယ်ဒီ မျက်ခုံးကြီးပင့်၍ ပခုံးပါ တွန့်၏။

မာမီ ဘာမှပြန်မပြောတော့။ ဒီတစ်ခါ ဒယ်ဒီ ဒေါသမထွက်ပါ။

သမီးဆံပင်တိုလေးကို ကျေနပ်စွာပွတ်သပ်၍ မျက်နှာလေးကို တယုတယကြည့်သည်။ မျက်နှာကျပုံလေးကအစ သူနဲ့တူနေသည့် သမီး ကို ဦးအာကာဇော် တကယ်ချစ်မဝနိုင်ပါ။

မျက်လုံးနဲ့နှုတ်ခမ်းလည်း ဖအေနဲ့ တစ်ထပ်တည်း။ ဒါမှ ဖအေ တူသမီး အစစ်။ ဖအေတူတဲ့သမီးမို့ ဦးအာကာဇော် သမီးကို အသ



www.burmeseclassic.com

www.burmeseclassic.com



တမျှ ချစ်သည်။ အချိန်နဲ့အမျှ သမီးကို ရင်ထဲထည့်ထားကာ။

ဒီနေ့ဟာ ဘာနေ့မှန်း မအေနဲ့သမီး မသိတာ ဦးအာကာဇော် ကျေနပ်နေသည်။ မသိတာမဟုတ်ဘဲ သတိမပြုမိနေတဲ့ သမီးနဲ့မအေကို အံ့သြဝမ်းသာသွားစေချင်တာ သူ့ရဲ့အပြင်းပြဆုံး ဆန္ဒမဟုတ်လား။

မျက်လုံးဝိုင်းလေးနဲ့ လှမ်းကြည့်နေတဲ့ ဇနီး။

အံ့သြပြီး မော့ကြည့်နေရှာတဲ့ သမီးရယ်။

ဦးအာကာဇော် သမီးမျက်နှာကို ချစ်ခင်လိုက်လှဲစွာ စိုက်ကြည့်သည်။ လက်သီးဆုပ်ဖွဖွလေးနဲ့ သမီးနဖူးကို ထုရင်းဆိုသည်။

"ဒီနေ့က သမီး ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့လေ"

"ဟာ"

လွှာ နှုတ်ခမ်းလေး ဝမ်းသာစွာ ပွင့်ဟသွားသည်။ ဒေါ်ငွေပဝါ မျက်ဝန်းလည်း အရောင်လင်းကာ –

ကြည့်စမ်း။

မောင့်ဖုန်း လက်ခံစကားမပြောကတည်းက ငွေ့မှာ ဒါပဲတွေး ပြီး စိတ်ထိခိုက်နေရတာနဲ့ သမီးမွေးနေ့ကို မေ့နေခဲ့သည်။

သမီးကလည်း ဖအေအနားမှာမရှိတော့ လည်ပတ်ခွင့်တွေရ နေတော့ အပျော်လွန်ပြီး မွေးနေ့ကိုပေါင် သတိမရနိုင်တဲ့အဖြစ်။

မောင်က သတိတရနဲ့ သမီးမွေးနေ့အမီ ပြန်လာခဲ့တာကိုး။

"သမီးက သမီးမွေးနေ့ကို သတိမရပေမယ့် ဒယ်ဒီက မမေ့ဘူး သမီးရဲ့၊ သမီး အံ့သြသွားအောင်လို့ သမီးမွေးနေ့အမီ ဒယ်ဒီ ပြန်





ခဲ့တာ၊ သမီးအတွက် မွေးနေ့လက်ဆောင် ရှယ်ယူလာတယ်"

"ဟေး"

လွှာ ဝမ်းသာလွန်းလို့ ဟေးခနဲအော်ရင်း တစ်ကိုယ်လုံး မြောက် ကက်သွားမတတ် ခုန်ဆွ ခုန်ဆွ ဖြစ်သွားသည်။

လက်ခုပ်လေးတီးရင်း ပျော်နေရှာတဲ့ သမီး။

ဒေါ်ငွေပဝါလည်း သမီးလိုပဲ ပျော်ရွှင်သွားပါသည်။ ဒီနေ့ဟာ သမီးရဲ့ဆယ့်ရှစ်နှစ်ပြည့်တဲ့ မွေးနေ့ဖြစ်သလို ငွေနဲ့မောင်ရဲ့ မင်္ဂလာသက် တမ်း နှစ်နှစ်ဆယ်တင်းတင်းပြည့်တာလေ။

မောင်က မင်္ဂလာနေ့ကို ရှယ်ဝိုက်ပြီး သမီးမွေးနေ့ကို ထုတ် ပြောနေတာလေ။ ငွေ ရိပ်မိသွားတာကြောင့် ဝမ်းသာလိုက်အီသောအပြုံး နဲ့ မောင့်ရှေ့ တိုးလာမိသည်။ သမီးကလည်း မအေလိုပဲ ဝမ်းသာကာ–

"ဒယ်ဒီရယ်၊ လွှာ သတိမထားမိဘာ၊ ကြည့်စမ်း။ လွှာ ဆယ့် ရှစ်နှစ်ပြည့်သွားတဲ့နေ့၊ အိုး ဝမ်းသာတာထက် ပိုတယ်၊ ဒယ်ဒီ ဘာလက် ဆောင်ပေးမှာလဲဟင်"

ဖခင်လက်ကို ဆုပ်ကိုင်ပြီး တတွတ်တွတ်ပြောရင်း မျက်နှာလေး မော့ရယ်၏။

ထိုအခါ သမီးကိုပဲ ကြည့်နူးမဆုံး စိုက်ကြည့်နေသည့် ဦးအာ ကာဇော် မျက်မှောင်ကြီး ကုတ်ကျသွားလေသည်။

မျက်မှောင်ကြုတ်ကြည့်လျှင် တစ်ခုခုကို ပြစ်တင်တော့မယ့် ရှေ့ပြေးနိမိတ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတိုင်း၊ ရယ်တိုင်း သွားတက်ကလေး ပေါ်သွားတတ်တဲ့ သမီးကိုစိုက်ကြည့်ပြီး သမီးပြောသမျှ နားထောင်တတ်တဲ့ ဦးအာကာဇော်။

ခုတော့ –

တလက်လက်နဲ့ အရောင်ထွက်နေတဲ့ သွားတက်ကလေးကို ကြည့်ကာ ပထမ အံ့ဩသွားသည်။ ဒုတိယတစ်ဆင့် ဖနီးသည်ကိုကြည့်ကာ မျက်မှောင်ကုတ်သထက် ကုတ်ကျကာ –

"ဒါက ဘာလဲကွ"

ဟု သဘောမတွေ့စွာ မေးချသည်။

ဒေါ်ငွေပဝါ ရိုပ်မိတာကြောင့် မျက်နှာလေး ပျက်သွား၏။ လွှာက အပျော်တွေ ပျောက်မသွားတဲ့အပြင် ပို၍ပင် မြူးကြွကာ –

သွားတက်ကလေးကို လက်ညှိုးလေးထိုးပြီး မေးရှာတဲ့ ဒယ်ဒီ့ကိုကြည့်၍ –

"စိန်ပွင့်လေး တပ်ထားတာလေ၊ လှတယ်မဟုတ်လား ဒယ်ဒီ"

"ဘာ"

မျက်နှာလေး ပင့်မော့မေးရင်း သွားတက်ကလေး လှစ်ပြထားတဲ့ သမီး။ ဘာခနဲ အော်သံနောက်မှာ အပျော်တွေ လွင့်ပျောက်သွားလေသည်။

"ဘာပြောတယ်၊ လှလား၊ ဟုတ်လား သမီး၊ သမီးကို ဒါ ဘယ်သူလုပ်ပေးလဲ၊ ဘယ်သူက လုပ်ခွင့်ပေးတာလဲ၊ ငွေ"





လွှာ ကြောင်တောင်တောင်ဖြစ်လို့သွားသည်။ လွှာ ဘာမှား သွားပြီလဲ။

စဉ်းစားနေဆဲမှာ ဒယ်ဒီ့ပစ်မှတ်က မာမီ့ဆီ လှည့်၏။

"မောင်"

မာမီက ဖြေရှင်းချက်ပေးလိုတဲ့ မျက်နှာလေးနဲ့ ရှေ့တစ်လှမ်း ထိုးလာရင်းဆိုလျှင် –

ဒယ်ဒီ့လက်က လျှပ်တစ်ပြက် မြောက်တက်သွားသလို –

"ငွေ့ကိုလည်း နစ်နစ်ထေယ်ပြည့် မင်လာလက်ဆောင်ပေးရမယ် တွ"

ဟု ပြောသံနောက်မှာ–

"ဖြန်း"

ခနဲ လက်ပြန်ရိုက်ချလိုက်တဲ့ ဒယ်ဒီ။

မာမီ့မျက်နှာတစ်ခုလုံး လည်ဆင်းသွားကာ ကိုယ်ကိုလည်း ထိန်းမထားနိုင်တော့ပါ။

"မာမီ"

လွှာ လန့်ဖျပ်လျက် မာမီ့ကို ဝင်ထိန်းပေမယ့် နောက်ကျသွားလေပြီ။ မာမီ ကိုယ်အရှိန်နဲ့ လည်ကျကာ ခုတင်ဘောင်နဲ့ ခေါင်းတိုက်မိပြီး ကြမ်းခင်းပေါ် ပုံကျလေသည်။

ဒယ်ဒီ့လက်ပြန်ရိုက်ချက်ကြောင့် မာမီ့နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်မှ သွေးတွေ လျှံထွက်စီးကျလာကာ –



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘောင်နဲ့ ထိမိတဲ့ မာမို့ရှိုးဖောင်းမှာ ဖူးရောင်ရဲတွတ်သွား လေသည်။

''မာမီ''

လှသွာ လန့်ဖျပ်စွာ ငိုချရင်း မာမို့ကို ပွေ့မိ၏။

မာမို့ခမျာ မှုးမိုက်ပြာဝေနေတဲ့ ခေါင်းကို ထူမတ်နိုင်စွမ်းရှိဟန် မတူပေ။ လှသွာ့ကိုယ်ပေါ်မှာ တစ်ကိုယ်လုံး ပျော့ခွေကာ မျက်ရည်တွေ တသောသောကျလျက်–

''ဒယ်ဒီ''

''မခေါ်နဲ့၊ သမီးကိုလည်း၊ ဒယ်ဒီ မမြင်ချင်ဘူး၊ ခုချက်ချင်း ထွက်သွား'' တဲ့။

လှသွာ အားကိုးတကြီးခေါ်မိပါသည်။ သို့သော် လှသွာ့ကိုလည်း အံကြိတ်ပြောသံကြီးနဲ့ နှင်ထုတ်၏။ လှသွာ့ရင်မှာ ထိခိုက်လျက် ကြေကြေ ကွဲကွဲ ငိုချလေသည်။

''ဟီး ဟီး ဟီး''

''ဟဲ့ ဟဲ့ ဒါက ဘာဖြစ်ကြတာတုန်း ဟင်''

ဒေါ်မမကြီးက မနက်စာအသင့်ပြင်ပြီး ထမင်းစားခန်းမှာ စောင့် နေရှာတာ။ တစ်မိသားစုလုံး ရောက်မလာလို့ လာခေါ်ခြင်း။

သမီးငိုသံလည်း ကြားရတော့ ရင်ထိတ်ကာ အခန်းထဲ တန်း ဝင်ခဲ့သည်။ အခန်းထဲမှ တွေ့ရတဲ့မြင်ကွင်းက မကောင်း။

မောင်လေးက ဒေါသအစွမ်းကုန်ထွက်တဲ့ မျက်နှာကြီးနဲ့





မျက်နှာပြင်နီရဲကာ အကြည့်က မှောင်တူးလျက်။

သမီးက ကြောက်စိတ်နဲ့ တစ်ကိုယ်လုံး တုန်ခါမတတ် ငိုယို တာ။ ယောက်မခမျာ သမီးကိုယ်ပေါ်မှာ ပျော့ခွေလျက်။ မေးဖျားတစ်ဝိုက် မှာ သွေးတွေနဲ့။

''ငွေ''

ဒေါ်မမကြီး စိုးရိမ်တကြီး ပွေ့ယူသည်။ သမီးက ငိုယိုရင်း ကြောက်စိတ်မပြယ်ကာ ပြေးထွက်သွား၏။

''ငွေ ငွေ''

ဒေါ်မမကြီးခေါ်လျှင် ဒေါ်ငွေပဝါ ထိခိုက်ကြေကွဲမဆုံးစွာ မမ ရင်ဘတ်မှာ ခေါင်းလေးမှက်၍ ငိုချေသည်။

ဒေါ်မမကြီး စိတ်မချမ်းသာနိုင်တော့ပါ။

တစ်ခါမှ ရိုက်ဟယ်၊ ပုတ်ဟယ်မရှိတဲ့ မောင်မြစ်သူ၊ သွေးထွက် သံယိုဖြစ်တဲ့အထိ ရိုက်ရတာ ဘာကြောင့်လဲ။

ဒီလိုရိုက်တာကိုလည်း လက်မခံနိုင်၊ ငွေ့ဘက်က ခံပြင်းလာကာ

''မောင်ဇော် မင်း ဘယ်လိုလုပ်လိုက်တာလဲကွယ်''

''မမေးနဲ့၊ မမ ဘာမှမမေးနဲ့၊ တောက်''

အသံနက်ကြီးနဲ့ ကျူးပြောရင်း တောက်ခတ်လိုက်တဲ့အသံက ကျယ်လောင်ကာ ပဲ့တင်ထပ်နေ၏။

''ဟဲ့ မမေးလို့ ရမလား''

ဒေါ်မမကြီး ဒေါသနဲ့မေးလျှင် ဦးအာကာဇော် ဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



နံရံမှာ မှီထားတဲ့ တုတ်ကောက်ကိုဆွဲယူပြီး တတောက်တောက်နဲ့ ကြမ်းမှာ ထောက်ကာ ထွက်သွားချေတော့သည်။

"ငွေရယ်"

မောင်ကို ဒေါသဖြစ်သလို ယောက်မကိုလည်း သနားမဆုံးဖြစ်ရှာတဲ့ ဒေါ်မမကြီး။

ငွေ့ကို ရင်ခွင်ထဲထည့်ကာ ကလေးလိုပဲ ချော့မော့နေရှာသည်။

ယောက်မက ထိခိုက်ကြေကွဲစွာသော နှလုံးသားနဲ့ နာနာကျင်ကျင် ငိုရှင်း။

✿ ✿ ✿



## အခန်း (၁၆)

"အလိုလေး၊ ဘယ် ဘယ်လိုဖြစ်လာတာလဲ လှသာရယ်"

ငိုကြီးချက်မနဲ့ ရောက်လာတဲ့ လှသာရယ်။ မနက်မိုးလင်းရုံပဲ ရှိသေးတယ်။ ဖူးဖူးသစ် အံ့သြပြီးရင်း အံ့သြကာ မေးရှာသည်။

လှသာငိုရင်း ဖူးဖူးသစ်ကို ပြေးဖက်မိကာ –

"လှသာ လှသာ ကြောက်တယ် ဖူးရယ်၊ ဟင့် ဟင့် ဟင့်"

"ဘာကိုလဲ လှသာရယ် ဟင်"

လှသာ့ပခုံးကိုဖက်၍ ဆိုဖာပေါ်မှာ ထိုင်စေပြီး ဂရုတစိုက် မေးလေသည်။ လှသာ ရှိုက်ငိုရင်း –

"ဒယ်ဒီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ဟုတ်လား"

"အင်း။ မာမီ့ကို ရိုက်တယ်၊ လွှာ့ကိုလည်း မမြင်ချင်ဘူးတဲ့၊ မောင်းထုတ်တာလေ၊ လွှာကြောက်တယ် ဖူးရယ်၊ ဒယ်ဒီ ဘာဖြစ်တာလဲ မသိဘူး။ ဟင့် ဟင့် ဟင့်"

ပြောနေရင်း ကြောက်စိတ်နဲ့ ဝမ်းနည်းခြင်းကြီးစွာ ငိုချပြန်တဲ့ လွှာလေးရယ်။ ဖူးဖူးသစ် အတော်လေး သနားသွားပါသည်။

ဘာကြောင့် ဘယ်လိုဖြစ်ရတာ မသိပေမယ့် သူငယ်ချင်းငိုနေတာမြင်တော့ စိတ်မကောင်းနိုင်ပါ။

လွှာ့ကို ပခုံးမှာ နွေးထွေးစွာဖက်လျက် ကြင်နာစွာ ချော့မော့နေရလေသည်။

"အန်တီက အန်ကယ့်ကို ဘာပြောမိလို့လဲကွယ်"

"ဟင့် ဟင့်၊ ဘာ ဘာမှမပြောဘူး။ လွှာ့ကြောင့်ပဲ ထင်တယ်၊ ဟင့် ဟင့်"

"ဘယ်လို လွှာ့ကြောင့်"

ဖူးဖူးသစ် အံ့သြစိတ်နဲ့မေးလျှင် ဖူးဖူးသစ်ပခုံးထက်မှ လွှာ ခေါင်းလေးထောင်ပြီး –

"ဟုတ်မယ်ထင်တယ်၊ စိန့်ပွင့်လေးကပ်ထားတဲ့ လွှာ့သွားတက်လေးကိုလည်း မြင်ရော ဒယ်ဒီမျက်နှာကြီး ဒေါသနဲ့ညိုပုပ်ပြီးတော့လေ ဟင့် ဟင့် မာမီ့ကို မာမီ့ပါးကို ရိုက်ချလိုက်တာ"

"ဘုရားရေ"





ဖူးဖူးသစ် အံ့သြလွန်းလို့ ဘုရားပါတ,လေသည်။

"ဘာဆိုင်လို့လဲ လွှာရဲ့"

"ဟင့် ဟင့် လွှာလည်းမသိဘူး၊ အဟင့်"

ဝမ်းနည်းစိတ်က မပြယ်သေး။ ပြောရင်း အတောမသတ် ငိုနေရှာတဲ့ လွှာ့ကိုကြည့်ရင်း ပို၍ပင်သနားလာသည်။

အန်ကယ်၏အပြုအမူကိုလည်း နားမလည်အောင်ဖြစ်လျက်ရှိ၏။

အန်ကယ်က အန်တီကိုဆိုရင် ဘယ်တုန်းကမှ ကြည်သာချိုမြစွာ ဆက်ဆံလေ့မရှိပါ။

မာန်ဟယ်၊ ဟောက်ဟယ်နဲ့ မာမာတင်းတင်းဆက်ဆံတတ်ပေမယ့် ရိုက်လား၊ ပုတ်လားတော့ မဆက်ဆံဖူးပါ။

ခုတော့ မယုံနိုင်စရာကွယ်။

"လွှာလေ ဒယ်ဒီ့ကို သိပ်ကြောက်တာပဲ၊ ဟင့် ဟင့်"

"လွှာရယ်"

"ဟင့် ဟင့်၊ ဒယ်ဒီနဲ့လည်း ရင်မဆိုင်ရဲဘူး။ လွှာ့မှာ အပြစ်ရှိနေသလို ခံစားရတယ်၊ ဟင့် ဟင့်၊ လွှာ့ကြောင့် မာမီ အရိုက်ခံရတာ သေချာတယ်လေ၊ လွှာလေ မာမီ့ကို သနားလိုက်တာ၊ ဟင့် ဟင့်"

ပြောလိုက် ငိုလိုက် မျက်ရည်တွေသုတ်လိုက်နဲ့ နှလုံးသား ပြေမဆည်နိုင်အောင် ကြေကွဲနေတဲ့ လွှာရယ်။

ဖူးဖူးသစ် ဘယ်လိုဖျောင်းဖျရမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အနှံကယ်အတွေးက ဘာလဲပေါ့။ ဘာဆိုင်လဲကွယ်။ သွားမှာ အလှဆင်တာ ဘာဖြစ်လဲ။ အပျိုအရွယ်ဆိုတာ လှချင်ပချင်တယ် မဟုတ်လား။

သွားအလှပြင်မိတာနဲ့ သမီးတစ်ယောက်အပေါ် ဒီလောက်ထိ တုံ့ပြန်စရာမလိုအပ်ဘူးလို့ ဖူးဖူးသစ် ယူဆသည်။

အနှံကယ့်အယူအဆက ဖူးဖူးတို့ လူငယ်တွေရဲ့အယူအဆနဲ့ ဘာကြောင့်ဆန့်ကျင်နေရတာလဲ။

သိချင်စမ်းရဲ့။

✿ ✿ ✿



အခန်း (၁၇)

"တောက်"

စဉ်းစားမိတိုင်း ဦးအာကာဖော် ဒေါသမပြေယ်။

စိတ်သွားတိုင်း ခြေမပါနိုင်တဲ့ ဘယ်ခြေတစ်ဖက်ကို တရွတ်ဆိုက်ဆွဲသလို တုတ်ကောက်နဲ့ အားပြုလျှောက်ရင်း မကျေနပ်နိုင်သေးတဲ့စိတ်က ပြင်းရှလို့နေသည်။

ငွေ။

ငွေဟာ မိခင်ဖြစ်ပြီး ဘာမှမသိတဲ့မိန်းမ။

သမီးပျိုလေး မွေးထားလျက်နဲ့ ဖဟုသုတ ဘာမှမရှိတဲ့ မိန်းမ။ ဟွန်း သမီးကို ဒီလိုလုပ်ခွင့်ပေးရသလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ကွယ်မှာ သမီးကို ဘယ်လောက်တောင် အလိုလိုက် ထားသလဲ။ သိသာနေသည်။

ဒါတင်မက ပတ်ဝန်းကျင်က အထူးသဖြင့် သူစိမ်းယောကျ်ား သားတွေရဲ့အမြင်မှာ သူ့သမီးပျိုလေးကို ဘယ်လိုမြင်ကုန်မလဲ။

မစဉ်းစား မဆင်ခြင်တဲ့ သမီးနဲ့မအေ။

တောက်။

စဉ်းစားလိုက်တိုင်း ဒေါသက ပို၍ပို၍ ထွက်လာသည်။

ကောင်မလေးတွေ သွားမှာ အလှဆင်ကျောက်တပ်တဲ့ ခေ အထာ။ ဦးအာကာဇော်ရင်ထဲ ကျဉ်ရှုရှု ပြန်တွေးမိရင်း။

✿

ဦးအာကာဇော် သိတာ၊ ဂရုစိုက်တာ ကိုယ့်လုပ်ငန်းကိုင်ငန်း

လုပ်ငန်းကိစ္စခရီးထွက်တော့ ငွေ့ကို ထားရစ်ခဲ့သည်။ ထား တာ အကြောင်းမဲ့မဟုတ်ပါ။ သမီးပျိုလေး ရှိနေတယ်မဟုတ်လား။ မ ဆိုတာ သမီးကို ရင်အုပ်မကွာ ထိန်းသိမ်းဖို့ ရှိနေမယ်။

ပြီးတော့ သူတို့လုပ်ငန်းကိစ္စ ထွက်ခဲ့တာက ယောကျ်ားသ ချည်းသာ။ နိုင်ငံခြားကုမ္ပဏီက ပုဂ္ဂိုလ်လေးယောက်၊ ထိုလေးဦးရဲ့တ ခံ မြန်မာလုပ်ငန်းရှင်အဖွဲ့တစ်ဖွဲ့။ ပြီးတော့ သူ။

အားလုံး ယောကျ်ားချည်း ဆယ်ယောက်တိတိ။





လူကြီးလူကောင်းဆန်ကြပေမယ့် ကိုလွမ်းဝေတို့တစ်ဖွဲ့လုံးရဲ့ မျက်လုံးတွေကို သူ သဘောမတွေ့ပါ။

လုပ်ငန်းကိစ္စ ရန်ကုန်မှာ စာချုပ်ချုပ်တော့ ဟိုတယ်မှာမို့ သူ ငွေ့ကို ခေါ်သွားမိသည်။

ငွေ့ကိုယ်ပေါ်မှာ ထိုမျက်လုံးတွေ စားကျက်ကျနေသလိုပင်။ ဒါတင်မက နောက်နေ့မှာ ကိုလွမ်းဝေနဲ့တွေ့တော့ လွမ်းဝေ ဘာပြော တယ်ထင်လဲ။

"ခင်ဗျားဇနီးက သိပ်နုပ်တာပဲ၊ သမီးပျိုရှိတဲ့ မအေလို့ မထင် ရဘူး။ ကွာပါ့ကွာ ကိုယ့်အိမ်က မဟောသီနဲ့"

လို့ပြောကာဟာညီးက နောက်တစ်ခါ ငွေ့ကို ထိုလူစုရှေ့ ခေါ် ထုတ်မသွားဖို့ သူ ဆုံးဖြတ်လိုက်သည်။

ကိုလွမ်းဝေ ဘာရည်ရွယ်ချက်နဲ့ ပြောသည်မသိ။ သူ့စိတ်က ချစ်မျိုချင်။ ငွေ့ကို မျက်စိစားပွဲထိုင်ကြည့်မှာလည်း မလိုလားပေ။

ကိုလွမ်းဝေပြောမှပဲ ကိုလွမ်းဝေဇနီး ဒေါ်မြတ်နိုးခင်နဲ့ငွေ့ကို နှိုင်းယှဉ်ကြည့်မိသည်။ ဟုတ်တာပေါ့။

မမြတ်နိုးခင်လည်း သမီးပျိုတစ်ယောက်ရဲ့မိခင်ပဲ။ ဒါပေမဲ့ ငွေ့လို ကိုယ်နေဟန်ကြော့နေတာမျိုး မဟုတ်ပါ။

ဒါတင်မက အဆီပိုတွေတက်ပြီး ဖက်ပိုးမို့တက်နေတာ။ ဝမ်း ဗိုက်ကြီးဆူကာ လက်မောင်းနဲ့ပေါင်းလုံးကြီးတွေ တုတ်ခဲခဲကြီးဖြစ်လျက်။

ဘယ်လိုပဲ သပ်ရပ်ကြော့ရှင်းအောင် ဝတ်စားထားပါစေ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှုရ မပြေမပြစ်ဖြစ်သည်။ စိုးဦးနဲ့ မောင့်မောင်ထွန်းဖနီးလည်း ဒေါ်မြတ်နို
ခင်နဲ့ ထူးမခြား။

အားလုံးရဲ့ဇနီးတွေထဲမှာ ငွေက ဘယ်လိုကြည့်ကြည့် အဖု
သွေးကြွနေပါသည်။ သူ့ဇနီးမို့ သူ ကြွားပြောတာမဟုတ်ပါ။

သူနဲ့ လက်ထပ်စဉ်ကတည်းက ငွေ့ခန္ဓာကိုယ်အတိုင်းအဆ
ဟာ ခုချိန်ထိ ထိုအတိုင်းအဆအတိုင်းပဲဖြစ်ကာ အသားအရေ စိုပြည်
ဝင်းမွတ်လာတာနဲ့ ပေါင်ချိန် ဆယ်ပေါင်မျှ တိုးလာတာကလွဲရင် ငွေ
ကိုယ်ဟာ အပျိုမလေးအတိုင်းပဲ။

ဗိုက်သားရှပ်ကာ လက်မောင်းနဲ့ပေါင်တံက သွယ်လျဆဲလေ
အရောင်နုနုလွင်လွင်ကို ကိုယ်တိချုပ်ဝတ်ထားလျှင် သူ့ဇနီးက
ပင် သူ ငေးသွားစေသည်။

ဒါပေမဲ့ တခြားသူငေးကြည့်တာကိုတော့ သူ မခံချင်။ ဒါကြော
ငွေ့ကို ထားရစ်ခဲ့သည်။

ကိုလွှမ်းဝေတို့အကြောင်းပြချက်က သူနဲ့မတူ။

''အိမ်က မဟေသီက ဖီးလ်မလာဘူးဟေ့၊ ကိုယ် ဗိုက်ရွဲလ
တာနဲ့ နှာခေါင်းတရှုပ်ရှုပ်နဲ့ကွ၊ ဝပြုံပြုံဖြစ်နေတဲ့ မဟေသီနဲ့ အပေးအယ
မမျှဘူး၊ ဒါကြောင့် ထားခဲ့တာ၊ အခွင့်အရေးလေး ရတုန်း''

ဟု ဆိုသေးသည်။

''ဟုတ်တယ်လေ ခင်ဗျားဖနီးနဲ့ မတူတဲ့ ဆင်ကိုယ်လုံးကြီးတွေ
ကို ပွဲမထုတ်ချင်ဘူး၊ လုပ်ငန်းကိစ္စနဲ့မို့ တစ်ပွေတည်း ထွက်ခွင့်ရတာ





နည်းတဲ့ကုသိုလ်မဟုတ်ဘူး၊ မိန်းမနဲ့ဝေးနေတုန်း ကိုယ့်ခွင်လေးနဲ့ကိုယ်
အိုကေနေမှာလေ၊ ဟား ဟား ဟား''

ကိုစိုးဦးက ကိုလွှမ်းဝေနည်းတူ ဆိုချေသည်။

သူတို့အဆိုအတိုင်းလည်း မြိတ်ကိုရောက်သည်နှင့် တစ်ပတ်
ထင်မကြာ။ အလုပ်ကိစ္စပြီးတာနဲ့ ကောင်မလေးတွေနဲ့ တပူးပူး တတွဲတွဲ
ထုပ်လေသည်။

သူတို့တာသာသူတို့ မနေနိုင်မထိုင်နိုင် ပူးတွဲတာနဲ့ အားရပါးက်
မတူ။ သူ့ကို လာဆွယ်သေးသည်။

''ကိုဇော် ခင်ဗျား ရဟန္တာလိုကျင့်မနေနဲ့၊ အပျင်းပြေလေး
ပေါ့ကွာ၊ ဟား ဟား ဟား၊ ခေါ်မလား''

တဲ့၊ ပေါ်တင်ဆွယ်လေသည်။

သူ အတော်တင်းသွားသည်။ လုပ်ငန်းကိစ္စတွေနဲ့ ပတ်သက်
နေတဲ့သူတွေမို့ သူ သည်းခံလိုက်ရသည်။

နိုင်ငံခြားကုမ္ပဏီက လုပ်ငန်းရှင်နှစ်ယောက်ကလည်း သူ့ကို
ဘာဘာညာညာနဲ့ အင်္ဂလိပ်လို ပြော၏။

ဒီလုပ်ငန်းကြီးကြီးမားမား မဟုတ်ဘူးဆိုရင် ဒီနေရာမှာ ထိုသူ
အားလုံးကို ပွဲကြမ်းဖို့ သူ ဝန်လေးမှာမဟုတ်ဘူး။

ခုတော့ သည်းခံရင်း ဟန်မပျက်နေတာတောင် ကိုလွှမ်းဝေတို့
အပြောမရပ်သေး။

သောက်ရင်းစားရင်း ဆိုင်က ကောင်မလေးတွေနဲ့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ချင်း ချိတ်ဆက်ပြီး အချိန်းအချက်ပြုနေကြသည်။ ကောင်မလေးတွေ
ငယ်ငယ်လှလှလေးတွေရယ်။ ခေတ်အပြင်အဆင်နဲ့မို့ ဆွဲဆောင်မှုရှိသ
ဒီလိုင်နဲ့တွေအကြိုက် ရမ္မက်စိတ်ကြွစေတဲ့ မျက်နှာပေးတွေနဲ့ ညို့က

"ဒီမှာ ကိုဇော် ဒီက ဖျံလေးဖေ့ဝှက ရှယ်ဗျ။ ရှယ်၊ အထ
လေးတွေကိုယ်စီနဲ့"

ကိုလွှမ်းဝေပြောတာကို သူ မျက်နှာမပျက်ဘဲ နားထောင်မိ
သည်။ ဒါကို ကိုလွှမ်းဝေက သူ စိတ်ပါလာပြီအထင်နဲ့ ဆက်ပြောသည်

"ခင်ဗျားကြည့်စမ်း။ အဲဒီဖျံကလေးတွေရဲ့ သွားမှာလေ"

ဟု မေးထိုးပြသည်။ သူက ဘာလဲဆိုပြီး ကြည့်လိုက်တော့
ကောင်မလေးတွေရဲ့သွားတန်းပေါ်မှာ ရောင်စုံလက်လက်ကလေးတွေ
ဝင်းခနဲ လင်းခနဲပေါ်ကာ စကားပြောလိုက်တိုင်း ရယ်လိုက်တိုင်း အရောင်
တွေ ထွက်လျှက်။

သူတောင် ခုမှမြင်ဖူးပြီး အံ့ဩနေသည်။

ကိုလွှမ်းဝေဟ့်က နောကျေနေဟန်တူသည်။ သူ့နားကပ်ရင်း
တိုးတိုးပြောသည်။

"သွားမှာ ပန်းရောင်၊ အဝါရောင်နဲ့ ခရမ်းရောင်တပ်ထားတဲ့
ကောင်မလေးတွေက ဈေးတော်တယ်၊ ဟိုတစ်ယောက်တွေ့လား ဆံပင်
ကောက်ကောက်နဲ့ စိန်ပွင့်ရောင်လက်ထနေတဲ့ ကျောက်ပွင့်ဖြူလေးသွား
မှာ ကပ်ထားတဲ့ ဖျံလေးက ဈေးအမြင့်ဆုံးပဲ၊ အဲဒီဖျံလေးနဲ့တွေ့ရင်
ခင်ဗျားအိမ်ကမယားကို ပစ်ချင်စိတ်ပေါက်သွားမယ်၊ ကြေးပေးရသ





ာ် တန်တယ်၊ တကယ့်ဇိမ်ပဲ၊ ခင်ဗျား တစ်ခါတစ်ခါလောက်
ကြည့်စမ်းပါ ကိုဇော်ရ၊ ကိုယ် ချိတ်ပေးမယ်၊ အိုကေနော်"

"တော်စမ်းပါကွာ"

"ခင်ဗျားကို စေတနာနဲ့ ပြောပြတာ"

"မပြောနဲ့ကွာ"

ဦးအာကာဇော် အံကြိတ်ပြောရင်း လုပ်ဖော်ကိုင်ဖက်ဆိုတာကို
ည်မတွက်ဘဲ ထိုစားပွဲဝိုင်းမှ ထ၏။

ဒါတောင် ကိုလွှမ်းဝေတို့အဖွဲ့ အားမရသေး။

"ကိုဇော် အထာလေးသိပြီဆိုရင် ရွှေရမခက်တော့ဘူးနော်"

"ဟား ဟား ဟား"

ထိုအုပ်စု ပြောရင်းရယ်ရင်းနဲ့ သူ့ကို ဆွယ်တရားဟောတဲ့
ပ်း သူ ပြန်မြင်ယောင်ရင်း နားခါးလာသည်။ ရင်ထဲမှာ အော်ဂလိ
န်ချင်လာသည်။

"ဒီမှာ ခင်ဗျားတို့လို ကျုပ် ဘယ်အထာကိုမှ မလေ့လာဘူး။
လာစရာလည်း မလိုဘူး။ နောက်တစ်ခါ အထာတွေ ဘာတွေအ
ကြောင်း ကျုပ်ရှေ့မှာ စကားလာမဟနဲ့၊ ဟတာနဲ့ လက်သီးပဲကွ"

စားပွဲခုံကို လက်သီးဆုပ်နဲ့ ဖိထိုးရင်း ကျောခိုင်းပစ်ခဲ့သည်။
အထာဆိုတဲ့ စကားလုံးကို မကြားချင်။ အထာပေးတဲ့ အမူအရာတွေကို
မြင်ချင်။ လုပ်ငန်းကိစ္စသာ သူ့အတွက် အရေးကြီးသည်။ လုပ်ငန်းကိစ္စ
ရင် သမီးနဲ့ဇနီးဆီ ပြန်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သူစိတ်ဝင်စားတာ ဒါပဲဖြစ်သည်။

ခုတော့ကွာ –

သမီး ဒီလိုလုပ်ထားတာမြင်ရင် အထာနဲ့ပါလားလို့ ဟိုကောင့်တွေ သဘောပေါက်ပြီး သမီးဆီကို ခြေဦးလှည့်မလာဘူးလို့ ပြောနိုင်မတဲ့လား။ ဒီကောင်တွေ ဘယ်လောက်ဖရိုလဲဆိုတာ သူအသိ။

ထွီး။

စဉ်းစားမိရင်း ရွံလာသည်။ ဘာအထာဖြစ်လို့ဖြစ်နေမှန်းမသိတဲ့ မယားကို ဒေါသဖြစ်လို့ မဆုံးဘူး။

ဒီလိုလုပ်ထားတဲ့ သမီးကိုလည်း မေးမေးပြီး ရိုက်ချင်သည်။ မရိုက်ချင်လို့ မျက်စိရှေ့က မောင်းထုတ်လိုက်သည်။

ဖြစ်နိုင်ရင် သမီးရဲ့သွားတက်ကလေးကို ပလာယာနဲ့ နုတ်ပစ်ချင်၏။

''သမီး အဲဒီသွားကို ဒယ်ဒီ မမြင်ချင်ဘူး''

လို့ သမီးပြေးထွက်သွားစဉ်က သူ အသံကုန်အော်ဟစ်လိုက်တယ် မဟုတ်လား။

''မမြင်ချင်ဘူးကွာ၊ မမြင်ချင်ဘူး၊ ဖမ မမတူမ,သွားပေါ်က စိန်ပွင့်ကို ကလော်ပစ်လိုက်စမ်းပါ၊ အဲဒီပုံစံနဲ့ သမီးကို မြင်နေရရင် ကျွန်တော် ရိုက်မိလိမ့်မယ်၊ သွား၊ သမီးကိုခေါ်ပြီး ခုချက်ချင်း အဲဒီစိန်ထိုးတဲ့ဆီ သွားထုတ်၊ ထုတ်လို့မရရင် သွားပါ နုတ်ပစ်လိုက်၊ ငွေ မင်းဟာလေး ယူသွားတောက်''





ဒေါသမီးလောင်နေတဲ့ မောင်ဖြစ်သူကိုကြည့်ရင်း ဒေါ်မမကြီး ဘာပြောလို့ ပြောရမှန်းမသိတော့ပါ။

ဖနီးသည်ကို ရိုက်ပုံထားရုံနဲ့ ဒေါသက မပြေနိုင်။

အရိုက်ခံရလို့ ရှောင်ကိုင်းနေတဲ့ ဖနီးမျက်နှာကိုလည်း မငဲ့။

ကြားထဲက ဒေါ်မမကြီး ခေါင်းကိုက်ရတဲ့အဖြစ်ရယ်။ သေတာ သေလိုက်ချင်ရဲ့ကွယ်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၈)

"ဟင်"

ဒေါ်မမကြီး ရင်ထိတ်ကာ မျက်လုံးပြူးသွားလေသည်။

"လွှာလေး ပြန်ပြီ၊ ဟုတ်လား"

ဟု မယုံနိုင်စွာ မေး၏။ ဖူးဖူးသင် ခေါင်းညိတ်လျက် –

"ကြာပြီ ကြီးကြီးရဲ့၊ ဖူးဖူး တားလို့လည်း မရဘူး၊ လွှာက ကြောက်လည်းကြောက်နေတာ၊ ချော့လို့လည်း မရဘူး။ ပြန်မယ်ဆိုပြီး ဖွတ်ထွက်သွားတာ၊ အခု အိမ်မရောက်ဘူးပေါ့၊ ဟုတ်လား"

"ဟုတ်တယ် ဖူးရယ်၊ ဒါ ဘယ်လိုလုပ်ကြမလဲ"

"နေဦး၊ သရဖီဆီ ရောက်နေလား"





"အေး၊ သရဖီဆီ ကြီးကြီး လိုက်သွားဦးမယ်"

ဒေါ်မမကြီး ပြောတဲ့အတိုင်း အချိန်မဆိုင်းတော့ပါ။ ဖူးဖူးသင် ထင်ပါတည်းခေါ်ကာ ဗဟန်းမှာနေတဲ့ သရဖီဆီ လိုက်၏။ သရဖီမိုးက အမေနဲ့အတူ ပဲခူးဆင်းသွားသတဲ့။ သရဖီမိုးမာစီပြောလျှင် ဒေါ်မမကြီး မျှမဆည်နိုင်တော့ပါ။

အဲဒါမှ ဒုက္ခပဲ။

ဒါ ဘယ်လိုလုပ်ကြမလဲ။

ဒေါ်မမကြီး ခေါင်းမီးတောက်လာသည်။ ဖူးဖူးလည်း စိုးရိမ်စိတ် ကြောက်နှာလေး မကြည်လင်နိုင်တော့ပါ။

"သရဖီ့ဆီလည်း မရောက်ဘူးဆိုရင် အင်း မဟုတ်မှလွဲရော လင်းဆေးခန်းဆီ သွားတာပဲဖြစ်မယ်၊ ကြီးကြီးရယ် လာ၊ လင်းဆီ လိုက်သွားကြည့်မယ်"

"အေး လိုက်သွားရမှာပေါ့"

ဒေါ်မမကြီးလည်း အားတက်သရောဖြစ်ကာ လင်းဆေးခန်း လိုက်လေ၏။ ဆေးခန်းရောက်တော့ စာရေးမအစ်မကြီး ပြောသည်။

"ရွှေရုပ်လွှာ ရောက်မလာဘူး"

တဲ့။

"ဟင် လွှာ မရောက်လာဘူး၊ ဟုတ်လား"

ဖူးဖူးသင်က အစအဆုံး မေးလေသည်။ အစ်မကြီးက မျက်နှာ ကြည်လင်စွာဘဲ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာလည်း မနက်ကတည်းက ရောက်မလာဘူး။ ဖုန်း… ဆက်ကြည့်တော့လည်း မရဘူး။ ဒေါက်တာ ဖုန်းပိတ်ထားတယ်။ အစ်… လည်း ရောက်လာတဲ့လူနာတွေကို စောင့်ခိုင်းရတာ အားနာလာပြီ ဘယ်… လိုမှန်းလည်း အစ်မ မသိဘူး။ တစ်ခါမှတော့ ဒေါက်တာ ဒီလိုမဖြစ်… ဘူး"

တဲ့။ ထိုအစ်မကြီး စိတ်ညစ်ညစ်နဲ့ဆိုသည်။ ဖူးဖူးသစ် တကယ်… ရင်လေးသွား၏။ ကြီးကြီးမျက်နှာမှာ သွေးမရှိဖြစ်ကာ –

"တူမလေးတော့ ဒုက္ခပါပဲ ဖူးဖူးရယ်၊ ကြောက်စိတ်နဲ့ ဘယ်… ပြေးမှန်းနေလဲ မသိဘူး။ သူ့အန်တီဖြိုးဆီပဲ သွားမှန်းနေလား"

လွှာ့ရဲ့အန်တီဖြိုးဆိုတာ ဒေါ်ငွေပဝါရဲ့အစ်မ ဒေါ်ဖြိုးပဝါ… အန်တီဖြိုးတို့က ပိတောက်ရိပ်မြို့မှာ နေတာလေ။

ဒေါ်မမကြီးထင်တဲ့အတိုင်း ပိတောက်ရိပ်မြို့ကို ပြေးကြည့်… ပြန်သည်။ ကြည့်သော်လည်း အမောမပြေ။

"သမီးလေး မလာတာကြာပြီ မမရဲ့၊ ဖြိုးဆီ လာမယ်ပြော… လား"

ဟု ဒေါ်ဖြိုးပဝါ တအံ့တဩမေးသည်။

"ဟို အဲလေ လာများလာသလားလို့၊ အဟွင်း"

ဒေါ်မမကြီး ကျမ်းမြွေထိမ်းရင်း ဆိုသည်။ ဒေါ်ဖြိုးပဝါ သိပ်နား… ရှင်းပါ။

"နေပါဦး၊ သမီးလေးက ဘာဖြစ်လို့လဲ မမရယ်"





"ဟို ဘာ ဘာမှမဖြစ်ပါဘူး၊ ဒါပဲနော်၊ မမ သွားဦးမယ်"

ဒေါ်မမကြီး ကမန်းကတန်းစကားဖြတ်တောက်ပြီး ဒေါ်ဖြိုးပဝါ…ကို ကျောခိုင်းခဲ့လေသည်။

အခုဖြစ်တဲ့ ပြဿနာ ပြောပြဖို့မလွယ်ပါ။

ကိုယ့်မောင်ဒေါသကြောင့် ဖြစ်ရတာမို့ တတ်နိုင်သမျှ ဖုံးဖုံးဖိဖိ …နေမှ။ မဟုတ်ရင် ဖြိုးက လွှာ့ကို နှင်ရသလား၊ ငွေ့ကို ရိုက်ရသလား …ပြီး တစ်စခန်းထလာရင် ပြဿနာပိုကြီးသွားမယ် မဟုတ်လား။

ဒါကြောင့် ဒေါ်မမကြီး မပြောခြင်းပါ။

အရေးကြီးတာ သမီးလေးကို တွေ့ရဖို့ပဲ။ တွေ့ချင်လို့ လိုက်ရှာတော့လည်း ဘယ်သူ့ဆီမှာမှ သမီးကို မမြင်ရပေ။

သမီး ဘယ်ရောက်နေပြီလဲ။

ဒေါ်မမကြီး ဒါပဲ သိချင်သလို ရင်ထဲ ပူပန်လောင်မြိုက်နေလေသည်။

သမီးလေး လွှာ။

တူမလေး ဘယ်ဆီမှာလဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"လင်း"

ရှိုက်သံနဲ့အတူ ဖိခေါ်လိုက်တဲ့ ငိုသံ။ ကြားလိုက်သည်နှ
အလင်းသွေး လှည့်ကြည့်လေသည်။

"ဟင်"

ကားပေါ်ကနေ လင်းဆီ မပြေးရုံတမယ် ဆင်းလာတဲ့ ရွှေရ
လှသာဆိုတဲ့ မိန်းကလေး။

ညအိပ်ဂါဝန်ဖြူဖြူလေးက ဖားဖားလေးလွင့်ကာ ပတ်ဝန်းကျင်
ကိုလည်း သတိမထားနိုင်ဘဲ ငိုနေတဲ့အဖြစ်ရယ်။

"လင်း တစ်ခုကူညီပါနော်၊ ဟင့် ဟင့်"





ပြောရင်း ရှိုက်ငိုလေသည်။ လင်းမှာ ရုတ်တရက် ကြောင်
တောင်လေးဖြစ်လို့သွားသည်။

"ဘာ ဘာလဲ လှသာ၊ ဘာကူညီရမလဲ"

အံ့ဩစိတ်နဲ့မေးရင်း လှသာ့ကိုလည်း အကဲခတ်ကြည့်မိသည်။
ဆုံစံလေးက ကြောက်စိတ်တို့နှင့် တုန်ယင်လျက်။

"လှသာ့သွားမှာတပ်ထားတဲ့ စိန်ပွင့်လေး ပြန်ဖြုတ်ပေးပါနော်"

"ဟင် ဘာဖြစ်လို့"

"ဖြုတ်လို့မရတော့ဘူးလားဟင်"

"ရ ရပါတယ်၊ ဘာဖြစ်လို့လဲ၊ လှနေတာပဲ"

"ဟင့်အင်း လှသာ့ကို ဖြုတ်ပေးပါနော်၊ လှသာ တောင်းပန်ပါတယ်၊
ဖြုတ်ပေးနော်"

ဖွတ်အတင်းပြောနေသည်က ကလေးတစ်ယောက်နှယ်။ လင်း၊
လက်ကိုလည်း အားကိုးတကြီးဆုပ်ကိုင်ရင်း –

"မဖြုတ်လို့မဖြစ်ဘူး၊ လင်းရဲ့၊ ဟင့် ဟင့် ဖြုတ်ပေးနော်၊
လှသာ ကြောက်တယ်၊ ဟင့် ဟင့် ဟင့်"

လင်းမသိမသာ သက်မ,ချကာ ခေါင်းညိတ်လိုက်ရသည်။

"ဖြုတ်ပေးပါ့မယ်"

"လာ၊ အဲဒါဆို လှသာ့ကားနဲ့ တစ်ခါတည်း သွားရအောင်နော်"

အလင်းသွေး ခေါင်းညိတ်ရလေသည်။ စိန်ပွင့်တပ်ချင်တုန်းက
လည်း လှသာပဲ ထိပ်ဆုံးက။ ဖြုတ်ချင်တော့လည်း စက္ကန့်ပင် မဆိုင်းချင်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လွှာ ဦးဆောင်ပြီး ကားပေါ်တက်၏။ အလင်းသွေး လည်း မငြင်းသာတော့ပါ။

ဦးလေးတစ်ယောက်ရဲ့တိုက်ခန်းကအပြန် ဆေးတိုက်သွားဖို့ တက္ကစီစောင့်နေစဉ် လွှာနဲ့ ကြုံခြင်းပါ။

လွှာက လွှာ့ကားနဲ့သွားဖို့ဆိုတော့လည်း လွှာ ကျေနပ်ပါစေပေါ့ လွှာ့ကားပေါ် တက်ခဲ့လေသည်။

လွှာ့ခမျာ ကားမောင်းနေရင်းနဲ့ ရှိုက်နေဆဲ။

ဘေးတိုက်မြင်နေတဲ့ လွှာ့မျက်နှာလေးကိုကြည့်ရင်း လင်း ရင်ထဲမှာ စာနာသနားရှာသည်။ ငိုဖန်များသောကြောင့် မျက်လုံးလေး များ အစ်ထွက်မတတ်ဖြစ်ကာ နီရဲလို့လည်း နေပါသည်။

မျက်ရည်စီးကျတာကို ဘယ်လောက်တောင် ပွတ်သုတ်ထား သည်မသိပါ။ ပါးပြင်နှစ်ဖက်လုံး ပိုးစနီနီလေးလို ရဲစိုလျက်။

လွှာ့ကိုငေးကြည့်နေရင်း လင်းသွေးမျက်ဝန်းက တိတ်တိုး ရင်ခုန်ခဲ့ရတဲ့အဖြစ်ကို ပြန်လည်ခံစားမိကာ။

✿

လွှာ့ကို ပထမဦးဆုံးတွေ့ဖူးတာ လင်းရဲ့ဆေးခန်းကို သူငယ်ချင်း နှစ်ယောက်နဲ့အတူ လာစဉ်က မဟုတ်ပါ။

အဲဒီထက်အရင် ခေတ်သစ်ဆိုတဲ့ ကောင်လေးနဲ့ တွဲလျက်





သည်။ အဲဒီတုန်းက လွှာက ခေတ်သစ်ကို စိတ်ဆိုးနေဟန်တူ၏။

"ခေတ်နော် လွှာ မယူဘူး။ ခေတ်ဟာခေတ် ပြန်ယူသွား"

ဟုဆိုပြီး ကတ္တီပါဘူးကို ထိုးပေးသည်။ ခေတ်သစ်မယူဘဲ –

"လွှာ့အတွက် ဝယ်လာတာလေ"

"လွှာ မယူဘူးလို့ အစကတည်းက ပြောထားရဲ့နဲ့"

"ဟာ မယူလို့ မရဘူး။ လွှာ့အတွက် အမှတ်တရဆိုပြီး စင်ကာ ပူမှာနေ တကူးတက ဝယ်လာတာ၊ လွှာမယူရင် ခေတ် ဘာလုပ်ရမှာ လဲ"

"လွှင့်ပစ်လိုက်"

"ဘာ"

ခေတ်သစ်ရဲ့အသံက မယုံနိုင်အောင် ကျယ်ထွက်သွားသည်။ လူအများ လွတ်လပ်စွာအပန်းဖြေနေတဲ့ ဥယျာဉ်ထဲမှာဆိုတာလည်း နှစ် ယောက်သား သတိထားမိဟန်မတူ။

ပန်းခြံတစ်ခုလုံးမှာ နှစ်ယောက်တည်း ရှိနေကြတဲ့အတိုင်း ထင် မိုင်းကြနေကြ၏။

လွှာက ခပ်တည်တည်လေးနဲ့ –

"ဟုတ်တယ်လေ၊ လွှင့်ပစ်လိုက်"

"မပစ်ရက်ပါဘူး လွှာရယ်၊ ယူလိုက်ပါ"

"မယူဘူး၊ ခေတ် မပစ်ရက်ရင် လွှာပစ်ပေးမယ်၊ ဟုတ်ပြီ လား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လှှာက ပြောဆိုဆိုရင်း လက်ထဲရောက်နေသော ဖဲကြိုးစည်းထားသည့် လေးထောင့်ဆန်ဆန် ကတ္တီပါဘူးလှလှလေးကို တကယ့် လှှင့်ပစ်၏။

"ဟင်"

ခေတ်သစ် မယုံနိုင်အောင်ဖြစ်ကာ မျက်လုံးပြူးခနဲဖြစ်သွားသည်။ မြက်ခင်းပေါ် လွှင့်ကျသွားတဲ့ ကတ္တီပါဘူးကိုတစ်လှည့် လှှာ တစ်လှည့်ကြည့်ရင်း မျက်နှာလေးပျက်၏။

လှှာက မမှုတဲ့မျက်နှာလေးနဲ့။

လုပ်ချင်ရာလုပ်လိုက်ပြီမို့ ကျေနပ်သွားတဲ့မျက်နှာလေး ခါလျက် သူငယ်ချင်းနှစ်ယောက် ထိုင်စောင့်နေတဲ့ စားသောက်ဆိုင် လှစ်ခနဲ ပြေးသွားလေသည်။

ခေတ်သစ်ရင်မှာ တင်းရှကာ ကတ္တီပါဘူးကို လာကောက် ထိုဘူးက လင်းတို့သူငယ်ချင်းတစ်စု မြက်ခင်းပြင်မှာ ဝိုင်းဖွဲ့ပြီး ပျော် စား စားနေကြတဲ့အနားမှာ။

ပိုပြီးအနားကပ်နေသည်က လင်း လက်လှမ်းမီရုံလေးတင်

ကတ္တီပါဘူးထဲမှာ တန်ဖိုးကြီး လက်ဝတ်လက်စားပဲ ဖြစ်ရမယ် တန်ဖိုးကြီးတာတောင် လွှင့်ပစ်တယ်ဆိုတော့ လှှာက တော်ရုံတန်ရုံထဲ မဖြစ်နိုင်ဘူး။

ပုံစံလေးကြည့်တာနဲ့ ထိတ်ထိတ်ကြအစားထဲကမှန်း သိသ သည်။





ကတ္တီပါဘူး လာပြန်ကောက်တဲ့ ခေတ်သစ်ထက် ဦးစွာ လင်း ကောက်ပြီး ကမ်းပေးလိုက်၏။

Thank You ဗျာလို့ ခေတ်သစ် လူ့မှုရေးအရဆိုပြီး ထွက်သွား လေသည်။

ထိုအဖြစ်အပျက်ကို တိတ်ဆိတ်စွာကြည့်နေတဲ့ သူငယ်ချင်း တစ်စုက –

"ကောင်မလေးက အစွာလေးပဲကွ"

"ဟုတ်တယ်၊ စွာတဲ့ပုံစံလေးက ရင်ခုန်ချင်စရာဆိုလည်း ဟုတ် တယ်"

ရည်းစားများတဲ့ ကောင်းကင်က အစွာလေးလို့ပြောတဲ့ သန့် ခင်မင်းစကားကို ထောက်ခံလေသည်။

"လင်း မင်းကရော"

ရောင်နီဦး ပခုံးချင်းတိုက်ပြီး မေးလျှင် –

"တကယ်ရင်ခုန်တယ်ကွ"

လို့ ရယ်မောရင်းပြောလျှင် သူငယ်ချင်းတစ်စု လက်ခုပ်လက်ဝါး တီးပြီး ဝိုင်းရယ်ကြ၏။ လင်းလည်း မှင်မပျက်လိုက်ရယ်လျှင် –

"လင်း တကယ်ရင်မခုန်နဲ့လေ၊ နံပါတ်ရှိနေတာ မြင်ရဲ့သား နဲ့"

မူမူခင်လည်း ဝင်ပြောသည်။ သန္တာလှိုင်က လင်းကို မဲ့မဲ့လေး ရည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ ကောင်မလေးမှာ ဟိုကောင်လေးရှိနေတာ မြင်ရ
ရင်ခုန်စရာလား"

ဟု သဘောမတွေ့သလို ဝေဖန်သည်။ လင်းက ဘာကိုမှ မ
ပါ။

"ရှိရှိပေါ့ကွ၊ ရင်ခုန်တာက သူ့အလိုလိုဖြစ်လာတာ၊ တား
ရတဲ့ ဖီလင်မဟုတ်ဘူး၊ ရင်ခုန်တယ် ဘာဖြစ်လဲ"

"ဟာ ဒီကောင် တကယ်ကွ"

ဟုဆိုပြီး အံ့သြစွာ လင်းကို ဝိုင်းကြည့်လေသည်။

"ကိုယ်က ရင်ခုင်ချင်လို့ လိုက်ရှာတာ မဟုတ်ဘူး၊ သူ့အလို
ဖြစ်ပြီး ရင်က ခုန်သွားတာ"

လင်း လေးလေးနက်နက်ပြောလိုက်၏။ ထိုအခါ သူငယ်ချ
အားလုံး တွေခနဲ စဉ်းစားပြီးမှ –

"ဟုတ်တယ်"

လို့ ပြိုင်တူလက်ခံကြလေသည်။

ဒါပေမဲ့ လွှာ့ကို လင်း နောက်ထပ်ဆုံတွေ့လိမ့်မယ်လို့ လုံး
ထင်မထားတာ အမှန်။

အဲဒီနောက်မှာ လွှာ့ကို လွှာ့သူငယ်ချင်းတွေနဲ့ ဟိုနား ဒီနာ
လှစ်ခနဲ တွေ့ရတာတွေ ရှိသည်။ ထိပ်တိုက်တော့ မဆုံပါ။

လှစ်ခနဲမြင်တိုင်း လင်း ငေးကြည့်တာတော့ ဝန်ခံပါသည်

သူငယ်ချင်းတွေပြောသလို ခေတ်သစ်နဲ့ လွှာက တကယ့်ရုံ





တော်စင်လား။ အဲဒါတော့ သေချာသိအောင် စူးစမ်းချင်တဲ့စိတ်ကလေးတော့
ဖြစ်ပေါ်လာတတ်သည်။

သို့သော် လင်းမှာ အဲသလောက် အချိန်မရပါ။

ဆေးရုံတစ်ဖက်၊ ဆေးခန်းတစ်ဖက်နဲ့မို့ ကျောင်းသားအရွယ်
တွေလို စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါ။

ဒီလိုနဲ့ နေလာခဲ့တာ ဘာမှမကြာ လင်းဆေးခန်းကိုရောက်
လာတဲ့ လွှာရယ်။

လင်း ရင်တဒိုင်းဒိုင်းခုန်လို့ သွားသည်။

ရင်ဘယ်လောက်ခုန်ခုန် လင်းက ပိပိရိရိ ဟန်ဆောင်တတ်သူ
ရယ်ပါ။

ဒါကြောင့် လွှာတို့ မရိပ်မိခြင်း။

သွားအလှဆင်ကျောက်တစ်တာနဲ့ ပတ်သက်ပြီး လွှာနဲ့ ရင်းနှီး
လို့သွားသည်။

အဲဒီနောက်ပိုင်း လွှာနဲ့ အန်ကယ်ကြီးဆေးတိုက်မှာ ပြန်ဆုံ
သည်။ လွှာ့ကြီးကြီးက အန်ကယ်ကြီးရဲ့လူနာ။

ဒီလိုနဲ့ ပိုရင်းနှီးသွားတဲ့အဖြစ်။

ရင်းနှီးသွားခါမှ လွှာ့စိတ်နေသဘောထားကို လင်း နှစ်သက်
မြတ်နိုးလာသည်။

လွှာက လွတ်လပ်ပေါ့ပါးစွာ နေတတ်တာကလွဲပြီး ပေါ့ပေါ့
ရမ်းရမ်းမရှိလှပေ။ ဝတ်စားဆင်ယင်မှုကအစ ခေတ်မီပေမယ့် လော်လီ



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မဆင်ယင်တတ်တာကို လင်း သဘောကျ၏။

ကျောင်းစာကလွဲပြီး ရည်းစားဘာညာထားဖို့ စိတ်မဝင်စားသလို သူငယ်ချင်းတွေနဲ့သာ သွားဟယ် လာဟယ်နှင့် ပျော်ရွှင်နေတတ်သည်က ကလေးဆန်ကာ ချစ်စဖွယ်ကောင်းနေသည်။

လင်းနဲ့လည်း အကြိုက်ချင်းတူသည်။

လင်းလိုပဲ ဟမ်ဘာဂါကြိုက်၏။ လင်းလိုပဲ ဘယ်တော့မှ ဓားနဲ့ဖြတ်ပြီး ဇွန်းခက်ရင်းနဲ့ မစားပေ။ လက်နဲ့ကိုင်ပြီး အားပါးတရ စားတတ်တာက ပိုတူသည်။

မှတ်မိသေး၏။

တစ်နေ့ လင်းနဲ့လွှာ ဟမ်ဘာဂါစားပြိုင်ပွဲ လုပ်တယ်လေ။

ဖူးဖူးသစ်မွေးနေ့အထိမ်းအမှတ်နဲ့ပါ။

သူ့ထက်ငါ အပြိုင် ကိုက်စားကြတာက မြန်လည်းမြန်တာမို့ ဟမ်ဘာဂါထဲက ဒိန်ခဲ၊ အသားလွှာ၊ ဆလတ်ရွက် စသည့်အစာတွေ ဟိုတစ်စ ဒီတစ်စပဲ့ကျ၊ လွှင့်ကျနဲ့ အဝတ်အစားနဲ့လက်တွေ ပေရေတာလည်း မမှုတော့ပါ။

အပြိုင်စားကြ၏။

နောက်ဆုံးတော့ ဘယ်သူမှမနိုင်။

တစ်ယောက်ကို ဟမ်ဘာဂါငါးလုံးတိတိ စားပြီးသွားတော့ ဘယ်သူမှ နောက်တစ်လုံး ဆက်မစားနိုင်တော့ပါ။

ဖူးဖူးသစ်က လက်ခုပ်လက်ဝါးတီးပြီး ရယ်၏။





သရဖီမိုးလည်းဗိုက်နှိပ်ရယ်ခြင်းဖြင့် ဖူးဖူးသစ်မွေးနေ့ပွဲအထိမ်း…မှတ် ဟမ်ဘာဂါစားပြိုင်ပွဲ ပျော်ရွှင်စရာအတိ၊ ရယ်မောစရာနဲ့ အဆုံး…တ်ခဲ့သည် မဟုတ်လား။

အခုတော့ ဆန့်ကျင်ဘက်ဖြစ်ကာ။

✿ ✿ ✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ကျွီ"

ဘရိတ်အုပ်ရပ်လိုက်တဲ့ ကားသံကြောင့် လင်း အသိဝင်လာ

သည်။ ကားရပ်တယ်ဆိုတော့ ဆေးတိုက်ရှေ့ရောက်ပြီဟု ထင်ကာ။

မဟုတ်ပါ။

ကားရှေ့ပိတ်ရပ်တဲ့ လူရွယ်ကြောင့် လှာ ကားဘရိတ်ဆွဲ ရပ်

လိုက်ခြင်း။ လင်းကြည့်လိုက်တော့ ခေတ်သစ် ဖြစ်နေသည်။

ခေတ်သစ်အသားအရေက ယောက်ျားလေးတန်မဲ့ ဖြူလဲ့ကာ

လှလွန်းသည်။ လမ်းလျှောက်ဟန်ကလည်း ဆွဲအားပါသည်။

ကားရှေ့ကနေ ဟန်ပါပါလျှောက်ပြီး ကားဘေးဆီ လာ





အားမောင်းသူ လှာ့နား လာရပ်ကာ ငုံ့ကြည့်လျက်မေး၏။

"လှာ ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ်"

"ဟား ဟား ဟား ဘယ်ဖြစ်ဖြစ်တဲ့လား"

ခေတ်က ခနဲ့သလို ရယ်မောရင်း လှာ့ကို စိုက်ကြည့်၏။ လှာ

မှာ ငိုထားရလွန်းလို့ မောနေရာမှ ဒေါသလည်း ထွက်ချင်လာပြီ။

"ဒီမှာ ဘာရယ်နေတာလဲ၊ နင့်လမ်း နင်သွား။ လှာ သွားစရာ

ရှိတယ်၊ လုပ်စရာလည်း ရှိတယ်၊ နင် မရစ်နဲ့"

"ရစ်နေတာ မဟုတ်ဘူး၊ နင် ဘယ်သွားပြီး ဘာသွားလုပ်ဖို့

လဲ"

ကားဘော်ဒီမှာ လက်နှစ်ဖက်ထောက်ရင်း မေးသလို ခေတ်

မျက်လုံးက လင်းဆီ ဝေ့ခနဲ ရောက်၏။

"သူက ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်"

"လှာ"

ခေတ်သစ်အသံ ဟိန်းထွက်သွား၏။

ပိုင်စိုးပိုင်နင်း လာလုပ်နေတဲ့ ခေတ်ကို လှာ အမြင်မကြည့်နိုင်

တော့ပါ။ လှာ့ကိစ္စ အရေးကြီးသလို လင်းကိုလည်း အားနာလှသည်။

လင်းက ပြေလည်ရာ ပြေလည်ကြောင်းဖြစ်စေချင်တာမို့ –

"ကျွန်တော်က"



www.burmeseclassic.com

www.burmeseclassic.com



လို့ စကားပြောလျှင် –

''လင်း မပြောနဲ့၊ လွှာ့ဘာသာ ပြောမယ်''

လင်းကို လွှာ ပြောခွင့်မပေးပါ။ လွှာပဲ ပြောမည်။ ကားကို စက်ပြန်နှိုးသည်။ တစ်ဆက်တည်းလည်း ခေတ်ကို မော့မကြည့်ဘဲ ပြောသည်။

''ခေတ် လွှာနဲ့ နောက်တော့တွေ့ကြမယ်၊ အခုတော့ ခွင့်ပြုဦး ဒါပဲ''

ပြောပြီး ကားကို လျှောခနဲ မောင်းထွက်သွားလေသည်။

ခေတ်သစ် အတော်ခံပြင်းသွား၏။

''တောက်''

လက်သီးနဲ့လက်ဝါးကို ဖိထိုးလျက် ခံပြင်းစိတ်နဲ့ ဖရိုဖရဲ ကျန်ခဲ့တဲ့အဖြစ်။

ဒီကိစ္စကို ခေတ် လုံးဝမကျေနပ်နိုင်ပါ။

သူစိမ်းယောကျ်ားတစ်ယောက်ကို ကားပေါ်တင်ပြီး သွားစရာရှိတယ်၊ လုပ်စရာရှိတယ်ဆိုပြီး ပြောတာကို လက်မခံနိုင်ဆုံးပဲ။

ဘယ်သွားပြီး ဘာလုပ်မှာလဲ။

သိချင်သလို ဒေါသလည်း ပေါက်ကွဲထွက်လာသည်။ ဒါကြောင့် အချိန်းမဆိုင်းတော့ပါ။

ပလက်ဖောင်းနဲ့ ကပ်ရပ်ထားတဲ့ ကားပေါ် ခေတ် လွှားခနဲ တက်လေခဲ့သည်။ ထို့နောက် လွှာ့ကားသွားရာနောက် မျက်ခြည်မပြတ်





ရိုက်လေသည်။

ခေတ်လိုက်လာတာမြင်တော့ လွှာကလည်း လျှင်သည်။ ခေတ်ကို မျက်ခြည်ပြတ်ဖို့ ကြိုးစား၏။ တစ်လမ်းဝင်၊ တစ်လမ်းချိုးနဲ့။

လွှာ့ကားနောက် ယက်ကြပ်မကွာလိုက်ခဲ့သည်။ ခေတ် မျက်ခြည်အပြတ်မခံနိုင်ပါ။ အမီလိုက်သော်လည်း မီးပွိုင့်တစ်ခုနဲ့ဆုံလျှင် လွှာ့ကားက လက်မတင်လေးလွတ်ကာ ခေတ်ကား မီးပွိုင့်မိလေသည်။

တောက်။

ခေတ် ဘယ်လိုမှ တင်းမခံနိုင်တော့ပါ။

နေနှင့်ဦးပေါ့။ အန်ကယ့်ဆီ ဖုန်းဆက်ဆိုင်ဦးမှလို့ တေးကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကျပ်ပုထုပ်လေးကိုင်ပြီး ပါးပြင်နဲ့ နဖူးချိစောင်းကို ငွေကိုယ်တို
ကျပ်ထုပ်ထိုးနေရင်း ဝမ်းနည်းမျက်ရည်က တလိမ့်လိမ့်ကျလို့လာသည်

ကြင်နာမယ်၊ နွေးနွေးထွေးထွေး ဆက်ဆံမယ်ဆိုတဲ့ ခံစားချ
မျိုး မောင့်ဆီမှာ ဘာလို့ရှိမနေရတာလဲကွယ်။

ခံရဖန်များတာက ငွေ ဘဝနဲ့ရိုးနေပါပြီ။

ဒီတစ်ခါ လက်ပါလာပြီး မောင့်တုံ့ပြန်တာ အပြင်းဆုံးပါပဲ

မယားကိုရိုက်နှက်ပြီးတော့ ချော့မယ်,ဘာမယ်လည်း စိတ်မကူ
ပေ။ ငွေ့မှာသာ တစ်ယောက်တည်း ဝမ်းနည်းလွန်းလို့ ကျိတ်ငိုရတဲ့
အဖြစ်။





မျက်နှာကြီးက ပိုရောင်လာသည်မို့ ရေနွေးပူနဲ့ ကျပ်ပူထိုးရင်း
ရောင်ကိုင်းနေတဲ့ မျက်နှာပြင်အရောင်လျော့အောင် ငွေကိုယ်တိုင်ပဲ
ပြုရလသည်။

တွေးရင်း ဝမ်းနည်းတော့လည်း မျက်ရည်ကျရုံပေါ့။ ဘာတတ်
နိုင်မလဲ။

သမီးကိုတော့ သနားပါသည်။ မအေကို ဖအေရိုက်ပုတ်တာ
တပ်အပ်မြင်သွားတော့ ကြောက်လန့်ရှာတယ်လေ။ ဖအေ့ဒေါသကိုမြင်ပြီး
အေအပေါ် နာကြည်းသွားရင်ရောလို့ ငွေ တွေးမိပါသေးသည်။

"ငွေရေ ငွေ"

ငွေ့ကို အလောတကြီးခေါ်တဲ့ မမကြီးအသံ။

ဒေါ်ငွေပဝါ နဖူးစောင်းမှာ ကျပ်ပူထိုးနေရာမှ လက်ရုပ်ပြီး–

"ငွေရှိပါတယ် မမ"

လို့ ပြောတဲ့။ ငွေ့အသံမဆုံးခင် မမ အခန်းထဲပြေးဝင်လာ
သည်။ မမပုံစံက ပုံမှန်နဲ့မတူ။ သွေးပူစိုးရိမ်စိတ်တွေနဲ့ ဆူဝေကာ –

"ပြောလေ မမ"

"ပြောမယ်၊ ပြောရမယ်၊ သမီးလေး ထွက်သွားတာလေ ခု
ဘယ်မှာမှ ရှာမတွေ့ဘူး ငွေရဲ့"

"ဟင်"

ဒေါ်ငွေပဝါ လက်ထဲက ကျပ်ပူထုပ်လေး လွတ်ကျမတတ်ဖြစ်
လို့သွားသည်။ မှန်ရှေ့က ကမန်းကတန်းထကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား မမရယ်"

"အိုး မမ စိုးရိမ်လို့ လိုက်ရှာတာ၊ မယုံရင် ဖူးဖူးကိုမေး"

မမကြီးနောက်က ဖူးဖူးသစ်လည်း ပါလာသည် မဟုတ်လား။ ဖူးဖူးသစ်လည်း ရှေ့တိုးလာရင်း ပြော၏။

"ဟုတ်တယ် အန်တီ၊ လှာ သွားတတ်မယ်ထင်တဲ့နေရာတွေ ကြီးကြီးနဲ့အတူ ဖူးလည်း လိုက်ကြည့်တယ် မတွေ့ခဲ့ဘူး၊ ကြောက်စိတ်နဲ့ ဘယ်သွားနေလဲမသိဘူး အန်တီ"

"ဟင်"

ဒေါ်ငွေပဝါ ခုမှပဲ တကယ်စိုးရိမ်ကာ လက်ထဲက ကျပ်ပူထုပ်လေး လွတ်ကျသွား၏။

"ဟုတ်တယ် ငွေရယ်၊ မမတော့ ဘယ်မှာရှာလို့ရှမ်း မသိတော့ဘူး၊ ခေါင်းလည်း နောက်နေပြီ၊ ဂူမလေး အကြောက်လွန်ပြီး ထင်ရာတွေ စွတ်ရွှတ်လုပ်သွားမှဖြင့်"

"ဘာ ဘာပြောတယ် မမ"

မမကား ခြံထဲပြန်ဝင်လာတာမြင်တာနဲ့ ဦးအာကာဇော် ခြံထဲ ဦးတည်ရာမဲ့ လျှောက်နေရာမှ လိုက်ဝင်ခဲ့သည်။

မမကြီးက ငွေ့အခန်းထဲဝင်သွားတာနဲ့ ဦးအာကာဇော်လည်း နောက်ခပ်လှမ်းလှမ်းက ပါလာသည်။

နောက်ဆုံးကြားလိုက်ရတဲ့ မမကြီးစကားနောက်မှာ အခန်းထဲ စွတ်ဝင်လာပြီးဆိုသည်။





ရုတ်တရက်မို့ ဒေါ်မမကြီးလည်း ဘယ်လိုပြောရမှန်းမသိတော့ဘဲ မောင်ဖြစ်သူကို မော့ကြည့်ရင်း –

"ဟို ဟိုလေဟာယ် သမီးပေါ့ သမီး"

ဟု ဟိုဟိုဟာယ်ဟာ:ာ်နဲ့ အသံ မညီမညာထွက်လေသည်။ ဦးအာကာဇော် တုတ်ကောက်ကို တင်းနေအောင် ဆောက်ကိုင်ရပ်လျက် –

"သမီးက မမနဲ့ပါသွားတာ မဟုတ်ဘူးလား"

"ဘယ်ကဟုတ်ရမလဲ မောင်ဇော်ရယ်၊ သမီးက မောင်ဇော် မြေခြင်ချင်ဘူးပြောကတည်းက ထွက်သွားတာတဲ့၊ မမလည်း သတိမထားမိဘူး၊ မောင်ဇော်နိုင်းလို့ သမီးသွားပေါ်က စိန်ဖြုတ်ပေးမယ်, ဆေးခန်းခေါ်သွားမယ်ပေါ့ဆိုပြီး မမ လိုက်ကြည့်တဲ့အချိန်မှာ သမီး မရှိတော့ဘူး"

"ဘယ်လို"

"ဟုတ်တယ်၊ မမလည်း စိတ်ပူပြီး ဖူးဖူးဆီ လိုက်သွားတာ၊ ဖူးဖူးဆီ ငိုယိုလာပြီး ငိုငိုယိုယိုနဲ့ပဲ ပြန်ထွက်သွားတာတဲ့၊ မမလည်း အားလုံးဆီ လိုက်ရှာပြီးပြီ၊ မြို့ဆီတောင် မကျန်ဘူး၊ ဘယ်ဆီမှာမှ သမီးကို မတွေ့ရလို့ ပြန်လာခဲ့တာလေ၊ အခုပဲ ငွေ့ကို အဲဒီအကြောင်း ပြောနေတာ"

"တောက်"

မောင့်ရဲ့တောက်ခတ်သံက ကျယ်လောင်ကာ ငွေ့ရင်ကို လာရိုက်ခတ်သလို မီးတောက်နေတဲ့ မျက်ဝန်းက ငွေ့ဆီ တန်းတန်းမတ်မတ် ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငွေ အဲဒါ ငွေကြောင့်ကွ၊ တောက်"

ငွေ အံလေးကြိတ်၏။ မမက မောင်ဖြစ်သူပြောတာကို မနှစ်သက်ပါ။ သည်းခံနေတဲ့သူ့ကို ထပ်မံဖိနှိပ်စွပ်စွဲနေတာကိုလည်း ဒေါ်မမကြီး လက်မခံချင်။

မောင်ဖြစ်သူရှေ့ တိုးရပ်လေပြီး –

"မောင်ဇော်"

"မမ ဘာမှမပြောနဲ့၊ သမီးပျိုလေးကို ဘယ်လိုထိန်းရမယ်၊ ဘယ်လိုပြင်ဆင်ခွင့်ပေးရမယ်ဆိုတာ မသိတဲ့ မိန်းမ၊ သမီးကိုမြင်ရင် သူစိမ်းယောကျ်ားတွေ ဘယ်လိုမြင်မလဲ၊ ဘယ်လိုအထာဆိုတာကို နားလည်ပြီး သွေးတိုးစမ်းကုန်ကြရင် မခက်ဘူးလား၊ တောက် ငွေ၊ ငွေ့ကို မောင် လုံးဝမကျေနပ်နိုင်ဘူး၊ ငွေ့ကြောင့် သမီး ဒီလိုဖြစ်ရတာ၊ ခုချက်ချင်း သမီးကို သွားရှာပြီးခေါ်လာ၊ သမီးကိုမတွေ့ရင် ငွေ ဒီတိုက်ပေါ် ပြန်တက်မလာနဲ့၊ အဲဒါ မောင့်အမိန့်ကွ"

ဘုရားရေ။

ငွေ ရင်ဘတ်ဖိရင်း ထိခိုက်မျက်ရည်တွေ ဒလဟောပြိုကျသွား၏။

"မောင်ဇော်"

ဒေါ်မမကြီး အသံကုန်အော်ပစ်၏။

"မမ ဝင်မပါနဲ့၊ သမီး ခုလိုဖြစ်တာ ငွေ့ကြောင့်၊ ငွေ၊ ခုချက်ချင်း သွားကွာ၊ သမီးပါလာမှ ငွေ့ကို မောင် လက်ခံလို့ရမယ်၊ မောင့်ဘဝ





အ သမီးပဲ၊ သမီးကလွဲပြီး မောင် ဘာကိုမှ မမြင်ချင်ဘူးကွာ"

ပြောရင်း နံရံကို တုတ်ကောက်ကြီးနဲ့ ပစ်ပေါက်လေ၏။ မှန်ဆောင်တပ်ထားတဲ့ ရှုခင်းပုံပန်းချီကား မှန်ကွဲကာ ကြမ်းပြင်ပေါ် လွင့်ကျလေသည်။

မောင့်အပြုအမူက ငွေ့အပေါ် အချိန်နဲ့အမျှ ရင့်သီးလာတာ ငွေ အသည်းနှလုံးနာလှပြီ။ ငွေ့ရင်မှာ ရှက်လည်း ရှက်လှသည်။

ဒေါ်ငွေပဝါ ရှက်စိတ်နဲ့ နာကျင်ဝမ်းနည်းမှုတွေ ပေါင်းစပ်ကာ ပြင်းသွားတဲ့စိတ်က ခြေလှမ်းတွေကို သယ်ဆောင်သွားလေပြီ။ အဲဒီနောက် မောင့်အလိုကျ ပြေးထွက်ကာ –

"ဟဲ့ ငွေ"

ဒေါ်မမကြီး၊ ဟန့်တားသော်လည်း မရတော့ပါ။

ဘေးဖယ်ပြီး ရပ်ကြည့်နေတဲ့ ဖူးဖူးသစ်ခမျာ ကြောက်လွန်းကာ နှုတ်မျှပင် ခွေဆင်းလှမတတ်ဖြစ်လေသည်။

လွှာ့ဒယ်ဒီ တစ်ဖက်သတ်ဆန်ဆန်ကြီး ပေါက်ကွဲတတ်လိမ့်မယ်လို့ မထင်ပါ။

ခုတော့ –

အံကြိတ်ကြိတ်ပြီး ကိုယ်လုံးကြီးတောင့်ထားပုံက ဖူးဖူးသစ် ခြေလှမ်းတွေကို နောက်ပြန်လည်သွားစေသည်။

"မောင်ဇော် မင်းစိတ်ကိုလေ မမတောင် နားမလည်နိုင်တော့ဘူးကွဲ့၊ အခု ဒါ ဘယ့်နှယ်လုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမကြီး မောင်ဖြစ်သူရင်ဘတ်ကို တဘုန်းဘုန်းထုလျက်ဆိုသည်။

"ဟင် ပြောလေ"

ဘာမှမပြောဘဲ မမကြီးလက်ကို ရင်ဘတ်မှ ဖယ်ချလေသည်။ တုတ်ကောက်မပါဘဲ လှမ်းထွက်သွားတဲ့ ခြေလှမ်းက တရွတ်တိုက်လျက် အခန်းဝပင်မရောက် ဝုန်းခနဲကျလေသည်။

"မွေးရေ နေဦး"

ဒေါ်မမကြီး မောင်ဖြစ်သူကို ဆွဲမထူတော့ပါ။ ယောက်မ.လုပ်သူနောက် လိုက်သွားချေသည်။ ဖူးဖူးသစ်လည်း ကြီးကြီးနောက် ပါသွားကာ။

"တောက်"

ဦးအာကာဇော် မကျေနပ်။ ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်။ အားလုံးကိုလည်း မကျေနပ်။

"ဝင်းမော်၊ ခင်စိုး၊ ဒီကောင်တွေ ဘယ်မှာလဲ၊ မြန်မြန်[illegible] စမ်း"

တပည့်နှစ်ယောက်က အခန်းပြင်မှ အခြေအနေကို နံ[illegible] ကွယ်ပြီး စောင့်ကြည့်နေတာ ကြာလှပြီ။

ဆရာသမားခေါ်မှ လူလုံးပြပြီး –

"လာပြီ ဆရာ"

ဟု ဆိုရင်း လဲကျနေတဲ့ ဆရာသမားဆီ ပြေးလာသည်။ [illegible]





[illegible]က တုတ်ကောက်ကို ပြေးကောက်သည်။ တစ်ယောက်က တွဲ[illegible]

ဒါလည်း ဦးအာကာဇော် မကျေနပ်နိုင်။

တစ်လောကလုံးကို မကျေနပ်။

တောက်ခတ်သံတွေသာ မိုးမွှန်လို့ သွားချေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘာပြောတယ်"

မေးသံနောက်မှာ ဦးအာကာဇော် တစ်ကိုယ်လုံး တုန်ခါသွား
လေသည်။

"ဟုတ်တယ် ဇော်၊ ကိုယ့်သား သေသေချာချာ မြင်ခဲ့တယ်
ပြောလည်း ပြောတယ်၊ သမီးကားနောက်က ထက်ကြပ်မကွာလိုက်တာ
မီးပွိုင့်ငြိသွားလို့တဲ့ကွာ၊ ကိုယ့်သား ဇော့်ဆီ ဖုန်းခေါ်တယ်၊ ဖုန်းမဝင်ဘူး
အဲဒါနဲ့ တစ်ဆက်တည်း ကိုယ့်ဆီ ဆက်တာကွ"

"ဟင်"

ဦးအာကာဇော် အံကြိတ်ထားတဲ့နောက်မှာ ကိုယ်က လှုပ်လှုပ်





ရှူးရှားဖြစ်ကာ တုတ်ကောက်နဲ့ ဟိုလျှောက်ဒီလျှောက်လိုက်နှင့် ဂနာ
ငြိမ်ဖြစ်လို့သွားသည်။

ဦးကောင်းသစ် ဆက်တိုက်ပြောနေသေးသည်။

"တိုက်တိုက်ဆိုင်ဆိုင် ကိုယ်က သားကို လွှာ့မွေးနေ့အတွက်
က်ဆောင်ပစ္စည်းသွားဝယ်ခိုင်းတာကွ၊ လမ်းမှာတွေ့လို့ သားက တား
ယ်၊ လွှာက ဖွတ်ထွက်သွားသတဲ့၊ မှန်းဆပြီး သမီးကားနောက် သား
က်လိုက်နေတယ်၊ ကိုယ် မင်းဆီ ချက်ချင်းလာပြောတာ၊ အခု ဘယ်
လုပ်ကြမလဲ ဇော်"

"တောက်၊ သမီးနဲ့ ပါသွားတာ ဘယ်ကကောင်လဲ"

ဦးအာကာဇော် ဒါပဲမေး၏။ ဦးကောင်းသစ် ခပ်တွေတွေလေး
ဖြစ်သွားပြီး –

"အင်း သားပြောတာက ခပ်သန့်သန့်လေးပဲတဲ့၊ အဲဒီသူငယ်
နဲ့ သမီးတို့သူငယ်ချင်းတွေနဲ့ စကားပြောတာ တွေ့ဖူးတယ်၊ သားလည်း
သိတိကျကျမသိဘူး"

"ဒါဆို ဖူးဖူး သိရမှာပေါ့၊ သရဖီမိုးလည်း မသိဘဲမနေဘူး
။ မြန်မြန်လာစမ်း၊ ဖူးဖူးကို အဲဒီကောင် ဘယ်သူလဲလို့"

ဒေါ်မမကြီးလည်း စိုးရိမ်လာသည်။ ဖူးဖူးသစ်က မမကြီးနောက်
မှာ ကြောက်လို့ကွယ်က –

ဖွတ်တရွတ်ဖြစ်နေတဲ့ လွှာ့ဒယ်ဒီ။

ဒေါ်မမကြီးက ဖူးဖူးကို အားနာလှသည်။ ဒါပေမဲ့ မမေးလို့



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်ပါ။ မျက်စလေးနဲ့ မေးတော့။

"ဟိုလေ ဖူးထင်တာက လင်းပဲဖြစ်မယ်"

"လင်း၊ ဘယ်က လင်းလဲ"

"ဖူးတို့သွားမှာ အလှဆင်ကျောက်တပ်ပေးတဲ့ဆေးခန်းက"

"တောက်၊ ဘယ်မှာလဲ၊ အဲဒီဆေးခန်း။ လာ လိုက်ခဲ့"

ဦးအာကာဇော် ချက်ချင်း ကားပေါ်တက်၏။ ဒေါ်မကြီး

ဖူးဖူးသစ်လည်း မနေသာ။ လိုက်ပါသွားရလေသည်။

ဦးကောင်းသစ်လည်း နောက်က ကားတစ်စီးနဲ့ ပါလာသည်

လွှာကို သားခေတ်အတွက် ရည်ရွယ်ထားတာ မဟုတ်လော

ဘယ်နည်းနဲ့မှ တခြားတစ်ယောက်လက်ထဲ အပါမခံနိုင်တဲ့စိတ်နဲ့ဖြစ်

ဒါကြောင့်မို့ သားအတွက် ကိုယ်တိုင်ကိုယ်ကျ ကိုယ်ဖိရ

ပါနေတဲ့ ဦးကောင်းသစ် သူငယ်ချင်းအဖြစ်မှတစ်ဆင့်တက်ပြီး သား

သမီးရေးနဲ့ ခမည်းခမက်တော်ကြမယ့် ရည်ရွယ်ချက်ကို လုံးဝနေ

မဆုတ်လိုပါ။

✿ ✿ ✿



## အခန်း (၂၃)

"အိုကေရဲ့လား လင်းရယ်"

"အိုကေတာပေ့ါ၊ လွှာ့သွားတက်လေးကို ပြန်ကြည့်ဦး"

လွှာ့သွားတက်လေးကို မှန်ထဲမှာ တကယ်ပြန်ကြည့်မိသည်။ စိန်ကို စက်နဲ့စားထုတ်ပြီး Eching အဖြူကွက်၊ သွားဖောက်ထားတဲ့ အပေါက်ကို Laser ကြေနဲ့ အရောင်ညီဖြည့်ကာ ပြန်ဖာထေးလိုက်တော့ သွားတက်ကလေး နဂိုအတိုင်း ပြန်ဖြစ်နေသည်။

လွှာ ကြည့်ရင်း သဘောကျသွား၏။

"Original အတိုင်း ပြန်ဖြစ်သွားတယ်နော်"

လင်းက ပြုံးပြုံးလေး စိုက်ကြည့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"Original မဖြစ်ပါဘူး"

"ဟင် ဘယ်လို"

လွှာ အံ့သြကာ လင်းကို တည့်တည့်ကြည့်သည်။ စိုက်ကြည့်နေတဲ့ လင်းမျက်လုံးက တောက်ပနေရာမှ ရီဝေသွားကာ လွှာ့သွားတက်ကလေးနဲ့ မျက်လုံးကို တစ်လှည့်စီ ရူးရူးလေးကြည့်လျက် –

"ဟုတ်တယ်လေ လွှာရဲ့ Original ဆိုတာ အမေနဲ့အမေ ပူးပေါင်းမွေးဖွားပေးလိုက်တဲ့ Original သွားအသားလေ၊ ခုတော့ မဟုတ်တော့ဘူးပေ့ါ"

"ဟင် ဒါ ဒါဆို"

"လင်းဖန်တီးပေးတဲ့ ကြွေသွားအတုပေ့ါ"

"အလို"

လွှာရင်ဘတ်ဖိကာ လင်းကိုကြည့်ရင်း မျက်တောင်ခတ်ဖို့ မေ့သွား၏။ လင်းက သဘောကျစွာ ပြုံးကြည့်ပြီး –

"အတုဆိုတာက ဒီလိုပါ၊ သွားကိုဖောက်လိုက်တော့ သွားရဲ့ Original မွေးရာပါ သွားအသားလေး ပွန်းပဲ့ဆုံးရှုံးသွားတယ် မဟုတ်လား"

"အင်း"

"အဲဒီပွန်းပဲ့သွားတဲ့နေရာကို လင်းက ကြွေသားနဲ့ ပြန်ပြုပြင်ပေးလိုက်တော့ အစစ်လို့ထင်ရတဲ့သဘော"

"အိုး ရှုပ်နေတာပဲ"





"မရှုပ်ပါဘူး၊ တစ်ခါတလေ အစစ်ထက် အတုက ပိုကောင်းပိုလှနေတတ်တယ်၊ လွှာ တွေ့တယ်မဟုတ်လား၊ လွှာ သွားတက်ကလေးနှင်းပွင့်မတပ်ခင်ကထက် ပိုကြည်လင်ရှုံမက ကြွေရောင်တောက်ပပြီးလှနေတာလေ"

လင်းစကားမဆုံးခင် လွှာ့သွားတက်ကလေးကို လွှာပြန်ကြည့်သည်။ လင်းပြောတဲ့အတိုင်းပင်။

လွှာ့သွားတက်ကလေးက အရင်ထက် ပိုပြီးကြည်လင်ကာ ကြွေရောင်လင်းပြီး တောက်ပနေတာက သွားတက်လေးကို ပိုရှုံလှနေသည်။

"ဟုတ်သားနော် လင်း၊ စိန်ပွင့်လေးဖြုတ်ပြီး လင်း ပြန်ဖာပေးတဲ့ သွားတက်လေးက နဂိုရှိတာထက် ကြွေရောင်လိုလှနေရော"

"အဲဒါကြောင့် လင်းပြောတာပေ့ါ၊ တစ်ခါတစ်ခါ Original အလှထက် ဖန်တီးတဲ့အလှက ပိုကောင်း, ပိုလှတတ်တယ်လို့ လွှာ သက်တွေ့သိပြီ မဟုတ်လား"

"အင်း"

လွှာ ကျေကျေနပ်နပ်လေး ခေါင်းညိတ်၏။ လင်းကလည်း ကြည်နူးသောစိတ်နဲ့ လွှာ့ကို ရူးရူးနစ်နစ် စိုက်ကြည့်ကာ –

"လွှာ"

ဟု နက်နက်ရှိုင်းရှိုင်း ခေါ်လေသည်။

မှန်ထဲမှ လွှာ့ သွားတက်လေးကိုကြည့်နေရာမှ လင်းဆီ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

လင်းအကြည့်က စူးနစ်နေရုံမက ရင်ခုန့်စိတ်နဲ့ နှုတ်ခ

လှုပ်ရှားလာကာ ခြေတစ်လှမ်းတိုးလာလျှင် –

ထိုအခါ လင်းနဲ့လွှာ နီးနီးကပ်ကပ် ဖြစ်သွား၏။

လင်းအကြည့်က ပို၍စူးရှလာကာ လွှာ ရင်တထိတ်ထိတ်

လျက်

"လင်း"

ဟု တိုးလျလျခေါ်ရင်း မျက်လွှာချ၏။

လိုက်ကာစလေး တလူလူလွင့်နေသလို လွှာ့ရင်ခုန်သံလ

လွှာ့ရင်မှလွင့်ထွက်ကာ ဘယ်ဆီရောက်နေလဲဆိုတာ လွှာမဆန်းစစ်

တော့ပါ။

မှန်ဝိုင်းလေးကိုင်ထားတဲ့ လွှာ့လက်ပေါ် လင်းလက်ဖဝါး

ကျော်လာတာကို ဖယ်ရှားဖို့ မေ့လျော့သွားသည်။

အို၊ လင်းလက်ဖဝါးကို ဖယ်ရှားဖို့တင် မဟုတ်ပါ။ အရာရာ

မေ့လျော့သွားစေအောင် လင်းမျက်လုံးက ပြုစားလေရော့သလားကွ

"လွှာ့ကိုချစ်တယ်"

ဟု။

"..."

နူးညံ့သိမ်မွေ့သော လေသံတိုးတိုးနဲ့အတူ။ လွှာ့လက်ဖဝါး

ဖက်လုံးကို ပူးယှက်ဆုပ်ကိုင်ခံရလျှင် လွှာ မျက်လွှာပင့်တက်ကာ လင်း





ပြန်ကြည့်လျက်သားဖြစ်၏။

"လွှာ့ကို လင်း စတွေ့ကတည်းက ရင်ခုန်ခဲ့တာ လွှာ မသိဘူး

နော်"

"ဘယ်လို"

"လွှာနဲ့ ပြန်ဆုံရမယ်လို့လည်း လင်း မထင်ဘူး။ တကယ်တမ်း

ပြန်ဆုံရတော့လေ အရမ်းဝမ်းသာတယ်ဆိုတာထက် နှလုံးသားဘာသာရပ်

မှာ အချစ်သင်ခန်းစာနဲ့ပတ်သက်တဲ့ ရင်ခုန်စာတမ်းတစ်စောင် ခံစား

ရေးဖွဲ့ပြီးသား ဖြစ်နေတယ် လွှာ"

လင်းစကားလုံးတွေက လွှာ့ရင်ခုန်သံကို မြန်စေကာ ထင်မှတ်

မထားတဲ့အချိန်၊ ထင်မှတ်မထားတဲ့နေရာမှာ ထင်မှတ်မထားစွာ ရင်ခုန်

ရသလို နှိုးဆွခံလိုက်ရတဲ့ လွှာ့နှလုံးသားရယ်။

လွှာ မျက်နှာလေး ပိုမော့မော့နှလေးဖြစ်လို့သွားသည်။

"လွှာလည်း၊ လင်းကိုချစ်တယ် မဟုတ်လားဟင်"

တိုးတိုးဖွဖွမေးရင်း လွှာ့နဖူးကို လင်းနဖူးနဲ့ ထိမိရုံလေး တိုက်

၏။

လွှာ မျက်တောင်တစ်ချက် ပုတ်ခတ်၍ ဆုပ်ကိုင်ခံထားရတဲ့

လွှာ့လက်ဖဝါးကို ပြန်ငုံ့ကြည့်မိသည်။

"ပြောလေ လွှာ၊ လင်းကို ချစ်တယ်မဟုတ်လား"

"ဟို လွှာလေ"

လွှာ ဘာပြန်ပြောရမှန်းမသိတော့ပါ။ လွှာ့လက်ဖဝါးကို လင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျစ်ညှစ်ဆုပ်ကိုင်လျှင် လွှာ့ရင်ခုန်သံက အလိုလိုကြည်နူးလာသည်။

''ပြောလေ လွှာ''

''ဟွန်း မပြောချင်ဘူး''

''ဘာဖြစ်လို့''

''လွှာ လွှာပြောလိုက်ရင် လင်း အထင်သေးသွားမှာပေါ့''

''ဘာဆိုင်လဲ လွှာရယ်''

''သိဘူးလေ၊ လွှာကလည်း လင်းကို''

''ချစ်တယ်၊ ဟုတ်တယ်နော် လွှာ''

လွှာ နှုတ်ခမ်းလေးကို နမ်းလုမတတ်ပြုရင်း လင်း ရင်ခုန်လှိုက်မောစွာ မေး၏။

''သွား သိဘူး''

လို့ ပြောရင်း လွှာ့မျက်နှာလေး လင်းရင်ခွင်မှာ အစ်နဲ့လိုက်တော့၏။

''ဟာ ဘာမသိတာလဲ၊ မသိတာကိုက ချစ်တာပေါ့နော် လွှာ၊ ဟုတ်တယ်၊ လွှာလည်း လင်းကိုချစ်တယ်၊ လွှာက လင်းချစ်သူဖြစ်သွားပြီ''

တလှိုက်လှိုက်မြူးကြွနေတဲ့ လင်းစကားလုံးနောက်မှာ လွှာ ကြည်နူးဆွတ်ပျံ့စွာ ရယ်မိ၏။ လင်းရင်ခွင်ထဲ လွှာ ခေါင်းလေး နစ်မြုပ်မတတ် တိုးဝင်မိ၏။

ထိုအခါ လင်း ဟန်မဆောင်နိုင်တော့ပါ။ လွှာ့တစ်ကိုယ်လုံးကို





သိမ်းကျက်မိ၏။ နူးညံ့မှုတွေနောက်မှာ နွေးအိလာတဲ့ ခံစားမှုက ချစ်စိတ်ကို အညွန့်ဖူးလေးများ တလူလူ လွင့်တက်စေသည့်နှယ်။

''လွှာ''

ရင်ခွင်ထဲ နစ်မြုပ်မတတ်ဖြစ်နေတဲ့ လွှာ့မျက်နှာလေးကို မေးများမှကိုင်၍ လင်း တယုတယ ဆွဲယူကြည့်၏။

အသစ်စက်စက် ချစ်သူမျက်နှာလေးက ခါတိုင်းမြင်နေရတာထက် အဆထောင်ပေါင်းများစွာ ပို၍လှကာ –

''ချစ်ကြမယ်နော်''

လင်း မှတ်သိပ်စွာပြောတဲ့နောက်မှာ လွှာ့နှုတ်ခမ်းမှာ ပန်းကလေး ရှုရှုမွှင့်ရှေ့လျှင် လွှာ့နှုတ်ခမ်းလေး ရှက်သွားပါသည်။

ဒါပေမဲ့ –

လင်းကြောင့် ပွင့်ခွင့်ရတဲ့ ပန်းကလေးများကို လွှာ့နှုတ်ခမ်းနဲ့ အ...မသတ် သီကုံးပေဖို့ လွှာ့ရင်ခုန်သံက တောင်းဆိုနေတော့လည်း–

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"တီ တီ တီ"

လက်ကိုင်ဖုန်းမြည်သံ ဆူဆူညံညံ ထွက်လာ၏။ ထိုမြည်သံက လွှာတို့ချစ်သူနှစ်ဦးကြား အနမ်းတွေ ရပ်စဲသွားကာ–

ပူပူနွေးနွေးချစ်သူရင်ခွင်မှ နှစ်ယောက်သား မခွဲရက်ဖြစ်လို့ သွားသည်။

"တီ တီ တီ"

ဖုန်းက မြည်နေဆဲ။

မခွာရက်ပေမယ့်လည်း နှစ်ဦးသား ခွာရလေသည်။ ဒါပေမဲ့ လင်းက ဖက်တွယ်ထားမိတဲ့ လွှာ့ကိုယ်လုံးလေးကို လွှတ်မပေး။





လွှာ မငြိုငြင်ရက်ပါ။

လင်းရင်ခွင်ဆီမှ ကိုယ်လေး အသာကြွပြီး စားပွဲပေါ်က လက် …ဖုန်းကို လှမ်းယူသည်။

"ဟဲလို"

ဖုန်းထူးရင်း လင်းပခုံးမှာ ခေါင်းလေးမှေးတင်လိုက်သည်။ …က ကျေနပ်စွာ လွှာ့ဆံပင်တိုတိုကို ကြင်နာစွာ ဖွကာစားရင်း မွှေး…သည်။

အချစ်နဲ့ကြုံရတာ အရာရာကို လုံးဝမေ့လျော့သွားစေသည် …ယ်။ ဖုန်းလိုင်းထဲမှ –

"လွှာရေ"

လို့ အလောတကြီးခေါ်လိုက်တဲ့ ဖုဖုအသံကြားရမှ လွှာ …မှောင်ကုတ်ကျသွားသည်။

"ဖုဖု"

"ဟုတ်တယ်၊ ဖုဖုပဲ လွှာ၊ လွှာ အခု ဘယ်မှာလဲ"

"ဟင်"

တစ်ခုခုအတွက် စိုးရိမ်တကြီးဖြစ်နေတဲ့ ဖုဖုမေးသံ။ လွှာ …မှ ကောင်းစွာအသိဝင်လာပါသည်။

လင်းပခုံးထက်မှာ မှေးတင်ထားရာမှ ခေါင်းလေးပြူလျှင် …က မျက်စနဲ့ ဘာလဲလို့မေးသည်။

လွှာ ခဏနေဦးလို့ မျက်စနဲ့ပဲ လင်းကို ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"လွှာလေ လင်းနဲ့"

ပြောမလို့လုပ်ပြီးမှ ပါးစပ်ကို ကမန်းကတန်း ပြန်ပိတ်၏။

"လင်းနဲ့၊ အခု ဘယ်မှာလဲ မြန်မြန်ပြောလေ"

"ဖူးရယ် လွှာလေ သွားက စိန်ပွင့်ဖြုတ်ဖို့ လင်းဆီ လာခဲ့တာ ပါ"

"ဟုတ်ပြီလေ၊ လင်းဆီလာရင် လင်းဆေးတိုက်မှာ ရှိရမှာပေါ့ ဖူးတို့ အခု လင်းဆေးတိုက်ကို ရောက်နေကြတယ်၊ လွှာ ဘယ်မှာလဲ"

"အဲဒါပေါ့"

လင်းရင်ခွင်မှ လွှာ ကိုယ်လေးမတ်လိုက်ပြီး ဆက်ပြော၏။

"လွှာလေ လင်းဆီလာနေချိန်မှာ ဟိုတစ်ယောက် ခေတ်လေ ခေတ်နဲ့ တည့်တည့်တိုးတာပေါ့၊ ခေတ်ကို မျက်ခြည်ပြတ်ပြီး လစ်ထွက် ခဲ့တာ၊ အဲဒါနဲ့ လင်းသူငယ်ချင်းဆေးတိုက်ကို ဝင်တယ်၊ လင်းသူငယ် ချင်းဆေးတိုက်မှာပဲ လွှာ့သွားတက်လေးက စိန်ပွင့်ကို လင်းဖြုတ်ပေး တယ်"

"အခု လွှာ ဘယ်မှာလဲ"

"လင်းနဲ့ပေါ့၊ လင်းသူငယ်ချင်းဆေးတိုက်မှာ ရှိနေတယ်"

"လင်းနဲ့ အတူပေါ့လေ"

"ဟုတ်တယ် ဖူးရဲ့"

လွှာ ကြည်နူးစွာပြောလျှင် –

"ဟုတ်တယ်ဆိုရင် မြန်မြန်လှူခဲ့နော်၊ လွှာ့ဒယ်ဒီ လွှာ့ကို လိုက်





ရှာနေတယ်"

"ဟင်"

လွှာ ခုမှ မျက်လုံးပြူးကာ လင်းရင်ခွင်ထဲက တစ်ကိုယ်လုံး ထလေသည်။ လင်းက အတင်းဆွဲထားလျှင် –

"နေဦးလေ"

လို့ လင်းကိုပြောလျှင် ဖူးဖူးအသံလေး ဆက်တိုက်ကြားရလေသည်။

"ဟင်မနေနဲ့ လွှာရဲ့၊ လွှာ ကောင်လေးတစ်ယောက်နဲ့ ပါသွား တယ်လို့ ခေတ်ဒယ်ဒီက လွှာ့ဒယ်ဒီကို လာပြောတယ်၊ အဲဒါနဲ့ လွှာ့ဒယ်ဒီ ကည်း ဖူးကို ဘယ်သူလဲ၊ ဘာညာနဲ့ မေးတယ်၊ လင်းပဲလို့ ပြောလိုက်တာ နဲ့ လွှာ့ဒယ်ဒီ လင်းဆေးတိုက်ကိုလာတယ်၊ ဆေးတိုက်မှာ လင်းကိုရော လွှာ့ကိုပါ မတွေ့တော့ လွှာ့ဒယ်ဒီ ပေါက်ကွဲတော့တာပဲ၊ အဲဒီကနေ တစ်ယောက်တည်း ကြိုးကြိုးကိုပါ ခေါ်ပြီး ဒေါက်တာကောင်းလူဆီ အခုပဲ ထွက်သွားကြတယ်"

"ဘုရားရေ ဒေါက်တာ့ဆီသွားပြီး ဘာလုပ်ဖို့လဲ"

"ဖူးထင်တာတော့ လင်းကိုမေးမယ်၊ လင်းနဲ့ပါသွားတဲ့ လွှာ ဘယ်မှာလဲဆိုတာပေါ့၊ လွှာ့ကိုမတွေ့ရင် လွှာ့ဒယ်ဒီတော့ မိုးကို မီးတက်ရှို့ တော့မယ်၊ တကယ်"

"ဟင် လွှာကြောက်တယ် ဖူးရယ်၊ ဒယ်ဒီနဲ့ ရင်မဆိုင်ရဲဘူး"

လွှာ ကြောက်စိတ်တွေဝင်လာကာ တစ်ကိုယ်လုံး တုန်ယင်၍



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ လင်းက အခြေအနေအရပ်ရပ်ကို သဘောပေါက်သ
တာမို့ လွှာ့လက်ထဲကဖုန်း ဆွဲယူပြီး''

"ဖူး"

"လင်း၊ လင်းကို အန်ကယ် ပြဿနာရှာလိမ့်မယ်နော်။
ကယ်က တစ်ဖွတ်ထိုးကြီး၊ လွှာ့ကို လွှာ့ဒယ်ဒီ တွေ့ရင်တော့ ရိုက်
မလားပဲ သိလား၊ လွှာ့မာမီကိုတောင် လွှာ့ဒယ်ဒီ မောင်းထုတ်တာ
လွှာ ပြန်ပါမလာရင် တိုက်ပေါ်မတက်နဲ့တဲ့၊ လွှာ့ကို လွှာ့မာမီဆီ အ
ပို့ပေးနော်"

"မပို့နိုင်ပါဘူး"

"အိုး လင်း၊ လင်း ဘယ်လိုဖြစ်နေတာလဲ၊ လွှာတို့မိသား
ပြဿနာတက်နေတာလေ၊ လင်း ကြားမဝင်ပါနဲ့၊ အခု လင်းတို့
နေရာကို ပြော၊ ဖူး လာခဲ့မယ်"

"မလာနဲ့ ဖူး၊ ဒါပဲ"

လင်း ဒါပဲပြောပြီး ဖုန်းပိတ်လိုက်၏။

"ဘာတဲ့လဲဟင်၊ လွှာ့ကို ဒယ်ဒီမြင်တာနဲ့ သတ်မှာ၊ လွှာ
တယ်၊ လွှာလေ ဒယ်ဒီနဲ့ ရင်ဆိုင်ရမှာ ကြောက်တယ်၊ ဟီး ဟီး ဟီး

ပြောရင်း တကယ်ပဲ ကြောက်စိတ်ကြီးစိုးလျက် လွှာ ဟီး
ငိုချလေသည်။ လင်းနှလုံးသားလေး မလန်းနိုင်တော့ပါ။

လွှာ့ဖခင်က အတ္တကြီးသလို ဒေါသလည်း ပြင်း၏။

ဒီလိုအချိန်မှာ လွှာ့ကို တွေ့သွားလို့ကတော့ လွှာ့ကို ကော





ကောင်းကြီး ရိုက်နှက်နေမှာ သေချာသည်။

ချစ်သူကို ဝေဒနာတွေ မပေးချင်ပါ။

ကြောက်စိတ်နဲ့ ငိုနေရှာတဲ့ လွှာ့ကို ရင်ခွင်မှာ ထွေးထားပြီး
ချော့သိမ့်ပေးလိုသည်။ ဒါကြောင့် –

"လာ လွှာ"

လွှာ့လက်ကောက်ဝတ်ကို မြဲစွာဆုပ်ကိုင်ပြီးခေါ်လျက် –

"ဟင့် ဟင့် ဒယ်ဒီကို လွှာကြောက်တယ် လင်းရယ်၊ မာမီ့
ကိုတောင် ဒယ်ဒီရိုက်တာလေ၊ ဟင့် ဟင့် ဟင့်"

အကြောက်လွန်နေရှာတဲ့ ချစ်သူလေးရယ်။

လင်းရင်ခွင်မှာ ထွေးဖက်ကာ။

"လင်း ရှိတယ်လေ၊ လင်းကို ချစ်တယ်မဟုတ်လား"

လွှာ မျက်ရည်တွေသုတ်ရင်း ချက်ချင်းခေါင်းညိတ်၏။ လင်းက
လွှာ့ပါးပြင်နီနီလေးထက်မှ မျက်ရည်စီးကြောင်းကို တယုတယ တို့သုတ်
ပေးရင်း –

"လင်းကိုချစ်တယ်ဆိုရင် လင်းရင်ခွင်ထဲ ခိုလိုက်လေ၊ နော်
လွှာ၊ လွှာ့ဒယ်ဒီရဲ့ဒေါသတွေနဲ့ ဝေးသွားစေရမယ်၊ လာလေ လွှာ"

လွှာ ဘာပြောလို့ပြောရမှန်းမသိတော့ပါ။

လောလောဆယ်မှာ ဒယ်ဒီ့ကိုကြောက်တာပဲ သိသည်၊ ကြောက်
စိတ်နောက်မှာ ရင်မဆိုင်လိုတာလည်း ပါသည်။ ဒါကြောင့်မို့ လင်း
လက်တွဲခေါ်သွားတဲ့အတိုင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းဖို့တွေ ဘာတွေလည်း မသိတော့ပါ။

ဘယ်ကိုလဲ၊ ဘာကိုလဲ မမေးချင်။ ဒယ်ဒီနဲ့ ရင်မဆိုင်ရဖို့က အဓိက မဟုတ်လား။

✿ ✿ ✿



## အခန်း (၂၅)

"ဟင့် ဟင့် ငွေ ဘယ်လိုလုပ်ရမလဲ ဟင်"

ဝမ်းနည်းတကြီးဆိုနေရှာတဲ့ ဒေါ်ငွေပဝါရယ်။ ဒေါ်မမကြီးလည်း ငွေ့ကိုကြည့်ရင်း သနားလို့လာသည်။

အခြေအနေက ထင်တာထက် ပိုဆိုးနေတယ် မဟုတ်လား။ ယောက်မလက်ဖဝါးကို ဆုပ်ကိုင်ရင်း ဆိုဖာမှာ ဝင်ထိုင်စေပြီး –

"မမလည်း စဉ်းစားလို့မရပါဘူးကွယ်"

"ငွေတော့ သိပ်စိတ်ထိခိုက်တာပဲ၊ သမီးသာ လင်းနဲ့ တကယ် ပါသွားတာမှန်ရင် ငွေ့ကို မောင် သတ်မလားပဲ မမရယ်၊ ဟင့် ဟင့် တင့်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေပတိ ဒါပဲ ထပ်ကာလဲလဲပြောရင်း ငိုရှာသည်။ ဒေါ်မမကြီး သက်မ,ရှည်ရှည် ချလေ၏။

"ခက်တယ် သိပ်ခက်တယ်ကွယ်၊ သမီးနဲ့ သိပ်ခက်တယ်၊ တကယ်ကွယ်၊ ငွေတို့ မမတို့ပေးတဲ့ အခွင့်အရေးက သမီး ဒီလိုလုပ်စေဖို့ မဟုတ်ဘူးလေ ငွေရဲ့၊ ခုတော့ကွယ်၊ မမလည်း သေသာသေလိုက်ချင်တော့တယ်"

ဒေါ်မမကြီးလည်း ရင်ထဲမှာ လောင်မြိုက်နေတဲ့အတိုင်း ပြောချေသည်။

"ငွေလေ မောင်နဲ့ ဘယ်လိုရင်ဆိုင်ရမှန်း မသိတော့ဘူး မမ ရယ်"

"မမလည်း ဒါပဲတွေးမိပြီး စိုးရိမ်နေတာကွဲ့"

ဒေါ်မမကြီး စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာဖြစ်၏။ မောင်ဖော်က တစ်မိနစ် တစ်စက္ကန့်ပင်မခြား။ ဒေါက်တာကောင်းလူ့ဆီ လိုက်၏။

"လင်းဆိုတဲ့ကောင်လေး ဘယ်မှာလဲ"

ဒါပဲ ပြတ်ပြတ်မေး၏။ ဒေါက်တာကောင်းလူက မမကြီးလက်စွဲတော် ဆရာဝန်ကြီးဖြစ်တယ်ဆိုတာလည်း မောင်ဖော် အလေးမထားတော့ပါ။

ကြားထဲက မမကြီးပဲ ဟိုဘက်ဒီဘက် အားနာရကာ။

ဒေါက်တာကောင်းလူက နဂိုကတည်းက အေးဆေးတည်ငြိမ်သူ။ စိတ်ရှည်သူပီပီ မောင်ဖော့်ဒေါနဲ့မောနဲ့ ဆူလောင်ပွက်ထနေသလောက်





က်တာကောင်းလူ နားလည်မှုပေးကာ ဆိုသည်။

"ကျွန်တော့်တူက ကိစ္စရှိတဲ့အခါမှ ကျွန်တော့်ဆီ ရောက်လာ တာပါ၊ ဒီနေ့တော့ ရောက်မလာဘူး"

"ရောက်မလာရင်လည်း ဒီကောင် ဘယ်မှာရှိနိုင်မလဲ၊ ပြော

"ဘာဖြစ်လို့လဲ ဒေါ်မမ"

ဒေါက်တာကောင်းလူက တင်းမာနေတဲ့ မောင်ဖော့်ကို မမေး ဒေါ်မမကြီးကို မေး၏။

"ဟိုလေ လင်းနဲ့ မမတူမ ပါသွားတာကို သိရလို့ပါ၊ အဲဒါ"

"ဗြော်"

ဒေါက်တာကောင်းလူ သဘောပေါက်ကာ –

"ဆောရီးဗျာ၊ ကျွန်တော့်တူ တစ်ဖွတ်ထိုးလုပ်တတ်တဲ့ ကလေး ဟုတ်ဘူး၊ ဆေးခန်းမှာ ဒီအချိန် လင်းရောက်လောက်ပြီထင်တယ်"

"ဆေးခန်းမှာမရှိဘူး ဒေါက်တာ၊ အဲဒါ"

ဒေါ်မမကြီးပြောနေသမျှ ဦးအာကာဖော် စိတ်မရှည်နိုင်တော့ပါ။

"ဒေါက်တာ့တူ ဘယ်မှာရှိနေလဲ၊ ကျုပ် အဲဒါပဲ သိချင်တယ်"

"အဲဒါတော့ ကျွန်တော်လည်း ပြောရခက်တယ်ဗျာ၊ လင်းအိမ် က်သွားကြည့်လေ၊ တစ်ခုခုတော့ သိရမှာပေါ့"

"လိပ်စာပေး"

ဦးအာကာဖော် ပြတ်ပြတ်တောင်းတောင်း ပြော၏။ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလူက မှုဟန်မပျက်ဘဲ လင်းအိမ်လိပ်စာကတ်ကို တစ်ခုပေး

ဒေါက်တာကောင်းလူလက်ထဲက လိပ်စာကတ်ကို မောင်ဇေ ဆိုးဆိုးဆတ်ဆတ် ဆွဲယူသွား၏။ ပြီးမှ ဆတ်ခနဲ ပြန်လှည့်ကာ –

"မမ အိမ်ပြန်နှင့်၊ သမီးရောက်များ ရောက်နေသလား စော မေး၊ ရောက်တာနဲ့ ကျွန်တော့်ကို ဖုန်းဆက်၊ ကျွန်တော် ဟိုကောင်လေး လိုက်သွားမယ်"

ဒါပဲပြောပြီး တပည့်တပန်းတွေနဲ့ ထွက်သွားတဲ့ မောင်ဇေ

ဒေါက်တာကောင်းလူကို ဒေါ်မမကြီး ပြေရာပြေကြောင်း အ နာစရာဆို၏။ အဒီနောက် လွှာလေး ပြန်ရောက်လာနိုးနိုးနဲ့ စောင့်နေ တာလေ။

သမီးက ပြန်ရောက်မလာ။

ရောက်လာတာက ငွေရယ်။ ငွေကလည်း သမီးကို ဘယ်မှာ လိုက်ရှာလို့ ရှာရမှန်းမသိပါ။ မမဖြိုးဆီ ဝင်ပြီး အကျိုးအကြောင်းပြောက သမီးကို ပိုင်းဝန်းကူရှာပေးဖို့ သေချာမှာခဲ့သည်။

ဖအေအပေါ် ကြောက်စိတ်ဝင်ပြီး ထွက်သွားတဲ့သမီး။ အိ ပြန်လာဖို့ ခက်လေပြီ။ ပြန်လာရင်လည်း မအေမရှိရင် ဖအေပြောသ ရိုက်သမျှ ခံရရှာမည်။

ငွေ့ကိုသာ ရိုက်ချင်ရိုက်ပါတော့။ သမီးကိုယ်စား ငွေပဲ ခံယ ရတော့မယ်လေ။

သမီးသွားမှာ စိန်အလှတပ်တဲ့ကိစ္စ မောင့်ကို ငွေ အသိမပေး





ဘဲကို။ ခုလိုဖြစ်လာတော့ ငွေ့မှာ အပြစ်မကင်းဘူးလို့ ယူဆလျက်။

တိုက်ထဲပြန်အဝင်မှာ သမီးကို တမျှော်မျှော်ဖြစ်နေရှာတဲ့ မမနဲ့ ဆုံသည်။ မမလည်း ရင်တတိတ်တိတ်နဲ့ စိုးရိမ်နေရှာသည်မဟုတ်လား။

"သမီးကို အလိုလိုက်မိတာ ငွေတို့ မှားပြီလားမသိဘူး မမရယ်"

ဒေါ်ငွေပဝါ မျက်ရည်ဥတွေ တို့သုတ်ရင်း ဆိုသည်။ ဒေါ်မမကြီး လေးလေးပင်ပင် ခေါင်းယမ်းလျက် –

"မမတို့ အလိုလိုက်တာက သမီး ဒီလိုလုပ်သွားဖို့မှ မဟုတ် ဘဲ ငွေရယ်၊ မအေက တင်းတင်းကျပ်ကျပ် ချုပ်ချယ်ထားလို့ ထိုက်သင့် သလောက် လွတ်လပ်ပါစေ, ပျော်ပါစေဆိုပြီး နည်းနည်းပါးပါး အလိုလိုက် မိတာပါအေ"

"ဟုတ်တယ် မမရယ်၊ အခု သမီးက ငွေ အလိုလိုက်မိတာကို အခွင့်အရေးယူပြီး"

"အိုအေ ဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ ခေတ်သစ်ဆိုတဲ့ ကောင်လေးအကြောင်းလည်း ငွေ သိသားနဲ့"

ဒေါ်ငွေပဝါ စီးကျလာတဲ့ မျက်ရည်စကို ဖယ်ရှားရင်း ခေါင်း ညိတ်၏။ ဒေါ်မမကြီးက ဆက်ပြောသည်။

"ဖအေချင်း, သူငယ်ချင်းဆိုတဲ့ အခွင့်အရေးနဲ့ သမီးအပေါ် ပိုင်ပိုင်စိုးစိုး ပတ်သက်ချင်နေတာမဟုတ်လား၊ အခုလည်း သမီးနဲ့လင်းကို ကားပေါ်မှာမြင်လိုက်တော့ နည်းနည်းကို များများချဲ့ကားပြီး သတင်း ပို့တာပဲဖြစ်မယ်၊ ဦးကောင်းသစ်ကလည်း သားအတိုင်းလေး ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတန်မဲ့ မောင်ဖော့်ကို ကိုယ်တိုင်လာပြောတာပဲ ကြည့်ဦး''

''ငွေတော့ သမီး အမြန်ပြန်လာပါစေလို့ပဲ တောင့်တမိတယ် မမရယ်၊ သမီးပြန်ရောက်လာရင် ငွေ ဘာအခွင့်အရေးမှ မပေးတော့ဘူး၊ အဖေထားသလို နေပါစေတော့၊ ငွေလည်း မောင်နဲ့ ပြဿနာအဖြစ် မခံနိုင်တော့ဘူး။ ပြဿနာလည်း မဖြစ်ရဲပါဘူး၊ မမမောင်စိတ်အကြောင်း မမ သိသားပဲ၊ မမလည်း သမီးကို အလိုမလိုက်ပါနဲ့တော့''

''အေးပါကွယ် အေးပါ၊ သမီးပြန်လာဖို့ပဲ အရေးကြီးတယ်၊ သမီး ပြန်ရောက်လာရင် မောင်ဖော့်သဘောအတိုင်းပဲ၊ မမလည်း ခေါင်းမီးတောက်တာ မခံနိုင်တော့ဘူး ငွေရယ်''

ဒေါ်မမကြီးလည်း ဒါပဲ ပြောနိုင်တော့သည်။

သမီးသာ ပြန်လာပါစေ။

✿ ✿ ✿



## အခန်း (၂၆)

''ဖြစ်ပါ့မလား လင်းရယ်''

''ဘာလို့မဖြစ်ရမှာလဲ၊ ဖုန်းဆက်လိုက်ကတည်းက လင်း သူငယ်ချင်းတွေ အားလုံးစီစဉ်ထားပြီးဗျ''

''ဟွန်း လွှာကြောက်တယ်၊ ဒယ်ဒီသိသွားရင်''

ကြောက်စိတ်နဲ့ တုန်ခါခါဖြစ်နေတဲ့ လွှာရယ်။ ရှေ့ဆက် စကားဆိုခွင့် လင်းမပေးနိုင်တော့ပါ။

စူစူလေးဖူးနေတဲ့ လွှာ့နှုတ်ခမ်းကို လင်း လက်ညှိုးနဲ့ ကန့်လန့်ဖြတ်ပိတ်၍ ခေါင်းတစ်ချက် ယမ်းပြီး –

''လွှာ့ဒယ်ဒီအကြောင်း မပြောပါနဲ့ လွှာရယ်''



www.burmeseclassic.com

www.burmeseclassic.com



"မပြောလို့ရမလား၊ ဒယ်ဒီက သိပ်စိတ်ကြီးတာ၊ ခုတော ဘယ်လောက်ပေါက်ကွဲနေမလဲ မသိဘူး၊ လွှာ့ကြောင့် မာမီနဲ့ကြီးကြ လည်း"

လင်းရဲ့ချစ်စိတ်တွေက ထိန်းမရတော့ပါ။

လင်းနောက်လိုက်လာပြီးခါမှ လွှာက ဒယ်ဒီ၊ မာမီ၊ ကြီးကြ ဆိုတာတွေကို တရွတ်တည်း ရွတ်နေတော့၏။

ထိုသို့မရွတ်နိုင်အောင် လွှာ့နှုတ်ခမ်းလေးကို စိတ်ရှိတိုင်း တအာ နမ်းပစ်လိုက်သည်။

ဒီတော့ လွှာ့ဆီက စကားလုံးတွေတိတ်ကျကာ မျက်ရည်တွေ တသောသောကျလာသည်။ ထိုမျက်ရည်တွေက လင်းကို စိတ်ဆိုးလို မဟုတ်ဘူး လင်းနှလုံးသားက သိနေသည်။

လင်း နမ်းရှိုက်လိုက်မှ လွှာ့မျက်နှာလေး လင်းပခုံးထက် အာ ကိုးတကြီး မှီကျ၏။

လွှာ့မျက်ရည်ကို လင်းနှုတ်ခမ်းနဲ့ ခြောက်သွေ့စေပြီး–

"လင်းနဲ့လွှာ နှစ်ဦးသဘောတူလက်ထပ်ထားလိုက်ရင် လွှာ ဒယ်ဒီ ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူးလေ၊ လင်းတို့လက်ထပ်ထားမှ နီးစပ်နိုင်မယ်၊ မဟုတ်လို့ကတော့ လွှာ့ဒယ်ဒီအရိပ်အောက်က လွှာ ရုန်း ထွက်ခွင့်ရတော့မှာ မဟုတ်ဘူး၊ ဒီအခွင့်အရေးမျိုး ဒီတစ်ကြိမ်ပဲ ရနိုင် မယ် လွှာရဲ့၊ လင်းပြောတဲ့အတိုင်း လုပ်ရအောင်လား၊ နော် လွှာ၊ လွှာ နဲ့လင်း မဝေးချင်ဘူး၊ လွှာလည်း လင်းကို ချစ်နေတယ်မဟုတ်လား





င်းအစီအစဉ်အတိုင်း ခေါင်းညိတ်လိုက်ပါ လွှာရယ်"

လင်းက ဒါပဲ တတွတ်တွတ်ပြောရင်း ဖျောင်းဖျနေရှာသည်။

"ဟုတ်သားပဲ လွှာရယ်၊ ဒီအချိန်မှာ လွှာ့ဒယ်ဒီ လွှာ့ကိုမြင် ရင် တိုက်ပိတ်ထားလိုက်ဖို့ ဝန်မလေးဘူး၊ လွှာ့ဒယ်ဒီစိတ် လွှာသိနေတာ ဲ လင်းပြောတဲ့အတိုင်း လုပ်မလား"

လင်းသူငယ်ချင်း သန္တာလှိုင် မနေသာဘဲ ဝင်ပြောလာသည်။

"သန့်စင်မင်းတို့ တရားရုံးကိစ္စအားလုံး အဆင်သင့်လုပ်ထား ပြီ အခု သွားရမယ့်အချိန်လည်း နီးနေပြီ ရွှေရုပ်လွှာရဲ့၊ လာ အဝတ် အစားလဲပြီး သွားရအောင်"

မှုမှုခင်က လွှာ့ကို လင်းရင်ခွင်ထဲမှ ဆွဲယူသည်။ အဝတ်အစား လဲဖို့ကိုလည်း ဖွတ်ပဲ လုပ်တော့သည်။

"ကဲ လင်း ရှင်လည်း ဝတ်စုံသွားလဲချေ"

သန္တာလှိုင်က လင်းအတွက် ဝတ်စုံထည့်ထားတဲ့ လက်ဆွဲအိတ် ကိုထည့်ပေးသည်။ လင်းယူ၍ လွှာ့ကို ခေါင်းဆတ်ပြ၏။

အဝတ်လဲလိုက်ပါဆိုတဲ့ သဘောနဲ့ပါ။

လင်း အဝတ်လဲဖို့ အခန်းတစ်ခုထဲ ဝင်သွားသည်။ သန္တာလှိုင် က သူမရဲ့အခန်းထဲ လွှာ့ကို နှစ်ယောက်သား ဆွဲခေါ်ကာ အဝတ်အစား လဲစေသည်။

"ဒီကိစ္စ လက်ဦးထားမှ လွှာ့ရဲ့၊ ဟိုတွေးဒီတွေးနဲ့ ကြောက်အား ပိုနေလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ၊ လက်မှတ်မြန်မြန်ထိုးပြီးလေ စိတ်အေးရလေပဲ"

သန္တာလှိုင်နဲ့ မူမူခင် လွှာ့ကို ဘာမှပြောခွင့်မပေးတော့ပါ။ ... ယောက်သားပြောရင်း လွှာ့ကိုယ်ပေါ်က ဂါဝန်နေရာမှာ ပန်းနုရော... ပိုးချုပ်ဝတ်စုံလေး ပြောင်းလဲဝတ်စေသည်။

ပြီးတော့ လွှာ့ဆံပင်တိုလေးကို ဖြီးသင်ပေး၏။

မျက်နှာမှာလည်း မျက်ရည်တွေစင်အောင်သုတ်ပြီး မိတ်... ပါးပါးလိမ်းပေး၏။

မျက်ခွံနဲ့ ပါးမို့လေးမှာ ပန်းနုရောင်ကာလာလွှင်လွှင်လေး ဖြ... ကာ နှုတ်ခမ်းမှာလည်း ပန်းနုရောင်ဆိုးဆေး တင်ပေး၏။

မိနစ်ပိုင်းအတွင်း လွှာဟာ ပန်းနုရောင်ခြယ် သတို့သမီး... လှလေး ဖြစ်လျက်။

"အိုကေ"

မူမူခင်နဲ့သန္တာလှိုင် သဘောကျစွာကြည့်ရင်း ဆိုသည်။ လင်း... လည်း တိုက်ပုံ၊ ပုဆိုးနဲ့ဆိုတော့ လိုက်ဖက်ညီတဲ့ စုံတွဲလေးဖြစ်လို့သွား... ၏။

"လာ လွှာ၊ သွားကြရအောင်"

လွှာ ဘာမှငြင်းခွင့်ပြောခွင့် မသာ။ မျက်ရည်မကျအောင်သာ... ထိန်းလျက်။

မူမူခင်ပြောရင်း လွှာ့လက်ကလေးကိုဆွဲကာ လင်းလက်ထဲ... တယုတယ ထည့်ပေးသည်။ လင်း အားပေးပြုံးလေးနဲ့ဆွဲယူကာ လွှာ့မျ...





ရွှန်းကိုပါ သိုင်းဖက်သည်။

သန္တာလှိုင်နဲ့ မူမူခင် ရပ်ကြည့်မနေတော့ပါ။ ရှေ့က ဦးဆောင်သွား၏။

တရားရုံးမှာက လင်းသူငယ်ချင်းသုံးယောက် ကြိုရောက်လာကာ အားလုံးစီစဉ်ထားပြီးဖြစ်သည်။

လွှာ့ဘက်က သက်သေက မူမူခင်နဲ့ သန္တာလှိုင်။ လင်းဘက်က သန့်စင်မင်းနဲ့ ရောင်နီဦး။

လင်းသူငယ်ချင်း ရည်းစားများတဲ့ကောင်းကင်က ဒီတစ်ခါ လင်းကို အားအကျကြီး ကျနေပါသည်။

တစ်ခါမှ ရည်းစားမရဖူးတဲ့ လင်းက ရမယ့်ရတော့ ရည်းစားအဆင့်မျိုးမဟုတ်ပါ။

ချောချောလှလှ သတို့သမီးလေးဆိုတော့ အားကျစိတ်နဲ့ပဲ သူငယ်ချင်းအတွက် ကိုယ်ဖိရင်ဖိ ဆောင်ရွက်ပေးလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ငွေ"

ကားပေါ်က လွှားခနဲဆင်းကာ တုတ်ကောက်တထောက်ထောက်နဲ့ ဦးတည်လာတဲ့ ဦးအာကာဖော်။

ခေါ်လိုက်သံက မိုးခြိမ်းသံနှယ်။ ကြားရသူနားကို လန့်ဖျပ်တုန်တက်သွားစေသည်။

"အခု ဘယ်လိုလုပ်ကြမလဲကွ"

ဘာကို ဘယ်လိုလုပ်မှန်း မသိတော့ပါ။ စကားအဆက်အစပ်မရှိဆိုတဲ့နောက်မှာ ငွေနဲ့ဒေါ်မမကြီး ထိတ်ထိတ်လန့်လန့် ထသည်။

ငွေက မမကြီးကို အကာအကွယ်ယူရပ်ကာ မမကြီးကလည်း





တောက်မကို ကွယ်ရပ်လျက် မောင်ဖြစ်သူနဲ့ ရင်ဆိုင်သလို ရပ်လေပြီး

"ဘာလဲ မောင်ဇော်ရဲ့"

"ဘာရမလဲ၊ မမတူမလေ ဘယ်မှာမှ ရှာမတွေ့ဘူး။ ဟိုကောင်နဲ့ ပါသွားပြီတဲ့"

"ဘုရားရေ"

ဒေါ်မမကြီး ရင်ဘတ်ဖိ၏။ ဒေါ်ငွေပဝါက မရှိက်ဘဲ မျက်ရည်တွေ ကျလာသည်။ မီးဝင်းဝင်းတောက်နေတဲ့ မောင့်မျက်ဝန်းက ငွေ့ဆီနိုင်းခနဲ ပြေးလာလို့ပါ။

"အ အခု သ သမီးက ဘယ်မှာလဲ မောင်ဇော်"

ဒေါ်မမကြီး အရဲစွန့်မေးလျှင် –

"မတွေ့လို့ပေါ့၊ တွေ့ရင် မလွှယ်ဘူး။ တောက် သမီးမိုက်"

တုတ်ကောက်ကို ကြမ်းခင်းမှာ ဆောင့်ချရင်း ဝုန်းဝုန်းဒိုင်းဒိုင်း ပြောချလေသည်။

"သမီး မိုက်ဖာတ်ခင်းသွားတာ ငွေပဝါ၊ ငွေကြောင့်ကွာ"

မာဆတ်ပြတ်တောက်နေတဲ့ မောင့်စွပ်စွဲချက်တွေနောက်မှာ ငွေ့ကိုယ်လေး တုန်ခါသွားလေသည်။

ဖြစ်နိုင်ရင်လေ ငွေ့ကိုယ်လုံးလေးကို ပုရွက်ဆိတ်တစ်ကောင်လို သေးသေးလေးလုပ်ပြီး မောင့်ရှေ့ကနေ ပြေးထွက်သွားချင်မိသည်။

ခုတော့ တုတ်ကောက်တဆောင်းဆောင်းနဲ့ ကြမ်းခင်းကို ထုချလိုက် မြှောက်ကိုင်ပြီး ငွေ့ကို ရွယ်လိုက်နှင့် –



www.burmeseclassic.com

www.burmeseclassic.com



"ငွေ ငွေဟာ သမီးဘဝနုနုလေးကို အညွန့်ချိုးတဲ့မိခင်ပဲ၊ သမီး ဒီဇာတ်ခင်းသွားတာ မမမှာလည်း တာဝန်ရှိတယ်"

အစ်မဖြစ်သူကိုလည်း ဒီတစ်ခါ ချမ်းသာမပေးတော့ပါ။

သမီးထိ ဓားကြည့်ဆိုတာထက် အဆပေါင်းများစွာ လွန်ထ နေတဲ့ ဦးအာကာဖော်ရယ်။

"သေ သေချာလို့လား မောင်ဖော်ရယ်"

"သိပ်သေချာတယ်၊ ခေတ် သတင်းပေးတာ၊ ကျွန်တော်လည်း သူ့မိဘဆီ လိုက်သွားပြီး သူတို့သားရော သူငယ်ချင်းတစ်စုရော ပျောက် နေကြတယ်"

ဒေါ်မမကြီး ဗျာများသွားလေပြီ။

သမီးက ဒီအခြေအနေနဲ့ ဒီအတောအတွင်း ထိုမျှထိ စိတ်လိုက် မာန်ပါလုပ်ဖို့ မကောင်းဘူးဟုလည်း အပြစ်တင်သည်။

သမီးလုပ်သမျှက ငွေနဲ့မမအပေါ်မှာ အပြစ်ကွင်းလုံး ပုံကျနေ ပြီ မဟုတ်လား။

"တောက်၊ အဆင့်အတန်းမရှိတဲ့ကောင်၊ ဒီလိုကောင်နဲ့များ ပါသွားတာ ကျွန်တော် ရင်နာတယ် မမ၊ အဲဒီအလင်းသွေးဆိုတဲ့ကောင် ဘယ်သူလဲ မမသိလား၊ ငွေ မင်းရောသိရဲ့သား"

မမကြီးရှေ့က ပိတ်ကာထားတာတောင် မောင့်လက်တစ်ဖက် က ကျော်လွန်ကာ ငွေ့ပခုံးကိုတွန်းရင်း ဆိုလေသည်။

"ဟင့် ဟင့် ဟင့်"





ငွေ ငိုပဲချမိသည်။ ဘယ်သူဘယ်ဝါ ငွေမသိပါ။ မြင်လည်း မမြင်ဖူးပါ။ မမကြီးတော့ မြင်ဖူးသည်။ စကားပြောဖူး၏။

သွားဆရာဝန်ကောင်လေးတဲ့။

သမီးတို့သွားမှာ စိန်တပ်တာ ထိုသူငယ်ဆေးခန်းတဲ့။ ဒါပဲ သိသည်။

အခု မောင်မေးနေတာက မောင် မကျေနပ်တဲ့ တစ်စုံတစ် ယောက်နဲ့ ပတ်သက်နေသည့်နှယ်။

"ဘယ်သူလဲ မောင်ဖော်ရယ်၊ မမကို ပြောပါဦး"

ဒေါ်မမကြီးကပဲ မောင်ဖြစ်သူနဲ့ ယောက်မကြားမှာ မေးဟယ် မြန်းဟယ်နှင့် ဖြစ်ရချေပြီ။

"ဘယ်သူရမလဲ၊ ဟိုဖွတ်ကောင်လေ၊ ဘာလုပ်လုပ် အရှုံးယေား ထဲက ပေါက်တဲ့ ငနဲ၊ အဲဒီငနဲက အလင်းသွေးဖအောတဲ့"

"ဘုရား ဘုရား"

ဒေါ်မမကြီး ဘုရားအကြိမ်တစ်ရာလောက် တ,မိလေသည်။ ငွေခမျာ မျက်နှာမှာသွေးဆုတ်ကာ ဖြူဖျော့ပြီး ကိုယ်လုံးပါ ယိုင်ကျလု မတတ် ဖြစ်သွားလေသည်။

အလင်းသွေးက မောင် လုံးဝမနှစ်မြို့ဆုံးဖြစ်တဲ့ ဦးတင့်နိုင်ရဲ့ သားတဲ့။ ကိုယ်ကျိုးနည်းပါပကောလား။

ဦးတင့်နိုင်အကြောင်း ငွေ အမြဲကြားနေကျ။ မောင်ပြောပြသမျှ က ဦးတင့်နိုင်ဟာ စီးပွားရေးလာဘ်မရှိတဲ့ ဖွတ်သာသာကောင်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ –

ထိုဖွတ်ကောင်ရဲ့သားနဲ့မှ သမီးက ပါသွားရတယ်လို့။

''တောက်''

ဦးအာကာဇော် ဧည့်ခန်းထဲ တုတ်ကောက်တစ်ချောင်းနဲ့ စိတ်

လိုက်မာန်ပါ လျှောက်သလို အစ်မဖြစ်သူကိုလည်း ဒေါသထွက်၏။

''အခုမှ ဘုရားမတ,နဲ့ မမ၊ မမကြောင့် သမီး ဒီလိုဖြစ်တာ

မမတို့ အခွင့်အရေးပေးလို့ သမီးဘဝ အညွန့်ကျိုးတော့မှာလေ၊ မအေ

လုပ်သူလည်း ဘာထူးလဲ၊ သမီးပျိုတစ်ယောက်ကိုတောင် နိုင်အောင်

မထိန်းနိုင်တဲ့ မိန်းမ၊ အခု ဘယ်လိုလုပ်မလဲ ပြောစမ်း ငွေ''

''ဟင့် ဟင့် ဟင့်''

ငွေ ကျိတ်ငိုရုံ တတ်နိုင်တော့၏။ မောင့်မျက်နှာလည်း မကြည့်

ရဲရှာ။

''မောင့်သမီးကို သူများသားက ဘာညာဏ်နီညာဏ်နက်နဲ့ မေ

ပြေးရတာလဲ၊ စဉ်းစားကြည့်စမ်း၊ မမလည်း ခေါင်းနဲ့တွေးကြည့်''

လုပ်ငန်းသဘောအရ အရှုပ်အယှက်မဟုတ်ပေ။ မျက်နှာချင်

မဆိုင်ချင်တဲ့ လုပ်ငန်းရှင်နဲ့မှ ပတ်သက်နေရတဲ့အဖြစ်။

ဒေါ်မမကြီး ဆက်ပြီးလည်း မတွေးရဲတော့ပါ။ မောင်ဖြစ်သူ

ကိုလည်း တစ်ခုခု ပြန်မပြောသာတဲ့ အနေအထား။

''မောင်မရှိတဲ့ လေးလတာအတောအတွင်းမှာ သမီး လင်နဲ့

သွားအောင် အခွင့်အရေးထုတ်ပေးလိုက်တဲ့ ငွေ့စိတ်ကို မောင် ဘယ်လို





နားမလည်တော့ဘူး။ မောင်သိတာ တစ်ခုပဲရှိတယ်၊ အဲဒါ ဘာလဲ သိလား''

စိုက်ကြည့်ပြီးမေးနေတဲ့ မောင့်ကို ငွေ မော့မကြည့်ရဲပါ။ မမ

ကြီးကိုယ်နဲ့ ငွေ့မျက်နှာကို မကွယ်ကွယ်အောင် ရှောင်ရင်း ခေါင်းငုံ့

ကာ မျက်ရည်တွေပဲ သုတ်နေမိသည့်အဖြစ်။

''မောင်ဇော်''

ဒေါ်မမကြီးက မောင်ဖြစ်သူ ဘာပြောထွက်မလဲဆိုတာ ရိပ်မိ

တာကြောင့် ဟန့်တားသလို ခေါ်လျှင် –

''ဒီမှာ မမ၊ မမယောက်မက ကျွန်တော့်ရင်ဘတ်ကို ထက်ခြမ်း

ခွဲပစ်လိုက်တာ''

''မောင်ဇော်''

''မမ ဘာမှမပြောနဲ့၊ ကျွန်တော် သိတယ်၊ ကျွန်တော့်ကို

တစ်သက်လုံး ပြန်မပြော, နားမထောင်နဲ့ ရင်ကွဲအောင်လုပ်ခဲ့ပြီးပြီ၊

အခုလည်း သမီးကို ကျွန်တော်မရှိတာကို အခွင့်ကောင်းယူပြီး အခွင့်

အရေး ထုတ်ပေးတယ်၊ အဲသလို အခွင့်အရေးထုတ်ပေးပြီး ကျွန်တော့်ရင်

ကို ခွဲပစ်တာ၊ ဒီဒဏ်ရာတစ်ပိုင်းလင်ကို ဘာဂရုစိုက်စရာလဲ ဆိုတဲ့စိတ်

နဲ့လေ''

ပြောရင်း ရင်ကွဲစွာ ငိုချလိုက်တဲ့မောင်ဖြစ်သူ။ ဒေါ်မမကြီး

ရင်ထဲမှာ တကယ်ခံစားရလေသည်။

တစ်သက်လုံး ယောက်မနဲ့မောင် အစေးမကပ်တဲ့ အိမ်ထောင်

ရေးဂယက်ထဲမှာ ဒီအဖြစ်အပျက်က ဆိုးဝါးလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငွေက မျက်နှာကို လက်ဖဝါးနဲ့ဖိအုပ်ရင်း ငိုချ၏။

ငွေ တစ်ခါမှ မောင့်အပေါ် ဒုက္ခတလင်ရယ်လို့ မယူဆခဲ့ဖူးပါ။ ခုတော့ မောင်တင်တဲ့စွဲချက်က သိပ်ပြင်းထန်နေပါပြီ။

"ငွေ မင်း မောင့်ကို တစ်သက်လုံး အသံတိတ်စနစ်နဲ့ နာခံယောင်ဆောင်ပြီး တိုက်ခိုက်နေခဲ့တာ၊ မောင့်အသည်းနှလုံးကို ခွဲပစ်ဖို့ခဲ့မဟုတ်လား၊ ဟင်၊ ခုတော့"

ပြောရင်း တရှိုက်ရှိုက်ငိုချလိုက်တဲ့ ဦးအာကာဇော်။

"မောင့်မိန်းမ မောင့်အပေါ် ဒီလောက်ရက်စက်တတ်မယ်လို့ မောင် ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။ တကယ်ပါ၊ မောင် ဘယ်လိုမှ လက်မခံနိုင်ဘူး ငွေ၊ မောင့်ဘဝမှာ ရှားရှားပါးပါးရထားတဲ့ ဒီသမီးအပေါ် မောင် ဘယ်လောက်ချစ်မြတ်နိုးတယ်၊ မောင် ဘယ်လောက် အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်ပြီး ထိန်းသိမ်းခဲ့တယ်ဆိုတာ ငွေ သိလျက်နဲ့ အချိန်တိုအတောအတွင်းမှာ ပိပိရိရိ ငွေ ရက်စက်ပြလိုက်တာ မောင် တကယ်မခံစားနိုင်တော့ဘူးကွ"

ဦးအာကာဇော်ပြောရင်း စိတ်က လွင့်စဉ်သွားကာ လက်ထဲက တုတ်ကောက်လည်း လွတ်ကျ၏။

တစ်ကိုယ်လုံးလည်း ပြိုဆင်းကာ ဆိုဖာပေါ် ဖရိုဖရဲကျလို့ သွားသည်။

"သမီး"

ပေါက်ကွဲလွင့်စဉ်သော အသံနက်နဲ့ သမီးကို အသံကုန်ခေါ်ကာ





"သမီးမာမီက ဒယ်ဒီ့အသည်းကို တကယ်ခွဲလိုက်ပြီတဲ့"

ငွေ ဘယ်လိုဖြေရှင်းချက်ပေးရမှာလဲကွယ်။

"ငွေ မင်း မောင့်ဆီက နောက်ထပ် ဘာတွေလိုချင်သေးလဲ၊ ယူပြီး ထွက်သွားပါတော့၊ မောင် တောင်းပန်တယ်ကွာ၊ မင်းလိုတာယူပြီး သွားပါတော့ကွာ"

"ဟင့် ဟင့် ဟင့်"

ဒေါ်ငွေပဝါ ရှိုက်ကြီးတငင် ငိုကြွေးလျက်။

အယူခံနိုင်ခွင့်မရှိတဲ့ နှလုံးသားဟာ နှင်ထုတ်သံတွေနောက်မှာ မျောပါသွားလေပြီ။

"ဟဲ့ ဟဲ့ ငွေ"

ဒေါ်မမကြီး ယောက်မနောက် ပြေးလိုက်သွားမိသည်။

"သမီး"

မောင်ဖြစ်သူရဲ့အသည်းကွဲ ရင်ကွဲခေါ်လိုက်တဲ့ ငိုရှိုက်သံနောက်မှာ ဒေါ်မမကြီးခြေလှမ်းက မောင်ဖြစ်သူဆီ ပြန်ရောက်၏။

"မောင်ဇော်"

ရင်ဘတ်ကို လက်သီးနဲ့ထုရင်း တကယ့်ကို ရင်ကွဲပက်လက် ငိုကြွေးနေရှာတဲ့ မောင်ဖြစ်သူအပါးမှ အစ်မဖြစ်သူ ဘယ်လိုမှ မခွာရက်တော့ပါ။

ဒေါ်မမကြီးလည်း မောင်ဖြစ်သူ ရင်ပွင့်ထွက်အောင် မချိမဆံ့ ခံစားနေရတာကိုကြည့်ရင်း တကယ်ပင် ဖြေမဆည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ငွေဟာ တကယ်ပဲ မောင်လေးအသည်းကိုခွဲချင်လို့ သမီးကို အခွင့်အရေးပေးခြင်းနဲ့ တုံ့ပြန်လိုက်တာလား။

ဘုရား ဘုရား။ ဒီလိုမဟုတ်ပါစေနဲ့။

မောင်လေးဟာ ဒုက္ခိတတစ်ပိုင်းဖြစ်နေတဲ့အပေါ်မှာ အစ… အရာရာမှာ စိတ်ခံစားချက်ဟာ သာမန်နဲ့မတူပါ။

အထူးသဖြင့် သမီးအပေါ်မှာ အကဲဆုံးပဲ။ မောင်လေးဘ… အတွက် အရေးကြီးဆုံးက ဒီသမီးလေး။

ဒီသမီးလေးကို မောင့်ရဲ့စီးပွားရေးလုပ်ငန်းတွေထဲ မျက်စိတ… ကျနဲ့ တိုးဝင်ဖို့ကြိုးစားနေတဲ့ ဦးတင့်ခိုင်ရဲ့သားနဲ့ ငြိသွားအောင် ငွေ… လမ်းကြောင်းခင်းပေးလိုက်တာဆိုရင်။

အမယ်လေးလေး –

ဒေါ်မမကြီးလည်း မောင်ဖြစ်သူနည်းတူ တကယ်ရင်ကွဲရပါပြီ…

✿ ✿ ✿



## အခန်း (၂၈)

"မဟုတ်သေးဘူးအေ၊ ငွေ့ယောက်ျား သိပ်တရားလွန်နေတာကွဲ့"

ဒေါ်ဖြိုးပဝါ မခံချိမခံသာ ပြောဏ်။ ပြောရင်းလည်း ညီမဖြစ်သူကို အားမလိုအားမရ ဖြစ်လာသည်။

"နေပါဦး၊ ငွေက ဘာမှပြန်မပြောတတ်ဘူးလားဟင်"

"မမဖြိုးရယ် ငွေက မောင်မရှိတုန်း သမီးကို နည်းနည်းလေး အလိုလိုက်မိတယ်၊ အဲဒါကြောင့် သမီးဟာ"

"တော်စမ်းပါ"

ဒေါ်ဖြိုးပဝါ ဝိတ်ပြောဏ်။ ငွေ ဘာမှပြန်မပြောတော့ပါ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းရတိုင်း မျက်ရည်လည်သည်။ စိတ်ထိခိုက်ရတိုင်းလည်း ငွေ့ရင်မှာ အားငယ်ကာ ငိုချမိသည်သာ။

အဲဒါကိုပဲ ဖြိုး မကျေနပ်ချင်ပါ။

"ဒီမှာ ငွေ၊ ငွေက ယောကျ်ားကို ကိုးကွယ်နေတာထက် လက်ညှိုးထောင် ခေါင်းညိတ်နဲ့ ပုတ်သင်ညိုလို ဆက်ဆံတာ ငွေ့အား နည်းချက်ပဲ၊ သိရဲ့လား"

"ပြောပါတော့ မဖြိုးရယ်၊ ငွေလေ မှားသွားတယ်၊ ငွေ တကယ် မှားတာပါ၊ ခုတော့ သမီးက ငွေ့ရင်ကို စုံကန်ပြီး ပြေးထွက်တာ၊ အဲ့ အတွက် ငွေ တကယ်ခံစားရတယ်၊ ပြီးတော့ မောင်စွပ်စွဲတာတွေက သိပ်ပြင်းလွန်းတယ် မဖြိုးရယ်"

"နေပါဦး၊ မောင်ဇော်စွပ်စွဲတဲ့အတိုင်း ငွေက ရည်ရွယ်ခဲ့တာ လား"

"မဟုတ်တာဘဲ မဖြိုးရယ်၊ ငွေ ဘာလို့ရည်ရွယ်ရမှာလဲ၊ ငွေ သိတောင်မသိဘူး။ လင်းကို မြင်လည်းမမြင်ဖူးဘူး။ လင်းဖအေ ဘယ်သူ ဆိုတာ ပိုပြီး မသိဘူးလေ"

"အေး ငွေမသိတာကို မသိတဲ့အကြောင်း ငွေ့ယောကျ်ားရှေ့ မှာ ငွေ မပြောရဲဘူးမဟုတ်လား"

"ဒါကတော့ မမရယ်"

ဒေါ်ငွေပဝါ အသံလေး တိမ်ကျသွားသည်။

လင်ယောကျ်ားအပေါ် လိုတာထက် ပိုကြောက်နေတဲ့ ညီမစိတ် ကိုလည်း ဒေါ်ဖြိုးပဝါ အားမရပါ။

ဆိုဖာပေါ် ကျုံ့ကျုံ့လေးထိုင်နေရှာတဲ့ ညီမကို ဒေါ်ဖြိုးပဝါ ထက်တစ်ဖက်ခါးထောက်မတတ် ရပ်ပြီးငုံ့ကြည့်၏။

"အဲဒါကြောင့် ညည်းယောကျ်ား ညည်းအပေါ် ပိုပြီးပါဝါပြ နေတာ ငွေရဲ့"

မဖြိုးစကားလုံးနောက်မှာ ငွေ မျက်လွှာချမိသွားသည်။ မဖြိုးက ငွေနဲ့ အယူအဆမတူပါ။ အရာရာကို မထင်ရင် မထင်တဲ့အတိုင်း ပြော တတ်ဆိုတတ်သည်။ ပြောချင်တာကိုလည်း ဆိုးဆိုးဆတ်ဆတ် ထုတ်ပြောဖို့ လုံးဝ ဝန်မလေးသူဖြစ်သည်။

အထက်အောက် ညီအစ်မအရင်းဖြစ်ပေမယ့် မဖြိုးလို ငွေ့စိတ် မာကျောမနေတာ ငွေ့ရဲ့ မွေးရာပါ ဗီဇ။

ထိုဗီဇကိုပဲ မဖြိုးက ငွေ့အပေါ် မကျေနပ်ဆုံး။

"ဒီမှာငွေ အခုဖြစ်တဲ့ ငွေတို့မိသားစုကိစ္စကို ပြန်ကြည့်စမ်းပါ၊ ရေးကြီးခွင်ကျယ်ဖြစ်ရလောက်တဲ့ ဘာအကြောင်း ရှိလို့လဲ"

ငွေ မျက်တောင်လေးပုတ်ခတ်ကာ မဖြိုးကို နားမလည်စွာ မော့ကြည့်သည်။ မဖြိုးက လက်တစ်ဖက် ခါးပေါ်ထောက်၍ ငွေ့ရှေ့ကနေ ခေါက်တုံ့ခေါက်ပြန်လျှောက်လျက် ပြောလေသည်။

"လှာလေးသွားမှာ စိန်ပွင့်အလှဆင်တာ ဘာဖြစ်လဲ၊ ခေတ်က ဒီလိုဆန်းသစ်လာလို့ မြင်တာလေး၊ ခေတ်အပျိုမလေးပဲ၊ ခေတ်ပေါ်တဲ့ အတိုင်း အလှအပဆင်တာ သဘာဝမကျပေဘူးလား။ သဘာဝကျတာကို







www.burmeseclassic.com

www.burmeseclassic.com



သဘာဝမကျမြင်နေတဲ့ ငွေ့ယောက်ျားစိတ်က သိပ်လွန်ကဲနေတယ်၊ ငွေ့အပေါ် အချိန်နဲ့အမျှ မီးတောက်နေတာ သိသိကြီးနဲ့ ငွေ ခေါင်းငုံ့ခံနေတာ မဖြိုး အံ့ဩတယ်၊ တယ်လည်းမကျေနပ်ဘူး၊ ခုတော့ ဖြစ်တာက တစ်မျိုး၊ ကဲသရမ်းပြီး ကြမ်းပြလိုက်တော့ ဆိုကျိုးက တသီတတန်းကြီး မဟုတ်ဘူးလား၊ အဲဒါကိုပဲ သူ့ကြောင့်လို့ သူ့မမြင်ဘဲ ငွေ့ကြောင့်လို့ လက်ညှိုးငေါက်ငေါက်ထိုးတာ အလွန်ဆုံးပဲ ငွေ''

''မဖြိုးရယ်''

''တော်တော့ ငွေ၊ ဒီကိစ္စ မဖြိုး ဝင်ပါရတော့မယ်၊ ဘယ့်နှယ်တော် မယားကို ခွေးလိုပဲ ရိုက်ပုတ်မောင်းထုတ်တာ မဖြိုး ရင်နာလို့မဆုံးဘူး''

ဆူလောင်ပွက်ထနေတဲ့ မမစိတ်ကို ငွေ နားလည်ပါသည်။ တစ်ဦးတည်းရှိတဲ့ ညီမကို မောင်းလား ထုတ်လား၊ ရိုက်လား ပုတ်လား ဆိုတော့ အစ်မဖြစ်သူ မခံနိုင်တာ သဘာဝကျပါသည်။

ဒါပေမဲ့ –

ငွေက မဖြိုးလို ပြောတတ်ဆိုတတ်ထဲက မဟုတ်ဘူးလေ။ ပြီးတော့ မောင့်ကို ဘယ်တုန်းကမှ ခွန်းတုံ့မပြန်ဖူးခဲ့ပါ။

မောင်နဲ့ပတ်သက်ပြီး တစ်စထက်တစ်စ မဖြိုးဘက်က တင်းမာလာလေသည်။

ဒီတင်းမာမှုကို ငွေ ဘယ်လိုလုပ်ရကောင်းမှန်းလည်း မသိတော့ပါ။





''ဖြိုး''

ဦးတင်မောင်လတ် ဖန်းသည့်နဲ့ ခယ်မရှိရာ နားနေခန်းထဲ တန်းဝင်ခဲ့၏။

ခဲအိုကိုမြင်တော့ အားကိုးတကြီး မော့ကြည့်သည်။ မဖြိုးက တင်းမာတာကို လျှော့မချဘဲ ဆိုသည်။

''ပြော၊ ကိုလတ်က ဘာပြောချင်တာလဲ''

ဖြိုးက ထုံးစံအတိုင်း ဆူပွက်နေချိန်မှာ ခင်ပွန်းသည်သော ဘာသော မငဲ့နိုင်။ ငွေ့ကိစ္စထဲ ဝင်မပါနဲ့လို့ ကြိုတင်ပြီး ခင်ပွန်းသည် ပြောထားတာ ရှိတယ်မဟုတ်လား။

ဝင်မပါလို့ ရမလား။

ညီမအရင်းခေါက်ခေါက်လေ။ ခုလည်း ဘာပြောမလဲမှ မသိတာ။ ခေါင်းတစ်ချက် ယမ်းလေပြီ။

''ဖြိုးရယ် အာကာဇော်က သူ့သမီးသူ တုန်နေအောင် ချစ်တာလေ၊ ခုလိုဖြစ်သွားတော့ သူ စိတ်ဘယ်ပြေနိုင်မလဲ၊ သူ့ဘက်လည်း နားလည်ပေးမှပေါ့ကွာ၊ ဖြိုး စိတ်အတိုင်း ထင်ရာလုပ်မနေပါနဲ့ကွာ''

''ဘယ်လို ကိုလတ်''

မဖြိုးက ယောက်ျားကို ငွေ့လို တုန်နေအောင်ကြောက်တာမျိုး မဟုတ်။

ငွေ့ဘက်ကနေ ကိုလတ်ဘက် လှည့်လေသည်။ ကိုလတ်က ပြေရာပြေကြောင်းကိုပဲ လိုလားတာကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေကွာ၊ စိတ်တိုတုန်း, ဒေါသဖြစ်တုန်းဆိုတော့ လင်မယားချင်း ရိုက်ပုတ်မိတာလေ၊ ဒါကို ဖွဲယူလို့ရမလား"

"ဪ ရှင်က ယောက်ဖဘက်ကပေါ့၊ ဟုတ်လား"

"ကျွတ် ဖြိုးရာ"

ယောက်ဖတော်သားလို့ မဖြိုးပြောလိုက်တော့ ကိုလတ် မျက်နှာ ပျက်ကျသွားသည်။ မဖြိုးက မလျှော့တဲ့ဟန်နဲ့ လေသံမြှင့်၍ ဆိုချေသည်။

"ဒီမှာ ကိုလတ် ဒေါသထွက်တိုင်း မယားကို ရိုက်ပုတ်လို့ရ သလားဟင်၊ ပြဿနာဖြစ်တာ ဘာကြောင့်လဲ, ဘယ်လိုဖြေရှင်းမလဲဆို တာ လင်မယား မညှိနှိုင်းဘဲနဲ့ ထင်ရာစိုင်းနေတဲ့ အာဏာဖော်စိတ်ဟာ အခုမှ မဟုတ်ဘူး၊ တစ်သက်လုံးငွေ့ကို နှိပ်စက်နေခဲ့တာလေ၊ မပြော ချင်လို့ ဝင်မပါချင်လို့ စောင့်ကြည့်နေခဲ့တာ၊ အသက်အရွယ်ရလာလေ ပိုဆိုးလာလေနဲ့၊ ဒီတစ်ခါ အဆိုးဆုံးပဲ၊ ဒါကို ကိုလတ် သိသိကြီးနဲ့"

ဖြိုးက ငွေ့လိုမဟုတ်ပါ။

စိတ်ဆတ် စိတ်ထက်မှန်း ဦးတင်မောင်လတ် သိသည်။ မြေ ရာပြေကြောင်းဖြစ်ချင်လို့ ဝင်ပြောခါမှ အခြေအနေပို၍တင်းမာကာ။

"ကိုလတ် ပြောတာက"

"ဖြိုးသိတယ်"

ဦးတင်မောင်လတ် စကားပင်ဆုံးအောင် မပြောရသေးပါ။ မဖြိုး ပြတ်ပြတ်ပြောလေသည်။





"ခက်တယ်ကွာ ဖြိုးနဲ့တော့"

"ကိုလတ် ဖြိုးကို မတားပါနဲ့၊ ဖြိုးဝင်ပါတာ အာဏာဖော် သူ့ စိတ်သူ ပြန်ဖတ်မိစေဖို့ပါ၊ ဘယ့်နှယ်တော် နေရာတကာ သူချည်း မီး ဟောက်နေတာ၊ ကျန်တဲ့သူ နေစရာတောင်မရှိဘူး၊ ရှေ့ဆက် သူမီး ဟောက်နေရင် မခက်ပေဘူးလား၊ ဒါကြောင့် ဖြိုး ဝင်ပါရမှာ၊ ဝင်ပါရတာ လည်း အကြောင်းမဲ့မဟုတ်ဘူး၊ ညီမအတွက် တူမအတွက် အိုး သူ့ မိသားစုအတွက်ပဲ"

ဒေါ်ဖြိုးပဝါ ရင်ထဲကရှိတဲ့အတိုင်း ထုတ်ပြောရင်း ခြေလှမ်းတွေ ရှေ့ဆက်သွားလေသည်။

နောက်ဆုံးတော့ ခဲအိုလည်း တားမနေတော့။

မဖြိုး သဘောအတိုင်း လက်လျှော့ကာ မပြောသာဘဲ ရှောင် ထွက်သွားလေပြီ။

ငွေလည်း ဘာမှမတတ်နိုင်တော့ပါ။ မဖြိုး ဝင်ပါရင် မောင် ဘာတွေပြောမလဲ၊ ငွေ့အပေါ် ပိုပြီးတင်းမာသွားမလား။

ဒါပဲတွေးလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"သားနဲ့သမီးကို မိသားဖသားပီပီ ပြန်အပ်ခွင့်ပေးပါ ကိုဇော် ကျွန်တော်တို့ လူကြီးစုံရာနဲ့ လာအပ်ပါ့မယ်"

"ဟုတ်ပါတယ်ရှင်၊ မင်္ဂလာကိစ္စကိုလည်း ဦးအာကာဇော် ဖြစ်စေချင်တဲ့အတိုင်း မိုးတို့လုပ်ပေးပါ့မယ် ဦးအာကာဇော်"

အလင်းသွေးရဲ့ဖခင် ဦးတင့်ခိုင်နဲ့မိခင် ဒေါ်မိုးမိုးစန်း။

ဦးအာကာဇော် ပြန်လက်ခံစေဖို့ အောက်ကျခံလာပြောကြ သည်။ ဒေါ်မမကြီးက ပြေလည်ရေးကိုပဲ ရှေးရှုပါ၏။

မောင်ဖြစ်သူက ညှိသည်တွေကို ညှိခံစကားပြောဖို့နေရေ သာသာ မျက်နှာချင်းလည်း မဆိုင်။ ညှိခန်းဝမှရပ်လျက် ရှုတင်းတင်





ကြီး စိုက်ကြည့်၏။

"မောင်ဇော်"

ဒေါ်မမကြီး မျက်နှာချိုသွေးကာ ညှိသည်ရှေ့ထိုင်နေရာမှ ထ,ကာ မောင်ဖြစ်သူဆီ လာသည်။ မမကြီး ဘာပြောမလဲဆိုတာ ဦးအာ ကာဇော် ကြိုသိနှင့်တာကြောင့် –

"မမ ဝင်မပါပါနဲ့၊ ကျွန်တော် အပြတ်ပြောပြီးသား"

မောင်ဖြစ်သူ ပိတ်ပြောလျှင် ဒေါ်မမကြီး ထပ်မပြောရဲရှာ။ သူမ,မောင်စိတ်ဟာ ဘယ်အတိုင်းအတာထိ ပြင်းရှနေလဲဆိုတာ ဒေါ်မမ ကြီး သိနှင့်နေသည် မဟုတ်လား။ နလောလောဆယ် ညှိသည်တွေရှေ့ မှာ မောင်နှမ စကားအချေအတင်ဖြစ်နေလို့ မသင့်တော်။

ဒါကြောင့် ဒေါ်မမကြီး ခြေလှမ်းပြန်ဆုတ်ရလေသည်။

"ကိုဇော်"

ဒေါ်မမကြီး ခြေလှမ်းဆုတ်ချင်းချင်း ဦးတင့်ခိုင် ခေါ်သည်။

ထိုင်နေရာမှ ဦးအာကာဇော်ရှေ့ကို ဦးတင့်ခိုင်ထလာလျှင် ဦး အာကာဇော် မျက်နှာမဲ့ကာ တည့်တည့်စိုက်ကြည့်ပြီး–

"ဒီမှာ ခင်ဗျားကို ကျုပ်ပြောပြီးသား၊ ခင်ဗျားသားကို ကျုပ် မလိုချင်ဘူး။ ကျုပ်လိုချင်တာ ကျုပ်သမီးပဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲရှင်"

ဦးတင့်ခိုင်ဇနီး ဒေါ်မိုးမိုးစန်း ထပြောသည်။ ထိုအခါ ဦးအာ ကာဇော် အံကြိတ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မိကျောင်းမင်း ရေခင်းလာမပြန်နဲ့၊ ကျုပ်က ဒါ ဒါပဲ၊ ကျုပ်သမီး ကျုပ်ရဲ့အုပ်ထိန်းမှုအောက်က မလွတ်ကင်းသေးဘူ ကျောင်းတက်နေတုန်း ရှိသေးတာကွ၊ ကျုပ်သမီးကို ခင်ဗျားတို့ ဆေ ဆောင်ဖြားယောင်းပြီး သိမ်းသွင်းတိုင်း ကျုပ် လက်ခံလိမ့်မယ်လို့ လုံ မထင်လိုက်လေနဲ့၊ ဥပဒေအရ တိုင်တောပြီး ဖမ်းလားဆီးလား ကျ မလုပ်ချင်လို့ ကျုပ်သမီးတစ်ယောက်တည်းကို လာပို့ခိုင်းတာ၊ ခင်ဗျာ တို့ထင်သလို မင်္ဂလာကိစ္စ, ဘာကိစ္စကို ကျုပ်နဲ့လာညှိဖို့ အချိန်ပေ ထားတာ မဟုတ်ဘူး"

ဦးအာကာဇော်စကားနောက်မှာ ဦးတင့်ခိုင်တို့ဇနီးမောင်နှ မျက်နှာပျက်သွား၏။

အားကိုးတကြီးမျက်လုံးနဲ့လည်း အခြေအနေကို တိတ်ဆိတ်စွာ စောင့်ကြည့်နေတဲ့ ကိုစိုးသန်းတို့ဇနီးမောင်နှံကို ငဲ့ကြည့်သည်။

ကိုစိုးသန်းက ဦးအာကာဇော်နဲ့ ပုဂ္ဂိုလ်ရေးအရ အလွမ်းသင့် သူ မဟုတ်လား။

ကိုစိုးသန်း ခေါင်းဆတ်၍ ထိုင်နေရာမှ ထလာပြန်သည်။

"ကိုဇော်"

လို့ ပုံမှန်သံနှင့် ခေါ်သည်။

ဦးအာကာဇော်မျက်နှာ ပိုလို့ပင် တင်းမာသွားလေပြီ။ ကိုစိုး သန်းကို ငဲ့ကြည့်လျက် –

"ကိုစိုးသန်း ခင်ဗျားနဲ့ကျုပ် မိတ်မပျက်ချင်ဘူး"





"မဟုတ်သေးဘူးလေဗျာ"

"တောက် ကိုစိုး"

ကိုစိုးသန်း ဖွတ်ပြောဖို့ ရင်ဆိုင်ပါသည်။ ဦးအာကာဇော် ဆုတ်ကောက်သံ အကျယ်ကြီးထွက်လာသလို ခြေလှမ်းလည်း ရှေ့တိုး လာသည်။ တောက်လည်းခတ်ပြီး အသံကျယ်ကြီးနဲ့ နာမည်ကို ဆောင့် ခေါ်၏။

ဦးစိုးသန်းရင်ထဲ တင်းမာသွားပေမယ့်

"ကိုဇော်ရာ ကိုတင့်ခိုင်အပေါ်မှာ လုပ်ငန်းသဘောအရ အမြင် ကြည်တာနဲ့ပဲ"

"တော်စမ်းပါ"

ဦးစိုးသန်း စကားအဆုံးထိ ပြောခွင့်မရလိုက်ပါ။ ဦးအာကာ ဇော် ဖြတ်တောက်ပြောသလို၊ မိုးတိုးမတ်တတ်ဖြစ်နေတဲ့ ဧည့်သည် အားလုံးကို တစ်ပတ် ပတ်လျှောက်လေပြီး –

"ကျုပ် အမြင်မကြည်တာ စီးပွားရေးကိစ္စပါ၊ ကျုပ်သမီးကိစ္စ နဲ့ ဘာမှမပတ်သက်ဘူး"

"လူငယ်ချင်း ဖြစ်သွားကြပြီပဲ ကိုဇော်ရယ်"

ကိုစိုးသန်းဇနီး ဒေါ်ဝေမြင့်လွင် တစ်ခွန်းဝင်ပြောလေသည်။ ထိုအခါ ဦးအာကာဇော် နာကျင်မဲ့မဲ့ရယ်ပြီး –

"အေး အဲသလို ဖြစ်သွားတာကို လက်မခံနိုင်တာကွ"

ကိုစိုးသန်း ခေါင်းတွင်တွင်ယမ်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် သိပ်ဆန်လွန်းနေတဲ့ ဦးအာကာဇော်ကို ညေ့် သည့်အားလုံး စိတ်မသက်မသာနဲ့ ကြည့်ကြသည်။

ဒေါ်မမကြီးလည်း မောင်ဖြစ်သူ ထင်တိုင်းကြဲနေတာကို သဘော မကျချင်ပါ။

ကောင်လေးဘက်က မိကောင်းဖခင်သားသမီးပီပီ ဂုဏ်သိက္ခာ ရှိရှိ ပြန်အပ်တာကို လက်ခံလိုက်ချင်သည်။

မောင်ဇော်က ထိုသို့မဟုတ်ဘဲ –

"ကျုပ်သမီး ငယ်ငယ်ရွယ်ရွယ်နဲ့ လင်ရသွားတာ ကျုပ်မယား အထိန်းအသိမ်း ညံ့လို့၊ အေး ပြီးတာပြီးပြီးရောဆိုပြီး ကျုပ်က တခြာ ဖအေလိုတော့ လက်သင့်ခံဖို့မရှိဘူး။ ပြဿနာမဖြစ်အောင်ဘဲ ကျုပ် လိုက်လျောနိုင်မယ်၊ ကျုပ်လိုချင်တာ ကျုပ်သမီးပဲ၊ ကျုပ်သမီး ဘာကြီး ဖြစ်ဖြစ် ကျုပ်မမှုဘူး။ ခုချက်ချင်း ကျုပ်သမီးကို လာပို့ကြ၊ ကျုပ်မြင်ချင် တာ သမီးမျက်နှာတစ်ခုတည်းပဲ၊ ဘယ်မျက်နှာကိုမှ အပိုမမြင်ချင်ဘူး ဒါ ကျုပ်ရဲ့နောက်ဆုံးစကား၊ ခင်ဗျားတို့အားလုံး သွားကြတော့၊ ကျုပ် သမီးကို ဝှက်လား၊ ပုန်းနေစေလားနဲ့ တစ်ခုခုလုပ်ထားမယ်ဆိုရင် ခင်ဗျား သား ထောင်နန်းစံရလိမ့်မယ်၊ ခင်ဗျားတို့ကိုလည်း ကြံရာပါတွေအနေနဲ့ ဆွဲစိပ်စိပ်ဖို့ ကျုပ်ဝန်မလေးဘူး၊ ဒီလောက်ဆို ကျုပ်သဘောထား ဖြူသ လား၊ ပြာသလားဆိုတာ ကောင်းကောင်းသဘောပေါက်၊ ဒါပဲ"

ဦးအာကာဇော် အပြင်းအထန်ပြောဆိုကာ ဧည့်သည်အားလုံး ကို ကျောခိုင်းသွားလေသည်။





ဒေါ်မမကြီးခမျာ မောင်ဖြစ်သူဘက် လိုက်ရမလိုလို၊ ဧည့်သည် တွေကိုပဲ ပြေရာပြေကြောင်း ပြောရမလိုနဲ့ ဗျာများလို့သွားသည်။

ဧည့်သည်တွေလည်း ဣန္ဒြေမဆည်နိုင်။ ပျက်ကျသွားတဲ့မျက် နှာကို မပြင်အား။ စိတ်ပျက်သလို အားပျော့ကာ ခြေလှမ်းတွေ နောက်ပြန် လည်ကုန်၏။

ဒေါ်မမကြီးခမျာ စိတ်ထိခိုက်လွန်းလို့ ငိုချင်လာသည်။

ဧည့်သည်တွေကိုလည်း ကားပေါ်ထိ လိုက်မပို့ဖြစ်တော့ပါ။ ဧည့်သည်တွေ သူတို့ဘာသာသူတို့ ထွက်သွားလျှင် ပေါ်တီကိုအဝမှာ ဒေါ်ဖြိုးပဝါနဲ့ ဆုံသည်။

ဒေါ်ဖြိုးပဝါ ရပ်နေခဲ့တာ ကြာပါပြီ။

ညီမယောက်ျား ဧည့်သည်တွေအပေါ် ဘယ်လိုတုံ့ပြန်မလဲလို့ အသံတိတ်စောင့်ကြည့်နေတာလေ။

ထင်သည့်အတိုင်း အဆုံးအထိ အတ္တတံခွန် လွှင့်နေတဲ့စကား လုံးတွေ တဒိုင်းဒိုင်းကြားနေလေ အံကြိတ်လေနှင့်။

ဒေါ်ဖြိုးပဝါတစ်ကိုယ်လုံး တောင့်တောင့်မတ်မတ်ဖြစ်ကာ မေးရိုး သွပ်မတတ် အံကို ကြိတ်၊ လက်သီးကို ကျစ်ကျစ်ဆုပ်၏။

ဧည့်သည်တွေလည်း ဒေါ်ဖြိုးပဝါကို စကားဦးမသန်းနိုင်တော့ ပါ။ အခွင့်အရေး လုံးဝမရှိတော့တာ သေချာသွားပြီမို့ ကိုယ်စီ ကားပေါ် တက်၏။ ဒေါ်ဖြိုးပဝါက ဧည့်ခန်းထဲ တန်းဝင်သည်။

ဖြိုးကိုမြင်တော့ ဒေါ်မမကြီး ခေါင်းယမ်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြို့ပဝါက ဘာဆိုတာ သိနှင့်နေပေမယ့် မမူနိုင်တော့ဟဲ နဂါးမှန်းသိအောင် အမောက်တော့ ထောင်ပြရမယ်မဟုတ်လား။

မောင်ဇော်ဝင်သွားတဲ့ စာဖတ်ခန်းဆီ တန်းဝင်သွားလေပြီး

"မောင်ဇော်"

ဟု ပြတ်ပြတ်သားသား ခေါ်သည်။

ဦးအာကာဇော် စာအုပ်စီရိရှေ့ တောင့်တောင့်ကြီးရပ်နေရာမှ လှည့်မကြည့်ဘဲ မရီးတော်မှန်း သိလိုက်တာကြောင့် –

"မမြို့ ဘာပြောချင်လို့လဲ"

ဟု အသံမာနှင့်မေးသည်။

ဒေါ်မြို့ပဝါ ဒေါသထွက်ကာ အသားများပင် တုန်ချင်ချင်ဖြစ်၏။ ကျောခိုင်းထားတဲ့ အာကာဇော်ရှေ့ ဆိုးဆိုးဆတ်ဆတ်သွားပြီး မျက်နှာချင်းဆိုင်သည်။

"ဒီမှာ မောင်ဇော် နင့်အတ္တတွေက ဒီလောက်ထိ မီးတောက်နေဖို့ မကောင်းဘူး။ သိရဲ့လား"

"မမြို့နဲ့ ဘာဆိုင်လို့လဲ"

"အလို"

ဒေါ်မြို့ပဝါ အသက်ရှူရပ်မတတ် အံ့ဩသွား၏။

"ဘာဆိုင်လို့လဲ၊ ဟုတ်လား မောင်ဇော်"

ဦးအာကာဇော် မမှုတဲ့မျက်နှာပေးနဲ့ပဲ –

"ဟုတ်တယ်လေ၊ မမြို့နဲ့ ဘာဆိုင်လဲ၊ ကျွန်တော့်သမီးကိစ္စ





ကျွန်တော်ကြိုက်သလို ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်"

"ဪ"

ဒေါ်မြို့ပဝါ ခနဲ့သံသဲ့သဲ့ထွက်ကာ လက်တစ်ဖက် ခါးထောက်ပြီး ပြောသည်။

"ကျွန်တော့်သမီးမို့ ကျွန်တော် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်ပေါ့၊ ရတယ်လေ အဟင့် ရတယ်၊ ဆုံးဖြတ်လိုက်၊ အေး မမြို့လည်း ဘာမဆို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မမြို့စိတ်ကြိုက် မမြို့ဆုံးဖြတ်မယ်၊ ဒါပဲ"

ဒေါ်မြို့ပဝါ ကြော်ငြာပြီး ကျောခိုင်းသွားလေသည်။

သွားပေါ့။ ဦးအာကာဇော် မမှု။ မျက်နှာကို မော့ထားလိုက်သည်။

သမီးနဲ့မယားကြားထဲ ဘယ်သူ ကြားဝင်ရှုပ်လို့ရမလဲ။

သတ္တိရှိရင် ရှုပ်ကြည့်စမ်းပါ။ အာကာဇော် ဘာဆိုတာ သိသွားစေရမယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"လွှာရယ်၊ ရှင် သိပ်မိုက်တာပဲကွယ်"

သရဖီမိုး မကျေမချမ်းပြောလေသည်။ ဖူးဖူးသစ်က ခေါင်းတယမ်းယမ်းနဲ့ လွှာ့ကို မကြည့်ဘဲဆိုပြန်သည်။

"မိန်းကလေးဆိုတာ တစ်ခုခုဖြစ်သွားရင် သိက္ခာဆည်လို့ရတော့တာ မဟုတ်ဘူး၊ ကိုယ့်ဖအေကို ရင်မဆိုင်ရဲတာနဲ့ ယောကျ်ားတစ်ယောက်ကို တိုးတိုးတိတ်တိတ် လက်ထပ်ရယ်လို့ဟာယ်၊ အခုတော့ ပြဿနာက မငြိမ်းတဲ့အပြင် ပိုဆိုးနေပြီမဟုတ်လား"

"ပြောပါတော့၊ ဟင့် ဟင့် ဟင့်"

လွှာ စိတ်လျှော့ကျကာ ငိုလို့ချည်းနေမိတော့သည်။





နှလုံးသားမှာ အချစ်တွေ၊ သာယာလှိုက်မောဖွယ် ခံစားချက်တွေဆိုတာထက် တလှိုက်လှိုက် ဝမ်းနည်းမဆုံးဖြစ်ရသည်က အကြောင်းမဲ့ ဟုတ်ရိုးလား။

လွှာ့ကြောင့် မာမီ အရိုက်ခံရပြီးပြီ။

ခုတစ်ခါ လွှာ့ကြောင့်ပဲ မာမို့ခမျာ အန်တီဖြိုးတို့ဆီမှာ ရှောင်နေရတဲ့အဖြစ်။ ဒါတင် ဘယ်ကဦးမလဲ။

"လွှာ့ဒယ်ဒီက လက်မခံတာထက် ပိုဆိုးတယ်"

ဒယ်ဒီ့သဘောထားကို လင်း ထုတ်ပြောလျှင် –

"ဘာဖြစ်လို့လဲ လင်းရယ်"

"လွှာ့ကို လွှာ့ဒယ်ဒီလက်ထဲမအပ်ရင် လင်းကို တရားစွဲမယ်တဲ့၊ ပြီးတော့ လင်းမိဘကိုလည်း အလိုတူ အလိုပါတဲ့၊ ပြီးတော့ ဖြားယောင်းမှုနဲ့ ဆွဲစေမယ်တဲ့လေ"

"အဲဒါ ဘယ်လိုလုပ်မလဲဟင်"

"လုပ်ချင်ရာ လုပ်ပါစေ၊ လင်းတော့ လွှာ့ဒယ်ဒီနဲ့ တဲ့ရင်ဆိုင်မယ်"

"ဟင်"

လွှာ မျက်လုံးပြူးကာ ခေါင်းယမ်းလေပြီ။

"မဖြစ်နိုင်တာဘဲ လင်းရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

လင်း မခံချင်စိတ်နဲ့ပြောခဲ၏။ လွှာ မျက်ရည်လေးများ စဲသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ လင်းက ဘာလို့မဖြစ်နိုင်ရမှာလဲတဲ့။

တကယ်လည်း မဖြစ်နိုင်တာ လွှာ သိတယ်။

ဒယ်ဒီက ပြောရင်ပြောတဲ့အတိုင်းလုပ်ဖို့ ဝန်လေးသူ မဟုတ်ပါ။ လင်းကလည်း ပြောတဲ့အတိုင်းလုပ်ဖို့ တာဆူနေသူ။

လွှာ့လက်ဖဝါးနှစ်ဖက်ကို သေချာဆုပ်ကိုင်ပြီး ပြော၏။

"လင်း ဖြစ်အောင်လုပ်မယ်၊ လွှာ့ဒယ်ဒီ လက်ခံတဲ့အထိ လင်း ကြိုးစားမယ်၊ လွှာ ဘာမှမကြောက်နဲ့"

"အိုး မကြောက်လို့ရမလား။ ခုတောင် ဒယ်ဒီ ဘယ်လောက် ပြင်းထန်နေလဲဆိုတာ လင်း သိနေတာပဲ၊ လွှာ ဆုံးဖြတ်ပါရစေ"

"ဘာ၊ လွှာ ဆုံးဖြတ်မယ်"

"ဟုတ်တယ်၊ လွှာ ဆုံးဖြတ်မယ်"

"လွှာက ဘယ်လိုဆုံးဖြတ်မှာလဲ"

"ဟင့် ဟင့် ဟင့်"

လွှာ ဝမ်းနည်းတကြီး ငိုချကာ လင်းလက်နှစ်ဖက်ကို တင်းအောင်ဆုပ်ထားမိသည်။

"ပြောလေ လွှာ၊ လွှာ ဘယ်လိုဆုံးဖြတ်မှာလဲ"

စိုးရိမ်စိတ်နဲ့ လင်း အလောတကောမေး၏။ လွှာ တရှိုက်ရှိုက် ငိုနေရင်းနှင့် လွှာကိုယ်လေးကို လင်းရင်ခွင်ထဲ တိုးဝင်မိ၏။

မျက်နှာကို လင်းရင်ခွင်အလယ်မှာ အပ်နှံကာ –

"လွှာ လွှာလေ ဒယ်ဒီ့ဆီကို လွှာ တစ်ယောက်တည်း ပြန်





သွားမယ်"

"ဘာ ဘယ် ဘယ်လို"

လင်း အထိတ်တလန့် မေးလေသည်။ ရင်ခွင်မှာ အပ်နှင်းထားတဲ့ လွှာမျက်နှာလေးကို ဆွဲယူပြီး ဆက်တိုက်မေးလေသည်။

"ပြန်ပြောပါဦး လွှာ၊ လွှာ ဘာပြောလိုက်တယ်"

စိုက်ကြည့်နေတဲ့ လင်းမျက်လုံးနဲ့ လွှာ အဆိုင်မခံ။ မျက်နှာကိုလည်း လင်းရင်ခွင်နဲ့ ထိုးဝှက်လျက် –

"လွှာလေ"

"ဆက်မပြောနဲ့ လွှာရယ်၊ လွှာတစ်ယောက်တည်း သွားစရာမလိုဘူး၊ လွှာ့ကို လင်း မခွဲနိုင်ဘူး၊ ချစ်ခဲ့တာ တစ်ခဏတာအတွက်မဟုတ်ဘူး၊ ဘဝတစ်သက်လုံးအတွက်လေ လွှာရဲ့"

လင်း ရှေ့ဆက်ပြောခွင့် မပေးနိုင်တော့ပါ။

ဒါပေမဲ့ နောက်က ထွက်ပေါ်လာမယ့် ခွဲခွာခြင်းစကားလုံးတွေကို လင်း နားမဆင်လို။

ထိုအခါ လွှာ့ကိုယ်လေးကို တင်းအောင်ပွေ့ဖက်၏။ တစ်ဆက်တည်း နှုတ်ခမ်းချင်း အပ်ထားလိုက်သည်က အတန်ကြာ။

လွှာ့ထံမှ ရင်ခုန်လှုပ်ရှားသော ရှိုက်သံလေးမှတစ်ပါး စကားလုံးတွေထွက်မလာတော့မှ နှုတ်ခမ်းလေးကို ပြန်ရုပ်သိမ်းကာ –

"လင်း ရင်ဆိုင်မယ် လွှာရယ်၊ လွှာ့ဒယ်ဒီ လက်ခံတဲ့အထိလေ လွှာ ဘာမှတွေးကြောက်မနေပါနဲ့၊ လွှာ့ရှေ့မှာ လင်းရှိတယ်၊ လင်းက



www.burmeseclassic.com

www.burmeseclassic.com



လွှာတဝအတွက် မားမားမတ်မတ်ရပ်တည်သွားမယ့် ယောက်ျားပါ၊ လင်းကို လွှာ ယုံကြည်လိုက်ပါ၊ နော် လွှာ၊ လင်း ကြိုးစားမယ်၊ စိတ်အားမငယ်နဲ့ ကြောက်စိတ်လည်း မဝင်နဲ့၊ ဖြစ်လာပြီးမှ ရင်ဆိုင်ရုံပေါ့၊ နော် လွှာ၊ တိတ်၊ လင်းရင်ခွင်ထဲမှာ အနားယူလိုက်''

ပြောရင်း တတွတ်တွတ်ချော့မြူနေရှာတဲ့ လင်းရယ်၊ စကားလုံးတွေက နုလုံးသားခွန်အားပြည့်သလို ချိုသာသိမ်မွေ့ပြီး ဆွဲအားတွေပါနေသည်။

လွှာ့ဆံပင်တိုလေးကို တသသပွတ်သပ်ကြင်နာရင်း ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို ပွေ့ပိုက်ချော့မြူနေတော့ လွှာ ဖွင့်ပြောဖို့ ခဲယဉ်းသွားလေသည်။

''လင်းနဲ့လွှာ ဘာကြောင့်မှ အခွဲမခံနိုင်ဘူး လွှာရယ်၊ လွှာ့ကို လင်း ချစ်တယ်၊ လင်းအချစ်တွေက အရာရာကို ရင်ဆိုင်သွားဖို့ပဲ၊ လွှာ့အတွက် လင်းတို့ချစ်ခြင်းအတွက် လင်း၊ သတ္တိရှိရှိ ရင်ဆိုင်သွားမယ် လွှာရယ်''

လင်းပြောလိုက်တိုင်း လွှာ့မှာ ဘယ်လိုမှ ဆင်ခြေပေးလို့ မရတော့တဲ့ အနေအထား။

လင်း ရင်ဆိုင်မယ်လို့ပြောပေမယ့် လင်းနဲ့ဒယ်ဒီ ထိပ်တိုက်တွေ့ကြရင် ပိုဆိုးသွားမယ်ဆိုတာ ပြေးကြည့်နေစရာ မလိုဘူး။

တွေးကြည့်ရုံနဲ့ လွှာ သိပါတယ်။ ဒါကြောင့် လောလောဆယ် လွှာ ငြိမ်သက်နေလိုက်မိသည်။





လင်းက ဒယ်ဒီနဲ့တွေ့ဖို့ အခွင့်အရေးရအောင် လင်းတို့တိုက်ထဲက လွှာ ထွက်ပြေးခဲ့မိသည်။

ခွင့်လွှတ်ပါ လင်းရယ်။

✿

ဒယ်ဒီ့အတွက် ဆုံးဖြတ်လိုက်တာလေ။ မှားလား၊ မှန်လား ဆိုတာထက် ဒယ်ဒီစိတ်ကျေနပ်ဖို့ အရေးကြီးတယ်မဟုတ်လား။

လွှာ့ကိုမြင်တော့လေ ဒယ်ဒီ့ခမျာ ဝမ်းသာလွန်းလို့ မျက်ရည်တသောသောကျရှာတဲ့အဖြစ်။

''သမီးရယ် နောက်တစ်ခါ ဒယ်ဒီရင်ကွဲအောင် မလုပ်ပါနဲ့ကွယ်၊ သမီးဟာ ဒယ်ဒီ့အသက်, ဒယ်ဒီ့အသည်းနှလုံးပါ၊ သမီးအတွက် ဒယ်ဒီ ရှင်သန်နေတာ၊ သမီးဘဝ လိုလေသေးမရှိအောင် ဒယ်ဒီ ကြိုးစားခဲ့တာလေ၊ ဒယ်ဒီ့ရင်ခွင်ထဲက သမီးထွက်သွားရင် ဒယ်ဒီ ရင်ကွဲပြီး သေရချည့်ရဲ့ ကလေးရယ်၊ သမီးလေး သိပ်ငယ်သေးတယ်ကွယ်၊ ငယ်သေးတယ်၊ သမီးအရွယ်လေးဟာ ပညာသင်နေရမယ်၊ ဒယ်ဒီ့ရင်ခွင်မှာ ငြိမ်းငြိမ်းချမ်းချမ်း ခိုလှုံရမယ်လေ၊ နော် သမီး၊ ပြီးခဲ့တာကို ပြီးခဲ့တဲ့အတိုင်း ထားလိုက်တော့၊ ဒယ်ဒီမြင်ချင်တာ သမီးမျက်နှာတစ်ခုတည်းပဲ၊ သမီး ဒယ်ဒီ့ရင်ခွင်ထဲ ပြန်ဝင်လာတာ ဒယ်ဒီ ဝမ်းအသာဆုံးပဲ သမီးရဲ့၊ ဟင့် ဟင့် ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



လွှာ့ကို ကလေးပေါက်စလို ပွေ့ပိုက်ဖက်ထားရင်း တယုတယ ပြောနေတဲ့ ဒယ်ဒီရယ်။ မျက်ရည်တွေလည်း ကျ။ နှလုံးသားများလည်း ကြည်နူးတွတ်ပျံနေရှာတဲ့ အဖြစ်။

လွှာ တကယ်စိတ်မကောင်း ဖြစ်ရလေသည်။

ဒယ်ဒီ့ကို အရင်က ကြောက်စရာလို့ မြင်ခဲ့ပေမယ့် ခုတော့ ချစ်ခင်တွယ်တာစရာ၊ သနားငဲ့ညှာစရာအဖြစ် ပြောင်းလဲခံစားမိလေသည်။

မေတ္တာနဲ့ ရွှန်းလက်စိုရွှဲနေတဲ့ ဒယ်ဒီ့မျက်ဝန်းဟာ လွှာ့တစ်မျက်နှာတည်းကိုသာ ထာဝရကြည့်ချင် မြင်ချင်စိတ်တို့ဖြင့် မီးတောက်နေခဲ့သည် မဟုတ်လား။

ဒယ်ဒီ့ရင်ထဲက မီးတောက်ဟာ လွှာ့အတွက်ကြောင့် ဖြစ်တည်လာတာဆိုတော့ ထိုမီးတောက်အတွက် ဖြေသိမ့်စရာရနိုင်တဲ့ တစ်ခုတည်းသောခံစားချက်က ဒယ်ဒီ့ရင်ခွင်ရိပ်မှာ လွှာ ရှိနေဖို့ပဲလေ။

ဒါကြောင့်မို့ လွှာဟာ ဒယ်ဒီ့သဘောအတိုင်းပေါ့။

"လွှာ့ကြောင့် ဒယ်ဒီ မျက်ရည်ကျရတာ လွှာ စိတ်မကောင်းဘူး၊ စိတ်ချပါ ဒယ်ဒီရယ်၊ လွှာ မမိုက်တော့ပါဘူး။ ဟင့် ဟင့်၊ လွှာလေ ဒယ်ဒီ့ရင်ခွင်ရိပ်မှာပဲ နေတော့မယ်၊ ဒယ်ဒီပြောသလို လွှာက ကလေးပဲ ရှိပါသေးတယ်၊ လွှာ ရှေ့ဆက် လိမ်လိမ်မာမာနေပါ့မယ် ဒယ်ဒီရယ်၊ ဟင့် ဟင့် ဟင့်"

လွှာ့နှလုံးသားမှ ယိုစီးကျလာတဲ့ မျက်ရည်တွေနဲ့ရင်းကာ လွှာ လှိုက်လှိုက်လှဲလှဲ ကတိပေး၏။





ဒယ်ဒီ့မှာ ဝမ်းသာမဆုံးနိုင်ဖြစ်လျက် –

"ဒါမှ ဒယ်ဒီ့သမီးအစစ်ကွ"

ဟု လွှာ့ကို တယုတယ ပွေ့ဖက်ရင်း မေတ္တာခွန်အားအပြည့်နဲ့ ဒယ်ဒီ ရွတ်ဖလေသည်။ လွှာလည်း ဒယ်ဒီ့ရင်ခွင်မှာ မျက်နှာလေး အပ်နှင်းကာ။

ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား ခွဲခြားမသိသော ခံစားချက်နောက်မှာ မျက်ရည်များက စမ်းချောင်းလေးသဖွယ် တသွင်သွင် စီးကျလို့နေပါသည်။

ဒါပေမဲ့ –

လွှာဟာ အပျိုစင်လေးမဟုတ်တော့ဘူးဆိုတဲ့အသိက လွှာ့နှလုံးသားကို လှိုက်စားကာ။

လင်းအချစ်တွေနဲ့ ငြိစွန်းခဲ့တဲ့ ရင်ခွင်လေးက ခုတော့ အသည်းကွဲမီးတောင်လိုပဲ။

စက္ကန့်မလပ် ပူလောင်လျက်ရှိနေပြီလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဟင့် ဟင့် ဟင့်"

အန်တီဖြိုးရဲ့ ခနဲ့သံသဲ့သဲ့ရယ်သံကို ဦးစွာကြားရ၏။ ထိုရယ်သံက ဒယ်ဒီ့ကို မကျေနပ်တဲ့စိတ်နဲ့ ပေါ်ထွက်လာတဲ့ ရယ်သံဖြစ်မှန်း လွှာ သဘောပေါက်ပါသည်။

ဒါပေမဲ့ လွှာ သည်းခံကာ –

"အန်တီဖြိုးရယ် လွှာ မာမီနဲ့ပြောမလို့၊ မာမီရောဟင်၊ လွှာ ဒယ်ဒီ့ဆီ ပြန်ရောက်နေပြီလေ၊ မာမီကို လွှာ့ဆီပြန်လာဖို့၊ အဲဒါ"

"ဟွန်း ဒီမယ် မိန်းမရှုပ်လွှာ၊ ညည်းတို့ သမီးနဲ့ဖအေကြောင့် အန်တီဖြိုးညီမ စိတ်ဆင်းရဲရဖြစ်တာ ညည်းတစ်သက်မက





တော့ဘူး၊ သိရဲ့လား၊ ရှေ့ဆက် ငွေ့ကို စိတ်ချမ်းချမ်းသာသာရှိစေဖို့ အန်တီဖြိုးပဲ တာဝန်ယူတော့မယ်၊ ငွေမရှိရင်လည်း ညည်းတို့သားအဖ နေလို့ဖြစ်တာပဲ၊ နေကြပေါ့၊ နောက် ဘယ်တော့မှ ငွေ့ဆီ ဖုန်းမဆက်နဲ့ ဒါပဲ"

"ဂျလောက်"

အပြတ်ပြောပြီး ဖုန်းခွက်ကိုဆောင့်အောင့်ချပစ်လိုက်တဲ့ အန်တီဖြိုး။ လွှာ့နားထဲ ဆူညံသွားသလို လွှာ့မျက်နှာလေးလည်း ပျက်၏။

"တောက်"

လွှာ မျက်နှာပျက်သွားတာ ဘာကြောင့်မှန်း ဒယ်ဒီရိပ်မိဟန် တူသည်။ ထိုင်နေရာမှ ဝုန်းခနဲထကာ တောက်ခတ်၏။

ဒေါ်မမကြီးလည်း ရိပ်မိကာ လွှာ့လက်ထဲက ဖုန်းခွက်ဆွဲယူသည်။ ဖြိုးဆီ ချက်ချင်း ဖုန်းပြန်ခေါ်သည်။

ဖုန်းဝင်သွားပေမယ့် ဒေါ်ဖြိုးပဝါ မကိုင်တော့မှန်း ဒေါ်မမကြီး နားလည်သွား၏။

ဖြိုးဘက်က တင်းမာနေမှန်း လက်တွေ့သိရတော့ ဒေါ်မမကြီး စိတ်မှာ မသာမယာဖြစ်လို့သွားသည်။ သမီးလေးမျာလည်း မျက်ရည် လေးလည်လို့။

ဖအေကလည်း ဒေါသနဲ့ တင်းမာကာ –

"ဒါ သက်သက်မဲ့ မဖြိုး ကုလားဖန်ထိုးနေတာ၊ ငွေ့ကို ဒီအတိုင်း ထိန်းချုပ်ထားလို့ ရလား မမ၊ ငွေ့မှာ လင်ရှိတယ်၊ သမီးရှိတယ်၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနဲ့ မဖြိုး ရင့်သီးနေတာ ကျွန်တော် သည်းမခံနိုင်ဘူး တောက် ကွာ''

ဦးအာကာဇော် အံကြိတ်ပြီး ကျယ်ကျယ်လောင်လောင် ရေ... လေသည်။ ဒေါ်မကြီးခမျာ မောင်ဖြစ်သူကို ဘယ်လိုဖျောင်းဖျရကော... မှန်း မသိတော့ပါ။

သမီးက ဒေါ်မကြီးပခုံးစွန်းမှ ခေါင်းလေးမှေးတင်ရင်း –

''လွှာကြောင့်ပေါ့နော်၊ ကြီးကြီးရယ်''

လို့ စိတ်မချမ်းမြေ့စွာ ပြောလေသည်။

''နေဦး၊ တွေ့မယ် မဖြိုး''

ဆိုပြီး အံတကြိတ်ကြိတ်နဲ့ ဦးအာကာဇော် ထွက်သွားလေ... သည်။ တပည့်တွေခေါ်ပြီး ထွက်သွားရှာတဲ့ မောင်ဖြစ်သူကားလေး မြ... ကွင်းထဲက ပျောက်ကွယ်သွားသည်အထိ ဒေါ်မကြီး ရင်တမမနဲ့ ကြည့်... ရှာသည်။

လွှာက အင့်ခနဲရှိုက်ကာ ငိုချ၏။

ဒေါ်မကြီးရင်ခွင်မှာ မငြိမ်းနိုင်တော့ပါ။ ရှေ့ဆက် ဘာဖြစ်... ကြမလဲ။ ဒါပဲ တွေးရင်း မီးလောင်နေကာ။

✿

မဖြိုး၊ တောက် ကွာ။





ဦးအာကာဇော် ခံပြင်းစိတ်ပေါက်ကွဲလျက် တောက်ခတ်မဆုံး ...ိုင်အောင် ရှိလေပြီ။

သမီးကိစ္စ သူ့ဘာသာသူ စိတ်ကြိုက်ဆုံးဖြတ်တာ မဖြိုးနဲ့ ဘာ ဆိုင်လဲ။

သူများလင်မယားကြားမှာ ဒီလိုပဲ ခြယ်လှယ်လို့ရသလား။ တွေးရင်း တွေးရင်း ဒေါသက မပြေယ်နိုင်။

သူ့ဘဝမှာ ဒီသမီးနဲ့ဒီမယားသာ အရေးအကြီးဆုံး။ သမီးကို ကိုယ့်ရင်ခွင်ရိပ်မှာ ပြန်ထားတာ ဘယ်သူ့ကို ထိခိုက်စေလို့ မဖြိုး ဒီလို ဆုံးဖြတ်ရတာလဲ။

''ငွေ ဟုတ်လား၊ ဟွန်း၊ လာမမေးနဲ့ အာကာဇော်၊ ငွေ ဘယ်မှာလဲလို့ ဘယ်တော့မှ လာမမေးနဲ့''

''ဟာ မမေးလို့ရမလား မဖြိုး၊ ငွေက ကျွန်တော့်မယား''

''ဘယ်လို၊ မင်းမယား ဟုတ်လား''

ဒေါ်ဖြိုးပဝါ ပခုံးလေးဆန့်ကာ ငေါ့တော့တော့မေး၏။ ဦးအာ ကာဇော် အံကြိတ်၍ တုတ်ကောက်ကို တင်းအောင်ကိုင်ထားလျက်နဲ့ မဖြိုးရှေ့ ခြေတစ်လှမ်းတိုးလေပြီး –

''မဖြိုး မခန့်နဲ့လေဗျာ၊ သမီး ပြန်ရောက်နေပြီ၊ သမီးအတွက် ငွေရှိမှဖြစ်မယ်''

''မင်းအတွက်ရော''

မဖြိုး မေးထိုးလျက်မေးသည်က ခံရခက်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ အာကာဇော်၊ မင်းအတွက်ရော ငွေ့ရှိဖို့ မလိုအ
ဘူးလား"

"တောက်"

ဦးအာကာဇော် သည်းမခံနိုင်အောင် တင်းမာသွား၏။ မျက်
ကြီး ညှိမှောင်ကာ ဒေါက်တည်ရာမဖြစ်တဲ့စိတ်နဲ့ တစ်ကိုယ်လုံး ယိုင်
ဖြစ်ချင်သွားသည်။

တုတ်ကောက်ကို အားပြုဖိထောက်ရင်း ခြေလှမ်းတွေ ယော
ချာချာဖြစ်လေသည်။

ဒေါ်ဖြိုးပဝါကတော့ အထက်စီးကနေ ဦးအာကာဇော်ကို
ပြေနပြေ စိုက်ကြည့်ပြီး -

"ဒီမှာ အာကာဇော် ဘယ်ကိစ္စကိုမှ ကိုယ့်စိတ်ကိုယ့်သဘော
ဆုံးဖြတ်လို့မရဘူး။ နောက်ပြီး ကိုယ့်ဆုံးဖြတ်ချက်က ဆုံးဖြတ်ခံရသူအ
အကျိုးသက်ရောက်မှု ဘယ်လောက်ရှိတယ်၊ အဆိုးသက်ရောက်မှု ဘ
လောက်ရှိတယ်ဆိုတာ ချိန်ဆတတ်ဖို့ အရေးကြီးတယ်၊ အေး မင်း
ဘယ်တုန်းကမှ အဆိုးနဲ့အကျိုး ချိန်ဆတတ်တဲ့စိတ် မရှိခဲ့ဘူး၊ အရာ
ကို မင်းစိတ်နဲ့မင်း ဆုံးဖြတ်ခဲ့ပြီးပြီ၊ အဲဒီအတွက် မင်းမှာ ဘာရလဒ်
ဖြစ်ပေါ်စေသလဲ၊ ခေါင်းသုံးပြီး စဉ်းစားကြည့်"

"ကျွတ် မဖြိုး ဘာတွေလာပြောနေတာလဲ၊ ကျွန်တော်လာ
မဖြိုးဒိုင်ယာလော့ခ်ကို နားဆင်ဖို့ မဟုတ်ဘူး၊ ငွေ့ကိုခေါ်ဖို့"

"ငွေ့ကို ခေါ်ဖို့ ခေါ်လေ၊ အဟင့် ငွေ့ အခု ဘယ်မှာလဲ"





"ဟင်"

ဒေါ်ဖြိုးပဝါကို ဦးအာကာဇော် မျက်လုံးစိမ်းကြီးနဲ့ စိုက်ကြည့်
နေသွားသည်။ ဒေါ်ဖြိုးပဝါက မျက်နှာကိုမဲ့လျက် မျက်စမျက်နန့် ပြော
ပြန်သည်။

"ပြောလေ၊ ငွေ့က မဖြိုးဆီမှာ ရှိနေတယ်လို့ ထင်နေသလား။
ထင်ရင် တစ်တိုက်လုံးအနှံ့ ရှာကြည့်လေ၊ တွေ့ရင် ခေါ်သွားလေ မင်း
မယားမဟုတ်လား၊ ဟင့် ဟင့် ဟင့်"

ခနဲ့တဲ့စကားလုံးတွေက မျက်နှာပေးနဲ့ ဟန်ချက်ညီညီ နွဲ့ခါပြီး
ပြောနေတဲ့ ဒေါ်ဖြိုးပဝါရယ်။

ဦးအာကာဇော် ကြည့်ရင်း ဘာကိုမှ နားမလည်နိုင်အောင်ဖြစ်
တာ ခနီးခနဲ့ခြေလှမ်းနဲ့ မဖြိုးရှေ့ ထပ်မံတိုးလာပြီး -

"မဖြိုး ဘာတွေပြောနေတာလဲ၊ ငွေ့က ဒီမှာမဟုတ်လား"

"မင်း လာပို့ထားလို့လား အာကာဇော်၊ ငွေ့ ဖြိုးနားမှာ ရှိနေ
ရအောင်လေ"

"ဘယ် ဘယ်လို မဖြိုး"

ဦးအာကာဇော် တစ်ကိုယ်လုံး တောင့်မတ်သွား၏။ ဆံပင်တွေ
လည်း ထောင်တက်သွားလေသည်။

ဒေါ်ဖြိုးပဝါကတော့ မော့ထားတဲ့မျက်နှာကို ပြန်မချသေးဘဲ-

"ဟုတ်တယ်လေ၊ မင်းစိတ်ထဲမှာ ငွေ့ကို မဖြိုးက ချုပ်ကိုင်ထား
တယ်၊ ဝှက်ထားတယ်လို့ ယူဆထားရင် မှားသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါ ဒါဆို ငွေက၊ ငွေ ဘယ်မှာလဲ"

"မင်းမယားကို မဖြိုးတို့က လိုက်ထိန်းကျောင်းမနေဘူးမေ...

မင်းဘာမင်း ရှာကြည့်၊ တွေ့ရင်ခေါ်သွား၊ ဒါပဲ"

ဒေါ်ဖြိုးပဝါ ဒါပဲပြောကာ ကျောခိုင်းသွား၏။

ဦးအာကာဇော် ဘာလုပ်လို့လုပ်ရမှန်းမသိ ဆွဲဝေသွား...

ရင်ဘတ်ထဲမှာ ခုမှ မီးဟုန်းဟုန်းတောက်သွားလေသည်။

ငွေ။ ငွေ ဘယ်မှာလဲ။

ဒါပဲ ယပ်တလဲလဲရှပ်ကာ မဖြိုးတို့ ဟိုက်တစ်တိုက်လုံး ...

အောင်ရှာလေသည်။ မတွေ့ရလေ ရင်မှာ မီးဟောက်လေ။

မဖြိုးဆီမှာမရှိရင် ငွေ ဘယ်မှာရှိနိုင်မလဲ။

ဦးအာကာဇော်ဦးနှောက်က ဒါပဲမေးကာ ရထားခုတ်သံ...

ရင်မှာ တဂျိန်းဂျိန်းမြည်လေသည်။

✿ ✿ ✿



## အခန်း (၃၂)

"ဘာလဲ ကေရဲ့"

"အို၊ ကိုဇော်သမီး ရွှေရုပ်လှှာကိစ္စလေ"

ဦးအာကာဇော် ခြေလှမ်းတွေ တန့်သွားပါသည်။

သူငယ်ချင်းကောင်းသစ်နဲ့ ကောင်းသစ်ဇနီး ကေကေမို့။ သူ့သမီးအကြောင်း နောက်ကွယ်မှာ ဘာပြောချင်ကြတာလဲ။ ဘာရယ်ရှယ်ချက်နဲ့လဲ။

ကောင်းသစ်ဆီ သူရောက်လာတာ အလည်အပတ်မဟုတ်ပါ။ ငွေ့ကို လာရှာခြင်းရယ်။ ကေကေက ဖက်ရှင်ဆိုင်ကြီး ဖွင့်ထား၏။

ငွေ့ကို ကေကေ့ဆိုင်က ဖက်ရှင်တွေ စိတ်ကြိုက်ကြည့်ပါ။ ရှိ...



www.burmeseclassic.com

www.burmeseclassic.com



ဖက်တာကို ရွေးဝယ်ပါလို့ သူပြန်မလာခင်ကတည်းက ပြောထားတာ ရှိသည်။

နောက်ပြီး သူမရှိတဲ့အတောအတွင်း ဘယ်ကိုမှ မသွားမလာနဲ့လို့ တားခဲ့ပါသည်။ သို့သော် သူငယ်ချင်းလင်မယားဆီ အချိန်မရွေး ဝင်ထွက်ပါ။ ရင်းရင်းနှီးနှီး ပြောဆိုပါ။

သမီးအတွက် သူငယ်ချင်းနှစ်ယောက် သဘောတူတိုင်ပင်ထားတာရှိတဲ့အတွက် ခေတ်သစ်နဲ့လည်း နွေးနွေးထွေးထွေး ဆက်ဆံပါ။ ဘာညာ ညွှန်ကြားထားတယ်လေ။

ခုလို သမီးကိစ္စ မထင်မှတ်ဘဲဖြစ်သွားချိန်မှာ သူကိုယ်တိုင် လောင်ကျွမ်းနေတယ်မဟုတ်လား။

ငွေ့ကိုလည်း သတိလက်လွှတ် ပစ်ထားခဲ့သည်။

ပစ်ထားတယ်ဆိုတာထက် မဖြူးဆီ ရောက်နေတယ်ဆိုတဲ့အသိနဲ့ စိတ်ချလက်ချဖြစ်နေခြင်း။

ခုတော့ ထင်သလိုဖြစ်မလာ။

မဖြူးဆီမှာမရှိရင် သေချာပေါက် ကောင်းသစ်တို့လင်မယားဆီမှာ ရှောင်နေမယ်လို့ တွက်ဆမိသည်။

ဒါကြောင့် ရောက်လာခဲ့ခြင်း။

ကောင်းသစ်နဲ့ကေက ပစ္စည်းတွေလှောင်ထားတဲ့ စတိုခန်းမှာ ရှိနေမယ်လို့ မန်နေဂျာကောင်မလေးပြောတာနဲ့ သူ တိုက်ရိုက်ဝင်လာခဲ့ခြင်း။





အခန်းက ထောင့်ကွက်ကျသလို မှန်ဗီရိုမြင့်မြင့်ကြီးတွေနဲ့ ပစ္စည်းတွေကို အကန့်လိုက်ထည့်သိုထားတာကြောင့် သူဝင်လာသည်ကို သိရှိ...န်မဟုတ်။

သူတို့ပြောဆိုနေကြတာက ကိုယ့်သမီးအကြောင်းမို့ နားစွင့်...ိုက်ခြင်းဖြစ်သည်။ ရှေ့ဆက် ဘာပြောမလဲ။ ဒါလည်း သိချင်လှသည်...ဟုတ်လား။

ဦးအာကာဇော် ဆက်ပြီး နားစွင့်လျှင် –

"ကိုယ်နားလည်ပါတယ် ကေရယ်"

"နားလည်တယ်ဆိုပြီး သူငယ်ချင်းရှေ့ရောက်ရင် အရင်က ...ကားရှိတဲ့အတိုင်းဆိုတာ ဖြစ်မသွားနဲ့ဦး။ ပြီးတော့ ရွှေရုပ်လွှာကိစ္စက ...ိုးတိုးတိတ်တိတ်ဖြစ်တာနေပေမယ့် တရားရုံးမှာ လက်မှတ်ထိုးထား...တာ၊ ဒါတင်မက အချင်းချင်း လက်တို့လို့ အားလုံးသိကုန်ပြီလေ၊ ကိုဇော်...ကို လုပ်ငန်းချင်းပတ်သက်မှု ဆက်စပ်တာတွေရှိနေလို့ အားလုံးမသိချင်...ဟန် ဆောင်နေတာမျိုး"

"ကိုယ် သဘောပေါက်တယ် ကေရယ်၊ သူများလက်ထဲရောက်နေတဲ့ မုန့်ကို ပြန်လုကျွေးမယ့် ဖအေမျိုးထဲမှာ ကိုယ်မပါဘူးကေရဲ့၊ သားကလည်း အရင်က ဖွတ်ဖြစ်နေသလောက် ခုချိန်မှာ ရွှေရုပ်လွှာ အကြောင်း စကားတောင် မဟတော့ဘူး၊ နောက်ပြီး ရွှေရုပ်လွှာပုံ နှိုးရိုက်ထားတာလေ၊ အဲဒါတောင် ကိုယ့်လက်ထဲ ပြန်ထည့်ပေးတယ်၊ ဒယ်ဒီ ဘာသာ ကြည့်ကျက်ပြီး အန်ကယ်ဇော့်လက်ထဲ ထည့်ပေးလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သားက သူ့အစ်မဆီ သွားလည်မယ်ဆိုပြီး စင်ကာပူရှောင်ထွက်သွားမယ်လို့ ပြောထားသေးတယ် မဟုတ်လား" -

"ပြောထားတာ ကေသီတာပေါ့၊ ဒါပေမဲ့ ကိုကို့ကို မယုံလို့တော်ကြာ သူငယ်ချင်းနှစ်ယောက်တွေ့ကြပြီး နှုတ်လွှန်သွားမှာစိုးလို့ သတိပေးရတာ ကိုကိုရယ်"

"စိတ်ချစမ်းပါ၊ ကိုကိုတောင် ဖော်နဲ့ရှောင်ပြီး နေနေတာကြည့်သားနိုးရိုက်ထားတဲ့ ရွှေရုပ်လွှာစာတိပ်ပုံကို စာအိတ်ထဲထည့်ပြီး ကိုယ့်တပည့်တစ်ယောက်နဲ့ ပို့ခိုင်းထားပြီးပြီ၊ ဒီကိစ္စအတွက် ကေ တွေးပူမနေနဲ့၊ ကိုကို့သားအတွက် အပျိုသန့်, အပျိုစင်လေးပဲ ရွေးပေးမယ်ဗျာ။ ဟား ဟား ဟား"

ကောင်းသစ် ပြောရင်း သဘောတကျ ရယ်မောလိုက်သည်ကသူ့အသည်းနှလုံးကို မွမွနင်းချေသည်နှင့် တူတော့၏။

ရင်ထဲမှာ ပြင်းပြင်းရှရှ နာ၏။

ခံစားရတာလည်း အဆိပ်တက်ပြာနှမ်းလာကာ အံကိုကြိတ်ထားတဲ့ နောက်မှာ သွားတွေပါ ကျိန်း၏။

ဒါတင်မက အတွင်းဘက်နှုတ်ခမ်းသားပါ ကိုက်မိပြီး သွေးစို့သည်အထိ ဖြစ်လေသည်။

သူငယ်ချင်းအပေါ် သူ့ဘက်က စေတနာအပြည့်အဝထားခဲ့ရက်နဲ့ အပြောရက်စက်လွန်းသည်။

ဒီလိုသူငယ်ချင်းနဲ့ သူ ဘယ်လိုရင်ဆိုင်ရမလဲ။





နှလုံးသားက စာမျက်နှာနဲ့ မျက်နှာပေါ်က စာမျက်နှာမှာ စကားလုံးတွေက အမည်းနဲ့အဖြူ။

ဒီလိုကြိုသိသွားတာ သူ့အတွက် ကံကောင်းသွားသည်ဟု မှတ်ယူလိုက်၏။

အစက သားရေးသမီးရေးကိစ္စပြောဆိုထားတာရှိတာကြောင့် လုပ်ငန်းကိစ္စတော်တော်များများကို ကောင်းသစ်လက်ထဲ လွှဲပေးမယ်။ လုပ်ကွက်တွေ ချဲ့ထွင်ပေးမယ်ပေါ့။

သမီး ဒီလိုဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ခေတ်နဲ့ ရှေ့ဆက်မယ့်ကိစ္စကို သူ့ဘက်က စတင်ပြီးတောင် မတွေးရသေးပါ။

ဒင်းတို့က ဒီလိုတွေ ကြိုတင်အကွက်ချပြီး နောက်ဆုတ်ဖို့ စီစဉ်ကြမှတော့ သူက ဝမ်းနည်းပြရမလား။

ဝေးသေးတယ် သူငယ်ချင်းရယ်။ အာကာဖော်ဆိုတာ ဘယ်သူ့ကိုမှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး။

သမီးလေးက အပျိုသန့် အပျိုစင်လေး မဟုတ်လို့တဲ့။ ဟား ဟား ဟားနဲ့ ဟားတိုက်ရယ်မောလိုက်ချင်သေးတယ်။

ကိုယ့်သမီး ဘယ်ကောင်လေးနဲ့ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ်က ဂရုမစိုက်ဘူး။ အပျိုစင်မဟုတ်တော့လို့ဆိုတဲ့ မှတ်ချက်မျိုးနဲ့ အနားမကပ်စမ်းပါနဲ့။

ချိုးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ဆိုတာ မကြားဖူးဘူးလား။

အရပ်ဆန်ဆန်ပြောရရင် ကိုယ့်သမီးကိုယ် ခုနစ်တွင်းရနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောပြီး အပျို ပြန်လုပ်နိုင်းမယ်ဟေ့လို့ အော်ပြောလိုက်ချင်ရဲ့။

ကောင်းသစ် သူငယ်ချင်း –

မင်းတို့မိသားစုရဲ့ စိတ်ရင်းအမည်းတွေကို မြင်လိုက်ရလို့ ကျောခိုင်းနှုတ်ဆက်ပါတယ်ကွ။

Good Bye။

✿ ✿ ✿



## အခန်း (၃၃)

"အနိုကယ်"

အလေးထားသော ခေါ်သံနဲ့အတူ ဦးအာကာဇော်ရှေ့ ရောက်လာတဲ့လူရွယ်။ ငွေ့ကို ဆွေမျိုးတွေအိမ် တစ်အိမ်တက်ဆင်း လိုက်ရှာတာ ဘယ်ဆွေမျိုးဆီမှာမှ မတွေ့ရလို့ စိတ်နောက်နေရတဲ့အချိန်။

အနိုကယ်လို့ ဆီးခေါ်သံက ဦးအာကာဇော်မျက်နှာကို တင်းမာသွားစေသလို ထိုလူရွယ်ကို မျက်မှောင်ကြုတ်၍လည်း စိုက်ကြည့်မိလေသည်။

မျက်မှန်ဝိုင်းလေး တပ်ထားသော ထိုလူရွယ်က ခေတ်သစ်လို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေတတ်ပုံမျိုးနဲ့ မဟုတ်။ လေးနက်



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်တဲ့အသွင် ဆောင်လေသည်။

ဒီသူငယ် သူ့ရှေ့ရောက်လာတာ ဘာကြောင့်လို့လည်း တွေးမိရုံ ရှိသေးသည်။

"အန်ကယ်ကို တောင်းပန်ပါရစေ"

တဲ့။ မျက်လွှာချကာ ဆိုနေတဲ့ ထိုလူရွယ်။

ဦးအာကာဇော် မျက်မှောင်ကုတ်သထက် ကုတ်ကျကာ ပို၍ စိုက်ကြည့်မိ၏။ ဘာဆက်စပ်မှုရှိလို့ ဒီလူငယ် သူ့ကို တောင်းပန်စကား ဆိုရတာလဲ။ သေချာတာက သူ့တစ်သက်မှာ ဤသူငယ်ကို တစ်ခါမှ မတွေ့ဖူးပါ။ ဘာကိစ္စမှလည်း အဆက်အစပ်မရှိပါဘဲနဲ့ဟု တွေဝေသလို ဖြစ်လျက်။

"ဘာကိစ္စလဲ"

ခပ်တင်းတင်း မေးတဲ့အခါ –

"ကျွန်တော်တို့ စိတ်အဖလောတကြီးနဲ့ လုပ်မိတဲ့ကိစ္စအတွက်ပါ။ အဲဒီအတွက် အန်ကယ်တို့မိသားစု ဂုဏ်သိက္ခာကို ထိခိုက်သွားတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ အနူးအညွတ်လည်း တောင်းပန်ပါတယ်၊ နောက်ပြီး လွှာ့ကို တကယ်တန်ဖိုးထားပြီး လက်ထပ်ခွင့်ရချင်ပါတယ်၊ အန်ကယ်ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော် လိုက်လျောပါ့မယ်၊ လွှာ့ဘဝအတွက် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးမှာပါ၊ အန်ကယ် ကျွန်တော့်နဲ့လွှာ့ကို"

"ဟာင်"





ဦးအာကာဇော် နားထောင်နေရင်းတန်းလန်းနဲ့ အံ့ဩကာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ လွှာ လွှာဆိုပြီး စကားထဲ ထည့်ထည့် ပြောနေတာက သူ့သမီးနာမည်။

ပြီးတော့ ကျွန်တော်နဲ့ လွှာတဲ့။

မြတ်စွာဘုရား။ ဒီသူငယ်က –

အခုမှပဲ ဦးအာကာဇော် နားလည်သွားကာ မျက်နှာချင်းလည်း ထူအမ်းအမ်းဖြစ်လို့ သွားသည်။

သမီးလိုက်ပြေးသွားတာ ဒီကောင်လေးနဲ့ပါလား။

ဦးအာကာဇော် လက်တစ်ဖက်ဆန့်ထွက်ကာ –

"တော်"

ဆိုပြီး ဟန့်လိုက်မိသည်။

လူရွယ် ဘာမှမပြောသာ။ စကားတစ်ဝက်တစ်ပျက်နဲ့ တန့်သွား၏။

"ရှေ့ဆက် ဘာမှထပ်မပြောနဲ့၊ တောက်"

ဦးအာကာဇော် လူရွယ်မျက်နှာကို မကြည့်၊ ဝေါခနဲပြောချကာ မာန်ပြင်းပြင်းနဲ့ တောက်ခေါက်ပြီး လူရွယ်ရှေ့မှ ဖြတ်ထွက်ခဲ့သည်။

"အန်ကယ်"

အနောက်လိုက်လာပြီး လင်းခေါ်သည်။

ဦးအာကာဇော် လှည့်ပင်မကြည့်။ တပည့်ကျော်အသင့်ဖွင့်ပေးထားတဲ့ ကားပေါ် ဂန်းကန်းမတ်မတ်တက်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူနေရာမှာ အသင့်ရှိနေတဲ့ ဒရိုင်ဘာက သူ့အ[illegible]
ကျ ကားကို လျှောခနဲမောင်းထွက်လျှင် -

"အန်ကယ် ကျွန်တော့်ကို အသိအမှတ်ပြုပါဗျာ၊ သွားကို ကျွ[illegible]
တော့်ဘဝနဲ့ ထပ်တူတန်ဖိုးထားပြီး ချစ်မြတ်နိုးတာပါ ခင်ဗျ"

လို့ ရင်ထဲ လှိုက်လှိုက်လှဲလှဲပြောရင်း အယူခံဝင်ရှာတဲ့ လူ[illegible]
အသံလေး ဦးအာကာဇော်နားထဲ စွဲကျန်ခဲ့လေသည်။

တွေ့ချင်လို့ ရှာနေတာက ကိုယ့်မယားကို။

တည့်တည့်မြင်လိုက်ရတာက ကိုယ့်သမက်လောင်းတဲ့။

ထွီး

ရင်ထဲမှာ အော်ဂလီဆန်လာသည်။

✿ ✿ ✿



## အခန်း (၃၄)

တစ်ချက်ပြီးတစ်ချက် ဆင့်သောက်နေမိတဲ့ ဦးအာကာဇော်။
ရင်ထဲမှာ မွန်းကျပ်ကာ နာကျင်နေသလို၊ လွမ်းမောစိတ်နဲ့လည်း ငွေ့ကို
တောင့်တလျက်ရှိသည်။ ထိုစိတ်နဲ့ ဖိသောက်နေမိခြင်း။

သူ့အပေါ် ဘယ်တုန်းက ဒီလိုမတုံ့ပြန်ဖူးတဲ့ မယားက ဘာ
ကြောင့် ခုမှ ရှောင်ပုန်းနေရတာလဲ။

သမီးကိုစွန့်ပတ်သက်ပြီး သူ့အပေါ် ရွံမုန်းသွားတာလား။

ဘာဆိုင်လဲ ငွေ။

သမီးဘဝ အညွန့်တလူလူတက်နေတဲ့အချိန်မှာ လင်ရသွားဖို့
မဖြစ်ဘူး။ သမီးကို ချစ်လို့တောင် မဝသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



သမီးက အခုမှ ဆယ့်ရှစ်နှစ်ပြည့်ဖို့ လပိုင်းတောင် လိုသေး တယ် မဟုတ်လား။ အိမ်ထောင်ပြုရမယ့်အချိန် သိပ်စောပါသေးတယ်

အနိမ့်ဆုံးတော့ ဘွဲ့ရပြီး သုံးလေးနှစ်နေမှ သမီးကို သူ့စိတ် ကြိုက် သားမက်လောင်းနဲ့ အိမ်ထောင်ချပေးဖို့ စိတ်ကူးထားတာလေ

ခုတော့ ပထမနှစ်အောင်ပြီးစ ဒုတိယနှစ် ကျောင်းစတက်ဖို့ ရှိသေးတယ်။

တကယ့်ငယ်ငယ်ရွယ်ရွယ်လေးရယ်။

ဒါကြောင့် မောင် ဆုံးဖြတ်လိုက်တာ။

မောင့်ဆုံးဖြတ်ချက်ကို ငွေ နားမလည်သလို ငွေ့အမျိုးတွေ လည်း မေးငေါ့ကြတယ်လေ။

သမီး လင်နောက်လိုက်ရတဲ့ အမိကတရားခံက ငွေ အထိန်း သိမ်းညံ့လို့မဟုတ်လား။

အဲဒါကို မောင့်ဘက် လက်ညှိုးထိုးကြတာ မောင် ခံပြင်းဆုံးပဲ မောင့်ကြောင့်တဲ့။

ဦးအာကာဇော် ဒါပဲတွေးရင်း မကျေနပ်နိုင်ပါ။ တကယ်ရော မောင့်ကြောင့် ဖြစ်နေသလား။

ကိုယ်တိုင်တွေးမိတဲ့အခါ မဖြိုးစကားလုံးတွေက နားထဲ တဒိုင်း ဒိုင်း ပြေးဝင်းလို့လာသည်။

ထိုစကားလုံးတွေက သူ့ကို တိုက်ရိုက်ပြောခဲ့ခြင်း မဟုတ်ပါ။ မမကြီးနဲ့ ပြောကြဆိုကြတာကို သူ အမှတ်မထင် ကြားမိခြင်း။





"မမ စဉ်းစားကြည့်ပါ။ တကယ်ဆိုရင် အာကာဇော်ဟာ မိသား စုနဲ့ အိမ်ထောင်ရေးကိစ္စမှာ ဒီလောက်ထိ မာနံတဝင့်ဝင့်ဖြစ်နေဖို့ မလို ဘူး။ တစ်သက်လုံး မာနံတဝင့်ဝင့်နဲ့ ဆက်ဆံခဲ့လို့ ငွေ့ခမျာ ကြောက် အားပိုပြီး လင်က သေဆိုသေ, ရှင်ဆိုရှင် ဖြစ်ခဲ့တာလေ၊ သမီးကိစ္စမှာ ငွေ အကိုင်အတွယ်ညံ့လို့ဆိုတာထက် ဖအေကို အကြောက်လွန်တဲ့စိတ် နဲ့ တူမလေးခမျာ ဒီလိုဖြစ်ရရှာတာ"

မဖြိုးပြောနေတာကို မမကြီး ဘာမှတုံ့ပြန်ဖို့ ခွန်အားမရှိပါ။ ခေါင်းတညိတ်ညိတ်နဲ့ နားဆင်နေသလို မဖြိုးကလည်း အရှိန်မပြတ် စတမ်း ပြောနေလေသည်။

"တကယ်ဆို လွှာလေး သွားတက်မှာ စိန်ပွင့်အလှဆင်တဲ့ ကိစ္စ ဘာပြောစရာရှိလဲ၊ ခေတ်အရ ပေါ်လာသမျှ ခေတ်လူငယ်တွေ ဒီလိုပဲလုပ်ကြတာပဲ၊ ဖြိုးတို့, မမတို့လည်း အပျိုတုန်းက ဒီလိုပဲလေ၊ ခေတ်အရ ပေါ်တဲ့အဝတ်ကို ဝတ်တယ်၊ ဘယ်မင်းသမီးဆံပင် ဘယ်လို ပြင်လဲ လိုက်ပြင်၊ ဘယ်လိုဝတ်လဲ လိုက်ဝတ်ခဲ့ကြတာပဲ မဟုတ်လား"

ဒါကိုတော့ ဒေါ်မမကြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက် ခံလေသည်။

"မိန်းမပျက်ဆိုတာ ခေတ်တိုင်းမှာပေါ်သလို ပေါ်လာတဲ့ အပျက် မတိုင်းလည်း ခေတ်ပေါ် အလိုက်အထိုက် ပြင်ကြဆင်ကြတာပဲ၊ ဒီလို ဆင်တာက ဘာအထာ, ညာအထာဆိုပြီး တစ်ဖက်သတ်ပြောလို့ ရသ လား၊ မိန်းမပျက်က မိန်းမပျက်၊ မိန်းမကောင်းက မိန်းမကောင်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမြင်လိုက်လို့ ဒီလိုအတန်းထဲကလို့ တစ်ထစ်ချပြောစရာလား
အကောင်းနဲ့အပျက်ဆိုတာ အမြင်အဆင်ထက် လုပ်ရပ်နဲ့ သက်သေ
နေတာ၊ သူတို့ယောက်ျားတွေ နားလည်ကြတဲ့ အထာက အပေါစားမိန်း
ကို တစ်ပွဲထိုး အသုံးချဖို့လေ၊ ဒါကို မသိမသိုင် ကောက်ချက်ချွဲပြီ
မယားကို အပြစ်ပုံချလိုချ, သမီးကို နှင်လိုနှင်နဲ့"

ဒေါ်မမကြီး သက်မ,သာချရင်း –

"အဲဒါကြောင့် လွှာလေး အကြောက်လွန်သွားတာပေ့ါ ဖြိုးရယ်
သူ့ဖအေ မမြင်ချင်ဘူးလို့ ပြောတာနဲ့ ထွက်သွားရှာတာ၊ ရည်ရွယ်ချက်
လင်ယူလိုက်မယ်ဆိုတာမျိုး မဟုတ်ဘူး"

"အဲဒါပေ့ါ၊ လွှာက သွားက စိန်ကို ပြန်ထုတ်ပစ်မယ်ဆိုပြီ
ကောင်လေးဆီသွားတာ၊ လမ်းမှာ ခေတ်သစ်နဲ့ ဆုံတယ်၊ ခေတ်သစ်က
လည်း အာကာဇော်လိုပဲ တစ်လမ်းမောင်း၊ ခေတ်သစ်ဖအေက တစ်ရှ
ထိုး၊ အဲဒီမှာ အာကာဇော် ဒုန်းစိုင်းလိုက်တော့ နဂိုကတည်းက ကြောက်
နေရှာတဲ့ သမီးက ဖအေကို ဘယ်လိုမျက်နှာချင်းဆိုင်ရဲမလဲ၊ ပြီးတော့
မအေကို ပါးရိုက်တာ, ဘာညာ မျက်စိရှေ့တင်ဆိုတော့ ပိုကြောက်ရှာ
ကနေ နီးနီးစပ်စပ်ဖြစ်နေတဲ့ အလင်းသွေးနောက် ပါသွားတဲ့သဘော
ပဲ၊ အဲဒါ ဘယ်သူ့ကြောင့်လဲ၊ ငွေကြောင့်လား၊ အာကာဇော်ကြောင့်
လား"

မဖြိုးရဲ့မေးခွန်းနောက်မှာ သူ့ခြေလှမ်းတွေ ရှေ့ဆက်တိုး
ခဲယဥ်းလေသည်။





"မိဘဆိုတာ သားသမီးအရွယ်ရောက်လာရင် ကြောက်အောင်
ခြောက်ပြထားရင် ဘာမဆိုဖြစ်လာကြည့် ကြောက်စိတ်နဲ့ ရမ်းသမ်းလုပ်
လိုက်မှာပဲ၊ ဒီလိုတွေမဖြစ်အောင် အခွင့်အရေးပေးသင့်တဲ့အခါ ပေးရမယ်၊
ထိန်းချုပ်သင့်ရင် ထိန်းချုပ်ရမယ်၊ သားသမီးကို ကျွန်းလိုပိုင်နိုင်ပြတာ၊
ထက် ကိုယ်လိုချင်တာဖြစ်လာအောင် သမီးရယ် ဒီလိုရှိတယ်ဟဲ့, ဒီလို
ဆိုရင် တင့်တယ်မယ်, ဒီလိုဆိုရင်တော့ဖြင့် တချို့က ဒီလိုမြင်တတ်ကြ
တယ်, ဒါကြောင့် သမီးက ဒီလိုနေသင့်တယ်, ထိုင်သင့်တယ်, ပြင်သင့်
ဆင်သင့်တယ်, ဒယ်ဒီကတော့ ဒီလိုဖြစ်စေချင်တယ် သမီးရယ်လို့ အကျိုး
နဲ့ အကြောင်းနဲ့ ချိတ်ဆက်ပြောပြမယ်၊ ချော့မော့ဖျောင်းဖျပြီး ကိုယ်လို
ရာ ကိုယ်ဆွဲယူရမယ် မဟုတ်လား၊ ခုတော့ ဘယ့်နှယ်"

မဖြိုးစကားလုံးတွေက သူ့ရင်ဘတ်ကို လာလာဖိနေသလို ခံစား
ရစေသည်။

"ကိုယ့်သမီးကို ဘယ်လိုထိန်းရမယ်ဆိုတာ နားမလည်ဘဲ
ကိုယ့်စိတ်ကိုယ့်သဘောနဲ့ ထင်ရာလုပ်တော့ ဘာအကျိုးဖြစ်စေသလဲ၊
ဆိုးကျိုးလား, ကောင်းကျိုးလား၊ ဒါကို အာကာဇော် နားလည်ဖို့လိုတယ်၊
နားမလည်ဘဲ ရှေ့ဆက် ဒီလိုပဲ ဆက်လုပ်နေမယ်ဆိုရင် သမီးရဲ့ဂုဏ်
သိက္ခာကို ဘယ်လိုမှ ဆည်လို့ရတော့မှာ မဟုတ်ဘူး၊ ဒင်းကတော့
သမီးဂုဏ်သိက္ခာထက် မယား ဘယ်မှာလဲဆိုတဲ့ဖောနဲ့ ဟိုလိုက်ဒီလိုက်နဲ့၊
ဆက်ပြောရရင် ဖြိုးပါးစပ်က စကားလုံးရိုင်းရိုင်းတွေ ထွက်ကုန်တော့
မယ်၊ ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာဇော် ခေါင်းကိုယမ်းခါကာ မဖြီးအသံတွေကို မောင်းထုတ်ပစ်၏။ ဒါတောင် ထပ်တလဲလဲ ဖြစ်နေတာမို့ ဘပည့်တွေ အခဆင့်သင့် ငုံထည့်ပေးတဲ့ ဝီစကီကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လျက်။

ရင်ဘတ်ထဲက မီးက ပိုလို့ပင် တောက်လောင်ကာ။

✿ ✿ ✿



## အခန်း (၃၅)

ကောင်းကင်သစ် ပြန်ပို့လိုက်တဲ့ စာအိတ်ဖြူလေး။

ထိုစာအိတ်ထဲရှိ ခေတ်သစ် ခိုးရိုက်ထားတယ်ဆိုတဲ့ သမီးဓာတ်ပုံလေးကို ဦးအာကာဇော် ထုတ်ကြည့်မိလေသည်။

ရယ်လိုက်တိုင်းလှတဲ့ သမီးလေးရယ်။

သွားစွယ်လေးပေါ်လွင်သည်က ပို၍ အလှသွေးကြွယ်၏။ ထို့ပြင် သွားစွယ်လေးအလယ်မှာ ရောင်စဉ်လက်ဖြာနေတဲ့ ဓာတ်ပုံက ဘယ်လိုကြည့်ကြည့် ကြည့်လို့မဝနိုင်။

သွားစွယ်လေးကြောင့် လှတာလား။

စိန်ပွင့်လေးလက်နေလို့ ပိုလှနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာဇော် ကိုယ့်ဘာသာကိုယ် ပြန်မေးရင်း တွေဝေသွားသည်။ ဒီစိန်ပွင့်လေးတပ်ထားတာ မြင်လို့ သူ့ရင်က မီးတောင်ပေါက်ကွဲခဲ့တဲ့အဖြစ်။

တကယ်လို့များ ကိုစိုးဦးနဲ့ ကိုလွှမ်းဝေတို့ခေါ်တဲ့ ကောင်မလေးတွေသွားမှာ အလှကျောက်တပ်ပြီး အထာပေးတဲ့ပုံစံမျိုး ဆင်ထားကြတာကို သူ မသိခဲ့ မမြင်ခဲ့ဖူးဆိုရင် ဒီလောက်ထိ ပေါက်ကွဲလိမ့်မယ်မထင်။

ခုတော့ အခြေအနေအရ တိုက်ဆိုင်နေတဲ့အပေါ် သူ့စိတ်သူ မထိန်းနိုင်ခဲ့ပါ။ ကိုယ့်သမီးကို အထာပေးစနစ်နဲ့ အချက်ပြနေတဲ့ အပေါစားမိန်းကလေးလို့ မြင်သွားမှာ စိုးရိမ်စိတ်နဲ့ သူ့ဒေါသမီး တောက်လောင်ခဲ့တယ်ဆိုတာ ထင်ရှားနေတယ်။

မဖြိုးပြောသလို ခေတ်အရပေါ်လာတဲ့အလှပြင်ပစ္စည်းကို ခေတ်ရဲ့သမီးပျိုတွေ ပြင်ဆင်ကြတာဟာ ဘာမှထူးခြားတဲ့ကိစ္စ မဟုတ်ဘူး။

ဒါလည်း ဟုတ်တုတ်တုတ်ရယ်။

သမီးက သွားမှာ စိန်ပွင့်လေးတပ်ပြီး အလှဆင်ထားတာ မှန်ပေသည်။ သို့သော် ဟိုမိန်းကလေးတွေလို အထာပေးပြီး ယောက်ျားတွေကို မြူဆွယ်တဲ့အလုပ်လုပ်နေတာမှ မဟုတ်တာ။

သမီးက လှချင်စိတ်နဲ့ ရိုးရိုးသားသား အလှဆင်တာ။

တကယ်လည်း ခေတ်ပုံထဲမှာရော၊ အပြင်မှာပါ ပုံမှန်ထက် ပိုလှနေတယ်ဆိုတာ သူ့မျက်လုံးက ဝန်ခံတယ်မဟုတ်လား။

သမီးအလှဆင်တဲ့ကိစ္စ သူ တစ်မျိုးမြင်ပြီး စိတ်ဆိုးသွားခဲ့သည်။





ထိုအဖြစ်က သမီးဂုဏ်သိက္ခာကို အောက်ရိုကျင်နယ် ပြန်မဖြစ်နိုင်တဲ့အခြေအထား။

ရှေ့ဆက် သူ ဘာဆက်လုပ်ရမလဲ။ ထိုသို့စဉ်းစားရင်း သမီးလေး ဘယ်လိုရှိမလဲ။

သိချင်စိတ်ကလေး ဖြစ်ပေါ်လာသည်။

သမီးခေတ်ပုံကို သူဝတ်ထားတဲ့ ရှပ်အင်္ကျီအပေါ်အိတ်ထဲ ထည့်၏။ နံရံမှာထောင်ထားတဲ့ တုတ်ကောက်ဆွဲယူကာ သမီးဆီ ထ,ထွက်ခဲ့၏။

✿

"လင်းရယ် လွှာ့ကို မဆက်သွယ်ပါနဲ့နော်၊ လွှာ့ကြောင့် ဒယ်ဒီ စိတ်ဆင်းရဲရတဲ့အဖြစ်မျိုး လွှာ မလုပ်ပါရစေနဲ့၊ လွှာ့တဝအတွက် ဒယ်ဒီနဲ့မာမီက အရေးကြီးတယ်၊ လွှာ့ကြောင့် မာမီကို ခုချိန်ထိ ရှာမတွေ့သေးဘူး လင်းရဲ့၊ ဒယ်ဒီအတွက်ရော မာမီအတွက်ပါ လွှာ စိတ်ပူနေရတယ်လေ၊ လွှာ့စိတ် လွှာ့ဆုံးဖြတ်ချက်နဲ့ ဒယ်ဒီ့ဆီ လွှာပြန်နေတာပါ၊ လွှာ့ကို မေ့လိုက်တော့နော်"

"..."

"မချစ်လို့မှ မဟုတ်ဘဲ လင်းရယ်၊ လင်းကို ချစ်ပါတယ်၊ ဒါပေမဲ့ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောရင်း ငိုချလိုက်တဲ့ သမီး။

ဦးအာကာဇော် သမီးရှေ့ တိုးသွားဖို့ ခြေလှမ်းတွေ နောက်ပြန်လည်ကုန်သည်။

ကောင်လေးက သူ့ကိုလည်း တောင်းပန်ရှာသည်။ သမီးကို လက်ခံဖို့ကိုလည်း စိတ်မပျက်စတမ်း ကြိုးစားပြီး ခဲရာခဲဆစ် ဖုန်းဆိုး ဆက်နေသည် မဟုတ်လား။

ဒါတောင် သမီးက လက်မခံ။

သူငယ်ချင်းတွေနဲ့ ကြားဝင်အောင်သွယ်နိုင်းတာလည်း သမီးဘက်က ငြင်းဆန်နေတာ သူသိသည်။

ဟိုနေ့က ဖူးဖူးသစ်နဲ့ သရဖီမိုးရောက်ပြီး သမီးကို အပြင်ခေါ်ထုတ်ပြီး အလင်းသွေးနဲ့ ချိန်းတွေ့နိုင်အောင် စီစဉ်ပေးသည်။

သမီးက အလင်းသွေးကိုမြင်သည်နှင့် စကားပင် ရပ်မပြောတော့ပါ။ ဝမ်းနည်းမျက်ရည်စိုကာ ချက်ချင်းလှည့်ပြန်ပြေးလာခဲ့တဲ့အဖြစ်။

သမီးနောက်က သူ တကောက်ကောက်လိုက်ကြည့်နေလို့ မျက်မြင်သိရတဲ့ ထိုအဖြစ်ရယ်၊ ခုလည်း ဖုန်းဆက်လာတာကို လက်ခံစကားပြောဖို့ထက် မဖြစ်နိုင်တာဘဲပြောပြီး နောက်ဆုတ်နေပြန်သည်။

ဒါ ဘာကြောင့်လဲ။

ဖခင်အပေါ် အလေးထားနေလို့ပဲ မဟုတ်လား။

တခြားသမီးသာဆို ဒီလိုနေမလား။ ကောင်လေး ဆက်သွယ်လာရင် ပြန်လိုက်ပြေးသွားဖို့ ဝန်လေးမှာ မဟုတ်ဘူး။





ပြီးတော့ -

''မချစ်လို့မှ မဟုတ်ဘဲ လင်းရယ်၊ လင်းကို ချစ်ပါတယ်၊ အိပေမဲ့ ဟင့် ဟင့် ဟင့်''

ထိုအသံလေးကို ထပ်ခါတလဲလဲ ပြန်ကြားယောင်ကာ -

သမီးက အလင်းသွေးကိုချစ်နေမှန်း ထင်ရှားနေသည်။ ချစ်နေပေမယ့် သူ့ဆန္ဒကို မလွန်ဆန်တဲ့ သမီးလေး။

သူ့ရင်မှာ ထိထိရှရှခံစားရလေသည်။

ဪ ချစ်တဲ့စိတ်။

ချစ်စိတ်ဟာ နှလုံးသားအတွက် ပျော်လောင်မှုကို ပေးစေသလို၊ သောကနဲ့ ဝေဒနာကို တစ်ပြိုင်နက်တည်းလည်း ပေးစွမ်းနိုင်သည် မဟုတ်လား။

သူတုန်းကလည်း ဒီလိုပဲလေ။

ငွေ့ကို မြင်ပြီး ချစ်မိခဲ့တယ်။ ချစ်မိတဲ့စိတ်က ဖွင့်ပြောဖို့ထက် လိုချင်တာ ပိုင်ချင်တာပဲ သိတယ်။

မိဘကို အသိပေးပြီး ချက်ချင်းပဲ တောင်းရမ်းနိုင်းသည်။

ငွေ့မိဘ သဘောတူလက်ခံပေမယ့် ငွေ့က လက်မခံ။ သူနဲ့ မိတ်ဆက်ပေးကတည်းက ရှောင်ဖယ်ဖယ်နဲ့။

သူ့ရဲ့ချစ်စိတ်က အဲဒါကို လက်မခံနိုင်ပေ။

သူက ရုပ်ရည်လည်းရှိတယ်။ ဥစ္စာလည်း ကြွယ်တယ်။ လုပ်ငန်းဝိုင်းမှာလည်း အောင်မြင်မှုရနေတဲ့ လုပ်ငန်းရှင်တစ်ယောက်။ မိုးမကို



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပုံ စိန်ပုံမှာ တင်ထားနိုင်သည်။

ဒါတောင် ငွေက ရှောင်ဖယ်နေတော့ သူ့ဘက်ကလည်း ကြံဖန်မိလေသည်။ သူ့ထက်အရင် ကောင်းသစ်က အိမ်ထောင်ကျသည်။ သူ့ကိုစွ ကြံဖန်တဲ့ဆီမှာ ကောင်းသစ်ကပဲ တွန်းအားပေးလေသည်။

ငွေတို့ ကျိုက်ထီးရိုးဘုရားဖူးထွက်တာသိသိချင်း သူတို့သူငယ်ချင်းတစ်စု ငွေ့နောက်လိုက်တော့တာပဲ။

ငွေတို့သူငယ်ချင်းတစ်စု လူစုကွဲအောင် သူတို့သူငယ်ချင်းတွေ ဝင်ရောလိုက်သည်။ မကြာပါဘူး။ ငွေတို့သူငယ်ချင်းတွေ လူစုကွဲသွားတော့ ငွေက သူနဲ့ဆုံသည်။

သူငယ်ချင်းတွေနဲ့ ရုတ်တရက် လူစုကွဲသွားတော့ ငွေက သူ့ကို အားကိုးစိတ်လေး ပေါ်လာသည်။

ဒီအခွင့်ရေးကို သူ အဆုံးအရှုံးမခံနိုင်။ သူတို့ကြံစည်ထားတဲ့အတိုင်း ငွေ့ကို သူတို့တည်းခိုဆောင်မှာ ထားလိုက်၏။

ဒီတော့ သူတို့တွက်ဆထားတဲ့အတိုင်းဖြစ်ကာ ငွေ ဘယ်လို ငြင်းငြင်း မငြင်းသာတော့ပါ။ ငွေ့မိဘနဲ့အစ်မက ငွေ့ရဲ့ဂုဏ်သိက္ခာအတွက် သူနဲ့ အမြန်ဆုံးပဲ မင်္ဂလာဆောင်ပေးကြတယ်လေ။

ငွေ့ကို အမြန်ဆုံးပဲ ပိုင်ဆိုင်ခွင့်ရတဲ့အတွက် သူ့နှလုံးသားဟာ အချစ်စိတ်နဲ့ ဘယ်လိုပျော်မြူးခဲ့လဲဆိုတာ ဖွင့်ပြောဖို့စကားလုံးတောင် မရှိခဲ့ပါ။

ဒါပေမဲ့ ငွေ့ကို သူ ဘယ်လောက်ချစ်ကြောင်း ဘယ်လောက်





မြတ်နိုးကြောင်းကို သူ ဘယ်တုန်းကမှ ငွေသိအောင် ထုတ်မပြောခဲ့ပါ။

သူ ငွေ့ကို ပေးခဲ့တာက အချစ်ဆိုတာထက် အဲဒီအချစ်ကို ဖုံးထားတဲ့ သူ့အမိန့်နဲ့ သူ့ရဲ့ထိန်းချုပ်ခြင်းတွေ။

ဒါထက်ပိုဆိုးတာက အက်ဆီးဒန့်ကြောင့် ချွတ်ယွင်းသွားတဲ့ သူ့ခန္ဓာကိုယ်။

သာယာလှိုက်မောဖွယ်ကောင်းသော အိမ်ထောင်ရေးအနှစ်သာရ အပြည့်အဝမပေးနိုင်သလို သားသမီးလည်း နောက်ထပ် မရနိုင်တော့တဲ့ သူ့ကို ငွေ ပစ်ပြေးသွားရင်ဆိုတဲ့အသိနဲ့ သူ့အချစ်တွေ မီးတောက်နေခဲ့တယ် မဟုတ်လား။

ခုလို မထင်မှတ်တဲ့အချိန်မှာ ငွေ ပစ်ခွာသွားတော့ သူ့အချစ်မီးက ပိုပြီးတောက်လောင်ကာ–

သမီးရော ချစ်သူနဲ့ခွဲနေရလို့ နှလုံးသားမှာ အချစ်မီးတောက်လောင်နေပြီလား။

ထိုသို့ ရင်ထဲမှာ တွေးမိစဉ် –

သူ့နားမှာ သမီးရဲ့ငိုရှိုက်သံ ထပ်တလဲလဲ ကြားယောင်လာသည်။

ဘာကြောင့်ငိုရတာလဲ သမီးရယ်လို့ မမေးချင်တော့ပါဘူး။

တကယ်ပါ ငွေရေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ကိုတင့်နိုင်တို့ဘက်က ခဏခဏလာပြောနေတာ ကျွန်တော်လည်း အားနာလှ မမရယ်၊ အာကာဇော်သဘောထား နည်းနည်းလေးမှ ပြောင်းလဲမလာဘူးလားဗျ"

ဒေါ်မြှုံးပဝါရဲ့ခင်ပွန်း ဦးတင်မောင်လတ်က လာပြော၏။ ဒေါ်မမကြီးစိတ်ဟာ ခုချိန်ထိ မှိုင်းမှိုင်းမှုန်မှုန်ဖြစ်ကာ –

"မမလည်း သိပ်စိတ်ညစ်တာပဲ ကိုလတ်ရယ်၊ မောင်ဇော့်ခမျာ တစ်နေ့တစ်နေ့ ငွေဘယ်မှာရှိလဲ ထွက်ရှာနေတာနဲ့ပဲ အချိန်ကုန်တယ်၊ သမီးကိစ္စ ဘယ်လိုလုပ်မလဲဆိုတာ စကားစဖို့ အချိန်တောင်မရဘူး"

"အဲဒါခက်တာပဲ၊ မောင်ဇော်က ကိုတင့်နိုင်အပေါ်မှာ လုပ်ငန်း





ကိစ္စနဲ့ပတ်သက်ပြီး ဖွတ်ကောင်လို့ဖြစ်နေတော့"

"အို ဒါက ကိုယ်သိတဲ့ကိစ္စ၊ ကိုယ်မသိဘဲနဲ့ တခြားလုပ်ငန်းကိစ္စတွေမှာ ကိုတင့်နိုင် အောင်မြင်မှုရနေတာလေ၊ ကိုစိုးသုန်း မမကို အစအဆုံးပြောပြပြီးပြီ၊ မောင်ဇော်က တစ်ဖက်မြင်ဖြစ်နေဘာ"

"ကျွန်တော်လည်း သိသင့်သလောက်သိပြီးပြီ မမရဲ့၊ အာကာဇော်နဲ့ပတ်သက်မိတဲ့ လုပ်ငန်းတိုင်းမှာ ကိုတင့်နိုင်က အရှုံးချည်းပေါ်နေတာ၊ တခြားလုပ်ငန်းတွေ အောင်မြင်မှုရနေတာတွေ အများကြီး၊ အလင်းသွေးက စီးပွားရေးကို စိတ်မပါဘူး၊ သူ့အလုပ်ပဲ သူစိတ်ဝင်စားလို့ ကိုတင့်နိုင်က လက်လျှော့ထားတာတဲ့၊ အခုလည်း သူတို့သားအတွက် အစစအရာရာ တူအောင်တန်အောင်လုပ်ပေးမယ်တဲ့ မမရယ်၊ တစ်ချိန်လုံး နားပူနားဆာလာလုပ်နေလို့ မမကို လာတိုင်ပင်တာ"

ဒေါ်မမကြီး သက်မရှည်ကြီးချ၏။

"ကိုယ့်သမီးကို ကိုယ်က ခွဲပစ်တာပဲ၊ ငါတို့သားရှင်ဘက်က ဂရုစိုက်စရာမလိုဘူးဟော့လို့ လက်မ,ထောင်နေလို့ရလျက် လက်မမထောင်တဲ့အပြင် ခေါင်းငုံ့ပြီး တောင်းပန်လာတာကို တင်းမာနေရင် ဘာထူးမလဲ၊ ကိုယ့်သမီးကို သူများဟာကာ နောက်ကွယ်မှာ တံတွေးထွေးကြမှပေါ့"

"သေချာတယ် ကိုလတ်ရယ်၊ မောင်ဇော့်သူငယ်ချင်း ကောင်းသစ်လေ၊ ခုတော့ ကဲ့ရဲ့ရှုတ်ချပြီး ရှောင်နေတာလေ၊ ဒါတွေကို မောင်ဇော် မသိတာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာဇော် ဘာမှမကြားလိုတော့ပါ။

သူ မရှိဘူးအထင်နဲ့ ပြောနေဆိုနေကြတာ နားထဲပူလောင်လှ သည်။ ဘယ်သူနဲ့မှလည်း မျက်နှာချင်းမဆိုင်ချင်။

ပြောနေတာတွေကလည်း အဟုတ်ချည်းပဲ။

ကောင်းသစ်သာ ရှောင်မနေရင် သူ့ဘက်က တအားတက်စရာ ကောင်းသေးသည်မဟုတ်လား။

သူငယ်ချင်း အရင်းအချာဖြစ်လျက် ရှောင်တာက အရုပ်ဆိုး လွန်းသည်။ ခေတ်သစ်နဲ့သဘောတူတာက ငွေနဲ့သူ ပေါင်းခွင့်ရအောင် တစ်ချိန်က ကောင်းသစ်အကြံပေးကူညီခဲ့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ပါ။

နောက်ပြီး ခေတ်သစ်ကလည်း သမီးကို ကြိုက်တယ်ဆိုလို့ပါ။

သမီးက ပြန်မကြိုက်တာတောင် သူ့ဘက်က ခေတ်သစ်ကို အခွင့်အရေးတွေ ပေးခဲ့သည်။ သမီးဆီက အချစ်ကိုရအောင်ကြိုးစား ပေါ့ဆိုပြီး လမ်းကြောင်းဖွင့်ပေးထားတဲ့အထိ သဘောထားကြီးခဲ့သည်။

သူ သဘောထားကြီးကြီးနဲ့ အခွင့်အရေးပေးထားလျက်နဲ့ အလွဲ လွဲအချော်ချော် ဖြစ်ရကာ –

သူစပ်ဟပ်ပေးတဲ့ ခေတ်သစ်နဲ့ မကြိုက်တဲ့သမီး ချစ်ကြိုက် သွားတာက တခြားတစ်ယောက်။

ထိုတစ်ယောက်ကလည်း သမီးကို ချစ်မြတ်နိုးလျက်။

သူ့ဘက်က အကြိမ်ကြိမ်တင်းမာခဲ့တာတောင် စိတ်လျှော့





မသွား။ ရှေ့ဆက် သူ့ဘက်က တင်းထားရင်း သမီးရော စိတ်ချမ်းသာ မတဲ့လား။

အခုတော့ သမီးလေး ကျိတ်ငိုနေတာ သူမျက်မြင်။

ဖအေရှေ့မှာတော့ ဟန်ဆောင်ပြီး ထိန်းနေတဲ့ သမီးလေးရယ်။

သမီးကိုစွ ဒယ်ဒီ လက်ခံလိုက်တယ်ပဲထားဦး။ သမီးမာမီက ဘယ်မှာလဲလို့ သူများမေးလာရင် ဒယ်ဒီ ဘယ်လိုဖြေရမလဲ။

ဒယ်ဒီ့နှလုံးသားမှာ မီးတောက်နေတာ အဲဒါပဲ သမီးရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"မောင်ဇော်"

မောင်ဖြစ်သူရဲ့မျက်နှာရိပ်ကိုကြည့်ပြီး ဒေါ်မမကြီးခေါ်သည်။ ဦးအာကာဇော် အစ်မဖြစ်သူကို မကြည့်ပါ။

ကားပေါ်လှမ်းတက်နေတဲ့ ခြေလှမ်းလည်း နှေးကျမသွား။ ကားပေါ်ဆက်တက်ရင်း ဆိုသည်။

"မမ ဘာပြောမလို့လဲ"

ကားနားအထိ လာရပ်နေတဲ့ ဒေါ်မမကြီး။ အရဲစွန့်ကာ ဆိုလေသည်။

"ဟိုလေ သမီး သမီး"





"မမသဘော၊ စိတ်ကြိုက်လုပ်"

ဟု ခပ်ပြတ်ပြတ် ဖြတ်ပြောလျှင် ဒေါ်မမကြီး စကားစ တန်းလန်းပြတ်နေရာမှ မျက်နှာကြီး ဝင်းမှည့်သွားသည်။

သူ ရှေ့ဆက် ဘာမှမပြောတော့ပါ။ လက်ပြလိုက်သည်နှင့် ဒရိုင်ဘာက ကားကို ငြိမ့်ငြိမ့်လေး မောင်းထွက်လျှင် –

ကားနောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရတဲ့ မမကြီးရဲ့ဝမ်းသာအစ်စို့သွားတဲ့ ပုံရိပ်လေး တဖြည်းဖြည်း ဝေးကျန်ခဲ့လေသည်။

သူရှေ့ဆက်လုပ်စရာရှိတာက ငွေ အမြန်ပြန်ရောက်လာရေးပဲဖြစ်သည်။

သတင်းစာနဲ့ဂျာနယ်တိုင်းမှာ ကြော်ငြာတွေ ထည့်၏။

ငွေ

အမြန်ပြန်လာပါ။ သမီးမင်္ဂလာရက် နီးနေပြီ။

မောင်

✿

ဒီကြော်ငြာလေး ထည့်လိုက်ကတည်းက သမီးမျက်နှာလေးက ရင်ခုန်စိတ်ကလေး မြူးမြူးကြွကြွဖြစ်လို့နေသည်။

မင်္ဂလာပွဲမှာဝတ်ဖို့ မင်္ဂလာဝတ်စုံတွေ နှစ်ယောက်အတူ လက်တွဲပြီးကြည့်ကြ၊ အစမ်းဝတ်ကြည့်ကြနဲ့ ပျော်ရွှင်နေကာ ဗျူတီပါလာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သမီးမိတ်ကပ်လိမ်းမယ့်ကိစ္စကို ကောင်လေးကိုယ်တိုင် ဦးဆောင်ခေါ်သွားတာလည်း ရှိသည်။

မင်္ဂလာခန်းဝင်ပစ္စည်းဆိုလည်း သမီးစိတ်ကြိုက်ဝယ်သမျှကို လင်းမိဘက မငြိုငြင် ရက်ရက်ရောရော ထုတ်သုံးပေး၏။

သမီးတို့မင်္ဂလာဆောင်ပြီးရင်နေဖို့ လုံးချင်းတိုက်အိမ်လည်း သမီးကြိုက်တဲ့ဒီဇိုင်းမျိုးကို ရွေးဝယ်ကြပြန်သည်။

အဲ့ဒါကိုတော့ သူ လက်မခံ။

သူ့မှာ ဒီသမီးတစ်ယောက်တည်း ရှိသည်။ ဒီသမီးနဲ့ မခွဲနိုင်ပါ။ အခြေအနေအရ မင်္ဂလာဆောင်ခွင့်ပေးလိုက်ရပေမယ့် ခွဲထားဖို့ စိတ်မကူးပါ။

မမကြီးကို ဒီကိစ္စ သူပြောခဲ့သေးသည်။

''သမီးကို သူတို့သားနဲ့ ထည့်မပေးနိုင်ဘူးနော် မမ၊ အဲဒီကိစ္စ မမ ကြိုပြောထား၊ မင်္ဂလာပွဲပြီးရင်လည်း သမီး ဒီမှာပဲ နေရမယ်''

''အိုး ဒါကတော့ကွယ်''

''ကျွန်တော် လက်မခံဘူး မမ၊ ကောင်လေးကို ဒီမှာနေခိုင်းလိုက်၊ ဒါပဲ''

ဟု သူ အပြတ်ပြောခဲ့သည်။

ပြောတဲ့အတိုင်းလည်း သူ့မိဘများ လိုက်လျောရသည်။ မင်္ဂလာခန်းဝင်ပစ္စည်းတွေကို သမီးအခန်းမှာပဲ ပြင်ဆင်ပေးလျက်။

သမီးမင်္ဂလာကိစ္စကြောင့် သူ့တိုက်မှာ လူဝင်လူထွက်များကာ





စည်ကားလို့နေသည်။ အမျိုးတွေလည်း လာလိုက် သွားလိုက်နဲ့ မင်္ဂလာကိစ္စကိုပဲ အားတက်သရော ဖြစ်နေကြသည်။

သူကသာ ရှောင်ဖယ်ကာ ငွေ့ကိုသာ တမ်းတလျက်။

ငွေ့သတင်းမရသရွေ့ ကြော်ငြာတွေထည့်ရင်း သမီးနဲ့သမက်ရဲ့ ပျော်ရိပ်ရွှင်ရိပ်တွေကိုကြည့်ရင်း ဖြေသိမ့်နေရသည်။

တကယ်၍ ဒီအချိန်မှာ ငွေသာရှိရင် ဘယ်လောက်များ ပျော်ရွှင်တက်ကြွနေလိမ့်မလဲ။

ကိုတင့်ခိုင်၊ မဖြိုး၊ ကိုစိုးသန်းတို့စုံတွဲတွေကိုကြည့်ရင်း သူ့ရင်မှာ အလိုလိုအားငယ်လာသည်။ ဝမ်းနည်းတာလည်း ဖြစ်၏။

သမီးရဲ့မင်္ဂလာဖိတ်စာကိုတောင် သူ လိုက်ဖိတ်ဖို့ ခွန်အားမဲ့နေသည်။ သူ့လုပ်ဖော်ကိုင်ဖက်တွေကို ကိုတင့်ခိုင်တို့ ကိုစိုးသန်းတို့က လိုက်လိုက်လှဲလှဲ လိုက်ဖိတ်လျက်။

သမီးမင်္ဂလာပွဲ အတော်ကြီးစည်းကားမယ်ဆိုတာလည်း တွေးမိသေးသည်။

ဆွေမျိုးမိတ်ဆွေနဲ့ အသိုင်းအဝိုင်းအားလုံး ပျော်ရွှင်မြူးကြွနေသလောက် သူတစ်ယောက်တည်းသာ အထီးကျန်ဆန်ကာ ပူလောင်နေတာ ဘာဖြစ်လို့လဲ။ သိလား ငွေရယ်။

ငွေ မရှိလို့ပေါ့။

ချစ်သူမရှိရင် ဘယ်နှလုံးသားက လန်းနိုင်မှာလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"လှ္ဘာ"

ရွှင်မြူးနေတဲ့ လှ္ဘာ့မျက်နှာလေးက တစ်ချက်ချက် ညှိုးရော်သွား၏။ လင်းရိပ်မိတာကြောင့် လှ္ဘာ့လက်ဖဝါးလေးကို ဖျစ်ကိုင်ကာ တို့တို့ခေါ်သည်။

ခေါ်သံကြားမှ လှ္ဘာအသိဝင်လာသလိုဖြစ်ပြီး လင်းကို မော့ကြည့်သည်။

"ဘာပြောမလို့လဲဟင်"

"လှ္ဘာကြည့်ရတာ မင်္ဂလာဆောင်ရက် နီးလာလေ မျက်နှာလေး ညှိုးသလို ဖြစ်လာလေနဲ့၊ လင်း သတိထားမိတာ ကြာနေပြီ၊ လှ္ဘာ ဘာ





ဖြစ်လို့လဲ၊ ဘာအလိုမကျတာရှိလဲ၊ လင်းကို ပြောလေ"

တစ်ယောက်တည်း ကျိတ်ခံစားမိတဲ့ လှ္ဘာရယ်။

လင်းမေးခါမှ ဝမ်းနည်းကာ မျက်ရည်လေး စို့ချင်ချင်ဖြစ်လာသည်။

"ပြောလေ လှ္ဘာ၊ လှ္ဘာ လင်းကိုမှမပြောရင် ဘယ်သူ့ကိုပြောမလဲ၊ အလိုမကျတာ ဘာရှိလဲ"

လှ္ဘာ့ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းပြီး ကြင်နာစွာမေး၏။ လှ္ဘာလည်း လင်းရင်ခွင်ထဲ အလိုက်သင့်တိုးဝင်ကာ လင်းပခုံးထက် ခေါင်းလေးမှေးတင်သည်။

"ဟိုလေ လှ္ဘာတို့ မင်္ဂလာရက်ကို နောက်ဆုတ်ရအောင်လား လင်းရယ်"

"ဘယ်လို လှ္ဘာ၊ ပြန်ပြောပါဦး"

လင်း မယုံနိုင်စွာ ရင်ခွင်ထဲက လှ္ဘာ့ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်ရင်း မျက်နှာချင်းဆိုင်ပြီး မေးသည်။

လှ္ဘာ မျက်နှာချင်းအဆိုင်မခံ။ မျက်လွှာချရှောင်လွှဲ၍ –

"ဟိုလေ နောက်ဆုတ်မယ်ဆိုတာ ခဏလေးရယ်ပါ"

"ဘာဖြစ်လို့ နောက်ဆုတ်ချင်ရတာလဲ လှ္ဘာ"

လင်းရင်မှာ ဟုန်းခနဲ ပူလောင်လျက် မေးပြန်သည်။ လှ္ဘာက လင်းပခုံးတစ်ဖက်ကို ပွေ့ဖက်ကာ –

"ဒယ်ဒီကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



ငိုချတော့မတတ် အသံအစ်အစ်ကလေးနဲ့ လွှာပြောလျှင် အလင်းသွေး မသိမသာ သက်မချလေသည်။

လွှာ့ကိုလည်း ပို၍ချစ်မြတ်နိုးတဲ့စိတ်နဲ့ ထွေးပွေ့မိသလို လွှာ နှစ်သိမ့်နိုင်ပါစေဆိုတဲ့ ခံစားချက်နဲ့လည်း လွှာ့ကုပ်သားဖွေးဖွေးလေး နှုတ်ခမ်းနဲ့ ဖိကပ်နမ်းရှိုက်မိလေသည်။

"ဒယ်ဒီ့ကို လွှာ သိပ်သနားတာပဲ လင်းရယ်၊ ခုချိန်ထိ မာမီ့ သတင်း ဘာမှမရသေးဘူး။ မင်္ဂလာပွဲမှာ မာမီမရှိရင် ဒယ်ဒီ ဘယ်လောက် ခံစားရမလဲဟင်၊ ဒယ်ဒီ့ကြောင့် လင်းနဲ့လွှာ နီးစပ်ခွင့်ပြန်ရတာကို လွှာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ဒယ်ဒီနဲ့မာမီ ခုလိုဖြစ်နေကြတာကို လွှာ မကြည့် ရက်ဘူး။ ဒယ်ဒီ့အတွက် မာမီရှိမှဖြစ်မယ် လင်းရဲ့၊ ဟင့် ဟင့် ဟင့်"

ပြောရင်း ဝမ်းနည်းတာကို မထိန်းနိုင်ရှာ။

လွှာ့ငိုသံလေး လှိုက်တုန်စွာ လျှံထွက်လာသည်။ လင်းလည်း လွှာ့အတွက် စိတ်မကောင်းဖြစ်ရလေသည်။ ဖြစ်နိုင်ရင် လွှာ့မာမီ ဘယ်မှာ ရှိရှိ လင်းကိုယ်တိုင် ပြေးခေါ်ပေးလိုက်ချင်၏။

ဘာဖြစ်လို့လဲဆိုတော့ လွှာနဲ့လင်း အမြန်ဆုံးမင်္ဂလာဆောင်ခွင့် ရဖို့ အရေးကြီးသည်။ တော်ကြာ အဘိုးကြီး စိတ်ပြောင်းသွားရင် ခက် သွားမှာလည်း တွေးပူရတယ်မဟုတ်လား။

လွှာ့ဒယ်ဒီစိတ်က ပြောလို့ရတာ မဟုတ်ဘူး။

မင်္ဂလာကိစ္စကြော်ငြာတာတောင် လွှာ့မာမီ အမြန်ဆုံး ပြန်လာ ဖို့ပဲ ရျေးရှုတာလေ။ မင်္ဂလာရက်နီးလေလေ လွှာ့မာမီသတင်း မရလေ။





လွှာ့မာမီသတင်းမရတော့ လွှာ့ဒယ်ဒီမျက်နှာက မှိုင်းမှုန်တင်းမာကား ဘယ်သူနဲ့မှလည်း မျက်နှာချင်းမဆိုင်။

အမှတ်မထင် ကြုံဆုံရရင်လည်း လင်းကို ရှုတင်းတင်းစိုက် ကြည့်လေ့ရှိတာ ကျောချမ်းမတတ်။

အသည်းနှလုံးပါ တလှပ်လှပ်နဲ့ ခုန်လှုပ်ခဲ့ရတယ်လေ။

တကယ်လို့များ မင်္ဂလာပွဲကျင်းပတဲ့နေ့အထိ လွှာ့မာမီ မရောက် ခဲ့ဘူးဆိုရင် ဒီအဘိုးကြီး မင်္ဂလာပွဲပါ ဖျက်ပစ်ပြီး သူ့သမီး သူပြန်သိမ်း ထားလိုက်မှဖြင့်။

ဟင့်အင်း။

လင်း ထိုသို့ အဖြစ်မခံနိုင်ပါ။

လွှာကလည်း လွှာ့မာမီသတင်းမရသေးတော့ မင်္ဂလာပွဲနောက် ဆုတ်ဖို့ စကားစလာ၏။ ထိုစကားစခြင်းက လင်းအတွက် တကယ်ရင် မအေးနိုင်ခြင်းပဲ မဟုတ်လား။

ဒါကြောင့် လင်းစဉ်းစားရလေပြီ။

"မာမီ ပြန်လာအောင် လွှာ ဘယ်လိုကြိုးစားရမလဲ လင်းရယ်၊ မာမီရှိမှ လွှာ့မင်္ဂလာပွဲ ဂုဏ်ရှိမှာ လင်းရဲ့၊ မာမီမရှိရင် ဒယ်ဒီ ဘယ်လောက် ခံစားရစေမလဲ၊ လွှာလည်း ညှော်သည်တွေကြားမှာ မျက်နှာငယ်ရမယ် လေ"

လွှာ ဒါပဲ ထပ်တလဲလဲ ပြောသည်။

"ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မင်္ဂလာပွဲကို နောက်ဆုတ်ချင်တာပါ လင်းရယ်၊ တခြားကြောင့် မဟုတ်ပါဘူး"

"လင်း နားလည်ပါတယ်၊ ဒါပေမဲ့ မင်္ဂလာပွဲကိုတော့ လင်း နောက်မဆုတ်ချင်ဘူး။ လွှာ့မာမီကို ဒီအတောအတွင်း တွေ့ရအောင် လင်းတို့လည်း ရှာကြည့်ကြမယ်လေ"

လွှာ့ဆံပင်ကို တယုတယသပ်လျက် ပခုံးစွန်းလေးကို ဖွဖွငုံ့နမ်း၍ လင်းပြောလျှင် –

နွေးသွားတဲ့ခံစားချက်က လွှာ့သွေးကြောလေးများကတစ်ဆင့် လွှာ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသလို ရင်ထဲမှာလည်း မျှော်လင့်တကြီး ဖြစ်လေသည်။

ထို့ကြောင့် လင်းလည်တိုင်ကို အားကိုးတကြီး သိုင်းဖက်ပြီး လင်းနဲ့ မျက်နှာလေးဆိုင်မိ၏။

"ဟုတ်တယ်၊ လွှာလည်းလေ ပြောသာပြောရတာ မင်္ဂလာရက်ကို လုံးဝနောက်မဆုတ်ချင်ဘူး လင်းရဲ့"

ရင်ခုန်ခြင်းနဲ့ စူနေတဲ့ လွှာ့နှုတ်ခမ်းဖူးဖူးလေးရယ်၊ ပြောလာတဲ့ စကားလုံး နုနုလေးရယ်ကို လင်း သဘောကျလေပြီး–

"လင်းနဲ့လွှာ့ဆန္ဒက တစ်ထပ်တည်းတူတယ် လွှာရဲ့၊ လင်းနဲ့ လွှာကို ပေါင်းခွင့်ပေးမယ့် ဒယ်ဒီကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ လွှာ့မာမီကို လင်းနဲ့လွှာ လိုက်ရှာရအောင်လား"

လင်းစကားအဆုံးမှာ လွှာ့မျက်ဝန်းအိမ်မှာ ရင်ခုန်ခြင်းနဲ့





တောက်ပသွားလေသည်။

လင်းကိုလည်း အားကိုးယုံကြည်စိတ်အပြည့်နဲ့ ရင်ခုန်သံမြန်စွာပဲ ကြည့်၍ –

"အိုကေ ရှာမယ်လေ၊ တွေ့အောင်ရှာကြမယ် လင်းရဲ့၊ လာ ခုပဲ သွားရှာကြမယ်"

လွှာက ပြောရင်းဆိုရင်း လင်းရင်ခွင်ထဲက ရုန်းထသည်။ လင်းကလည်း မနှေးပါ။ ချက်ချင်းပဲ ချစ်သူနောက်က ပါလေသည်။

လွှာက လွှာ့သူငယ်ချင်းနှစ်ယောက်ကို ချက်ချင်းပဲ ဖုန်းဆက်ပြီး အကြောင်းကြား၏။ လင်းကလည်း လင်းသူငယ်ချင်းတွေကို အကူအညီတောင်းသည်။

မာမီက ဘယ်သူ့အစီအစဉ်နဲ့ ဒယ်ဒီကို ခုချိန်ထိ ရှောင်နေပုန်းနေရတာလဲ။ သေချာသိရအောင်။

ကြီးကြီး။ အန်တီဖြူ။ အန်ကယ်လတ်။

ဒါ့အပြင်မက ဒယ်ဒီအပေါ် အစဉ်အမြဲ အလိုမကျရှိလှတဲ့ လွှာ့မာမီဘက် အမျိုးတွေပါ မကျန်။

သူငယ်ချင်းအားလုံး နောက်ယောင်ခံလိုက်ရင်း စုံစမ်းကြတဲ့အခါ –

အလို မြတ်စွာဘုရား –

လွှာတို့ ထင်မှတ်မထားစွာသိရသည်က –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"လွှာ့မင်္ဂလာဆောင် တစ်ခါနွှဲရဖို့အရေး စုံထောက်မောင်စံရှား လုပ်ရတာနဲ့ မကာမိဘူး၊ တကယ်"

"ဟုတ်ပ့ါ"

ဖူးဖူးသစ်ပြောတာကို သရဖီမိုးက မေးလေးငေါ့ကာ ထောက်ခံ၏။

ထို့အတူ အလင်းသွေးသူငယ်ချင်းတွေကလည်း –

"ဟုတ်တယ်ဟေ့၊ လင်းမင်္ဂလာဆောင်တစ်ပွဲ နွှဲရဖို့အရေး ဟိုလူ့နောက် ခြေရာခံ, ဒီလူ့နောက် ခြေရာခံနဲ့ဟယ်"

"လိုက်ရတာ အမောဆို့မတတ်"





မှုမှုခင်နဲ့ သန္တာလှိုင်လည်း အားကျမခံဝင်ပြော၏။ သန့်စင်မင်းနဲ့ ရောင်နီဦးက လွှာနဲ့လင်းကို အားကျကာ သူငယ်ချင်းကောင်မလေးတွေကို မျက်စပစ်လျှက်။

ရင်ခုန်သံကို နှိုးဆွနေကာ ပျော်မြူးလို့နေသည်။

"ကဲပါ ပြောမနေပါနဲ့တော့၊ ဖူးတို့ သတင်းထောက်လှမ်းသမျှ အဖြေက ပေါ်နေပြီပဲ၊ မကြာခင် အောင်မြင်တော့မှာပါ"

ဖူးဖူးသစ်ပြောတော့ အားလုံးထောက်ခံလျက် ခေါင်းညိတ်ကြလေသည်။ လွှာနဲ့ လင်းကတော့ သူငယ်ချင်းတွေကို ကျေးဇူးတင်လျက်။

တကယ်လည်း ကျေးဇူးအထူးတင်ထိုက်တဲ့ အဖြစ်ရယ်ပါ။

မာမီ ဘယ်နေရာမှာရှိနေမှန်း လွှာတို့နှစ်ဖက်သူငယ်ချင်းတွေ စောင့်ကြည့်ကြမှ အဖြေပေါ်တော့သည်။

မာမို့ကို ဝှက်ထားတာလေ။

ကြီးကြီးရော၊ အန်တီဖြူးနဲ့ အန်ကယ်လတ်ပါမကျန်။ ဆွေမျိုးတွေလည်း တစ်ကျိတ်တည်း တစ်ဉာဏ်တည်း။

ဒီကိစ္စကို ဦးဆောင်တာ အန်တီဖြူး။

အမျိုးတွေနောက် နောက်ယောင်ခံလိုက်မှ အားလုံးက အန်တီဖြူးနဲ့ တိုးတိုးတိတ်တိတ် ပြောကြဆိုကြ။

နောက်ဆုံးတော့ အန်တီဖြူးနောက် အယောင်မပြဘဲ လိုက်ကြလေမှ လက်ပူးလက်ကြပ် မိတဲ့အဖြစ်။

ဒီအဖြစ်ကို လွှာတို့သူငယ်ချင်းအားလုံးသာ သိကြသေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ မသိသေးပါ။

ဒယ်ဒီသိအောင် ပြောဖို့လည်း အဆင်သင့်။

ဟော စောင့်နေရင်း လာပါပြီ။

ဒယ်ဒီ ကားပေါ်ကဆင်းသည်နှင့် လှာ ဦးစွာ ပြေးကြိုလိုက်သည်။ ရွှင်မြူးသွက်လက်နေသော သမီးကိုမြင်လျှင် ဦးအာကာဇော် ရင်မှ ကြည်လင်လာပေမယ့် နှလုံးသားက မလန်းဆန်းနိုင်။

သမီးက သူ့ခါးကိုဖက်၍ မျက်နှာလေးမော့ကာ မြူးမြူးလေး ခေါ်သည်။

"ဒယ်ဒီ"

"ပြောလေ သမီး။ သမီးတို့မင်္ဂလာပွဲအတွက် ဘာလိုသေးလဲ"

"လိုတာပေါ့ ဒယ်ဒီရဲ့"

"ဘာများလဲ သမီးရယ်"

ဦးအာကာဇော် သမီးမျက်နှာလေးကို ငုံ့ကြည့်ရင်းမေးသည်။ သမီးမင်္ဂလာဆောင်ပွဲမှာ ဖခင်တစ်ယောက်အနေနဲ့ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ဖို့ တာဝန်ရှိတယ် မဟုတ်လား။

သမီးက ဖခင်ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ကာ မော့ကြည့်ပြီး ဆိုသည်က –

"မာမီပေါ့"

တဲ့။ သမီးရဲ့ တောင်းဆိုမှုနောက်မှာ ဦးအာကာဇော် လွမ်းမော လို့သွား၏။ ငွေ့ကို မြင်ချင်တွေ့ချင်စိတ်နဲ့ မျက်ဝန်းမှာ မှိုင်းညို့လျက်။





"သမီးရယ်"

သမီးခေါင်းလေးကို လက်တစ်ဖက်နဲ့ ပွေ့ပိုက်ကာ ရှုံ့မဲ့နေသည့် နေတဲ့ သမီးဆံပင်လေးကို ငုံ့မွှေးမိလေသည်။

သမီးကတော့ သူ့ရင်ထဲက ဆန္ဒထက် လိုချင်တာပဲ ဆက်ပြော ၏။

"တကယ်ပြောတာ ဒယ်ဒီရဲ့၊ မာမီမရှိရင် လှာရော၊ ဒယ်ဒီပါ မျက်နှာငယ်ရမှာလေ"

သမီးပြောပုံလေးက လှပေမယ့် သူ့နှလုံးသားမှာ တကယ် လှိုက်ကာ။

သမီးဆံပင်လေးကို ပွတ်သပ်နှစ်သိမ့်ပေးနေတဲ့ သူ့လက်ချောင်း တွေတန့်ကာ ရင်ထဲမှာ ဝမ်းနည်းတကြီး ငိုချင်လာသည်။

သမီးနဲ့ သမီးသူငယ်ချင်းတွေရှေ့မှာ သူ ငိုလို့မဖြစ်ပါ။ မနည်း မနော ဟန်ဆောင်ထိန်းချုပ်ရသော်လည်း မျက်ရည်တို့ ဝေ့တက်လာ သည်။

"သမီးရယ် သမီးမာမီ့ကို ဒယ်ဒီ ဘယ်မှာမှ ရှာမတွေ့ဘူးကွဲ့"

"အဲဒီအတွက် ဒယ်ဒီ စိတ်ထိခိုက်နေမှာပဲနော်"

လှာ စာနာစွာမေးသော ဒယ်ဒီ့မျက်နှာလေး တစ်ဖက်သို့ လွှဲ ဖယ်သွားလေသည်။ ထိုအခါ ဒယ်ဒီ့ကို လှာ အရမ်းပဲ သနားလို့သွားကာ။

"လှာ့မင်္ဂလာဆောင်မှာ ဒယ်ဒီနဲ့အတူ မာမီ့ကို ရှိစေချင်တာပေါ့ အဲဒါကြောင့်လေ"



www.burmeseclassic.com

www.burmeseclassic.com



လှှာ စကားရပ်လိုက်လျှင် ဒယ်ဒီ့မျက်နှာလေး ပြန်လှည့်လာသည်။ လှှာ့ကိုလည်း အားကိုးတကြီးကြည့်သော ဒယ်ဒီ့မျက်လုံးဟာ တောက်ပနေပြီး –

"အဲဒါကြောင့် ဘာဖြစ်လဲ သမီး"

"မာမီ့ကို လိုက်ရှာတာပေါ့"

"မတွေ့ဘူး မဟုတ်လား"

"တွေ့တယ်"

"ဘာ"

ဦးအာကာဇော် သူ့နားပင် သူမယုံနိုင်။ အံ့သြတုန်သွားကာ ဆုပ်ကိုင်ထားတဲ့ တုတ်ကောက်လေးပင် လွှတ်ကျသွား၏။

သမီးပခုံးနှစ်ဖက်ကိုလည်း တင်းအောင်ဆုပ်ကိုင်မိပြီး မေးသည်။

"တွေ့တယ်၊ ဟုတ်လား သမီး၊ သမီးမာမီ ဘယ်မှာလဲ၊ အခု ဘယ်မှာရှိနေလဲ၊ ဒယ်ဒီ့ကို ပြောစမ်းသမီးရယ်"

ဦးအာကာဇော် သမီးသူငယ်ချင်းတွေ ညှော်ခန်းမှာရှိနေတာ မြင်သော်လည်း ဂရုမစိုက်နိုင်တော့ပါ။ ရင်ခုန်လှုပ်ခတ်သွားသော စိတ်နဲ့ မေး၏။

လှှာက မြုံးမြုံးလေး ပြုံး၏။ ရပ်ကြည့်နေတဲ့ လင်းက လွှတ်ကျနေတဲ့ ဒယ်ဒီ့တုတ်ကောက်ကို ကောက်ပေး၏။

လှှာက တုတ်ကောက်ကို ဒယ်ဒီ့လက်ထဲ ပြန်ထည့်ပေး၏။





တုတ်ကောက်ကို ဒယ်ဒီ ဆုပ်ကိုင်မိတဲ့အခါ –

"လာ ဒယ်ဒီ"

ဟု ဆိုပြီး ဦးဆောင်ခေါ်သွားလျှင် ဦးအာကာဇော်ရင်မှာ ဆယ်ကျော်သက်ကောင်လေးလို တလှုပ်လှုပ်ခုန်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

သာယာလှပသော နွေနေ့လယ်ချိန်မယ် –

ဥယျာဉ်တို့ တေးဆိုနေသည်က ချစ်သူကို တမ်းတအောက်မေ့စေဖို့ လှုံ့ဆော်နေသည့်နှယ်။

တကယ်လည်း ငွေ့နှလုံးသားမှာ အချစ်ကို ဝေဒနာတော့တနေတယ် မဟုတ်လား။ ထိုစိတ်ကြောင့် မရန်းပင်ထက် ကလူကျီစယ်နေသော ညိုဝါရောင်ငှက်ကလေးများကိုကြည့်ကာ ချစ်စိတ်ကို နှစ်သိမ့်နိုင်အောင် ကြိုးစားနေရသည့်အဖြစ်။

အညိုရောင်အပြောက်လေးများပါတဲ့ အဝါရောင်အမွေးလှလှလေးများနဲ့ ချစ်စရာကောင်းသော ငှက်ဝါလေးတွေ တစ်ကောင်ကိုတစ်





ကောင် တို့ထိကျီစယ်ကာ ချစ်ရေးသွယ်ဖို့ ကြိုးစားနေဟန်က အချစ်တို့ဝေဒနာနေတဲ့ နှလုံးသွေးကို နွေးလာစေသည်။

ထိုစဉ် စိတ်လှုပ်ရှားပြီး လှမ်းလာနေတဲ့ ခြေသံတစ်သံ။ နားထဲရင်းနှီးကျွမ်းဝင်စွာ ဖျော့လာသလို ခေါ်လိုက်တဲ့အသံကလည်း ရင်ကိုရိုက်ခတ်လာစေသည်။

“ငွေ”

တဲ့။ ချစ်သူကို တွေ့မြင် ချစ်ကြင်လိုစိတ် ရှန်းကြွနေသော ဥယျာဉ်ငှက်ရဲ့ချစ်သူခေါ်သံနှင့် တစ်ထပ်တည်းတူနေသည့် မောင့်ခေါ်သံ။

ငွေ ဣန္ဒြေလည်း မဆည်နိုင်တော့ပါ။ မောင့်ကိုတော့တနေတဲ့ ရင်ခုန်စိတ်ကြောင့် စိမ့်လာတဲ့ မျက်ရည်ကြည်တို့ကို တို့သုတ်ဖယ်ရှားမနေအားတော့ပါ။

ငှက်ဝါစုံတွဲဆီမှ အကြည့်ကို ချက်ချင်းရုပ်၏။ တစ်ဆက်တည်းလည်း ခေါ်သံရဲ့ထွဲဝင်အားနောက် ပါသွားကာ လည့်ပြန်ငဲ့ကြည့်လျှင်–

“ငွေ”

လှုပ်ခုန်လှိုက်လှဲသောခေါ်သံနှင့် အနားရောက်လာတဲ့မောင်။ ငွေ့ကို စိုက်ကြည့်လာသော မောင့်မျက်ဝန်းမှာ ရင်ခုန်လမင်းကြီး ဝင်းခနဲသာသွား၏။ မွတ်သိပ်တော့တစွာ ထပ်ခေါ်ခေါ်လျှင် ငွေ ဟန်ဆောင်ကာ ပြတင်းပေါက်နား ရပ်မနေနိုင်တော့ပါ။

ရင်ဖွင့်ကြိုဆိုလာတဲ့ မောင့်ရင်ခွင်ထဲ တိုးဝင်မိလေသည်။

ငွေ့ကို ပွေ့ဖက်လိုက်တော့ မောင့်လက်ထဲမှ တုတ်ကောက်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ကျသွားသံ ကြားရသည်။

တုတ်ကောက်ပြန်ကောက်ဖို့ မောင်စိတ်ဝင်စားဟန်မတူ။ ငွေ့ကို မွေ့ပိုက်ကာ ပါးပြင်လေးကို အငမ်းမရ နမ်း၏။

"မောင့်ကို ခွင့်လွှတ်ပါ ငွေရယ်၊ မောင်လေ ငွေ့ကို သိပ်ချစ်တယ်၊ ချစ်လွန်းလို့ မောင့်ရင်ထဲမှာ မီးဟုန်းဟုန်းတောက်နေခဲ့တယ်လေ၊ မောင့်ရဲ့ခန္ဓာကိုယ် ချွတ်ယွင်းချက်ကြောင့် ငွေ ပစ်သွားနိုးနိုးနဲ့ မောင် ပူလောင်ခဲ့ရတာ သမီးတစ်သက် ဖြစ်နေပြီ ငွေရဲ့၊ မထင်မှတ်တဲ့အချိန်မှာ ငွေ တကယ်ပစ်သွားတော့လေ မောင့်ရင်ခွင်ကို ဓားကြီးနဲ့ ခွဲချလိုက်သလိုပဲ၊ ဟင်းလင်းပွင့် ကွဲသွားတာ ငွေ"

အတောမသတ်ပြောရင်း ငွေ့မျက်နှာပေါ်က အစိတ်အပိုင်း အသီးသီးကို အဆက်မပြတ်နမ်းပြန်သည်။

"ငွေ မောင့်ကို ပစ်မသွားပါနဲ့ကွာ၊ ငွေ ပစ်သွားမယ်ဆိုရင် မောင့်ကို အသေသာသတ်လိုက်ပါတော့ဟာ၊ ငွေမရှိရင် မောင် ဘယ်လိုမှ နေလို့မရဘူး၊ နေလို့လည်း မနိုင်ပါဘူး ငွေရယ်၊ အခုတောင် သမီးက ပြောလို့"

ငွေ့မေးဖျားကို တယုတယကိုင်၍ ငွေ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ဆိုနေတဲ့ မောင်ရယ်။

ငွေ့နှလုံးသားမှာ ဝမ်းသာစိတ်နဲ့ မြူးသွားကာ မောင်နဲ့ ပါးချင်း ကပ်လိုက်၏။ ထိုအခါ ငွေ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့ နွေးခနဲ ဆင်းလာကာ –





"သမီးက ပြောတာ ဟုတ်လား မောင်"

"ဟုတ်တယ်၊ သမီးပြောလည်း ပြောတယ်၊ ငွေရှိတဲ့နေရာကို လည်း လာပို့သွားတာ ငွေရဲ့"

ငွေ့ရင်မှာ သမီးလေးကို ပို၍ပင် ချစ်စိတ်ဝင်လာသည်။

"ငွေ့ကို မဖြိုးက ပုန်းခိုင်းထားတာ"

တဲ့။ ငွေ့ပခုံးသားလေးကို ဖွဖွဖျစ်ကိုင်ရင်း မောင်ပြော၏။ ငွေ ခေါင်းလေးညိတ်ကာ မောင့်ပါးပြင် မေးရိုးတစ်လျှောက်ရှိ မရိတ်သေးသော စုးစုးရှရှ အမွေးရိုင်းတို့ကို လက်ချောင်းလေးများနဲ့ တယုတယ ပွတ်သပ်ကြင်နာမိလေပြီ။

"ဟုတ်တယ်၊ ငွေလည်းလေ မဖြိုးစီစဉ်တုန်းက မောင့်ကိုလည်း တကယ်စိတ်ကုန်သလို ခံစားရတာနဲ့ ခေါင်းညိတ်ခဲ့တာ၊ တကယ့်တကယ် ကျတော့ မောင့်ကို ငွေ ပစ်မထားရက်ဘူး။ မောင်လိုက်ရှာနေတာသိတော့ ပိုပြီး သနားတယ်၊ ကြော်ငြာတွေ ဖတ်ပြီးလည်း ငွေ ငိုမိတယ်၊ ဘာကြောင့် မဖြိုး စီစဉ်တဲ့အတိုင်း ခေါင်းညိတ်ခဲ့ရတာလဲလို့ တွေးရင်း နောင်တလည်း ရတယ်၊ မင်္ဂလာပွဲမှာ ငွေမရှိရင် မောင်နဲ့သမီးလေး ဘယ်လောက်ခံစား ရမလဲ, ပတ်ဝန်းကျင်က ဘာပြောကြမလဲ စဉ်းစားရင်း"

"ငွေရယ်"

မောင်၏ချစ်မဝစွာသော ရင်ခုန်သံနှင့် တိုးတိုးလေး ရေရွတ်ရင်း မျက်လုံးလေး စုံမှိတ်ကာ ငွေ့ကို မောင် တိုး၍ဖက်ထား၏။

ငွေကလည်း မောင့်ခါးကို ဖက်လိုက်တဲ့အခါ ကိုယ်ကိုဝင်နီး



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ဖြစ်သွားတဲ့ ငွေနဲ့မောင်။

အရှိန်မထိန်းနိုင်ဘဲ ဆိုဖာနံပေါ် ပွေ့ထားလျက်နဲ့ ကျလေသည်။ ဆိုဖာပေါ်ကျပေလို့ တော်ပါသေးရဲ့လို့ ငွေ့ရင်ထဲ ခံစားမိ၏။

"မောင့်ကို တွေ့ရတော့လေ ငွေ ဟန်မဆောင်နိုင်တော့ဘူး။ မောင့်ကို ဟန်မဆောင်နိုင်စကောင်း ချစ်မြတ်နိုးနေလိမ့်မယ်လို့ အရင်က မထင်ခဲ့ဘူး"

နှစ်ယောက်သား အကြည့်ချင်းဆုံသွားသည်။

"တကယ်ပြောတာ ဓမောင်ရဲ့၊ ငွေလေ မောင်နဲ့ဝေးနေမှပဲ မောင့်အချစ်ကို ခံစားသိနဲ့ ခံစားတတ်လာခဲ့တယ်"

"ငွေ တကယ်ပြောတာပေါ့နော်"

ငွေ ခေါင်းညိတ်ရင်း ဖွင့်ပြောရမှာ ရှက်တဲ့ခံစားချက်ကို ရင်ခွင်ချင်း နှင်းအပ်၍ အသံတိတ်သာ ဆိုချေသည်။

မိန်းမတစ်ယောက်ရဲ့အိမ်ထောင်ရေးအနှစ်သာရဟာ ကိုယ့်ခင်ပွန်းဆီက အပြည့်အဝလွှံ့ဆောင်ပေးနိုင်စွမ်းသော ချစ်စိတ်သွေးကို ဈွေးမှုစေမှုမဟုတ်ပါဘူး။

ဆာလောင်သော မွတ်သိပ်တောင့်တမှုကို ဖြည့်စွမ်းပေးနိုင်တဲ့ အနမ်းနဲ့ မရိုးနိုင်အောင် ခြယ်လှယ်ပေးနိုင်သော ကြင်နာယုယမှုတွေနဲ့လည်း လုံလောက်လှပါတယ်။

မောင်ဟာ ငွေ့အတွက် လိုအပ်သော အိမ်ထောင့်သုခကို ထိုက်သင့်သမျှ ပေးနိုင်စွမ်းခဲ့ပဲ့အတွက် မောင့်ကို ပစ်ခွဲဖို့ ငွေ ဟိုတစ်ချိန်က





တည်းက စိတ်မကူးမိခဲ့ပါ။

အခုချိန်မှာ ပိုတောင်မပစ်ပယ်နိုင်ရက်ပေ။

ငွေ စိတ်ညစ်တာရယ်၊ မဖြိုးအစီအစဉ်ကို မလွန်ဆန်ချင်တာနဲ့ ပေါင်းပြီး တစ်ပတ်မျှ ခွဲနေမိရုံနဲ့ ရှေ့ဆက်ခွဲမနေနိုင်မှန်း ငွေ့နှလုံးသွေးက သိနှင့်ပြီလေ။

ဒါကြောင့် မောင့်ကိုမြင်တာနဲ့ ငွေ ဣန္ဒြေလည်း မဆည်နိုင်။ ဟန်လည်း မဆောင်နိုင်။

ခုလို မောင့်ရင်ခွင်ထဲ ပြန်ခိုမိတာက မောင်နဲ့ငွေရဲ့ မင်္ဂလာဦးညကလို ငွေ့ရင်မှာ သိမ့်သိမ့်တုန်စေကာ။

မောင်ကလည်း ငွေ့ရင်ခုန်သံကို ဘာသာပြန်တတ်သွားပြီထင့်။

"ငွေရယ် မောင့်အပေါ် ငွေ အဲလောက်ထိ လှိုက်လှိုက်လှဲလှဲ ချစ်တတ်နေမယ်လို့ မယုံရဲခဲ့ဘူး။ ခုမှ"

ပြောရင်း ပြောကျနေတဲ့ ငွေ့ဆံပင်ကို သိမ်းဖယ်ကာ ငွေ့မျက်နှာလေးကို ရွှန်းရွှန်းစားစား ကြည့်သည်။

"ခုမှ ဘာဖြစ်လဲ မောင်"

"ငွေ့ကို မောင့်နှလုံးသားတစ်စုံလုံးနဲ့ ကျေးဇူးတင်တယ်" တဲ့။ ငွေ့နှုတ်ခမ်းမှာ အပြုံးလှလှလေးပွင့်လျက်။

"တကယ်ပြောတာ ငွေရဲ့၊ မောင်ပြန်လာတာ အလုပ်ကို[illegible]မြွတ်လို့ မဟုတ်သေးဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငွေရဲ့၊ သမီးရဲ့ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့၊ မောင်နဲ့ငွေရဲ့ မင်္ဂလာသက်တမ်း နှစ်နှစ်ဆယ်တင်းတင်းပြည့်တဲ့အထိမ်းအမှတ်နဲ့ လာခဲ့တာ၊ ငွေနဲ့သမီးကို တအံ့တဩဖြစ်စေဖို့လေ၊ ပြီးတော့ လက်ဆောင်ပေးမလို့ပေါ့"

ထိုစဉ်ကလည်း ငွေ ရင်ခုန်ခဲ့ရတယ် မဟုတ်လား။

သမီးကိုစွကြောင့် ထင်တာတွေနဲ့လွဲပြီး ပြဿနာတက်ကုန်တာလေ။

ခုတစ်ခါ မောင် အစဖော်ပြောပြန်ပြီ၊ မင်္ဂလာသက်တမ်း နှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ်တဲ့။

ငွေ တကယ်ရင်ခုန်လျက်။

"အဲဒီနေ့က မောင်ပေးတဲ့လက်ဆောင်က ငွေ့ပါးပြင်ကို သုံးရက်လောက် ရောင်ကိုင်းစေတယ် မောင်ရဲ့"

ပါးပြင်နေရာကို လက်ဖဝါးနဲ့ ဖွဖွပွတ်ရင်း ပြောရှာတဲ့ငွေ။ မောင့်ရင်မှာ တကယ်သနားလို့သွားကာ -

ငွေလက်ဖဝါးကိုဖယ်ပြီး မောင့်လက်ချောင်းတွေနဲ့ ကြင်နာစွာပွတ်သပ်ပေးရင်း ဖျစ်ကိုင်ထား၏။

"ဆောရီးပါ ငွေရယ်၊ မောင် မရှည်ရှယ်ပါဘူး။ မောင့်အချစ်တွေ ပေါက်ကွဲသွားတာ ဘာကိုမှ မမြင်နိုင်တော့ဘူး။ သမီးကို ဒီလိုပြင်ဆင်ခွင့်ပေးရလားဆိုတဲ့စိတ်နဲ့ မောင် တကယ်ထိနိုက်သွားတယ်၊ ဒီလောက်လေးတောင်မှ ငွေ မသိရကောင်းလားဆိုပြီး ငွေ့ကိုလည်း ဒေါသထွက်





တယ်၊ အဲဒါနဲ့ ရိုက်မိသွားတာ၊ မောင့်ကိုယ်မောင် အံ့ဩနေတယ်၊ ယုံကြ မရလည်း ခံစားရတယ်၊ ငွေ့ကို မောင် ဘယ်တုန်းကမှ ရိုက်မောင်း ပုတ်မောင်း မဆက်ဆံခဲ့ပါဘူး ငွေရယ်"

ငွေသိပါတယ်လို့ အသံတိတ်ပြော၏။

ငွေက မောင့်ရင်ခွင်မှာ ခေါင်းလေးနှင်းအပ်သလို မောင်ကလည်း တိုး၍ဖက်ကာ ငွေ့ပါးပြင်လေးနဲ့ ပါးချင်းအပ်ပြီး -

"ငွေနဲ့သမီးအပေါ် မောင် လွန်လွန်ကဲကဲ ချစ်မိတော့ ဘာကိုမှ မမြင်နိုင်တော့ဘူး။ ကိုလွှမ်းဝေတို့ ပျော်ပါးဖို့ခေါ်တဲ့ ကောင်မလေးတွေ အထာသဘောနဲ့ သွားမှာ ကျောက်အလှတပ်တာ မြင်ခဲ့သိခဲ့ရတော့ မောင့်သမီးက အထာပုံစံမျိုး စိန်ပွင့်တပ်ထားတာတွေ့ရတော့ မောင် အတော်ကြီး ဆူပွက်သွားတာ ငွေ"

မောင်ပြောရင်း သက်မ,ချ၏။ ပြီးမှ ပြောပြန်သည်။

"အကြောင်းအရာ တိုက်ဆိုင်နေတဲ့အဖြစ်ကို မောင်က မောင့်အတွေးနဲ့မောင် ကောက်ချက်ဆွဲလိုက်မိတာပါ၊ ဘယ်ကိစ္စမှာဖြစ်ဖြစ် အထာဆိုတာ ရှိတာပဲ၊ အဲဒီအထာကိစ္စတွေကို ရောရောထွေးထွေး မမြင်တတ်ဖို့လိုတယ်၊ အခုတော့ မောင် နားလည်ပါပြီ၊ သမီးက လှချင်လို့ အလှဆင်တာလေ၊ တကယ်လည်း လှနေတယ် ငွေရဲ့၊ အဲဒီတုန်းက မောင့်ဒေါသကြောင့် သမီးသွားတက်ကလေး ဘယ်လောက်လှသွားသလဲ ဆိုတာ မမြင်ခဲ့ဘူး။ ခေတ်သစ်ဒိုးရိုက်ထားတဲ့ သမီးဓာတ်ပုံလေးကို ကြည့်လိုက်မှကွာ၊ သွားတက်လေးမှာ စိန်ပွင့်လေးတပ်ထားလို့ ဝင်းလက်



www.burmeseclassic.com

www.burmeseclassic.com



လက်လှနေတဲ့ သမီးလေး၊ မောင် အကြည့်မလွှဲရက်ဘူး''

မောင်ပြောနေတာတွေက အပိုမဟုတ်မှန်း ငွေလည်း ခံစားသိနေပါသည်။ သွားမှာ စိန်တပ်ထားတုန်းက သမီးက ရယ်လိုက်တိုင်း အလှသွေး တဖျပ်ဖျပ် လင်းခါနေတယ် မဟုတ်လား။

''ခုတော့ မောင်ခွင့်ပြုလိုက်ပြီ ငွေ''

''ဘာကိုလဲ မောင်''

''သမီးသဘောလို့ သွားတက်ကလေးတင် မကဘူး၊ သွားအားလုံးမှာ ဆင်ချင်သလောက် ဆင်လို့လေ''

''သမက်ရလိုက်မှပေါ့လေ''

မောင် ပြုံးလျက် ခေါင်းညိတ်၏။

''သမီးကလည်း ကောင်လေးကို ချစ်နေကယ်ဆိုတော့ မောင် လက်ခံရမှာပေါ့။ သမီးကိုမှ မောင် မခွဲနိုင်တာ၊ တကယ်လို့ ကောင်လေး အဆက်အသွယ်ပြန်လုပ်နေတာကို သမီး နောက်တစ်ခါ လိုက်ပြေးသွားရင် မောင်တို့ပဲ အရှက်ရဦးမှာလေ၊ အဖက်ဖက်ကို စဉ်းစားပြီး ခေါင်းညိတ်လိုက်တာ၊ ငွေလည်း ကျေနပ်တယ်မဟုတ်လား''

''ကျေနပ်ရမှာပေါ့ မောင်ရယ်၊ လင်းမိဘ လိုက်လျောတာတွေက သမီးရှင်အနေနဲ့ ကျေနပ်စရာပဲလေ၊ အရေးအကြီးဆုံးက သမီးနဲ့ လင်းက အပြန်အလှန်ချစ်ကြတာဆိုတော့''

''အင်း ဟုတ်တယ်၊ သမီးနဲ့ကောင်လေး ချစ်ကြတာက အဓိကပဲ၊ ကဲပါ ငွေရဲ့ သမီးနဲ့သမက်အချစ်ကိစ္စ ခဏထား၊ မောင်နဲ့ငွေလည်း





ချစ်တာပဲ မဟုတ်လား''

ငွေ ကြည်နူးစွာ မျက်စောင်းထိုး၏။ မောင် သဘောကျစွာ မျက်နှာလေး မော့ရယ်လျက် ချစ်စိတ်နဲ့ မောင့်နှုတ်ခမ်းအစုံက နုမျိုသွားပြီး –

''ငွေ့ကို မင်္ဂလာလက်ဆောင်ပေးမယ်လေ''

ဟု ငွေ့ပါးပြင်ကို ဖိကပ်မွှေးကြူရင်း ဆိုသည်။ ငွေ ရှောင်ဖယ်မနေတော့ ရင်ခုန်စွာ ခံယူရုံပဲလေ။

''သမီးမွေးနေ့အတွက်ဆိုပြီး ပုလဲစစ်စစ် တစ်ဆင်စာလုပ်ခဲ့တယ်၊ အခုတော့ မင်္ဂလာလက်ဖွဲ့ဖြစ်သွားပြီ၊ သမီးအတွက် လက်ဆောင်ကို သမီးကိုပေးပြီးပြီ၊ ငွေ့အတွက်ပဲ ကျန်တယ်''

မောင်ပြောရင်း ကိုယ်လုံးလေးကြွကာ ဘောင်းဘီအိတ်ထဲက ကတ္တီပါဘူးဝိုင်းလေး ထုတ်၏။

ရင်ခုန်မပြယ်စတမ်း ငွေ စိတ်ဝင်စားလျက် –

''ဘာလဲဟင်''

''သဘာဝပုလဲကို ပလက်တီနမ်ကွပ်ထားတဲ့ ရင်ထိုးလေ''

''ဟယ်''

ငွေ ဝမ်းသာစိတ်က ထိန်းမနိုင်သိမ်းမရတော့ပါ။ ပလက်တီနမ်နဲ့ အနားသတ်ဘောင်ကွပ်ပြီး အညွန့်အခွေလေးပုံစံကြား ပုလဲလေးများ မြုပ်နှံပုံသွင်းထားတဲ့ ရင်ထိုးလေးရယ်။

''ကြိုက်လား ငွေရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာပေါ့လို့"

"ကြိုက်ရမယ်လေ၊ မောင်က ငွေ ဘာကြိုက်လဲဆိုတာ သိနေတယ်၊ မောင်တို့ရဲ့ နှစ်နှစ်ဆယ်မြောက် အထိမ်းအမှတ်၊ နောက်ပြီး နောင်လာမယ့် နှစ်ဆယ့်တစ်နှစ်မြောက် မင်္ဂလာရက်ကို ကြိုတဲ့အထိမ်းအမှတ်အဖြစ် မောင် ဆင်ပေးမယ်လေ"

ရင်ထိုးလေးကို ဘူးထဲက ထုတ်၏။ နောက် ချိတ်လေးကိုဟကာ ငွေ့ဘယ်ဘက်ရင်အုံမှာ တပ်ပေးဖို့ ပြင်သည်။

ငွေက ရင်အုံလေးကို မတ်ကြွပေးကာ –

ငွေ ဘယ်ဘက်ရင်အုံမှာ မောင့်အချစ်ပန်းလေး ပွင့်လန်းချေပြီ။

"ပြီးတော့ ငွေ့ကို ပြောစရာရှိသေးတယ်"

ရင်ထိုးလေး တပ်ဆင်ပေးပြီးတော့ ငွေ့ရင်ပေါ်က ရင်ထိုးလှလှလေးကို မောင် စိုက်ကြည့်ကာ ပြောသည်။

"ဘာလဲဟင်"

ငွေ ကြည်နူးစွာ မေး၏။ မောင်က လိုက်လိုက်လှဲလှဲ ပြုံးလေပြီ။ ငွေ့ပခုံးနှစ်ဖက်ကိုလည်း ဆွဲယူကာ မောင့်ပခုံးပေါ် ငွေ့ခေါင်းလေး မှေးတွယ်စေသည်။

ပြီးတော့ ငွေ့နားရွက်ပေါ် ဖုံးနေတဲ့ ငွေ့ဆံပင်တွေကို မောင် တယုတယဖယ်လေသည်။ တစ်ဆက်တည်းလည်း မောင့်နှုတ်ခမ်းနွေးနွေးလေး ငွေ့နားရွက်ပိုင်းနား ဖိကပ်ကာ နှစ်ကိုယ်ကြား ကြားရုံပွေ့ပိုက်





ပြီး ဆိုသည်က –

"မြို့တော်မှာတုန်းက တောက ဆေးဆရာတစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ အဲဒီဆရာက ပြောတယ် ငွေရဲ့၊ သူ့မှာ မောင့်ရဲ့ချို့ယွင်းချက်ကို ကုသပေးနိုင်တဲ့ ဆေးစွမ်းကောင်း ရှိတယ်တဲ့၊ အဲဒါနဲ့ မောင့်အတွက် ဆေးဖော်ပေးတယ်၊ ပြီးတော့ အဲဒီဆရာက ပြောတယ် ငွေရဲ့၊ သူ့ဆေး ဘယ်လောက်စွမ်းသလဲဆိုရင် မောင့်ရဲ့ဇနီး အရွယ်ကောင်းနေသေးရင် နောက်ထပ် သားသမီးတောင် ရနိုင်သေးသတဲ့"

"အို"

ငွေရှက်ကာ မောင့်လည်တိုင်ကို တိုးဖက်မိ၏။

"တကယ်ပြောတာ ငွေရဲ့"

"တော်ပါတော့၊ မပြောပါနဲ့တော့ မောင်ရယ်၊ ရှက်ဖို့ကောင်းတာတွေ"

ရှက်နေတယ်လို့ ပြောတဲ့ ငွေ့နှုတ်ခမ်းလေးကို သူ လွတ်လပ်ရေး ပေးမထားတော့ပါ။

ချစ်ခြင်း၊ ပူနွေးခြင်းများ ပြည့်နေတဲ့ နှုတ်ခမ်းတွေဟာ အသက်ရှူဖို့မေ့သွားသည်အထိ သက်ဝင်လှုပ်ရှားလို့ သွားလေပြီမဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

လွှာ့ကိုယ်လုံးလှလှပေါ်က ခရင်မ်ရောင် ရင်စည်းဂါဝန်လေးက လွှာ့ကို ယမင်းရုပ်လေးနှယ် လှသွေးကြွယ်စေသည်။

သရဖူကအစ လက်ဝတ်ရတနာအားလုံး ပုလဲစစ်စစ်ချည်း လွှာ ဆင်ထားသောကြောင့် ဖိတ်ဖိတ်တောက်ကာ အသက်ရှူမေ့သွားမတတ် ငေးသွားစေသည့် သတို့သမီးလေး ဖြစ်လို့နေပါသည်။

ပုလဲဟာ အချစ်ရေးနဲ့ ပျော်ရွှင်မှုအတွက် ကံကောင်းခြင်းတွေ ကို ပေးစွမ်းနိုင်တယ်တဲ့။

ဒယ်ဒီပြောတာလေ။ ဒယ်ဒီ့အပြောအတိုင်း ဟုတ်နေပြီထင်ရဲ့။

မင်္ဂလာပွဲစဉ်တစ်လျှောက် အရိပ်တကြည့်ကြည့်နဲ့ ကိုယ့်သတို့





သမီးကို ကိုယ်ကြည့်မဝနေဖြစ်နေတာ လင်းပါလို့ ထုတ်ပြောရမလို။

တစိုက်မတ်မတ်ရှိနေတဲ့ လင်းမျက်ဝန်းက သက်သေခံတယ် လေ။ ဒါတင်မက မင်္ဂလာဦးအခန်းထဲ ရောက်တော့လည်း နှစ် ယောက်တည်းဆိုတဲ့အသိနဲ့ လင်း ရင်ခုန်သံမြန်လာသည်။ အချစ်စိတ် လည်း နိုးကြွားလာလေပြီ။

လွှာ့ပခုံးနှစ်ဖက်ကိုဆွဲယူကာ လွှာ့မျက်ဝန်းကို တည့်တည့်စိုက် ကြည့်၏။ ပြီး အကြည့်ချင်းဆုံလျှင် ချစ်သူကို အချစ်ဘယ်ကစဆိုတာ မပြောချင်။

"လွှာ့ဒယ်ဒီက လွှာ့မာမီကို သိပ်ချစ်တာပဲနော်"

လို့ လိုရင်းကိုပဲ လင်းပြောလေသည်။ လွှာက ရိပ်မိစွာ ပြုံးလေ ပြီး –

"အဲဒါ ဘာဖြစ်လဲလို့"

တိုးတိုးဖွဖွ မေးသည်။ လင်းမျက်ခုံးနှစ်ဖက်စုံပင့်ကာ မြူးမြူး လေးဆိုသည်။

"လင်းကလည်းမေလ လွှာ့ကို"

"တော်ပါ"

လို့ လွှာ စကားစကြိုက်ကာ ရှောင်ဖယ်ဖယ်နဲ့ ချစ်မျက်စောင်း လေး ထိုးချေသည်။ ထိုအခါက လင်းစိတ်ကို မထိန်းနိုင်တော့ပါ။

လင်းပိုင်တဲ့ သတို့သမီးအသစ်စက်စက်လေးဖြစ်နေတော့လည်း စိတ်ထိန်းထားဖို့ မလို။



www.burmeseclassic.com

www.burmeseclassic.com



လွှာ့ပခုံးထက်မှ လင်းလက်အစုံက လွှာ့မျက်နှာလှလှလေးကို မလွှတ်တမ်း ဆွဲယူလေပြီ။

"ချစ်ကြရအောင်နော် လွှာ"

ဟု ပါးချင်းအပ် ဆိုသည်လေ။

လွှာကလည်း "ချစ်ဖို့ကို စိန်မခေါ်ပါနဲ့ လင်းရယ်" ဆိုတဲ့ အဓိပ္ပာယ်နဲ့ လွှာ နှုတ်ခမ်းလေးဆူပြ၏။

ထိုအခါ လင်းရင်မှာ တောက်နေတဲ့ အချစ်မီးလေးက ဘယ် စွမ်းအားနဲ့ အနမ်းတွေနဲ့ အလင်းမပေးဘဲ နေနိုင်မှာတဲ့လဲ။

လင်းလက်သွားစေမယ့် အနမ်းပန်းတွေခြွေဖို့ ရှေ့တိုးလျှင်–

"ဟိတ် ကောင်မလေးကို မနမ်းနဲ့"

တဲ့။ တားမြစ်လိုက်ပေမယ့် သူငယ်ချင်းအုပ်စုရဲ့စကားသံတွေက တစ်လံလောက်အဝေးမှာ နောက်ကောက်ကျလေပြီ။

လက်ဦးမှုရသွားတဲ့ လင်း နှုတ်ခမ်းတွေဟာ–

**ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ**

**မိန်းကလေး**

အမှတ် ၄၅ (6-A)၊
ဦးလွန်းယမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၈၀၂၁၁၃၇

BURMESE CLASSIC .com

www.burmeseclassic.com